www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဥပနိဿယအတိုင်း

# မိုးကုတ်ယောဂီလက်စွဲ

အမှတ်(၂)

## အခြေခံပဋိစ္စသမုပ္ပါဒ်သင်တန်းတရား

မဟာသဒ္ဓမ္မဇောတိကဓဇ သဒ္ဓမ္မဇောတိကဓဇ
သီဟသုဓမ္မမဏိဇောတဓရ ဦးမြင့်ဆွေ
မိုးကုတ်ဓမ္မကထိက၊ ဥက္ကဋ္ဌ၊
ရာသက်ပန်အမြဲတမ်းတရားစခန်း ဓမ္မရိပ်သာကြီးမှ
ပြုစုတင်ပြသည်။

၁၃၅၉-ခုနှစ် သာသနာနှစ် ၂၅၄၁ ၁၉၉၈-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

# ပြုစုတင်ပြသူ၏ အမှာစာ

မိုးကုတ်ယောဂီသူတော်စင်အပေါင်းတို့ ဤမိုးကုတ်ယောဂီ လက်စွဲအမှတ်(၂)စာအုပ်ကို ပြုစုတင်ပြရခြင်း၏ ရည်ရွယ်ချက်ကတော့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ သာဝကများဖြစ်ကြတဲ့ မိုးကုတ်ယောဂီသူတော်စင်အပေါင်းတို့အနေနဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယကို အပြည့်အဝသိရှိနားလည်သဘောပေါက်ပြီးကြတာနဲ့အမျှ ဒီသိထားတဲ့ သစ္စာသိတဲ့ဉာဏ်တွေနဲ့ ယှဉ်ပြီး ကျင့်ကြံပွားများအားထုတ်ပူဇော်နိုင်ကြဘို့ လိုအပ်လှပါတယ်။ သစ္စာသိတဲ့ဉာဏ်လေး ရရှိရုံလေးနဲ့ တင်းတိမ်ရောင့်ရဲမနေလိုက်ကြပါနဲ့ အသိနဲ့ယှဉ်ပြီး ကြိုးစားအားထုတ်ဖြစ်အောင် အားထုတ်လိုက်ကြစမ်းပါ။

မိုးကုတ်ယောဂီသူတော်စင် တော်တော်များများဟာ သစ္စာသိတဲ့ ဉာဏ်လေးနဲ့ဘဲ တင်းတိမ်ရောင့်ရဲ နေတတ်ကြပါတယ်။ ကျင့်ကြံပွားများ အားထုတ်မှုအပိုင်းမှာ အထူးဘဲ အားနည်းကြတာကို တွေ့ကြရပါတယ်။ တချို့ ယောဂီများကြတော့လဲ ကြိုးစားရင်းနဲ့ စိတ်ပျက်အားလျှော့သွားတတ်ကြပါတယ်။ နေ့စဉ်နှင့်အမျှ ဝိပဿနာမဂ်ဉာဏ်တွေနဲ့ ဖြစ်ပျက်တရားတွေကို ပွားများအားထုတ်ရင်း လောကုတ္တရာမဂ်မကျခင် စပ်ကြားလေးမှာ အားလျှော့တတ်ကြတာ အင်မတန်များပါတယ်။

ယောဂီသူတော်ကောင်းအပေါင်းတို့ ကျင့်ကြံပွားများ အား

www.burmeseclassic.com

www.burmeseclassic.com



ထုတ်တဲ့နေရာမှာ သမထနဲ့ ဝိပဿနာ အင်မတန် ကွာခြားပါတယ်။ ဒီလို ကွာခြားမှုတွေကိုလည်း ယောဂီသူတော်စင်တွေ သိထားနိုင်အောင် ကြိုးစားထားဖို့အထူးလိုအပ်ပါတယ်။ သမာဓိတရားတွေ ထူထောင်တဲ့ အနေအထားကအစ သမထသမာဓိနဲ့ ဝိပဿနာသမာဓိကွဲပြားခြားနားပုံကို သိရှိထားကြဖို့ လိုအပ်ပါတယ်။

ဝိပဿနာတရားတော်တွေ ကျင့်ကြံပွားများအားထုတ်တဲ့ အချိန်မှာ ဝိပဿနာမဂ္ဂင်ငါးပါး လောကီမဂ္ဂင် ပုဗ္ဗဘာဂမဂ်အလုပ်တရားမဂ္ဂင်ငါးပါးဖြင့် ကျင့်ကြံပွားများအားထုတ်တဲ့အခါ သမာဓိမဂ္ဂင် သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါး၊ ပေါင်းငါးပါးကို တစ်ပြိုင်နက် တက်ညီလက်ညီ ညီညွတ်မျှတစွာ တစ်ပေါင်းတစ်စည်းထဲ အားထုတ်ကြရမှာ ဖြစ်ပါတယ်။ သမာဓိတရားတွေ ကောင်းလာအောင် အရင်အားထုတ်ပြီးမှ ပညာမဂ္ဂင်နဲ့ ရှုမှတ်ရမယ်လို့ ထင်နေကြတယ်။ ဆရာတော်ဘုရားကြီး ဆုံးမသြဝါဒက ဒီလိုမဟုတ်ပါဘူး။ သမာဓိတရားတွေ ထူထောင်ရင်းနဲ့ ဖြစ်ပျက်မြင်အောင် ရှုမှတ်ရမယ်။ ရှုမှတ်ရင်းနဲ့ သမာဓိထူထောင်ပြီးသားဖြစ်နေရမယ်။ သမာဓိလည်းမလွန်ကဲစေနဲ့ လွန်ကဲရင်ငိုက်မြည်းတတ်တယ်။ ပညာလည်းမလွန်ကဲစေနဲ့ ပညာလွန်ကဲရင်လည်း ကောက်ကျစ်တတ်တယ်လို့ ဆုံးမတော်မူခဲ့ပါတယ်။

ဒါကြောင့် ယောဂီသူတော်စင်အပေါင်းတို့ ဝိပဿနာကျင့်စဉ်တွေ ကျင့်ကြံပွားများအားထုတ်တဲ့နေရာမှာလည်း တစ်သက်လုံး အားထုတ်နေရမှာ မဟုတ်ပါဘူး။ လောကုတ္တရာ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင် (၈)ပါးဆိုက်တာနဲ့ ဆက်လက်အားထုတ်ဘို့ မလိုတော့ပါဘူး။ အကန့်အသတ် သတ်မှတ်ချက် ရှိပါတယ်။ ယောဂီသူတော်စင်အပေါင်းတို့ ဒုလ္လဘတရား (၅)ပါးနဲ့ ပြည့်စုံတဲ့အချိန်အခါ သမယမှာ လူ့ဘဝရဲ့ အနှစ်သာရကို မရရအောင်ယူလိုက်ကြစမ်းပါ။ ရတောင့်ရခဲတဲ့ လူ့ဘဝကို ရရှိတုံးအခိုက်အတန့်မှာ လူ့ဘဝရဲ့ အနှစ်သာရက ရရှိဘို့ လိုပါတယ်။ ဆရာတော်ဘုရား ကြီးအမိန့်ရှိတဲ့အတိုင်းဘဲ လူတစ်သိန်းသေလို့ လူတစ်ယောက် ပြန်မဖြစ်နိုင်တဲ့ ခေတ်ကြီးမှာ လက်လွှတ်အဆုံးအရှုံး မခံလိုက် ကြပါနဲ့။ မိရိုးဖလာဘာသာရေးအသိအဝိဇ္ဇာအမှောင်ထုဖုံးလွှမ်း ရင်းနဲ့ သိတဲ့အသိ၊ဒါန–သီလသမထလောက်နဲ့လည်း တင်းတိမ်ရောင့်ရဲ မနေလိုက်ကြပါနဲ့။

သားရေးသမီးရေး စီးပွားရေးတွေ ရှုန်းကန်လှုပ်ရှားရင်းနဲ့လည်း သေပွဲအဝင်မခံလိုက်ကြပါနဲ့ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားလိုက်ကြပါအုံး ယောဂီတို့။

လူဖြစ်ရတဲ့ လူ့ဘဝ့ရဲ့အနှစ်သာရအစစ်ဟာ ဗုဒ္ဓမြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမကို နာယူနိုင်ဘို့ဘဲဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ အဆုံးအမဟာ သစ္စာတရားတော်ဘဲဖြစ်ပါတယ်။ လူ့ဘဝရတုန်းခဏမှာ သစ္စာသိတဲ့ ဉာဏ်မှမရလိုက်ဘူးဆိုရင် လူဖြစ်ရကျိုးမနပ်ဘူး– လူ့ဘဝရဲ့ အနှစ်သာရကို မရလိုက်တာဘဲ နောင်ဘဝမမျှော်နဲ့၊ နောက်ပွင့်မယ်ဘုရားမစောင့်နဲ့ စိတ်မချရဘူး။ အခွင့်အရေးတွေ အကြောင်းအကျိုးတွေ ညီညွတ်တုံး လက်လွှတ်ဆုံးရှုံးမခံလိုက်ကြပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ယောဂီသူတော်စင်အပေါင်းတို့ မိုးကုတ်ဝိပဿနာလုပ်ငန်းစဉ်တွေ ကျင့်ကြံကြိုးစားပွားများ အားထုတ်တဲ့နေရာမှာ အခက်အခဲမရှိ ဖြောင့်ဖြောင့်ဖြူးဖြူး အသိဉာဏ်တွေ ပြည့်ဝနိုင်စေရန်နှင့် ကြိုးစားအားထုတ်တဲ့နေရာမှာလည်း လမ်းမှန်ကမ်းမှန်ပြီး ဆရာတော်ကြီးရဲ့ ဥပနိဿယ အပြည့်အဝ ရယူခံစားနိုင်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ယောဂီသူတော်စင်တွေဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းကျေးဇူးဆပ်အပ်ပါသည်။

သီဟသုဓမ္မဇောတိကဓဇ-ဦးမြင့်ဆွေ
မိုးကုတ်ဓမ္မကထိက
ဥက္ကဋ္ဌ၊ ရာသက်ပန်အမြဲတမ်းဟရားစခန်းရိပ်သာကြီး
ပဲခူးတိုင်း အုတ်ဖိုမြို့
ကျွန်းကုန်းကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

တရားအားမထုတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့်ကိစ္စရပ်များ

၁။ နေရာရွေးချယ်ခြင်း ............ ၁
၂။ မြတ်စွာဘုရားကန်တော့ရန် ............ ၁
၃။ ခန္ဓာလှူရန် ............ ၂
၄။ ဝန်ချတောင်းပန်ရန် ............ ၂
၅။ မေတ္တာပို့ရန် ............ ၃
၆။ အဓိဋ္ဌာန်ပြုရန် ............ ၃
၇။ မရဏာနုဿတိ ပွားများရန် ............ ၃
၈။ ကမ္မဋ္ဌာန်းတောင်းရန် ............ ၃
၉။ ထိုင်ရမည့်ပုံသဏ္ဌာန်အဆင့်ပြီးမြောက်အောင် ဆောင်ရွက်ခြင်း ............ ၄
၁၀။ လက်တွေ့အားထုတ်မှု ............ ၆
၁၁။ ဝိပဿနာတရားအားထုတ်တဲ့အခါ ဤခြေ ၅-ပါး ညှိတတ်ပါစေ။ ............ ၇
၁၂။ ဝိပဿနာတန်ခိုး ............ ၈
၁၃။ လောကုတ္တရာမဂ္ဂင်(၈)ပါးဆိုက်ပုံ ............ ၉
၁၄။ လက္ခဏာကြီး သုံးပါးဖြင့် ဝေဖန်ခြင်း ............ ၁၀
၁၅။ ပေါက်ပင် ဥပမာပေး အမေးအဖြေ ............ ၁၃
၁၆။ ဖြစ်ပျက် အကျိုးတရားများ ............ ၁၄
၁၇။ အဓိပတိ သုံးပါးထား၍ တရားအားထုတ်လျှင် မဂ်ဉာဏ်ရနိုင်ပုံ ............ ၁၅

www.burmeseclassic.com

www.burmeseclassic.com




၁၈။ သတိပဋ္ဌာန်အကြောင်း သိကောင်းစရာ............ ၁၇

၁၉။ ကာယာနုပဿနာဖြင့် သက္ကာယဒိဋ္ဌိဖြုတ်နည်း............ ၂၅

၂၀။ မဟာဘုတ်ဓာတ်ကြီးလေးပါးဖြင့်
သက္ကာယဒိဋ္ဌိခွာပုံ............ ၂၇

၂၁။ ဝေဒနာ· နုပဿနာ ရှုပွား၍ ဒိဋ္ဌိဖြုတ်နည်း............ ၂၉

၂၂။ တဏှာ မူလတရား(၉)ချက်............ ၃၀

၂၃။ စိတ္တာနုပဿနာ ရှုပွား၍ ဒိဋ္ဌိဖြုတ်နည်း............ ၃၄

၂၄။ ဓမ္မာနုပဿနရှုပွား၍အပါယ်ရေသောက်မြစ်
ဖြုတ်နည်း............ ၃၅

၂၅။ ယောဂီကျင့်ဝတ်တရား(၆)ပါး............ ၃၉

၂၆။ တရားအားထုတ်ခြင်း၌ မထိုက်သော
ပုဂ္ဂိုလ်(၆)မျိုး............ ၃၉

၂၇။ တရားမရနိုင်သော ပုဂ္ဂိုလ်(၅)မျိုး............ ၄၀

၂၈။ ဝိပဿနာတရားအားထုတ်ရန်
အကောင်းဆုံးအချိန်............ ၄၀

၂၉။ ခင်ပွန်းကြီး(၁၀)ပါး............ ၄၁

၃၀။ ကိလေသာ(၁၀)ပါး (စိတ်ကို ညစ်ညူးပူပန်
ဆင်းရဲစေသည့် တရား(၁၀)ပါး)............ ၄၁

၃၁။ ပါရမီ(၁၀)ပါး............ ၄၂

၃၂။ စွန့်ခြင်းကြီး(၅)ပါး............ ၄၃

၃၃။ ကိလေသာ(၃)မျိုး............ ၄၄

၃၄။ ပုဂ္ဂိုလ် (၄)မျိုး............ ၄၄

၃၅။ ကြွက်ဥပမာပြ ပုဂ္ဂိုလ်(၃)ပါး............ ၄၅


www.burmeseclassic.com

www.burmeseclassic.com




၃၆။ နိယတ မိစ္ဆာဒိဋ္ဌိ (၄)မျိုး ........................ ၄၅

၃၇။ ပပဉ္စတရား (၃)ပါး ........................ ၄၆

၃၈။ အာသဝေါတရား (၄)ပါး ........................ ၄၆

၃၉။ ပုညကြိယာဝတ္ထု (၁၀)ပါး ........................ ၄၆

၄၀။ ဉာဏ် (၂)မျိုး ........................ ၄၇

၄၁။ အပါယ်လေးပါး ........................ ၄၈

၄၂။ ကပ်သုံးပါး ........................ ၄၈

၄၃။ ရုပ်ပြစ် (၈)ပါး ........................ ၄၈

၄၄။ ရန်သူမျိုး (၅)ပါး ........................ ၄၉

၄၅။ ဝိပ္ပတ္တိတရား(၄)ပါး ........................ ၄၉

၄၆။ ဗျသနတရား (၅)ပါး ........................ ၄၉

၄၇။ အကုသလကမ္မပထတရား(၁၀)ပါး ........................ ၅၀

၄၈။ အဓိပတိတရား(၃)ပါး ........................ ၅၀

၄၉။ ဝိပ္ပလ္လာသတရား(၁၂)ပါး ........................ ၅၁

၅၀။ ခန္ဓာကြီး၏ သဘောထားအမှန် ........................ ၅၁

၅၁။ ဝိပ္ပလ္လာသတရား(၁၂)ပါးကို
မှတ်ရလွယ်အောင်ရှင်းနည်း ........................ ၅၂

၅၂။ မီး (၁၁)ပါး ........................ ၅၂

၅၃။ မဂ်တု(၁၀)ပါး ........................ ၅၃

၅၄။ ပရိညာ (၃)ပါး ........................ ၅၅

၅၅။ ပရိညာ(၃)ပါးဖြင့် ဒိဋ္ဌိဖြုပ်ပုံ ........................ ၅၅

၅၆။ ဝဋ်ကျွတ်သောအလှူ ........................ ၅၅

၅၇။ ဒိဋ္ဌိများ၏ အဓိပ္ပာယ်ရှင်းလင်းချက် ........................ ၅၆


www.burmeseclassic.com

www.burmeseclassic.com




၅၈။ ပုထုဇဉ် (၂)မျိုး...................................... ၆၀
၅၉။ သောတာပန်(၂)မျိုး...................................... ၆၁
၆၀။ သောတာပန်ဖြစ်ချင်ရင် အင်္ဂါ(၁၂)ပါးအပေါ်၌
နည်း(၄)နည်းဖြင့် သုံးသပ်ခြင်း........................... ၆၃
၆၁။ အပါယ်ဘေးဆိုးကြီးမှ လွတ်ကင်းရအောင်
ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒ............... ၆၄
၆၂။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆုံးမသြ
ဝါဒလင်္ကာဆောင်ပုဒ်...................................... ၆၅
၆၃။ သမာဓိမဂ္ဂင်(၃)ပါးနှင့် ပညာမဂ္ဂင်(၂)ပါး
ဝိပဿနာမဂ္ဂင် (၅)ပါးနှင့် ဉာဏ်တရား............... ၆၆
၆၄။ လောကုတ္တရာမဂ္ဂင် (၈)ပါး.............................. ၆၈
၆၅။ သောတာပန်အမျိုးအစား
သောတာပန်ဖြစ်ကြောင်း အင်္ဂါ(၄)ပါး.................. ၇၁
၆၆။ သောတာပန်စိတ်ထား (၇)ပါး........................... ၇၄
၆၇။ လောကီမဂ္ဂင် (၅)ပါး၏ သတ္တိသဘော............... ၇၇
၆၈။ လောကုတ္တရာမဂ္ဂင် (၈)ပါး၏ သတ္တိသဘော.......... ၇၇
၆၉။ သမ္မာသမ္ဗုဒ္ဓဘုရားမပယ်တာ(၈)ချက်.................... ၇၇
၇၀။ သမ္မာဒိဋ္ဌိ (၅)မျိုး........................................ ၇၈
၇၁။ တရားနှင့် မွေ့လျော်ခြင်း.................................. ၇၉
၇၂။ သေခြင်း (၄)မျိုး.......................................... ၈၀
၇၃။ နိဝရဏတရား(၅)ပါး...................................... ၈၁
၇၄။ (၁၁)ဘုံ ပုံစံပြဇယား.......................................၈၀
၇၅။ မဂ်တား ဖိုလ်တား မဖြစ်သည့် တရား(၆)ပါး......... ၈၀
၇၆။ တရား (၁၀၈)ပါးဖြစ်ပေါ်ပုံ.............................. ၈၂


www.burmeseclassic.com

www.burmeseclassic.com




၇၇။ သမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာခွဲခြားပုံ.................... ၈၃

၇၈။ ဉာဏ်စဉ် (၁၆)ပါး လင်္ကာဆောင်ပုဒ်.................... ၈၃

၇၉။ ဉာဏ်စဉ်(၁၆)ပါး ဉာဏ်၏အဓိပ္ပါယ်.................. ၈၄

၈၀။ သစ္စာအနက် (၁၆)ချက်ပုံစံပြတရားတော်............ ၈၈

၈၁။ ဝိစိကိစ္ဆာ (၈)ပါး၏ အဓိပ္ပါယ်........................... ၉၂

၈၂။ မတင်းတိမ်ကောင်းသော တရား(၅)ပါး.................. ၉၃

၈၃။ ဝိသုဒ္ဓိ (၇)ပါး ရထား(၇)စင်း တရားတော်........... ၉၃

၈၄။ မိုးကုတ်ဆရာတော်ဘုရားကြီး၏
သြဝါဒကထာလင်္ကာဆောင်ပုဒ်.............................. ၉၉

၈၅။ သံသရာလည်ကြောင်းတရား(၆)ပါး.................... ၁၀၁

၈၆။ သံသရာပြတ်ကြောင်းတရား(၆)ပါး..................... ၁၀၃

၈၇။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်
မူအပ်သော တရားထိုင်နည်း................................ ၁၀၆

၈၈။ မိုးကုတ်ဆရာတော်ဘုရား မင်္ဂလာရိပ်သာကျောင်း
တိုက်၌ ဟောကြားဆုံးမတော်မူသော
နှလုံးသွင်းမှန်ပြီး ဝိရိယစိုက်မှုအရေးကြီးပုံ
တရားတော်.................................................. ၁၃၁

၈၉။ ဒွါရခြောက်ပါး ဉာဏ်စေစားတရားတော် ......... ၁၅၃

၉၀။ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြား
ဆုံးမတော်မူသော ဝိပဿနာမဂ်နှင့် လောကုတ္တရာ
မဂ်နှစ်မျိုး အကြောင်းတရားတော်..................... ၁၆၄

၉၁။ စိတ္တာနုပဿနာ အခြေခံအလုပ်ပေးတရားတော်....... ၁၆၉

၉၂။ ဝေဒနာနုပဿနာရှုနည်းအလုပ်ပေးတရားတော်....... ၂၀၆


www.burmeseclassic.com

www.burmeseclassic.com

# တရားအားမထုတ်မီ ရှေးဦးစွာ ပြုလုပ်ရမည့်ကိစ္စရပ်များ

## နေရာရွေးချယ်မှု

တရားအားထုတ်ရမည့်နေရာရွေးချယ်ရပေမည်၊ (စတင်အားထုတ်မည့် ယောဂီများအတွက်သာ ရည်ရွယ်ပါသည်)။ ရင့်ကျက်သော ယောဂီများအတွက် ကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရင်း ပွားများအားထုတ်နိုင်ပါသည်) ဘုရား၊ ဘုန်းကြီးကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံ၊ ကန်၊ ရိပ်သာ၊ သစ်တစ်ပင်ရိပ်၊ ဝါးတစ်ပင်အောက်၊ အိမ်ဘုရားခန်း၊ သမာဓိရနိုင်သည့် ငြိမ်သက်အေးချမ်းသော နေရာမျိုးကို ဆိုလိုပါသည်။ အလုပ်အမှုကိစ္စမများဖို့ လိုအပ်ပါသည်။

အားထုတ်မှု အာစိဏ္ဏကံရရှိနိုင်သော နေရာမျိုးဖြစ်သင့်ပါသည်။

**တရားအားမထုတ်မီ ပြုလုပ်ဆောင်ရွက်ရန် ပုဗ္ဗကိစ္စ ခေါ်ပရိကံငါးချက်။**

## မြတ်စွာဘုရားအားကန်တော့ရန်

ဩကာသ-ဩကာသ-ဩကာသ- ကာယကံ-ဝစီကံ-မနောကံ သဗ္ဗဒေါသ၊ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ, ဒုတိယ, တတိယ တစ်ကြိမ်,

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်, သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးတို့နှင့် မိဘဆရာသမားတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

(အလုပ်စဉ်အတိုင်း ကျင့်ကြံကျိုးကုတ် အားထုတ်ပါမည် အရှင်ဘုရား)။

## ခန္ဓာလှူရန်

ဤခန္ဓာကိုယ် အတ္တဘောကြီးကို အရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား လှူဒါန်းပါ၏အရှင်ဘုရား၊ ဤခန္ဓာကိုယ် အတ္တဘောကြီးကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ မပြတ်လည်ရာ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း တရားကောင်းတို့ဖြင့် မဂ်ဆိုက်၊ ဖိုလ်ဝင် နိဗ္ဗာန်မြင်အောင်၊ သွန်သင်ဆုံးမပေးတော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးအား လှူဒါန်းပါ၏အရှင်ဘုရား။

## ဝန်ချတောင်းပန်ရန်

တပည့်တော်သည် မိုက်မဲတွေဝေခဲ့သည့်အလျောက် မိဘဆရာသမား ပုဂ္ဂိုလ်သူမြတ်တို့အား ကံသုံးပါးဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ တောင်းပန်ဝန်ချကန်တော့ပါ၏။ (ရှိခိုးဟောင်းပန် ကန်တော့ရပါမည်)

www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာပို့ရန်

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်များနှင့်တကွ ရှိရှိသမျှ သက်ရှိသတ္တဝါ တို့အား အသက်ထက်ဆုံး ဘေးမသီရန်မခ၍ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ ရှိကြပါစေလို့ မေတ္တာပို့ရမှာ ဖြစ်ပါသည်။

## အစီရင်ခံပြုရန်

ရှေးရှေးဘဝ၊ ယခုဘဝပြုပြုသမျှ တပည့်တော်၏ဒါနသီလ၊ ဘာဝနာစသော ကုသိုလ်ကောင်းမှုတို့သည် တပည့်တော် အလိုရှိ တောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း၊ရောက် ခြင်းငှာ၊ လျှင်မြန်စွာ ကျေးဇူးပြုပါစေဟု အစီရင်ခံပြုရမည် ဖြစ်ပါသည်။

## မရဏာနုဿတိ ပွားများရန်

ငါသည်ဘဝများစွာက အသေတွေများခဲ့လှပြီ၊ယခုဘဝမှာ လည်း သေရဦးမည်အမှန်ဖြစ်၏။ (ငါသည် မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည်၊ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားအားထုတ်ပါမည် အရှင်ဘုရား)ဟု အားထုတ်မှု အစဉ်တိုးတက်ရန် မရဏာနုဿတိကိုပွားများရမှာ ဖြစ်ပါသည်။

## ကမ္မဋ္ဌာန်းတောင်းရန်

ကမ္မဋ္ဌာ န်းမေဘာန္တေဒေထ သံသရဝဋ္ဋဒုက္ခတောမောစနတ္တာယ ဘန္တေ အရှင်ဘုရား- မေတပည့်တော်တို့အား သံသရဝဋ္ဋ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတော မောစနတ္ထာယ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ပါစေခြင်းအကျိုးငှာ ကမ္မဋ္ဌာနမရှိညာဏ် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဖြစ်သည့် ကမ္မဋ္ဌာန်းတရားကို ဒေသကရဏာ ရှေ့ရှုပေးသနားတော်မူပါဘုရား။

## ထိုင်ရမည့် ပုံသဏ္ဌာန်အဆင့် ငြိမ်းမြောက်အောင် ဆောင်ရွက်ခြင်း

ကိုယ်ခန္ဓာထက်ဝက်ပိုင်း ချိုး၍ထိုင်လျှင် (ခါးအထက်ပိုင်းခန္ဓာသည် တင်ဆုံရိုးခွေ၏ အပေါ်၌ ရှိနေသည့်အနေ အထား) တင်ပြင်ခွေခွေ၊ ပဆစ်တုတ်ထိုင်ထိုင် ပလ္လင်ခွေ ထိုင်သည်ဟု မှတ်ယူရပေမည်။

၁။ နောက်ပိုင်းကျောရိုးဆစ်များ (ခါးရိုးဆစ်များ၊ ရင်ရိုးဆစ်များ၊ လည်ဆစ်ရိုးများ) ပုံသဏ္ဌာန်အတိုင်း ဖြောင့်မတ်ဖြောင့်တန်းဖို့ လိုအပ်ပါသည်။ ရှေ့သို့ကုန်းနေခြင်း၊ နောက်သို့လန်နေခြင်း၊ ဘေးဘယ်ညာစောင်းနေခြင်း အလျှင်းမရှိစေရပါ။ တင်ဆုံရိုးပေါ်တွင် နောက်ကျောရိုးများ ရှေ့နောက်ဘယ်ညာမစောင်း ဖြောင့်တန်းဖို့လိုအပ်ပါသည်။ တစ်ဖက်ဖက်သို့ စောင်းနေလျှင် သတ်မှတ်ထားသော အချိန်အတိုင်းအတာ အတောအတွင်း ထိုင်နိုင်လိမ့်မည် မဟုတ် သည့်ပြင် သမာဓိလည်း တည်နိုင်လိမ့်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဦးခေါင်းကလည်း ရှေ့တူရှူသို့ ရှေ့ရှူ၍မော့ခြင်း၊ အောက်စိုက်ခြင်း ဘေးဘယ်ညာသို့ စောင်းခြင်းအလျဉ်း မရှိစေရပါ။

၃။ မျက်စိ– မျက်စိကို အပြင်မှ မြင်ကွင်းနှင့် အလင်းရောင်ကာကွယ်ရုံလောက်သာ မှိတ်ထားရပါမည်၊ အတင်းအကြပ်မမှိတ်ထားရပါ။ မျက်ရည်ပူများ ကျနိုင်ပါသည်။ အားစိုက်ရ၍ သမာဓိမတည်မှာကိုလည်း စိုးရိမ်ရပါသည်။ အတွင်းမှ မျက်စိအနေအထားသည် မျက်ခွံပိတ်ထားသော်လည်း မျက်လွှာချထားသည့် သဏ္ဌာန်ရှိရပေမည်။

၄။ တင်ပြင်ခွေထိုင်သည်ဖြစ်စေ၊ ကျုံ့ကျုံ့ထိုင်သည်ဖြစ်စေ တစ်ဖက်စောင်းထိုင်သည်ဖြစ်စေ ခြေထောက် ပေါင်ဒူးများ မထပ်ရပါ။ တစ်နည်းအားဖြင့် ခြေထောက် ပေါင်ဒူးများ ထပ်ခြင်းသည် ဖိနှိပ်ထားသကဲ့သို့ ရှိသောကြောင့် ရှည်ကြာစွာ သမာဓိတည်နိုင်ခြင်း၊ သတ်မှတ်ထားသော အချိန်အတော အတွင်း၌ ထိုင်စေနိုင်ခြင်းတို့ကို ထိခိုက်စေနိုင်ပါသည်၊ ဖွင့်ကျကျထိုင်တတ်ဖို့လိုပါသည်။

၅။ ၎င်းနောက် ဘယ်လက်ဖဝါးသည် ဖွင့်ကျကျထိုင်လျက်ရှိသော တင်ပြင်ခွေ အနေအထား၏ အလည်တည့်တည့်ခန့်တွင် လက်ချောင်းများ ထိကပ်စုစည်းလျက် (ပက်လက်)ဖြန့်ချထားပြီး ညာဘက်လက်ဖဝါးသည် ဖြန့်ချထားသော ဘယ်လက်ဖဝါးပေါ်သို့ လက်ချောင်းများ အစီအစဉ်အတိုင်းထပ်၍ (ပက်လက်)ဖြန့်ချရပါမည် လက်မထိပ်ချင်း ထိကပ်စေရမည့် အနေအထား၌ ရှိနေရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်တွေ့အားထုတ်မှု

သမာဓိတည်မှုကလေး ရရှိရန် စိတ်ကလေးကို နှာသီးဖျား၊ နှုတ်ခမ်းဖျား အဆုံးမှာထားပြီး အသက်ကို မှန်မှန်ရှူသွင်း၊ မှန်မှန်ရှူထုတ်၊ ရှူလိုက်သည့်အခါတွင် လေကလေးဝင်လာလျှင်ဝင်တယ်လို့သိ၊ ထုတ်လိုက်သည့်အခါတွင် လေကလေး ထွက်သွားလျှင် ထွက်တယ်လို့ သိပေးရပေမည်။

ပထမတော့ ဝင်လေသိ၊ ထွက်လေသိ လုပ်ပေးနေရပါမည်။ လေကလေးဝင်တိုင်း၊ ထွက်တိုင်း သိအောင်ကြိုးစားရ ပါမည်။ ဤလုပ်ငန်းစဉ်ကို (၁၀)မိနစ် (၁၅)မိနစ်ခန့် စိတ်ကလေး ငြိမ်လာအောင် အားထုတ်ပေးရပါမည်။ ၎င်းအပေါ်၌ စိတ်ကလေးငြိမ်နေလျှင် သမာဓိရပြီဖြစ်ပါသည်။

(ခဏိကသမာဓိ)

ဤသို့ ရှူနေချိန်ဝယ် ခန္ဓာကိုယ်တစ်နေရာက စိတ်ကလေး တစ်ခုပေါ်လာလျှင် ဝင်လေသိ ထွက်လေသိ အလုပ်ကိုဖြုတ်ပြီး ထိုစိတ်အသစ်ကလေးပေါ်သည့်နေရာကို ဉာဏ်ဖြင့်ကြည့် လိုက်ရမှာဖြစ်ပါသည်။

ပထမတော့ စိတ်သစ်ကလေးပေါ်နေပါသည်၊ ပေါ်နေသည့် စိတ်သစ်ကလေးကို ဉာဏ်ဖြင့် ကြည့်လိုက်လျှင် ပေါ်နေ သည့် စိတ်သစ်ကလေးသည် ပျောက်ပြီး၊ ဉာဏ်စိတ်ကလေး သည် မရှိတော့ပါလားလို့ သိပေးရမှာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်သစ်ကလေးပေါ်ပြီး ပျောက်သွားတာက အနိစ္စ၊ ဒုက္ခသစ္စာ၊ မရှိဘူး၊ မရှိဘူးလို့ သိပေးနေတာသည် မဂ္ဂသစ္စာ ဤသို့ အနိစ္စနှင့် မင်္ဂကိုက်နေအောင် လုပ်နေတာသည် တစ်နည်းမရှိတာကို သိအောင် စောင့်ကြည့်နေသည့် အလုပ်သည် ဝိပဿနာအလုပ်ပင် ဖြစ်ပါသည်။

ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာ သေတာက သမုဒယသစ္စာ နောင်ခန္ဓာမပေါ်တာက နိရောဓသစ္စာ ဤသို့ သစ္စာလေးချက် တစ်ပြိုင်နက် ကိုက်ညီသည့် ဝိပဿနာ အလုပ်ကိုဖြင့် ကြိုးစားအားထုတ်ရမှာ ဖြစ်ပါသည်။

## ဝိပဿနာတရားအားထုတ်တဲ့အခါ ဣန္ဒြေငါးပါးညှိတတ်ပါစေ

**သဒ္ဓါနဲ့ ပညာညှိရပါမယ်။**

သဒ္ဓါလွန်တော့ တဏှာဖြစ်ပါတယ်။

ပညာလွန်တော့ ကောက်ကျစ်ပါတယ်။

**ဝီရိယနဲ့သမာဓိ ညှိရပါမယ်။**

ဝီရိယလွန်တော့ ဥဒ္ဓစ္စဆိုတဲ့စိတ် ပျံ့လွင့်မှုဖြစ်ပါတယ်။

သမာဓိလွန်တော့ ထိနမိဒ္ဓဆိုတဲ့ ငိုက်မျဉ်းမှုဖြစ်ပါတယ်။

**သတိကတော့ပိုတယ်၊ လွန်တယ်လို့မရှိပါဘူး။**

ထားနိုင်လေလေ ကောင်းလေလေပါဘဲ၊ ကျန်တရားလေးပါးက အပိုအလိုရှိနိုင်ပေမယ့် သတိကတော့ လိုရင်သာလိုမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပိုတယ်လို့ မရှိပါဘူး၊ ဒါကြောင့် ဘုရားကလဲ သတိပဋ္ဌာန်လို့သာ ဟောပါတယ်။ သဒ္ဓါပဋ္ဌာန်၊ ပညာပဋ္ဌာန်၊ ဝီရိယပဋ္ဌာန်၊ သမာဓိပဋ္ဌာန်ရယ်လို့ မဟောပါဘူး။ ဒါကြောင့် တရားအားထုတ်တဲ့အခါ သတိဟာ အလွန်အရေးကြီးပါတယ်။ သတိလက်လွှတ်သွားပြီဆိုမှဖြင့် ကျန်တဲ့တရားလေးပါးဟာ ထိန်းလို့မရတော့ဘူး။ မညီမညွတ်ဖြစ်ကြမှာ သေချာပါတယ်။ ဒါကြောင့် ဘုရားက သတိဆိုတဲ့တရားဟာ အလုံးစုံသော တရားကို ပြီးစီးစေနိုင်တယ်လို့ ဟောကြားတော်မူပါတယ်။

ဒီပြင့် မမေ့မလျော့ဘဲ အောက်မေ့ခြင်း သတိရှိခဲ့ရင် မသေရာအရပ်သို့ ရောက်ကြောင်းဘဲ၊ ဘယ်တော့မှလဲ မသေတော့ဘူးလို့ ဓမ္မပဒမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ရှုပါ။

ဒီတရားတွေနဲ့ ပတ်သက်ပြီး ရှေးပညာရှိကြီးတွေက ပါဠိတော် အဋ္ဌကထာတွေနဲ့အညီ ဘယ်လိုလင်္ကာစပ်ဆိုရေးထားခဲ့သလဲဆိုရင် . . . .

သဒ္ဓါ၊ ပညာ၊ သမာဓိ ဝီရိ၊ စောင်းနယ်ညှိ၍၊ ညီဘိသော်ကား၊ ကျိုးထင်ရှား၏ တဲ့ . . . .။

## ဝိပဿနာတန်ခိုး

ညည်းညူမရှိ၊ မြဲကတိနှင့် သတိမမေ့၊ ချိန်နေ့သိပြန် မျက်မှန်ကြောဆွဲ၊ မရှိဘဲလျှက်၊ သေလဲတောင့်တင်း ပုတ်နံကင်းသည်၊ ကျိုးရင်းဝိပဿနာ တန်ခိုးတည်း။

www.burmeseclassic.com

www.burmeseclassic.com



## လောကုတ္တရာ မဂ္ဂင် (၈)ပါးဆိုတာမှ

လောကုတ္တရာမဂ္ဂင် ၈ပါး ပထမဆုံးအကြိမ်ပြည့်စုံလျှင် ယင်းပုဂ္ဂိုလ်ကို သောတပတ္တိ မဂ်ပုဂ္ဂိုလ်(ဝါ)သောတာပန်လို့ ခေါ်ပါသည်။

တဖန် ဆက်လက်၍ မဂ္ဂင်(၅)ပါးဖြင့် ကြိုးစားအားထုတ်၍ (ဒု)အကြိမ်ထပ်မံ၍ မဂ္ဂင်၈ပါးပြည့်လျှင် သကဒါဂါမိမဂ် ပုဂ္ဂိုလ်(ဝါ)သကဒါဂါမ်လို့ ခေါ်ပါသည်။

တတိယအကြိမ် ထပ်မံ၍ကြိုးစားအားထုတ်၍ မဂ္ဂင် ၈ပါး ပြည့်စုံလျှင် အနာဂါမိမဂ်ပုဂ္ဂိုလ်(ဝါ) အနာဂါမ် လို့ခေါ် ပါသည်။

စတုတ္ထအကြိမ် ထပ်မံကြိုးစားအားထုတ်၍ မဂ္ဂင်(၈)ပါး ပြည့်စုံလျှင် အရဟတ္တမဂ်ပုဂ္ဂိုလ် (ဝါ)ရဟန္တာလို့ ခေါ်ပါသည်။

မဂ်ဉာဏ်သည် ရဲရဲတောက်နေသော မီးခဲကြီးနှင့်တူသော အကြမ်းစားကိလေသာများကို ပယ်သတ်ပါသည်။

ဖိုလ်ဉာဏ်သည် မီးခဲရဲရဲကြီး ငြိမ်းသွားသော်လည်း မဲမဲ ကြီးကကျန်နေ၍ ၎င်းသည် အနုစားကိလေသာများကို အ ကြွင်းမရှိ ငြိမ်းအေးသွားအောင် ထပ်မံပြီး ပယ်သတ်ရပြန် ပါသည်။ (မဂ်ဉာဏ်မပါဘဲ ဝိပဿနာမဂ်မှ တိုက်ရိုက် ဖိုလ်ဉာဏ်ကျရောက်လျှင် အကြိမ်အားဖြင့် များစွာကျရောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီး မဂ်ဉာဏ်ပါဝင်၍ အဆင့်ဆင့် ဖိုလ်ဉာဏ်ကျရောက်လျှင် နှစ်ကြိမ် သုံးကြိမ်သာလျှင် ကျရောက်ခွင့်ရှိသည်။

ပစ္စဝေက္ခဏာဉာဏ် မဂ်ဖိုလ်ဆိုက်ပြီး နောက်ပြန်လည်ဆင်ခြင်သော ဉာဏ်ဖြစ်၏။

(၁) မဂ်ကိုဆင်ခြင်သောစိတ်
(၂) ဖိုလ်ကိုဆင်ခြင်သောစိတ်
(၃) ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သောစိတ်
(၄) မပယ်ရသေးသော ကိလေသာကို ဆင်ခြင်သောစိတ်
(၅) နိဗ္ဗာန်ကိုဆင်ခြင်သောစိတ်

| | |
|---|---|
| သောတာပန် | ၅စိတ် |
| သကဒါဂမ် | ၅စိတ် |
| အနာဂါမ် | ၅စိတ် |
| ရဟန္တာ | ၄စိတ် |
| ကြွင်းကိလေသာမရှိ | ၁၉စိတ် |

## လက္ခဏာကြီးသုံးပါးဖြင့် ဝေဖန်ခြင်း

**(က) အနိစ္စ– "မမြဲခြင်း၊ မမြဲတာဘာကြောင့်လဲ"**

"မခိုင်မမြဲ မတည်တန့်ဘဲ ပျက်စီးပျောက်ကွယ်ခြင်းသဘောဆောင်လို့ပါ၊ ဤသို့ မပျက်စီးခင် မပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ခင်၊ မရှိခြင်းသဘောတရားမဖြစ်ခင်မှာ ဖြစ်ဖို့မလိုဘူး လား” “ဖြစ်ဖို့လိုပါတယ်” ပျက်တယ်ဆိုတာလဲ ပျက်ချင်တိုင်း ပျက်လို့မရပါ။

အဖြစ်မရှိဘဲ အပျက်ကို ကူးလို့ရပါ့မလား

မပျက်ခင် အဖြစ်ဆိုတာ ရှိရမှာဖြစ်ပါတယ်။

**အနိစ္စတရားကို သချာဆန်းစစ်ဝေဖန်လျှင်**

၁။ အဖြစ်သဘောရှိရမည်။ ၂။ အဖြစ်သဘောရှိသော မမွတစ်ခုသည် ဓမ္မ၏နိယာမအတိုင်း ပျက်သွားရပေမည်။ ထိုသို့ ဓမ္မတစ်ခုဖြစ်ပြီး ပျက်သွားခြင်းသည် မမြဲခြင်းအနိစ္စ သဘောပါ။

(ခ) ဒုက္ခ– ဆင်းရဲခြင်းသဘောပါ

| | | |
|---|---|---|
| ဒု | –စက်ဆုတ်စရာ | စက်ဆုတ်စရာ၊ အသုံးမကျတာအမှန်ပါ။ |
| ခ | –အသုံးမကျတာ | |
| သစ္စာ | –အမှန်ပါ | |

ဘာ့ကြောင့် ဆင်းရဲခြင်း ဖြစ်ရပါသလဲ။

တည်တန့်ခိုင်မြဲမှုမရှိ ပျက်စီးခြင်းသဘောနှင့် ရင်ဆိုင် ရလို့ပါ။ ပျက်စီးခြင်း သဘောဆောင်လို့ပါ။

**မပျက်ခင်ဘာလိုပါသလဲ** –ဖြစ်ခြင်းသဘောလိုပါတယ်။

ဒုက္ခဆင်းရဲခြင်းသဘော၌ ဒုက္ခဆင်းရဲခြင်းဖြစ်ရန်၊ တည် တံ့ခိုင်မြဲမှုမရှိခြင်းကြောင့် ဖြစ်သည်။ တည်တန့်ခိုင်မြဲမှုမရှိ၍

www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးရသည်၊ ပျက်ရခြင်းသည် ဖြစ်မှုမရှိဘဲနှင့် မပျက်နိုင်ပေ၊ ဖြစ်မှုလိုသည်။ ဒုက္ခဆင်းရဲခြင်းသဘော၌ ဓမ္မတာတစ်ခုဖြစ်ပြီး ပျက်ရသည်။ ပျက်တော့ ဆင်းရဲရသည်၊ ထို့ကြောင့် ဒုက္ခ ဆင်းရဲခြင်းသည် ဖြစ်ပျက်သဘောတရားပင် ဖြစ်ပါသည်။

(ဂ) အနတ္တ- ကိုယ်ပိုင် ကိုယ်ဆိုင် မဟုတ်သည့်သဘော
တားလို့ ပိတ်လို့ ဆီးလို့မရသည့်သဘော
ကိုယ့်သဘောသို့ မလိုက်သည့်သဘော
သူ့သဘော သူဆောင်သည့်သဘော

ဓမ္မတို့သည် သူ့သဘောသူဆောင်၍ ဖြစ်ပြီးပျက်ကြသည်။ ဖြစ်ပြီး ပျက်ကြသော သဘောတရားများကို ကိုယ်ပိုင် ကိုယ်ဆိုင်မဟုတ်သည်အတွက် တားလို့ဆီးလို့ ပိတ်လို့မရကြပါ။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါး ဓမ္မတို့ကို ငါပိုင်ဆိုင်သည့် သဘောဖြင့်ဖြစ်ခြင်း၊ ပျက်ခြင်းတို့ကို လုပ်ဆောင်၍မရပါ၊ တားဆီး ပိတ်ပင်လို့လဲမရပါ။ ငါသည်လဲ ဖြစ်နိုင်အောင် မလုပ်ဆောင်နိုင်ပါ ရုပ်ကို ကံဥတုစိတ် အာဟာရတရားသည် မလုပ်ဆောင်လျှင် ရုပ်ပျက်ရပါသည်။

နာမ်ကိုလဲ အာရုံနှင့် ဒွါရလုပ်ဆောင်ရပါသည်။ အာရုံနှင့် ဒွါရတို့ မလုပ်ဆောင်လျှင် ပျက်ပါသည်။

ဓမ္မတို့ ဖြစ်ပျက်ခြင်းသည် အနတ္တသဘောအရ ဖြစ်ပျက်လျက်ရှိပါသည်။ ထို့ကြောင့် အနတ္တသည် ကိုယ်ပိုင် ကိုယ်ဆိုင် မဟုတ်သည့် သဘောဖြင့် ဖြစ်ပျက်၍နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပေါက်ပင်ဥပမာပေး အမေးအဖြေ

## ဝုထုရှင်ရဟန်းတစ်ပါး၏ အမေး (ရဟန္တာလေးဦးအဖြေ)

၁။ ရဟန္တာကြီး၏အဖြေ–

ဆ/သ ဋ္ဌာယတန (၆)ပါး၊ တစ်ပါးတစ်ပါး၏ ဖြစ်ပျက်မြင်လျှင်– အမြင်မှန်(၆)ပါး

၂။ ရဟန္တာကြီး၏အဖြေ–

ခန္ဓာ(၅)ပါး တစ်ပါးပါး၏ ဖြစ်ပျက်မြင်လျှင် အမြင်မှန်(၅)

၃။ ရဟန္တာကြီး၏အဖြေ–

ဓာတ်လေးပါး တစ်ပါးပါး၏ ဖြစ်ပျက်မြင်လျှင် အမြင်မှန်(၄)

၄။ ရဟန္တာကြီး၏အဖြေ–

အလုံးစုံသော ဓမ္မများ၏ ဖြစ်ပျက်မြင်လျှင် အမြင်မှန်(၂)

၆ ၅ ၄ ၂

ထို့ကြောင့် အချုပ်အားဖြင့် ဖြစ်ပျက်မြင်လျှင် အမြင်မှန်ပါ၊ သဘောမပေါက်၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား လျှောက်တင်ထားရာတွင် ပေါက်ပင်ဥပမာပေး၍ နားလည်သဘောပေါက်ရန် ဟောကြားရပါသည်။

## အဆုတ်အမြစ်ခြောက်ရောဂါ ပျောက်သူ(၄)ဦးရှိ၏။

ပေါက်သားနှင့် ဆေးရောသောက်လျှင် ပျောက်ကြပါသည်။ ပေါက်သားကိုမသိ၍ ပျောက်သူ (၄)ဦးအနက် တစ်ဦးအားမေးမြန်းရာတွင်–

www.burmeseclassic.com

www.burmeseclassic.com



(၁) ပေါက်ပင်ဆိုတာ– သစ်ငုတ်တိုမဲမဲကြီးပါ။

(၂) ပေါက်ပင်ဆိုတာ– တစ်ပင်လုံးနီနီရဲရဲအပွင့်များ ပွင့်နေသည့်အပင်ကြီးပါ။

(၃) ပေါက်ပင်ဆိုတာ– တစ်ပင်လုံး သံလျက်အိမ်၊ ဓားအိမ်လိုအသီးများသီးနေသည့်အပင်ကြီးပါ။

(၄) ပေါက်ပင်ဆိုတာ– တစ်ပင်လုံး အရွက်ဖားဖားနှင့်ညောင်ပင်နှင့်တူသည့် အပင်ကြီးပါ။

**မဲ နီ သီး ရွက်** အားလုံးပေါက်ပင်

အားလုံးပေါက်ပင် = ဖြစ်၊ ပျက်

အရေးကြီးဆုံးမြင်ရသည့်သဘောသည် ဖြစ်ပျက်။

## ဖြစ်ပျက်၏ အကျိုးတရားများ

၁။ ဉာဏ်လေးဉာဏ်ကို ဂိုင်နိုင်စွာ သိမြင်ပါသည်။

(က) ဒုက္ခေဉာဏ်

(ခ) ဒုက္ခသမုဒယေဉာဏ်

(ဂ) ဒုက္ခနိရောဓဂါမိဏီပဋိပဒါဉာဏ်

(ဃ) ဒုက္ခနိရောဓေဉာဏ်

၂။ ပဋိစ္စသမုပ္ပါဒ် (စ–လယ်–ဆုံး)ပြတ်ပါသည်။

၃။ အာသဝေါတရား လေးပါး ကုန်ဆုံးစေပါသည်။

၄။ ဝဋ္ဋသုံးပါး သံသရာကို ပြတ်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ ကံများကိုလဲ ပြတ်စေပါသည်။ (ရှေးကံ၊ ယခုကံ)

၆။ ပပဥ္စတရားများ မလာနိုင်ပါ။

၇။ ဝိပ္ပလ္လာသတရားများ မပေါ်လာနိုင်ပါ။

၈။ ခန္ဓာစွန့်၊ ကိလေသာစွန့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း။

၉။ ယခုဘဝ၌ဖြစ်စေ၊ ပျက်သာမြင်၍ နောင်ဘဝသုဂတိဘုံ၌ ဆက်လက်ကျင့်ကြံပွားများအားထုတ်၍ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်ခြင်း။

၁၀။သမ္မာဒိဋ္ဌိဉာဏ်(အမြင်မှန်ဉာဏ်) ရရှိနိုင်ခြင်း။

## အစီပတိသုံးပါးထား၍
## တရားအားထုတ်လျှင် မဂ်ဉာဏ်ရနိုင်ပုံ

**၁။ မိမိကိုယ်ကို(အကြီးအမှူး)ထားပြီး တရားအားထုတ်ခြင်း။**

**ထားရှိရမည့် စိတ်ထားမှာ–**

ငါသည် စားစရာမရှိလို့၊ ဝတ်စရာမရှိလို့၊ နေစရာမရှိလို့ တရားအားထုတ်တာ မဟုတ်ဘူး။ ဘုံဘဝတွေ အန္တရာယ်ကင်း ဘေးရှင်းအောင် တရားအားထုတ်တာ မဟုတ်ဘူး။ ကိလေသဝဋ်၊ ဝိပါကဝဋ်၊ ကမ္မဝဋ်တည်းဟူသော ဝဋ်ဆင်းရဲ ကင်းအောင် ... တက်နိဗ္ဗာန်ဘက်ရောက်ချင်လို့ တရားအားထုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ လောကကြီးကို အဓိပတိ(အကြီးအမှူး)ထားပြီး တရားအားထုတ်ခြင်း။

### တရားအားထုတ်စဉ်

၁။ ကာမဝိတက်တည်းဟူသော လောဘတရားတွေ လာလျှင်

၂။ ဗျာပါဒဝိတက်တည်းဟူသော သားသမီး သားမယားပစ္စည်း ဥစ္စာများအတွက် စိတ်မချမှုတွေ ဖြစ်ပေါ်နေလျှင် လူကရိပ်သာ၊ စိတ်ကတောင်ရောက် မြောက်ရောက် ဖြစ်နေလျှင်။

၃။ ဝိဟိံသဝိတက်တည်းဟူသော သူတစ်ပါးအပေါ် ချိုးနှိမ်လိုသောသဘော၊ ပျက်စီးစေလိုသောသဘောများ မိမိ၏ စိတ်သဏ္ဍာန်တွင် ပေါ်ပေါက်နေလျှင် မိမိကိုယ်မိမိ ဆုံးမရန်မှာ "မင်းကတော့ တရားအလုပ်လုပ်တယ် ပြောတယ်။ မင်းမရှက်ဘူးလား။ ဒီဝိတက်တရားတွေ ပေါ်ပေါက်နေတာ မင်းဟာမင်း အသိဆုံး၊ မင်းကိုယ်စောင့်ရှောက်တဲ့ နတ်ကလည်းသိတယ်၊ ဘာဝတီသာ အစရှိတဲ့ နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာပြည်တိုင်အောင် သိတယ်။ ဒါကြောင့် ဒီတရားတွေ မလာစေနဲ့"ဆိုပြီး လောကကြီးကို အဓိပတိ(အကြီးအမှူး)ထားပြီး တရားအားထုတ်ရမည် (တနည်း) ဝိတက်သုံးပါးကို ဖြစ်ပျက်ရှုပါ။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ တရားတော်ကို အဓိပတိ (အကြီးအမှူး)ထားပြီး တရားအားထုတ်ခြင်း။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် ကောင်းစွာဟောကြားသည့် တရားတော်များတွင် မဂ္ဂင်(ရှစ်ပါး) တည်းဟူသော အကျင့်မြတ်တရားဖြင့် ဒုက္ခခပ်သိမ်း ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ရောက်၏။ မင်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်တယ်။-ဒါပေမဲ့ မင်းသဏ္ဌာန်မှာ နိဝရဏတရားငါးပါး ပေါ် ခွင့်ရနေတယ်။ ဒီတရားတွေ လက်ခံထားရင်ဖြင့် မင်းဟာ တရားဖျက်တာနဲ့ တူနေမယ်။ အလာမခံနဲ့ဆိုပြီး တရားတော်ကို အဓိပတိ(အကြီးအမှူး) ထားပြီး အားထုတ်ရန်ဖြစ်ပါသည်။

## သတိပဋ္ဌာန်တရားအကြောင်း သိကောင်းစရာ

### သတိပဋ္ဌာန်ဆိုတာဘာလဲ

သတိပဋ္ဌာန်ဆိုတာ (သတိ + ပဋ္ဌာန)ဆိုတဲ့ ပါဠိပုဒ်မှ လာတာဖြစ်ပါတယ်။ သတိဆိုတာကတော့ မြန်မာပြန်သက်သက်ဖြင့် ပြောရရင် အောက်မေ့မှု၊ မမေ့မှု၊ အမှတ်ရမှုလို့ မှတ်ပါ။ ပဋ္ဌာန်ဆိုတာကတော့ သတိ၏ အာရုံဖြစ်တဲ့ (ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာ)တို့၏ အထဲ၌ အမြဲမပြတ် စွဲကပ်၍ တည်နေမှုလို့ မှတ်ပါ၊ ဓမ္မကွန္တာပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ ရှိရှိသမျှ ကမ္မဋ္ဌာန်းတွေဟာ အထက်ဖော်ပြပါ လေးပါးထဲကို ဝင်ရောက်ကြရတာဖြစ်ပါတယ်၊ သဒ္ဓါ-ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့အနက် (သဒ္ဓါပဋ္ဌာန်၊ ဝီရိယပဋ္ဌာန် သမာဓိပဋ္ဌာန်၊ ပညာပဋ္ဌာန်)လို့ ဘုရားရှင်မဟောကြားမိဘဲ (သတိပဋ္ဌာန်)

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍သာ ဟောကြားခဲ့ပါတယ်၊ သတိဆို ပိုတယ်မရှိချေ၊ သတိလက်လွတ် ငုက်တောင်ကျွတ်ဖြစ်ရတာတွေ၊ သတိမမူ ဂူမမြင်ရတာတွေ၊ အဝတ်အစားပြောင်းပြန်၊ ဖိနပ်ကို ကျွဲ တစ်ဖက် နွားတစ်ဖက် စီးမိတာတွေ အစရှိသည်တို့ဟာ သတိလက်လွတ်လို့ ဖြစ်ရတာချည်းပါဘဲ။

## သမ္မာသတိမဂ္ဂင်သည်ခေါင်းဆောင်

မဂ္ဂင်ရှစ်ပါးထဲမှာလဲ သမ္မာသတိမဂ္ဂင်ခေါ်တဲ့ သတိပဋ္ဌာန် တရားကသာ ပညာမဂ္ဂင်နှစ်ပါးကိုလည်း မမေ့ရအောင်၊ သီလ မဂ္ဂင်သုံးပါးကိုလည်း မမေ့ရအောင်၊ ဝီရိယမဂ္ဂင်တည်းဟူသော ကြိုးစားအားထုတ်မှုကိုလည်း မမေ့ရအောင် သတိကချည်း ဦးဆောင်နေတာဖြစ်ပါတယ်။

## သတိပဋ္ဌာန်တရားကို အားထုတ်ခြင်းဖြင့် လက်ငင်းရရှိမည့် အကျိုးတရား(၅)ပါး

(၁) သတ္တာနံဝိသုဒ္ဓိယာ =တစ်ထောင့်ငါးရာ ကိလေသာ တို့မှ စင်ကြယ်စေခြင်း။

(၂) သောကပရိဒေဝါနံသမတိက္ကမာယ =စိုးရိမ်မှု၊ ပူဆွေးမှု၊ ငိုကြွေးမှုတို့မှ ပယ်ပျောက်စေခြင်း။

(၃) ဒုက္ခဒေါမနဿံ =ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ ငြိမ်းအေးစေခြင်း။

(၄) ဉာယဿအဓိဂမာယ = မဂ်ဉာဏ်ကိုရရှိစေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၅) နိဗ္ဗာန်နသဿသစ္ဆိကိရိယာယ = မအိုမနာ မသေ မမြဲနေတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် ယဒိဒံစတ္တာရော သတိပဋ္ဌာနာ- ဤလေးပါးသော မဟာသတိပဋ္ဌာန်တရားသည် သာလျှင် "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ" တစ်ကြောင်းတည်းသောလမ်းကောင်း ဖြစ်ပါသည်။

မှတ်ချက်။ မဟာသတိပဋ္ဌာန်တရားကောင်းကြောင်း ဆေးကြော်ငြာခြင်းဖြစ်ပါတယ်။ မဟာသတိပဋ္ဌာန်တရား အားထုတ်နေသူများသည် ကိလေသာအနာပျောက်ကြောင်း ဆေးကောင်းကိုသောက်နေရတာနှင့်တူပါတယ်။

## ရွှေဆွဲကြိုးနှင့်တူတဲ့သတိပဋ္ဌာန်

တစ်ခါကရွာတစ်ရွာမှာ ဥစ္စာပစ္စည်းပေါပေမယ့် အရုပ်ဆိုးအကျည်းတန် အသားမည်းနက်တဲ့ကိုချိတ်ကြီးဆိုတာရှိတယ်။ သူ့မိဘ တွေကကိုချိတ်ကြီးကိုယူရင်တော့ ရွှေဆွဲကြိုး(၆) ကျပ်သားနဲ့ လယ်ယာ ကျွဲနွားပါ လက်ဖွဲ့ပစ္စည်းအဖြစ် ထည့်လိုက်မယ်လို့ သတင်းလွှင့်တယ်၊ အဲဒီသတင်းကိုကြားရတဲ့မရွှေချောတို့က ညနေခင်းရေတွင်းမှာ ပြောကြတာတော့-

"ရွှေဆွဲကြိုးကြီးတော့ လိုချင်လိုချင်၊ ကိုချိတ်ကြီးတော့ ဟင့်အင်း၊ ဟင့်အင်း"တဲ့၊ ယောဂီတို့လဲပဲ-

www.burmeseclassic.com

www.burmeseclassic.com



"နိဗ္ဗာန်တော့လိုချင်လိုရင်၊ သတိပဋ္ဌာန်တော့ဟင့်အင်၊ ဟင့်အင်" မလုပ်ပါနဲ့လို့ အနူးအညွတ် သတိပေးအပ်ပါတယ်။

## ခန္ဓာငါးပါးအား သတိပဋ္ဌာန်တရားတော်နှင့်ဝေဖန်ခြင်းနှင့် စရိုက်ကမ္မဋ္ဌာန်းရွေးခြင်း

### ခန္ဓာငါးပါးမှာ

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ဖြစ်ပြီး ယင်းငါးပါးအားသတိပဋ္ဌာန်တရားတော်အတွင်းသို့သွတ်သွင်းသည့်အခါတွင်–

| | |
|---|---|
| ၁။ ရုပ်သည် ကာယာနုပဿနာ | သတိပဋ္ဌာန် |
| ၂။ ဝေဒနာသည် ဝေဒနာနုပဿနာ | |
| ၃။ စိတ်သည် စိတ္တာနုပဿနာ | |
| ၄။ သညာနှင့် သင်္ခါရသည် ဓမ္မာနုပဿန | |

ဘုရားသခင်ကိုယ်တော်မြတ်ကြီး၌သာ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တည်းဟူသော သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို သိသောဉာဏ်သည် ရှိ၏။ (တစ်နည်း) ယင်းဉာဏ်သည် ဘုရားရှင်တို့၏ ပစ္စည်းသာတည်း၊ သို့ပါ၍ ဝိပဿနာတရားများကို အားထုတ်မည့် ယောဂီအတွက် စရိုက်နှင့်လျော်သည့် သတိပဋ္ဌာန်ကို မိမိစီစစ်၍ ရွေးချယ်ရမည်ဖြစ်ပါသည်။ မိမိသည် အောက်ပါ မည်သည့်အစားတွင် ပါဝင်သည်ကို သတိပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာများပြီး ဉာဏ်ထိုင်းသူ ——> ကာယာနုပဿနာ သတိပဋ္ဌာန်ရှု၊

ကိလေသာများပြီး ဉာဏ်ထက်သူ ——> ဝေဒနာနုပဿနာ သတိပဋ္ဌာန်ရှု၊

ဒိဋ္ဌိစရိုက်များသူ ——> စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှု၊

ကိလေသာနည်းပါး၍ ဉာဏ်ထက်သူ ——> ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရှု၊

မှတ်ချက်။ မည်သည့် အနုပဿနာကို ရွေးချယ်ပြီးရှုသည် ဖြစ်စေ (ဥပမာ) ကာယာနုပဿနာကို ယောဂီ သည် ရှုအံ့၊ ရှုဖန်များ၍ ဉာဏ်ထက်မြက်လာ သော် ရုပ်ကိုမတွေ့တော့ပဲ ရုပ်အနိစ္စ (ဒုက္ခ သစ္စာ)ကိုသာတွေ့မှ လမ်းမှန်မည်။ ဝေဒနာကို ရှုသည်ဆိုသော်လည်း ဝေဒနာ၏အနိစ္စ၊ စိတ် ကို ရှုသော်လည်း စိတ်၏ အနိစ္စကို မြင်မှသာ စရိုက်နှင့် ကမ္မဋ္ဌာန်းသည် သင့်လျော်မည် ဖြစ်ပါသည်။

ဤနည်းအတိုင်း ရွေးချယ်တတ်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## ကာယံနုပဿနာဖြင့်

## ကာယာနုပဿနာရှုပွားပုံ

### မဟာသုတ်ခေတ်ကြီး (၄)ပါး

၁။ ပထဝီခေတ်(၂၀)ပါး—>ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊
ရူပက္ခန္ဓာ(ရုပ်) လက်သည်း၊ သွား၊ အရေ၊ အသား၊
အကြော၊ အရိုး၊ ရိုးတွင်ချဉ်ဆီ၊
နှလုံး၊ အသည်း၊ အမြှေးအဖျင်း၊
အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊
အစာဟောင်း၊ ဦးနှောက်။

၂။ အာပေါခေတ်(၁၂)ပါး—>သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊
ရူပက္ခန္ဓာ(ရုပ်) ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊
တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

၃။ တေဇောခေတ်(၄)ပါး—>ဇီရဏတေဇော(ပကတိအပူငွေ့)၊
ရူပက္ခန္ဓာ(ရုပ်) သန္တပ္ပနတေဇော(အဖျားရှိန်လိုအပူငွေ့)၊
ဒါဟတေဇော(အလွန်အမင်းပူတဲ့အပူ
ငွေ့)၊ ပါစကတေဇော(ဝမ်းမီးအပူ)။

၄။ ဝါယောခေတ်(၆)ပါး—>ဥဒ္ဓင်္ဂမဝါတ (အထက်ဆန်တဲ့လေ)
ရူပက္ခန္ဓာ(ရုပ်) အဓောဂမဝါတ (အောက်ဘက်
စုန်ဆင်းတဲ့လေ)၊ ကုစ္ဆိသယဝါတ
(အူထဲလျှောက်တဲ့လေ)၊ ကောဋ္ဌာ

www.burmeseclassic.com

www.burmeseclassic.com



သယဝါတ(အူအပြင်ဝမ်းထဲကလေ)
အင်္ဂါနုသာရီဝါတ(ကိုယ်ခန္ဓာကွေး၊
ဆန့်၊ ထိုင်၊ ရပ်သွားနိုင်တဲ့လေ)၊
အဿာသပဿာသဝါတ (ဝင်သက်
ထွက်သက်လေ)။

၁။ ပထဝီဓာတ်သည် ခက်မာမှု၊ နူးညံ့မှု၊ တောင့်တင်းမှု၊ ညှောင်းမှု၊ ကိုက်ခဲမှု၊ နုန့်မှုသဘောရှိပြီး၊ ခန္ဓာကိုယ်၌ (ပုံစံအားဖြင့်) ပထဝီဓာတ် နှိပ်စက်သော ထင်းချောင်း သဏ္ဍာန်ခက်ထန်တောင့်တင်း၍ သေရလိမ့်မယ်။

၂။ အာပေါဓာတ်သည် ဒွါရအမျိုးမျိုးမှ ဖွဲ့စည်းမှု ယိုစီးမှု သဘောရှိ၏။
(ပုံစံအားဖြင့်) ဆီးသွားခြင်း၊ ဝမ်းလျှောခြင်း၊ ဖော ယောင်ခြင်း၊ ကြပ်တတ်တတ်ဖြစ်ပြီး ဒွါရထိုထို အရည်ယိုလျက် စိုစိုရွဲရွဲ ညှိုမဲမည်းမှောင် ညှီဟောင် နံစော် အပုတ်ပျော်၍ သေသည်အထိ အာပေါဓာတ် သည် နှိပ်စက်ပါလိမ့်မည်။

၃။ တေဇောဓာတ်သည် ပူမှု၊ အေးမှုသဘောဖြစ်သည်။ (ပုံစံအားဖြင့်) အတွင်းအပ အကြမ်းအနု ရုပ်ခန္ဓာများ ကို စမ်းသပ်ကြည့်ပါက ပူမှု၊ အေးမှုသာ တွေ့ရပါမည်။ အပူလွန်တော့ (ဆေးပညာက တိုက်ဖိုက်ရောဂါ)တဲ့၊ အအေးလွန်တော့(နမိုးနီးယားရောဂါတဲ့)၊ သီတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဉဏ္ဏာတေဇောသည် ဘုရားအစ သတ္တဝါကို ညှာတာ မဖက် အမြဲအိုအောင်၊ နာအောင်နှိပ်စက်နေတဲ့အတွက် ဒုက္ခသစ္စာသာ ဖြစ်ပါတယ်။

၄။ ဝါယောဓာတ်သည် တွန်းကန်လှုပ်ရှား၊ ထောက်ကန် လှုပ်ရှားနေသည့် သဘောဖြစ်ပါသည်။
ဝါယောဓာတ်သည် ကိုယ်တစ်ခြမ်းသေအောင် တစ် ကိုယ်လုံးသေအောင်၊ သွက်ချာပါဒလေငန်း၊ လေသင် တုန်း၊ အထက်လန်အောက်လျှောရောဂါတို့သည် ဝါ ယောဓာတ်၏ နှိပ်စက်မှုများဖြစ်ပါသည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇဓာတ်ဟူ၍ အဋ္ဌကလာပ်ရုပ်ရှစ်ပါးရှိသည့်အနက်၊ ရုပ်သေး၊ ရုပ်ဖွဲ့လေးပါးကို ချန်လှပ်၍ မဟာဘုတ်ဓာတ်ကြီး(၄)ပါးကိုသာ ပြဆိုသည်မှာ ယင်းဓာတ်(၄)ပါးနှင့် ဝိပဿနာကိစ္စပြီးစီးနိုင် ကြောင်း စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော်တွင် ဘုရားရှင်သည် သားတော်ရာဟုလာအား ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့အပေါ်တွင် ငါပိုင်ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏အတ္တမဟုတ်ဟု တဏှာ၊ မာန၊ ဒိဋ္ဌိ တရားသုံးပါးကို ဝိပဿနာပညာဉာဏ်ဖြင့် မြင်အောင်ကြည့် ခြင်းဖြင့် ဉာဏ်စဉ်တက်ပြီး၊ ယင်းဓာတ်(၄)ပါးပေါ်၌ ပုဂ္ဂိုလ် သတ္တဝါ၊ အတ္တ၊ ဇီဝါမှ ဆိတ်သုဉ်းခြင်း၊ တက်မက်ခြင်း ကင်းအောင် ရှုရန်နည်းကို ပေးသနားတော်မူခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥဒါန်းပါဠိတော်ကြီး၌လည်း နပထဝီ၊ နအာပေါ၊ နတေဇော၊ နဝါယော(ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)တို့၏ ညှာတာမဖက်နှိပ်စက်ခြင်းကင်းသည့် နေရာသာ နိဗ္ဗာန်ဖြစ်ကြောင်း ပါရှိပါတယ်။

ပေါက်ပင်ကို ဥပမာပြု၍ ဟောသော "ကိံသုကောပမသုတ္တန်" တွင် တတိယမြောက် ရဟန္တာကြီးက ပုထုဇဉ်ရဟန်းအား (စတုန္နံမဟာဘူတာနံ သမုဒယဉ္စအတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ) (မဟာဘုတ်ဓာတ်ကြီး ၄ပါး)တို့၏ ဖြစ်မှု၊ ပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် မြင်မှသာလျှင် မအိုမသေ၊ အမြဲနေသည့် နိဗ္ဗာန်ကိုရောက်နိုင်ကြောင်း ဟောကြားခဲ့ပါတယ်။

## ကာယနုပဿနာဖြင့် သက္ကာယဒိဋ္ဌိဖြုတ်ကြစို့။

ကာယနုပဿနာကို ပွားများရာတွင် စိတ်နှင့် ဝေဒနာနုပဿနာများကို ပွားများစဉ်ကအတိုင်း ယောဂီသည် ဝင်လေထွက်လေကို သတိဖြင့် ဝင်လေဝင်မှန်းသိ၊ ထွက်လေထွက်မှန်းသိ သိပေးပါ။ ဤကဲ့သို့ သိပြီးသကောလ သမာဓိအားကောင်းလာပြီဆိုပါက တရားအားထုတ်ဆဲ ရုပ်ခန္ဓာကို အရှုဉာဏ်တရား(၅)ပါးဖြင့် ကြည့်ပေးပါ။ ယင်းကဲ့သို့ ဝိပဿနာဉာဏ်တို့ဖြင့် ကြည့်ကြည့်ပေးပါက အရှုခံရုပ်ခန္ဓာတို့သည် အတည်အမြဲ၊ အနည်းနည်းလျှင်၊ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏။ စေ့စေ့ကြည့်မခံ မျက်စိတမှိတ်၌ပင်လျှင် ယိုယွင်းရွေ့၊ မြေ့မြေ့

www.burmeseclassic.com

ကြေမွ၊ ရှုရှုကြေကွဲ၊ အနည်းနည်း ဖောက်ပြန်နေတာကို တွေ့ပါလိမ့်မယ်။ တရားထိုင်စ ရုပ်ဟောင်းတွေပျောက် ပျောက်ပျောက်ပြီးသကာလ၊ ရုပ်သစ်တွေ အစားထိုးတာ တွေ့ပါလိမ့်မယ်၊ ပူတာအေးတာသည် ငါမဟုတ်၊ ခန္ဓာမှ ချွေးတွေယိုစီးတာလဲ ငါ့သဘော ငါ့ဆန္ဒမဟုတ်၊ လှုပ်တာ၊ ငြိမ်တာ၊ ဖောင်းတာ၊ ပိန်တာလည်း ငါ့အလို ငါ့အကြိုက် ငါ့ဆန္ဒအတိုင်း ဖြစ်တာမဟုတ်၊ ပင်ကိုယ်ရုပ်ခန္ဓာတွေက မတောင့်ဘူး၊ မတင်းဘူး၊ မခက်မာဘူး၊ ယခုပစ္စုပ္ပန်ရုပ်ခန္ဓာ တွေကတော့ တောင့်တင်းခက်မာလာပါကလား၊ ငါမပိုင် ငါမဆိုင်တဲ့ ရုပ်ခန္ဓာပါလား၊ ပေါ်ဆဲ ရုပ်ခန္ဓာပေါ်၌ မမြဲတဲ့ သဘော၊ အစိုးမရတဲ့သဘော၊ မတင့်တယ်တဲ့သဘောလို့ ဉာဏ်ဖြင့် သိပေးပါ။ (သမုဒယ ဓမ္မာနုပဿီ ဝါကာယသ္မိံ ဝိဟရတိ၊ ဝိယဓမ္မာနုပဿီဝါ ကာယသ္မိံဝိဟရတိ သမုဒယဝယဓမ္မာနု ပဿီဝါကာ ယသ္မိံဝိဟရတိ)ရုပ်ကို ရှုပြန်လျှင်လည်း ရုပ်ကို မတွေ့ဘဲ ရုပ်ဓာတ်ရဲ့ ကုန်တာပျောက် တာ မြင်အောင်ကြည့်ပေးပါ။

တရားအားထုတ်နေသော ယောဂီသည် မဟာဘုတ်ဓာတ် ကြီး(၄)ပါး ရှုပွားပြီး သက္ကာယဒိဋ္ဌိကို ဖြုတ်ရာ၌ မိမိ၏ လက်တစ်ဖက်ကို ဝိပဿနာဉာဏ်ဖြင့် စမ်းသပ်ကြည့်ပါက ပူနွေးတဲ့ တေဇောဓာတ်ကိုလည်းကောင်း၊ ကွေးခြင်း၊ ဆန့်ခြင်း တို့မှ ဝါယောဓာတ်၏ လှုပ်ရှားမှုကိုလည်းကောင်း၊ ယင်း လက်တွင် ပျော့မှုမာမှုတည်းဟူသော ပထဝီဓာတ်ကိုလည်း

www.burmeseclassic.com



ကောင်း၊ စေးထန်းထန်းဖြစ်နေသော အာပေါဓာတ်ကိုလည်း ကောင်း၊ အသီးသီးဉာဏ်ဖြင့် မြင်နိုင်ပါတယ်။ ဒါကြောင့် ရှုပွားဆဲယောဂီ၏ သဏ္ဍာန်၌ ဝိပဿနာဉာဏ်တွေနဲ့ အကြည့်ခံနေရတာက ရုပ်ဓာတ်၊ ရုပ်တွေပဲလို့ သိတာကနာမ်ရုပ်၊ ယင်းနာမ်ဓာတ်နှင့်အတူတကွ ဖြစ်တဲ့ဝေဒနာ(နာမ်) သညာ(နာမ်) သင်္ခါရ(နာမ်)စုစုပေါင်းရှုဆဲရှုခိုက်တွင် ခန္ဓာ(၅)ပါးတစ်ပေါင်းတည်းဖြစ်၍ တစ်ပေါင်းတည်း ပျက်စီးနေတာကို မြင်ပါလိမ့်မယ်၊ မိန်းမ ယောကျ်ားလို့ ထင်နေတဲ့အထင်၊ ငါလို့ထင်နေတဲ့အထင်၊ သူလို့ ထင်နေတဲ့အထင်တွေ ပျောက်ပြီးသကာလ အပွါယ်ရေသောက်မြစ်ဖြစ်တဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သေပါမယ်။ ဒီအတိုင်းသာ ကျိုးစားပြီးအာထုတ်ကြပါလို့ မေတ္တာရှေ့ထားပြီး ပြောကြားလိုပါတယ်။

## မဟာဘုတ်ဓာတ်ကြီးလေးပါးနှင့် သက္ကာယဒိဋ္ဌိစွာပုံ အကျဉ်း

၁။ မာတာမှန်သမျှ ခက်မာပထဝီ၊ နူးညံ့ပျော့ပျောင်းတာမှန်သမျှ နူးညံ့ပထဝီ၊ ပျော့တဲ့မာတဲ့ သဘောထဲမှာ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိမရောစေနဲ့။

၂။ စိုတာနှင့် အရည်မှန်သမျှ ယိုစီးအာပေါ၊ မစိုလျှင် အခဲမှန်သမျှ ဖွဲ့စည်းအာပေါ၊ ယိုစီးတဲ့သဘော ဖွဲ့စည်းတဲ့သဘောထဲမှာ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိမရောစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပူတာမှန်သမျှ ဥဏှတေဇော၊ အေးတာမှန်သမျှ သီတတေဇော၊ မပူမအေးကို မျှတတေဇော၊ ပူတာအေးတာ၊ မပူမအေးဆိုတဲ့ တေဇောထဲမှာ ငါမပါဘူး၊ ပူမှုအေးမှု သဘောမျှ သာမှတ်ပါ။

၄။ လှုပ်တာလဲ ဝါယော၊ မလှုပ်ဘဲတည်ငြိမ်နေလျှင် ထောက်ကန့်ဝါယော၊ လှုပ်တာ ငြိမ်တာဝေါယောပဲ၊ အဲဒီမှာ ငါမပါစေနဲ့။

## ဝေဒနာနုပဿနာ

## ဝေဒနာနုပဿနာရှုပွားပုံ

**အပြင်ဆည့်သည်သည် ဦးခေါင်းတွင် (၄)နေရာ——>**

ဥပေက္ခာဝေဒနာ——>

၁။ မျက်လုံးပေါ်မှ မြင်ကာမတ္တ(မြင်ခိုက်)

၂။ နားပေါ်မှာ ကြားကာမတ္တ (ကြားခိုက်)

၃။ နှာခေါင်းမှာနံကာမတ္တ (နံ့ခိုက်)၊

၄။ လျှာပေါ်မှာ စားကာမတ္တ(စားသိခိုက်)

**အပြင်ဧည့်သည် ကိုယ်အကြည်ပေါ်တွင်(၂)မျိုး——>**

၁။ ခန္ဓာကိုယ်အကြည်ပေါ်မှာ ကောင်းတယ်လို့ခံစားလျှင် သုခဝေဒနာ၊

၂။ ခန္ဓာကိုယ်အကြည်ပေါ်မှာ မကောင်းဟုခံစားလျှင် ဒုက္ခဝေဒနာ။

www.burmeseclassic.com

www.burmeseclassic.com



**အတွင်းညှိသည်ဝမ်းတွင်းမှာ (၃)မျိုး——>**

၁။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ အဆင်ပြေနေလျှင် သောမနဿဝေဒနာ၊

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးအဆင်မပြေလျှင် ဒေါမနဿဝေဒနာ၊

၃။ အဆင်ပြေသည်လည်းမဟုတ်၊ မပြေသည်လည်းမဟုတ် သည့်အခါတွင် ဥပေက္ခာဝေဒနာ။

## ဝေဒနာနုပဿနာရှုပွား၍ ဒိဋ္ဌိဖြုတ်နည်း

ဝေဒနာနုဿနာရှုပွားသည့် ယောဂီသည် အရှုဉာဏ် (၅)ပါးဖြင့် အထက်ဖော်ပြပါ ဝေဒနာ(၉)မျိုးကိုပေါ်ရာ ရှုရမည်၊ ယင်းဝေဒနာ(၉)မျိုးမှာ ပေါ်ရာနေရာကို ပြဆိုဖြစ်ပြီး အမှန်ပင် စစ်စစ်ကောင်းတယ်လို့ ခံစားလျှင် သုခဝေဒနာ၊ မကောင်းဘူး ဟု ခံစားလျှင် ဒုက္ခဝေဒနာ၊ အလတ်ခံစားလျှင် ဥပေက္ခာဝေဒနာ ဟူ၍ (၃)မျိုးသာရှိပေသည်။ နာမ်ခန္ဓာ(၄)ပါးတွင် ဝေဒနာသည် ဝေဒနက္ခန္ဓာဖြစ်ပြီး ခံစားတတ်သော သဘောရှိ၏။ ဝေဒနာ မပေါ်ရာ ဌာနတွေမှာ ဆံဖျား၊ ခြေသည်းလက်သည်း အရေ ခြောက်တို့မှာ ဖြစ်ပါသည်။ နာမ ကြင်မှ ဝေဒနာဟု မယူအပ်၊ တောင့်တာပေါ်လျှင် ခံစားတယ်၊ ငြိမ်သွားရင်လဲ ခံစားတယ်၊ ခံစားတာဟူသမျှ နာမ်ဓမ္မ၏ ခံစားချက်သဘောကို ပိုင်ပိုင် နိုင်နိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချနိုင်လျှင် နာမပရိစ္ဆေဒဉာဏ်ကို ရရှိပြီး ယင်းခံစားမှုသဘောသည် နာမ်ဓမ္မ၏ ခံစားမှုသာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါ သုခံစားတာမဟုတ်၊ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိလျှင် သင်္ခါရဒါန္ဓိလည်း ပြုတ်တော့၏။ ခံစားပြီး ပျက်သွားတာသိသဖြင့် သဿတဒိဋ္ဌိစင်ပြီး၊ ဝေဒနာ(၃)ပါး လှည့်ပြီးခံစားတာသိသဖြင့်လည်း ဥစ္ဆေဒဒိဋ္ဌိ ကွာလေတော့သည်။ ခံစားပြီးပျက်သွားတာကို မြင်တာက ဝိပဿနာဉာဏ်၊ ခံစားပြီးပျက်တာကို ကြာကြာမြင်လို့ မုန်းလာတာက နိဗ္ဗိန္ဒာဉာဏ်၊ ဖြစ်ပျက်အဆုံးကို မြင်တာက မဂ်ဉာဏ်ကို နောက်ဆုံးရပါလိမ့်မည်။

မှတ်ချက်။ ။ဝေဒနာနုပဿနာကို ရှုပွားသော ယောဂီသည် ကောင်းတယ်လို့ ခံစားသည့် သုခဝေဒနာနောက်မှ တဏှာဥပဒါန်၊ ကံပွားကြောင်း မဆက်အောင်၊ မကောင်းဘူးဟုခံစားသည့်ဒုက္ခဝေဒနာနောက်မှ ဒေါမနဿ၊ သောကပရိဒေဝ မဆက်အောင်၊ ဥပေက္ခာဝေဒနာနောက်မှ မောဟ(အဝိဇ္ဇာ) မဆက်အောင် ဝေဒနာကိုမတွေ့ဘဲ ဝေဒနာအနိစ္စကိုမြင်အောင်ရှုပါ။

## တဏှာမူလ တရားတိုးချက်

[သုတ်မဟာဝါ ပါဠိကက် မဟာပဒါနသုတ်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်ရှင် အာနန္ဒာကြောင့် ဤတရားဟောခြင်းဖြစ်သည်]

၁။ ဝေဒနံပဋိစ္စတဏှာ၊

၂။ တဏှာပဋိစ္စ ပရိယေသနာ၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ပရိယေသနံ ပဋိစ္စလာဘော၊

၄။ လာဘံပဋိစ္စ ဝိနိစ္ဆယော၊

၅။ ဝိနိစ္ဆယံပဋိစ္စ ဆန္ဒရာဂေါ၊

၆။ ဆန္ဒရာဂပဋိစ္စ အဇ္ဈောသာနံ၊

၇။ အဇ္ဈောသာနံ ပဋိစ္စပရိဂ္ဂဟော၊

၈။ ပရိဂ္ဂဟပဋိစ္စ မစ္ဆရိယံ၊

၉။ မစ္ဆရိယ ပဋိစ္စ အာရက္ခော။

ဝေဒနာသည် တဏှာ၏မူလ (ရေသောက်မြစ်)၊ (တစ်နည်း) ဝေဒနာသည် တဏှာ၏ အရင်းခံဖြစ်လေသည်။ သုံးဆယ့်တစ်ဘုံတွင် ဝေဒနာသည် ဝေဒနိန္ဒြေကြီးစိုးမင်းမူနေပေသည်။ အထက်ပါ တဏှာမူလက တရား(၉)ပါးသည် ဝေဒနာမှလာသဖြင့် ဝေဒနာအား ဒုက္ခ သစ္စာဟုဖွဲ့၍ ဝိပဿနာရှုအပ်၏။ ဝေဒနာဖြစ်ပျက်မရှုမိပါက ဝေဒနာမှ အောက်ဖော်ပြပါ ဒုက္ခများကို ဆက်အောင်ကျေးဇူးပြုပေမည်။ ကျေးဇူးပြုပုံ ဤသို့တည်း။

၁။ ကောင်းတယ်လို့ ခံစားသည့် သုခဝေဒနာကြောင့် လိုချင်မှု(တဏှာ)ဖြစ်၏။

၂။ လိုချင်မှု(တဏှာ)ကြောင့် ပရိယေသနာ(ရှာမှီးခြင်း) ဖြစ်၏။

၃။ အရှာကောင်း၍(လာဘော)၊ စည်းစိမ်ဥစ္စာရလာသဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတရားသုံးပါးဖြင့် ဝိနိစ္ဆယ (ဆုံးဖြတ်ချက်)ချ၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝိနိစ္ဆယ(ဆုံးဖြတ်ခြင်း) ကိုစွဲ၍ တဏှာဆန္ဒရာဂဖြစ်၏။
၅။ စီးပွားဥစ္စာမှန်သမျှကို ရှာဖွေခြင်း၊ ရရှိခြင်း၊ သုံးဆောင်ခြင်း၊ သိမ်းဆည်းခြင်း၊ ပေးဝေခြင်းတည်းဟူသော ဆန္ဒရာဂကြောင့် အဇ္ဈောသာန်တည်းဟူသော စွဲလမ်းခြင်းသည် ဖြစ်သည်။
၆။ စွဲလမ်းခြင်းကိုစွဲ၍ ပရိဂ္ဂဟတည်းဟူသော သိမ်ဆည်းခြင်းသည် ဖြစ်၏။
၇။ သိမ်းဆည်းခြင်းကိုစွဲ၍ ဝန်တိုမစ္ဆရိယဖြစ်၏။
၈။ ဝန်တိုမစ္ဆရိယကြောင့် အာရက္ခာ(စောင့်ရှောက်ခြင်း) ဖြစ်၏။
၉။ စောင့်ရှောက်မှုကြောင့် ဓား၊ လှံ၊ လက်နက်ဆောင်ခြင်း၊ ခိုက်ရန်ဖြစ်ခြင်းစသည့် အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။

ယင်းသို့ ဖြစ်ရခြင်းမှာ ဝေဒနာကြောင့် ဖြစ်ရပေသည်။ ထို့ကြောင့် ဝေဒနာသည် တဏှာ၏ မူလ(ရေသောက်မြစ်)ပေတည်း၊(တစ်နည်း)ဝေဒနာသည် တဏှာ၏ ပစ္စည်းပေတည်း၊

ဝေဒနာကို သစ္စာဖွဲ့၍ ကြည့်ရမည်။ သစ္စာဖွဲ့၍ ကြည့်ပါမူကား ဒုက္ခသစ္စာပေတည်း ယင်းဒုက္ခသစ္စာကို ဝိပဿနာဉာဏ်ဖြင့် ကြာကြာကြည့်သော် ဝေဒနာကို မတွေ့ရတော့ဘဲ ဝေဒနာ၏ အနိစ္စကိုသာ တွေ့ရပေလိမ့်မည်။ ဝေဒနာအနိစ္စဖြစ်၍ တဏှာဥပဒါန်အစရှိသည်တို့ဖြစ် ခွင့်မရဘဲ ချုပ်ရမည်ဖြစ်ပေသည်။ တဏှာချုပ်သဖြင့် ပရိယေသန လာဘ်လာဘရရှိမှု၊

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချမှု၊ ဆန္ဒရာဂဖြစ်မှုအစရှိသည့် ဒုက္ခဟူသမျှ အားလုံးချုပ်တော့၏။ ထို့ကြောင့် ဝေဒနာကို ဖြစ်ပျက်ရှုကြပါလေ။

## စိတ္တာနုပဿနာ
## စိတ္တာနုပဿနာရှုပွားပုံ

**(က)အပြင်ညွှိသည်(၅)ယောက်——>**

၁။ မျက်စိနှင့်အဆင်း တိုက်မြင်စိတ်၊
၂။ နားနှင့်အသံ တိုက်ကြားစိတ်၊
၃။ နှာခေါင်းနှင့်အနံ့ တိုက်နံစိတ်၊
၄။ လျှာနှင့်ရသာရုပ် တိုက်စားစိတ်၊
၅။ ကိုယ်နှင့်ထိတွေ့မှု တိုက်(ယား၊ နာ၊ ကောင်းစိတ်)

**(ခ)အတွင်းညွှိသည်(၆)ယောက်——>**

၁။ လောဘစိတ်၊
၂။ ဒေါသစိတ်၊
၃။ မောဟစိတ်၊
၄။ အလောဘစိတ်၊
၅။ အဒေါသစိတ်၊
၆။ တွေးတောကြံစည်စိတ်၊

**(ဂ)အိမ်သည်စိတ်(၂)ခု——>**

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

www.burmeseclassic.com

www.burmeseclassic.com



## စိတ္တာနုပဿနာရှုပွား၍ ဒိဋ္ဌိဖြုတ်နည်း

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်းဟူသော အရှုဉာဏ်(၃)ပါးဖြင့် လေဝင်သည်ကို ဝင်မှန်းသိသည့်စိတ်၊ လေထွက်သည်ကို ထွက်မှန်းသိသည့်စိတ်ဟူ၍ သိအောင်လုပ်နေပါ။ ယင်းစိတ်ကို သမာဓိတည်းဟူသော ချည်တိုင်တွင် သတိတည်းဟူသော ကြိုးဖြင့် ထိန်းသိမ်းနိုင်ပြီဆိုလျှင် အထက်ဖော်ပြပါ စိတ်(၁၃)စိတ်ပေါ်ရာကို သမာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပပညာမဂ္ဂင်(၂)ပါးဖြင့် ပေါ်ရာရှုပါ။

မှတ်ချက်။ ။စိတ်(၁၃)စိတ်သည် တစ်ပြိုင်နက်ပေါ်မည်မဟုတ်ပါ။ တစ်ခုချုပ်ပြီးမှ နောက်စိတ်တစ်ခုသည် အစားထိုးမည်ဖြစ်ပါသည်။ အရှုဉာဏ်(၅)ပါးဖြင့် ပွားများနေသော ယောဂီသည် ပထမစိတ်ချုပ်တာသည် အနိစ္စ၊ နောက်ထပ်စိတ်တစ်ခုအစားထိုးပေါ်ပေါက်တာသည် သင်္ခါရဟူ၍ လိုက်လိုက်ပြီး သိပေးပါ။ သမ္မာဓိမဂ္ဂင်(၃)ပါးသည် အဖြစ်ကို မြင်သဖြင့် သေလျှင်ပြီးတာပဲ ပြတ်တယ် ပေ...တယ်။ ပြတ်တဲ့အယူ ဥစ္ဆေဒဒိဋ္ဌိစင်ပါလိမ့်မည်။ သမာဒိဋ္ဌိမဂ္ဂင်(၂)ပါးသည် အပျက်ကို မြင်သဖြင့် မြဲတယ် (ခိုင်မြဲအယူ) သဿတဒိဋ္ဌိ ဝင်ပါလိမ့်မည်။ ကြာကြာရှု၍ ဉာဏ်ထက်လာသော် ဝိဉာဏ်ဏသို့ပိနိစ္စဓိတိဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နိမ္မိတ္တဉာဏ်တိုးတက်လာပါလိမ့်မည်။ အထူးသဖြင့် အပြင်ညှော့သည်(၅)ယောက်နှင့် အတွင်းညှော့သည် (၆)ယောက်တို့ မပေါ်ပါက အိမ်သည်စိတ်(၂)စိတ်ကို ပြန်၍ရှုပါ။ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တသ္မိံဝိဟရတိ ဝယဓမ္မာနုပဿီဝါ စိတ္တသ္မိံဝိ ဟရတိ သမုဒယဝယ ဓမ္မာနုပဿီပါ စိတ္တသ္မိံဝိဟရတိ ဘာစိတ်ပေါ်ပေါ်အဖြစ်နဲ့အပျက်ကိုသာ မြင်အောင်ကြည့်ပေးပါ။

## ဓမ္မာနုပဿနာ

## ဓမ္မာနုပဿနာရှုပွားပုံ

ဓမ္မာနုပဿနာရှုပွားပုံမှာ—

(၁) သညာက္ခန္ဓာ

(၂) သင်္ခါရက္ခန္ဓာ

## ဓမ္မာနုပဿနာရှုပွား၍ အပါယ်ရေသောက်မြစ်ဖြတ်နည်း

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် အပါယ်ရေသောက်မြစ်ကို ဖြတ်လိုသော ယောဂီသည် အရှုဉာဏ်တရား(၅)ပါးနှင့် သညာ၊ သင်္ခါရတရား(၂)ပါးပေါ်တွင် စောင့်ကြည့်ရပါမယ်။ ယင်းသို့ စောင့်ကြည့်ရင်း တရားထိုင်ဆဲ ခန္ဓာကြီးဟာ ပူလာ

www.burmeseclassic.com

www.burmeseclassic.com



သလား၊ လှုပ်လာသလား၊ ငြိမ်သွားသလား၊ ဖောင်းလာသလား၊ ပိန်လာသလား စိတ်တွေအမျိုးမျိုးပေါ်၊ ပေါ်တဲ့စိတ်တွေ ဟူသမျှမှာလည်း တစ်တိုတစ်စမျှ တားလို့ဆီးလို့မရဘဲ ပျက်သွားတာကို တွေ့ရပါလိမ့်မည်။ ရုပ်တွေအမျိုးမျိုးပေါ်၊ ရုပ်အမျိုးမျိုးပျက်၊ ဝေဒနာတွေကလည်း (သုခ၊ ဒုက္ခ၊ ဥပေက္ခာ) အမျိုးမျိုးပေါ်၊ အမျိုးမျိုးပျက်၊ စိတ်တွေအမျိုးမျိုးပေါ်စိတ်တွေ အမျိုးမျိုးပျက်၊ သညာက္ခန္ဓာဘက်က ကြည့်လိုက်လဲဖြစ်ပြီးပျက်တာပဲ၊ သင်္ခါရက္ခန္ဓာဘက်က ကြည့်လိုက်လဲ ပြုပြင်ပြီး သကာလ ပျက်တာဘဲ တွေ့ရပါမယ်။ ခန္ဓာကြီးတစ်ခုလုံး အပူလေးပေါ် အပူလေး ပျောက် အအေးလေးပေါ် အအေးလေးပျောက် လှုပ်တာပေါ် လှုပ်တာပျောက်၊ ဖောင်းတာ ပိန်တာပေါ် ဖောင်းတာပိန်တာ ပျောက်တာကိုပဲ မြင်ပါလိမ့်မယ်။ ကြာတော့ ယောဂီရဲ့ သန္တာန်မှာ–

ပေါ်လာတာအဖြစ် ┐
　　　　　　　　├─ ဖြစ်ပျက်
ပျောက်သွားတာအပျက် ┘

“ဒုက္ခမေဝ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိဒုက္ခ နိရုဇ္ဈမာနံ နိရုဇ္ဈတိ”လို့ ပါဠိတော်မှာ လာထားလေသောကြောင့် “ဒုက္ခဖြစ်၍ ဒုက္ခချုပ်”တာပဲ၊ “ဖြစ်လာတာလဲ ဒုက္ခသစ္စာ၊ ပျက်သွားတာလဲ ဒုက္ခသစ္စာ”ဖြစ်တာသည် သေမလို့ပျက်သွားတာသည် သေသွားတာ”လို့ ဝိပဿနာဉာဏ်နဲ့ လိုက်ပြီးသိသိပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



နဂိုတရားထိုင်ကာစ ရုပ်တွေ၊ ဝေဒနာတွေ၊ စိတ်တွေဟာ ပင် ကိုသဘောစွန့်စွန့်ပြီး ဖောက်ပြန်ပျက်စီးသွားလေသော ကြောင့် “ဖောက်ပြန်တာလဲ ဒုက္ခသစ္စာ၊ နဂိုအနေစွန့်စွန့်သွား တာလဲ ဒုက္ခသစ္စာ”ခြေ,လက်,တင်ပါး,ခါးစသည်တို့ကို မတွေ့ ဘဲနဲ့ ခြေ,လက်,တင်ပါး,ခါး, အပေါ်မှာ ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာကိုပဲ မြင်နေတော့၊ ဒီတစ်ခါကျတော့ မိန်းမဆိုတဲ့ အထင်၊ ယောကျာ်းဆိုတဲ့အထင်၊ သူအထင် ငါအထင်တွေနဲ့ တကွ မိန်းမပျောက်၊ ယောကျာ်းပျောက်၊ ပုဂ္ဂိုလ်ပျောက်၊ သတ္တဝါပျောက်၊ ရှုဆဲမှာ လောကအခေါ် သမုတ်ထားတာတွေ၊ အကုန်ပျောက်ထွက်သွားပြီးသကာလ “ဒုက္ခဖြစ်၍ ဒုက္ခချုပ်” “သစ္စာမြင်တဲ့ မဂ္ဂာနုပဿနာ”ကို မြင်နေသဖြင့် ဒိဒုက္ခသစ္စာကို မြင်၊ ဒုက္ခသစ္စာကိုမှန်း၊ ဒုက္ခသစ္စာအဆုံးအထိ လိုက်၍ ရှုနိုင်မယ် ဆိုရင်ဖြင့် ငရဲမီးငြိမ်း၍ ငရဲအိုးတွေပါ သိမ်းပါလိမ့် မယ်။ ဒါကြောင့် ယောဂီတို့အနေနဲ့ (သမုဒယဓမ္မာနုပဿီ ဝါဓမ္မေ သုဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါဓမ္မေသုဂိဟရတိ၊ သမုဒယဝယ ဓမ္မာနုပဿီ ဝါဓမ္မေ သုဝိဟရတိ)ဓမ္မာ နုပဿနာ မှာလဲပဲ ကုန်တာ ပျောက်တာပဲ တွေ့အောင်ရှုပေးပါ။

တစ်သံသရာလုံး ဒိဋ္ဌိမချုပ်လို့ ဝိစိကိစ္ဆာ မချုပ်လို့ဖြစ်ရတဲ့ ငရဲမီးနဲ့ ငရဲအိုးတွေဟာ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ရှားလို့ကိုမတွေ့ ဘဲ ဝိပဿနာဉာဏ် မဂ်ဉာဏ်ကအငြိမ်းအပိုင် သိမ်းတယ်လို့ ဆုံးဖြတ်ချက်ချပြီး–

၁။ ဖောက်ပြန်ပျက်စီးသွားတာက – ဒုက္ခသစ္စာ၊

၂။ ဖောက်ပြန်ပျက်စီးပြီးလို့သိတာက မဂ္ဂသစ္စာ၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ဒိဋ္ဌိဝိစိကိစ္ဆာချုပ်သွားတာက သမုဒယသစ္စာ၊

၄။ အပူါယ်တံခါးပိတ်နေတဲ့နေရာက နိရောဓသစ္စာ

သစ္စာ(၄)ချက်ပေါ်အောင် ဘုရားကလဲဟော၊ ဉာဏ်ကျယ်တဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကလဲဟော၊ ဘုရားရှင်ရဲ့ ကိုယ်စားလှယ်တော်လုပ်သွားခဲ့တဲ့ မိုးကုတ်ဆရာတော်ဘုရား ကြီးကလဲ ဟောလေသောကြောင့် သစ္စာဖြစ်တဲ့ ဓမ္မနုပဿနာ သတိပဋ္ဌာန်ကို ကြိုးစားအားထုတ်ကြပါလို့ မေတ္တာရှေ့ထားပြီး တိုက်တွန်းလိုက်ပါတယ်။

## သစ္စာဒိဋ္ဌိ (၂)မျိုး ဝိပဿနာဉာဏ် (မြင်)

၁။ ခန္ဓာတစ်ပါးပါးကိုကြည့်ပါက ဖြစ်ပျက်(ဒုက္ခသစ္စာ) သာမြင်ပါတယ်။

၂။ ဒုက္ခမြင်တဲ့ဉာဏ်သည် နိရောဓ(နိဗ္ဗာန်)ကိုမမြင်သေးပါ။

၃။ ဖြစ်ပျက်ကို သာသနာတွင်းသားမှ မြင်နိုင်သည် (အနန္တရပစ္စည်း)

၄။ ပုရေစာရိက သမ္မာဒိဋ္ဌိအမြင်

၅။ ဝိပဿနာသည် သစ္စာနုလောမိကဉာဏ်

၆။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်တာမျှနဲ့ နိဗ္ဗာန်မမြင်နိုင်သေး (အနိစ္စ၊ ဒုက္ခ၊ အနတ္တအပေါ်မှာ မှန်းမှုနှင့်ဆုံးမှု (၂)ဉာဏ်ကျန်ပါသေးတယ်)

(၂)မဂ်ဉာဏ်– ၁။ မဂ်ဉာဏ်ကတော့ ဒုက္ခအဆုံးကိုသာ မြင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ နိဗ္ဗာန်မြင်ပြီးတဲ့ဉာဏ်ကလည်း ဒုက္ခတွေကို အာရုံမပြုတော့ဘူး။

၃။ မဂ်ဉာဏ်သည် အနုသ္ထုရပစ္စည်း၏ ပစ္စုပ္ပန်၊

၄။ မဂ်သမ္မာဒိဋ္ဌိအမြင်၊

၅။ မဂ်ဉာဏ်

၆။ မဂ်ဉာဏ်ရတော့မှ ညသိပ်ရေအိုး (၁၀၀၀)လောင်းလိုက်သလို ဝန်ကျတဲ့ ချမ်းသာတဲ့နည်းမျိုးနဲ့ ချမ်းသာတာ။

## ယောဂီကျင့်ဝတ်တရား ခြောက်ပါး

အမူမများ၊ စကားသိမ်းဆည်း၊ စောင့်စည်းဣန္ဒြေ၊ အိပ်နေနိုးကြား၊ အစားမကြီး တစ်ယောက်တည်းနေ၊ ဤခြောက်ထွေ၊ ကျင့်လေယောဂီမှတ်၊

## တရားအားထုတ်ခြင်းမှာ မထိုက်သောပုဂ္ဂိုလ် ခြောက်မျိုး

၁။ အမှုသစ်၌ မွေ့လျော်သောပုဂ္ဂိုလ်၊

၂။ စကားပြောခြင်း၌ မွေ့လျော်သောပုဂ္ဂိုလ်၊

၃။ အိပ်ခြင်း၌ မွေ့လျော်သောပုဂ္ဂိုလ်၊

၄။ အပေါင်းအဖော်၌ မွေ့လျော်သောပုဂ္ဂိုလ်၊

၅။ အစာအဟာရ၌ အတိုင်းအရှည်မသိ စားသောက်သော

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်၊

၆။ ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်၌ လုံခြုံအောင် မစောင့်စည်းသောပုဂ္ဂိုလ်၊

## တရားမရနိုင်သောပုဂ္ဂိုလ်ငါးမျိုး

၁။ ကမ္မပုဂ္ဂိုလ်- ပဉ္စနန္တရိယကကြီးထိုက်သူ၊

၂။ ကိလေသပုဂ္ဂိုလ်- မိစ္ဆာဒိဋ္ဌိအယူရှိနေသူ၊

၃။ ဝိပါကပုဂ္ဂိုလ်- အမိဝမ်းတွင်းက ဆွံ့အနားမကြားသူ

၄။ အာဏာဝီတိက္ကမပုဂ္ဂိုလ်- ဘုရား၏ အာဏာတော်ကို လွန်ကျူးထားသူ(ပါရာဇိက ကျထားသောရဟန်း)

၅။ အရိယူပဝါဒပုဂ္ဂိုလ်-
အရိယာပုဂ္ဂိုလ်(ဝါ)ခင်ပွန်းကြီးဆယ်ပါးတို့အပေါ်၌ ပြစ်မှားထားသူ

## ဝိပဿနာတရားအားထုတ်ရန်အကောင်းဆုံးအချိန်

၁။ အသက်အရွယ် နုနယ်သောအချိန်၊

၂။ ကျန်းမာရေးနှင့် ပြည့်စုံသောအချိန်၊

၃။ တိုင်းပြည်သာယာဝပြောချိန်၊

၄။ သံဃာတော်များ ညီညွတ်နေသောအချိန်၊

၅။ ဆရာ ဒါယကာညီညွတ်မျှတချိန်၊

www.burmeseclassic.com

www.burmeseclassic.com



## ခင်ပွန်းကြီး (၁၀)ပါး

၁။ ဗုဒ္ဓ— မြတ်စွာဘုရား
၂။ ပစ္စေကဗုဒ္ဓ— ပစ္စေကဗုဒ္ဓါ
၃။ အရဟန္တ— ရဟန္တာ
၄။ အဂ္ဂသာဝက— မြတ်စွာဘုရား၏ အဂ္ဂသာဝကများ
၅။ မာတာ— မွေးမိခင်
၆။ ပိတာ— မွေးဖခင်
၇။ ဗုဒ္ဓါ— အသက်၊ ဂုဏ်၊ ဝါ၊ သီလကြီးမြတ်သူများ(ဝါ)တရားနည်းပြဆရာ
၈။ အာစရိယ— အသက်မွေးမှုပညာသင်ပေးသည့်ဆရာ၊
၉။ ဟိတကရ— ကျေးဇူးပြုဘူးသူ မှန်သမျှ၊
၁၀။ ဓမ္မကထိက— တရားဟောပြောပြသသူ၊

## တိလေသာ (၁၀)ပါး

## စိတ်တိုညစ်ညူး စုဝန်ဆောင်းရဲစေတဲ့တရား(၁၀)ပါး

၁။ လောဘ— လိုချင်တပ်မက်ခြင်း
၂။ ဒေါသ— ကြမ်းတမ်းဖျက်ဆီး၊ ပြစ်မှားခြင်းသဘော၊
၃။ မောဟ— အကြောင်းအကျိုးကိုမသိ၊ တွေဝေမိန်းမောခြင်းသဘော၊

www.burmeseclassic.com

www.burmeseclassic.com



၄။ မာန– စိတ်ထောင်လွှား တက်ကြွခြင်း သဘော၊

၅။ ဒိဋ္ဌိ– အယူမှားခြင်း၊

၆။ ဝိစိကိစ္ဆာ– တွေးတောယုံမှားခြင်းသဘော၊

၇။ ထိန– ကုသိုလ်တွင်၌ စိတ်မခံခြင်း၊ လျှော့ပါး ဆုတ်နစ်ခြင်းသဘော၊

၈။ ဥဒ္ဒစ္စ– စိတ်၏ ကောင်းမှုမှ ပျံ့လွင့်တုန်လှုပ် ခြင်းသဘော၊

၉။ အဟိရိက– မကောင်းမှုမှ မရှက်ခြင်းသဘော၊

၁၀။ အနောတ္တပ္ပ– မကောင်းမှုမှ မကြောက်ခြင်း သဘော၊

## ပါရမီ (၁၀)ပါး

၁။ ဒါနပါရမီ– သံသရာမှလွတ်မြောက်ကြောင်း လှူဒါန်းမှု၊

၂။ သီလပါရမီ– သံသရာမှလွတ်မြောက်ကြောင်း ကိုယ်ကျင့်တရားရှာမှု၊

၃။ နိက္ခမပါရမီ– သံသရာမှလွတ်မြောက်ကြောင်း တောထွက်တရားရှာမှု၊

၄။ ပညာပါရမီ– သံသရာမှလွတ်မြောက်ကြောင်း ပညာရှာမှီးမှု၊

၅။ ဝီရိယပါရမီ– သံသရာမှလွတ်မြောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လုံ့လစိုက်မှု၊

၆။ ခန္တီပါရမီ- သံသရာမှလွတ်မြောက်ကြောင်း အထူးသည်းခံမှု၊

၇။ သစ္စာပါရမီ- သံသရာမှလွတ်မြောက်ကြောင်း မှန်စွာပြုလုပ်ပြောဆိုမှု၊

၈။ အဓိဋ္ဌာနပါရမီ- သံသရာမှလွတ်မြောက်ကြောင်း ဆောက်တည်မှု၊

၉။ မေတ္တာပါရမီ- သံသရာမှလွတ်မြောက်ကြောင်း သတ္တဝါတို့အား မေတ္တာထားမှု၊

၁၀။ ဥပေက္ခာပါရမီ- သံသရာမှလွတ်မြောက်ကြောင်း အကောင်းအဆိုးဟူသမျှကို လျစ်လျူရှုမှု၊

## စွန့်ခြင်းကြီး (၅)ပါး

၁။ ဓနပရိစ္စာဂ- ဥစ္စာကို စွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း၊

၂။ ပုတ္တပရိစ္စာဂ-သားသမီးကို စွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း၊

၃။ ဘရိယပရိစ္စာဂ- မယားကိုစွန့်ကြဲ၍ ပေးမ်းလှူဒါန်းခြင်း၊

၄။ အင်္ဂပရိစ္စာဂ- ကိုယ်လက်အင်္ဂါကို စွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း၊

၅။ ဇီဝိတပရိစ္စာဂ- အသက်ကိုစွန့်ကြဲ၍ ပေးကမ်းလှူဒါန်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



## ကိလေသာ (၃)မျိုး

၁။ ဝီတိက္ကမကိလေသာ– သုံးပါးဒွါရမှ ထကြွရုံတင်မကဘဲ
လောဘ၊ ဒေါသအလျှောက် ဖောက်ပြန်
ကျူးလွန်မှုပြုစေတတ်တဲ့ ကိလေသာမျိုး၊
၂။ ပရိယုဋ္ဌာနကိလေသာ– မနောဒွါယတွင် ထကြွသောင်း
ကျန်းတဲ့ ကိလေသာမျိုး၊
၃။ အနုသယကိလေသာ–ဥပါဒိ၊ ဋ္ဌီ၊ ဘင်ရှားမရှိ မိမိတို့ခန္ဓာ
အစဉ်၌ အမြဲကိန်းဝပ်လာသော ကိလေသာ
ဓာတ်ထုး၊

## ပုဂ္ဂိုလ် (၄)မျိုး

၁။ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်– အကျဉ်းနာရုံနှင့် အကျယ်သိပြီး
တရားရနိုင်သူ၊
၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်– အကျယ်ကိုနာရမှ တရားရနိုင်သူ၊
၃။ နေယျပုဂ္ဂိုလ်– အကျဉ်းအကျယ်ကို နာရုံမျှနှင့်
တရားမရ၊ ကျင့်ကြံအားထုတ်မှ တရားရနိုင်သူ၊
၄။ ပဒပရမပုဂ္ဂိုလ်– အကျဉ်းအကျယ်နာရပြီး အားထုတ်
သော်လည်း ဒီဘဝတရားမရ အထုံပါရမီမျှသာ ရနိုင်
သူ(ပုဂ္ဂလပညတ်ပါဠိတော်)နှင့် (ဥဃ္ဃါဋိတညူသုတ်၊
စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်)

www.burmeseclassic.com

www.burmeseclassic.com



## ကြွက်ဥပမာပြ ပုဂ္ဂိုလ် ၄ဝါး

၁။ ပရိယတ္တိအလုပ်သာရှိ၍၊ ပဋိပတ္တိအလုပ်မရှိသောသူသည် တွင်းသာတူး၍ မအောင်းသောကြွက်နှင့်တူ၏။

၂။ ပဋိပတ္တိအလုပ်သာရှိ၍ ပရိယတ္တိအလုပ်မရှိသောသူသည် အောင်းသာအောင်း၍ တွင်းမတူးသောကြွက်နှင့်တူ၏။

၃။ စာလည်းမသင်၊ တရားလည်းအားမထုတ်သောသူသည် တူးလည်းမတူး အောင်းလဲမအောင်းသောကြွက်နှင့်တူ၏။

၄။ စာလဲသင်၊ တရားလည်းအားထုတ်သောသူသည်၊ တူးလည်းတူး အောင်းလည်းအောင်းသောကြွက်နှင့်တူ၏။

## နိယတမိစ္ဆာဒိဋ္ဌိ (၃)မျိုး

၁။ အဟေတုကဒိဋ္ဌိ– ကောင်းမှုပြုသော်လည်း ကောင်းကျိုးမဖြစ်၊ မကောင်းမှုပြုသော်လည်း မကောင်းကျိုးမဖြစ်ဟု ယူခြင်း (အကြောင်းအကျိုးနှစ်မျိုးစလုံး ပယ်သောအယူ)

၂။ နတ္ထိကဒိဋ္ဌိ– ကောင်းကံ မကောင်းကံပြုသော်လည်း ကောင်းကျိုး၊ မကောင်းကျိုးမရှိဟုယူခြင်း(အကျိုးပယ်သော်အယူ)

၃။ အကိရိယဒိဋ္ဌိ– သတ္တဝါတို့မှာ အကြောင်းကံဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဟု ယူခြင်း(အကြောင်းပယ်သော အယူ)

## ပဝုတ္တတရား (၃)ပါး

သံသရာချဲ့သည့်တရား- (၁)တဏှာ(လောဘ)
(၂)မာန၊
(၃)ဒိဋ္ဌိ

## အာသဝေါတရား (၄)ပါး

၁။ ကာမာသဝ- ကာမဘုံ၌ တပ်နှစ်သက်တတ်သော လောဘ
၂။ ဘဝါသဝ- ရူပ(၁၆) အရူပ လေးဘုံ၌ တပ်မက်သော လောဘ၊
၃။ ဒိဋ္ဌာသဝ- မှားသောမိစ္ဆာအယူ၊ ဒိဋ္ဌိစေတသိက်၊
၄။ အဝိဇ္ဇာသဝ- သစ္စာဉာဏ်အမြင်ကို ဖုံးလွှမ်းပိတ်ဆီးတတ်သော မောဟ၊

## ပုညကြိယာဝတ္ထု (၁၀)ပါး

(ကောင်းကျိုးချမ်းသာတို့၏ တည်ရာဖြစ်သောကြောင့် စင်စစ်ပြုထိုက်သောကောင်းမှုများ)

၁။ ဒါန- အလှူပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



၂။ သီလ– သိတင်းသီလဆောက်တည်ကျင့်သုံးခြင်း
၃။ ဘာဝနာ– ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်း
၄။ အပစာယန– အမိအဖဆရာသမားတို့အား အရိုအသေပြုခြင်း
၅။ ဝေယျာဝစ္စ– သူတစ်ပါး၏ ကုသိုလ်အလုပ်၌ အမှုကြီးငယ်ကို အားစိုက်ကူညီပြုခြင်း
၆။ ပတ္တိဒါန– မိမိကုသိုလ်ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း
၇။ ပတ္တာနုမောဒနာ–သူတစ်ပါးပြုသော ကုသိုလ်ကို ဝမ်းမြောက်စွာသာဓုအနုမောဒနာခေါ်ခြင်း
၈။ ဓမ္မဿဝန– တရားတော်ကိုကြားနာခြင်း
၉။ ဓမ္မဒေသနာ– တရားစကားကိုဟောပြောခြင်း
၁၀။ဒိဋ္ဌိဇုကမ္မ– ဖြောင့်မှန်စွာ ကောင်းသောအယူကိုယူခြင်း

## ဉာဏ်နှစ်မျိုး

၁။ ကမ္မဿကတဉာဏ်– ကံ ,ကံ၏အကျိုးပေးကို သိသောဉာဏ်(သာသနာပဉာဏ်)
၂။ သစ္စာနုလောမိကဉာဏ်– ခန္ဓာ၊ ဒုက္ခသစ္စာကို သစ္စာအားလျော်စွာသိသောဉာဏ် (သာသနာတွင်းဉာဏ်)

www.burmeseclassic.com

www.burmeseclassic.com



## အပါယ် (၄)ပါး

၁။ ငရဲ ၂။ တိရစ္ဆာန်။ ၃။ ပြိတ္တာ ၄။ အသုရကာယ်

## ကပ်သုံးပါး

၁။ သတ္ထန္တရကပ်– တုတ်၊ ဓား၊ သေနပ်၊ ဗုံးအမြောက် စသော လက်နက်ဖြင့် ပျက်စီးရခြင်း၊

၂။ ရောဂန္တရကပ်– ပလိပ်ရောဂါ၊ ကာလသားရောဂါ၊ ကျောက်ရောဂါစသည်ဖြင့် မြို့နယ် အနှံ့ဖြစ်၍ ပျက်စီးရခြင်း၊

၃။ ဒုဗ္ဘိက္ခန္တရကပ်– မြို့နယ်အနှံ့အပြားတို့၌ အစား အသောက်ပြတ်ငတ်၍သေရခြင်း၊

## ရပ်ပြစ် (၈)ပါး

### ရပ်ပြစ်ရှစ်ပါး(ဝါ)မင်္ဂဖိုလ်မရနိုင်သည့် "ခဏ"ရှစ်မျိုး

ဘုရားပွင့်နေဆဲ–

၁။ ငရဲဘုံ၌ဖြစ်နေရသူများ

၂။ တိရစ္ဆာန်ဘုံ၌ဖြစ်နေရသူများ

၃။ ပြိတ္တာဘုံ၌ဖြစ်နေရသူများ

၄။ လွန်စွာအသက်ရှည်သော အသညသတ်ဗြဟ္မာနှင့် အရူပ ဗြဟ္မာများ

၅။ ဘုရားရှင်နှင့် ရဟန်းတော်များမရောက်နိုင်သည့် အစွန်

www.burmeseclassic.com

www.burmeseclassic.com



အဖျား တောတောင်အကြား(ပစ္စန္တရစ်သား) လူရိုင်းများ
၆။ မိစ္ဆာဒိဋ္ဌိအယူရှိသူများ
၇။ တရားကို နားလည်လောက်သော ဉာဏ်မရှိသူများ၊ ကိုယ်အင်္ဂါချို့တဲ့သည် ဇစ္စန္ဓပုဂ္ဂိုလ်များ
၈။ တတ်သိနားလည်လောက်သော ဉာဏ်မရှိသော်ငြားလည်း ဘုရားမပွင့်သောအခါ လူဖြစ်ရသူများ

## ရန်သူမျိုး (၅)ပါး

၁။ ရေ ၂။ မီး ၃။ မင်းဆိုး ၄။ ခိုးသူ ၅။ အမွေခံသားသမီးဆိုး

## ဝိပတ္တိတရား (၄)ပါး

၁။ ကာလဝိပတ္တိ– မင်းဆိုးမင်းယုတ်အုပ်စိုးသောအခါ၊
၂။ ဂတိဝိပတ္တိ– အပါယ်လေးပါးတို့၌ဖြစ်ရခြင်း
၃။ ဥပဓိဝိပတ္တိ– ရုပ်ဆင်းအင်္ဂါချို့တဲ့ခြင်း
၄။ ပယောဂဝိပတ္တိ– ကိုယ်မှု နှုတ်မှုကို ပယောဂဟုဆိုသည် အသိအလိမ္မာမရှိ၊ သတိဝီရိယလည်းမရှိဘဲ ပြုမူကြံစည်မှုတို့ ဖြစ်ပါသည်။

## ဗျသနတရား (၅)ပါး

၁။ ဉာတိဗျသန – ဆွေမျိုးများပျက်စီးခြင်း
၂။ ဘောဂဗျသန– စည်းစိမ်ဥစ္စာပျက်စီးခြင်း

www.burmeseclassic.com

www.burmeseclassic.com



၃။ ရောဂဗျသန– အနာရောဂါဖြစ်ခြင်း
၄။ ဒိဋ္ဌိဗျသန– မိစ္ဆာအယူကိုယူခြင်း
၅။ သီလဗျသန– သီလပျက်ခြင်း

## အကုသလကမ္မပထတရား (၁၀)ပါး(ဝါ)
## အကုသိုလ်ကံ(ဝါ)ဒုစရိုက် ၁၀ပါး

၁။ ပါဏာတိပါတာ– သူ့အသက်ကိုသတ်ခြင်း
၂။ အဒိန္နာဒါနာ သူ့ဥစ္စာကိုခိုးယူခြင်း
၃။ ကာမေသုမိစ္ဆာစာရာ– သူတစ်ပါးသာမယားပြစ်မှားခြင်း
၄။ မုသာဝါဒါ– မဟုတ်မမှန်သောစကားကိုပြောခြင်း
၅။ ပိသုဏာဝါစာ– မေတ္တာပျက်အောင်ကုန်းတိုက်ခြင်း
၆။ ဖရုသဝါစာ– ကြမ်းတမ်းသောစကားကိုပြောဆိုခြင်း
၇။ သမ္ဖပ္ပလာပဝါစာ– သိမ်ဖျင်းသောစကားကိုပြောဆိုခြင်း
၈။ အဘိဇ္ဈာ– သူတစ်ပါးရဲ့ စည်းစိမ်ကိုရယူခြင်း
၉။ ဗျာပါဒ– သူတစ်ပါးရဲ့ အသက်အိုးအိမ် စည်းစိမ်ကိုပျက်စီးစေခြင်း
၁၀။မိစ္ဆာဒိဋ္ဌိ– မှားသောအယူရှိခြင်း

## အဓိပတိတရား (၃)ပါး

၁။ အတ္တာဓိပတိ– မိမိကိုယ်ကို အကြီးအမှူးထား၍ တရားအားထုတ်ခြင်း
၂။ လောကာဓိပတိ– လောကကြီးကိုအကြီးအမှူးထား၍

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်ခြင်း

၃။ ဓမ္မာဓိပတိ– တရားတော်ကို အကြီးအမှူးထား၍ တရားအားထုတ်ခြင်း

## ဝိပ္ပလ္လာသတရား (ဖောက်ပြန်တဲ့တရား) ၁၂ပါး

ရှေးဦးစွာ ဝိပ္ပလ္လာသတရားကို သုံးမျိုးအရင် နားလည်ထားရပါမယ်။

၁။ သညာ ဝိပ္ပလ္လာသဆိုတဲ့အမှတ်မှား

၂။ စိတ္တ ဝိပ္ပလ္လာသဆိုတဲ့အသိမှား

၃။ ဒိဋ္ဌိဝိပ္ပလ္လာသဆိုတဲ့အယူမှား

## ခန္ဓာကြီး၏ သဘောတရားအမှန်

**မိမိတို့ရရှိထားတဲ့ ခန္ဓာကြီးရဲ့ သဘောအမှန်ကို ဆန်းစစ်ကြည့်ပါက**

၁။ အနိစ္စဆိုတဲ့ မမြဲခြင်းသဘော၊

၂။ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းသဘော၊

၃။ အနတ္တဆိုတဲ့ အစိုးမရခြင်းသဘော၊

၄။ အသုဘဆိုတဲ့ မတင့်တယ်ခြင်းသဘောတွေသာ ရှိပါတယ်။

အဲဒီအမှန်တရားလေးခုကို ဖောက်ပြန်တဲ့ တရားသုံးပါးနဲ့ မြှောက်လိုက်ရင် ဝိပ္ပလ္လာသတရား ၁၂ပါးဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဒိဝိပ္ပလ္လာသတရား ၁၂ပါးကို ယောဂီတို့သဘောပေါက်အောင်ရှင်းပြရရင်

အနိစ္စကို(၁)နိစ္စလို့မှတ်တဲ့ သညာဝိပ္ပလ္လာသ
(၂)နိစ္စလို့သိတဲ့ စိတ္တဝိပ္ပလ္လာသ ဒါကိုတစ်တွဲမှတ်ပါ
(၃)နိစ္စလို့ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ
ဒုက္ခကို (၄)သုခလို့မှတ်တဲ့ သညာဝိပ္ပလ္လာသ
(၅)သုခလို့သိတဲ့ စိတ္တဝိပ္ပလ္လာသ ဒါကိုတစ်တွဲမှတ်ပါ
(၆)သုခလို့ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ
အနတ္တကို(၇)အတ္တလို့မှတ်တဲ့ သညာဝိပ္ပလ္လာသ
(၈)အတ္တလို့သိတဲ့ စိတ္တဝိပ္ပလ္လာသ
(၉)အတ္တလို့ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာ
အသုဘကို(၁၀)သုဘလို့ မှတ်တဲ့သညာဝိပ္ပလ္လာသ
(၁၁)သုဘလို့သိတဲ့ စိတ္တဝိပ္ပလ္လာသ
(၁၂)သုဘလို့ယူတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ

## မီး (၁၁)ပါး

သတ္တဝါတို့ကို လောင်ကျွမ်းပျက်စီး ဆင်းရဲစေတတ်သောတရား ၁၁ပါး

၁။ ရာဂမီး– အလိုရမ္မက်ကြီးမှု
၂။ ဒေါသမီး– အမြက်ထွက်မှု၊
၃။ မောဟမီး– အမှန်မမြင်မှု၊ တွေဝေမိုက်မဲမှု၊

www.burmeseclassic.com

www.burmeseclassic.com



၄။ ဓာတိမိႏ– ပဋိသန္ဓေနေရမှု၊
၅။ ဇရာမိႏ– အိုရမှု၊
၆။ မရဏမိႏ– သေရမှု၊
၇။ သောကမိႏ– စိုးရိမ်မှု၊
၈။ ပရိဒေဝမိႏ– ငိုကြွေးမှု၊
၉။ ဒုက္ခမိႏ– ကိုယ်ဆင်းရဲမှု၊
၁၀။ ဒေါမနဿမိႏ– စိတ်ဆင်းရဲမှု၊
၁၁။ ဥပါယာသမိႏ– ပြင်းစွာပူပန်မှု၊ ဆို့တက်မေ့မျောသွားမှု၊

## ဥပက္ကိလေသတရား (၁၁)ပါး (ဝါ)ဓမ်တု (၁၀)ပါး

ဝိပဿနာတရား ပွားများအားထုတ်တဲ့ ယောဂီဟာ ဥဒယဗ္ဗယ ဉာဏ်ရင့်ကျက်ပိုင်းသို့ ရောက်တဲ့အခါ ပေါ်တတ်မြင်တတ် စိတ်မှာ ထင်မြင်လာတတ်တဲ့ မဂ်တုတရား ၁၀ပါးလို့ မှတ်ပါ ဒါတွေကို လက်ခံသိမ်းဆည်းမထားဘဲ ဖြစ်ပျက်ပဲ ရှုပစ်ပါ။

၁။ ဩဘာသဆိုတဲ့ နှစ်သက်စရာ အလင်းရောင်အာရုံမျိုး၊

၂။ ဉာဏဆိုတဲ့ ရုပ်နာမ်ဖြစ်ပျက်တွေကို ကျကျနန ကျေကျေ နပ်နပ်တွေ့မြင်ရတဲ့ ဉာဏအမြင်၊

၃။ ပီတိဆိုတဲ့ နှစ်သက်စရာ ငါးမျိုးပေါ်၍လာခြင်းမျိုး၊

၄။ ပဿဒ္ဓိဆိုတဲ့ ကိုယ်စိတ် ငြိမ်းချမ်းအေးမြ၍ နေခြင်းမျိုး၊

၅။ သုခဆိုတဲ့ ကိုယ်လုံးစိမ့်မျှ ချမ်းသာ၍နေတဲ့ သုခတစ်မျိုး၊

၆။ အဓိမောက္ခဆိုတဲ့ ကိလေသာကင်းသော ရတနာသုံးပါး

www.burmeseclassic.com

www.burmeseclassic.com



အပေါ် အလွန်ကြည်ညိုယုံကြည်ပြီးလာတဲ့ သဒ္ဓါမျိုး၊

၇။ ပဂ္ဂဟာဆိုတဲ့ ဝိပ္ပဿနာတရားဌ္ဌ အထူးကျိုးစားမှတ်သားမှု မပြုရတော့တဲ့ သူ့သဘော သူဆောင်နေတဲ့ သမ္မာဝါယာမ မဂ္ဂင်ဝီရိယမျိုး၊

၈။ ဥပဋ္ဌာနဆိုတဲ့ အလွန်ခိုင်မာတဲ့ သတိဟာ ရုပ်နာမ်ဓမ္မတို့၌ မမေ့တော့ဘဲ သူ့သဘော သူဆောင်နေတဲ့ နှလုံးသွင်း ဆင်ခြင်အောက်မေ့တိုင်း ရနေမှုသဘောမျိုး၊

၉။ ဥပေက္ခာဆိုတဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတွေအပေါ် ရှေးကလို ကြောင့်ကြစိုက်ခြင်း မပြုရတော့ဘဲ လစ်လျူရှုကာ အလွန် အားရှိတဲ့ ဥပေက္ခာဉာဏ်။

၁၀။ နိကန္တိဆိုတဲ့ အထက်ဖော်ပြတဲ့ နှစ်သက်တွယ်တာစရာ တရားတွေနဲ့ ယှဉ်တွဲပေါ်ပေါက်ပြီးလာတဲ့ ဝိပဿနာ ဓမ္မအပေါ် အာသာရမ္မက်စပ်ယှက် ခင်မင်နေတဲ့ သိမ်မွေ့တဲ့ တဏှာကို မဂ်လို့ အထင်စွဲနေတတ်ခြင်းမျိုး။

www.burmeseclassic.com

www.burmeseclassic.com



## ပရိညာ(၃)ပါး

| | | | |
|---|---|---|---|
| ၁။ | ညာတပရိညာ | – | သိမှုဖြင့် ပိုင်းခြားခြင်း |
| ၂။ | တိရဏပရိညာ | – | ပွားမှုဖြင့် ပိုင်းခြားခြင်း |
| ၃။ | ပဟာနပရိညာ | – | ပါယ်မှုဖြင့် ပိုင်းခြင်း |

## ပရိညာ(၃)ပါးဖြင့် ဒိဋ္ဌိပြုတ်ပုံ

မိမိရဲ့ သဏ္ဌာန်ရှိခန္ဓာ(၅)ပါး ပေါ်လာရင် ငါ့ကိုယ်ငါဟာ ဥစ္စာဟုမစွဲဘဲ ခန္ဓာပေါ်တာဘဲလို့ သိလိုက်ရင် သတ္တာယဒိဋ္ဌိ အသိဉာဏ် ညတပရိညာအားဖြင့် ပြုတ်ပါသည်။

၎င်းခန္ဓာငါးပါးရဲ့ ဖြစ်မှုသဘော ပျက်မှုသဘောမြင်ရင်။ သက္ကာယ ဒိဋ္ဌိအပွားဉာဏ်တိရဏပရိညာဖြင့် ပြုတ်ပါသည်။

ဖြစ်ပျက်မြင်ရပါများသောကြောင့် ဖြစ်ပျက်ကိုမုန်း ဖြစ်ပျက် ဒုက္ခကြီး မိမိဉာဏ်အောက်မှာ အကြွင်းမရှိ ချုပ်ဆုံးသွားမှုကို မြင်ရ ခြင်းသက္ကာယဒိဋ္ဌိ အပါယ်ဉာဏ် ပဟာနပရိညာဖြင့် ပြုတ်ပါသည်။

## ဝဋ်ကျွတ်သောအလှူ
## သစ္စာသိပြီး လှူသောအလှူ

ယခုရထားသော ခန္ဓာဝန် ဝိပါကဝဋ်၊ ဒုက္ခသစ္စာတရား ကြီးကို ရွံ့ခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ မလိုချင်ခြင်း ပြင်းပြ ပါသောကြောင့် ဝိပါကဝဋ် မရှိရာဖြစ်သော နိဗ္ဗာန်ကို လိုချင်

www.burmeseclassic.com

www.burmeseclassic.com



ရပါသောကြောင့် လှူဒါန်းပေးကမ်းပါ၏။ အရှင်ဘုရား

## ဒိဋ္ဌိများ၏ အစိပ္ပာယ်ရှင်းလင်းချက်

### ရူလဒိဋ္ဌိများ

၆၂–ပါးရှိ၏။ သိသင့်သောဒိဋ္ဌိများမှာ–

(၁) သက္ကာယဒိဋ္ဌိ
(၂) သဿတဒိဋ္ဌိ
(၃) ဥစ္ဆေဒဒိဋ္ဌိ
(၄) မိစ္ဆာဒိဋ္ဌိ
(၅) ဧကစ္စသဿတဒိဋ္ဌိ
(၆) အမရာဝိက္ခေပဒိဋ္ဌိ
(၇) အကိရိယဒိဋ္ဌိ
(၈) နတ္ထိကဒိဋ္ဌိ
(၉) အဟေတုကဒိဋ္ဌိ
(၁၀) ကမ္မဝါဒီဒိဋ္ဌိ
(၁၁) ဣဿရနိမ္မာနဒိဋ္ဌိ

### (၁) သက္ကာယဒိဋ္ဌိ

ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောက်ျား၊ မိန်းမဟု ထင်မှတ်မှားသောအယူ (သဘောသိဖို့လို၏)

သက္ကာယဒိဋ္ဌိ(မိစ္ဆာဒိဋ္ဌိ ၆၂–ပါး)

မိစ္ဆာဒိဋ္ဌိ
အတ္တဒိဋ္ဌိ

သဿတဒိဋ္ဌိ
(၅၅)ပါး
(၄၄)ပါး

ဥစ္ဆေဒဒိဋ္ဌိ
(၇)ပါး
(၁၈)ပါး

www.burmeseclassic.com

www.burmeseclassic.com



(၂) **သသသတာဒိဋ္ဌိ** –ခန္ဓာ(၅)ပါး(ရုပ်နာမ်၂ပါး)ကို ခိုင်သည်။ မြဲသည်၊ တည်တံ့သည်။ မပျက်စီးပါဟု ထင်မှတ်များသည့်အယူ။ (အနိစ္စသိဖို့လို၏) (အပျက်သိဖို့လို၏)

(၃) **ဥစ္ဆေဒဒိဋ္ဌိ** –ခန္ဓာ(၅)ပါး(ရုပ်+နာမ်၂ပါး)သည် ပျက်ပြီးနောက် ဘာမှ မဖြစ်တော့ပါ။ ပြတ်သည် တောက်သည်ဟု ထင်မှတ်များသည့်အယူ။ (အဖြစ်သိဖို့လို၏)

(၄) **ဝိစိကိစ္ဆာ** – သို့လော၊ သို့လောဖြစ်ခြင်း၊ ယုံမှားသံသယရှိခြင်း၊ ဒွိဟ၊ စိတ်နှစ်ခွ၊ သုံးခွဖြစ်ခြင်း (အကြောင်းသိဖို့လိုသည်)

(၅)**ဧကစ္စသသသတာဒိဋ္ဌိ**–တစ်ပိုင်းကြောင်ဒိဋ္ဌိတစ်ဝက်ဖြစ်သည်။ တဝက်မဖြစ်ဘူး။ တစ်ချို့ဖြစ်သည်။ တစ်ချို့ မဖြစ်ဘူးဟု ထင်မှတ်များသည့်အယူ။

(၆)**အမရာဝိက္ခေပဒိဋ္ဌိ**–ယောင်မှားမသေချာဒိဋ္ဌိဖြစ်သယောင်ယောင်၊ ပျက်သယောင်ယောင် (အမရာမည်သော ငါးသည်ချော၍ ဖမ်းကိုင်တိုင်းဖမ်းဆုတ်ကိုင်လွတ်သကဲ့သို့)

www.burmeseclassic.com

www.burmeseclassic.com



## နိယာတမိစ္ဆာဒိဋ္ဌိ (၃)မျိုး

(၇) အကိရိယဒိဋ္ဌိ(ကံပယ်) – ကံကိုပယ်ပါသည်။

(၈) နတ္ထိကဒိဋ္ဌိ(ကျိုးပယ်) – အကျိုးကိုပယ်သည်။

(၉) အဟေတုကဒိဋ္ဌိ (အကြောင်းပယ်) – အကြောင်းကို ပယ်ပါသည်။

(၁၀)ကမ္မဝါဒီဒိဋ္ဌိ – အားလုံးသောအကြောင်း အရာတို့သည် ကံပေါ်တွင် မူတည်သည်ဟု ထင်မှတ်မှားသည့်အယူ။

(၁၁)ဣဿရနိမ္မာနဒိဋ္ဌိ – တန်ခိုးဣဿရရှင်တစ်ဦးဦးက ဖန်ဆင်းသည်ဟု ထင်မှတ်မှားသည့်အယူ။ မိရိုးဖလာဗုဒ္ဓဘာသာဝင်များ၌ သဿတဒိဋ္ဌိများနေကြပါသည်။

## သဿတဒိဋ္ဌိအယူရှိသူ

(၁) ဟိုဘဝ၊ ဒီဘဝရှိသည်ဟု ယုံကြည်၏။

(၂) ကမ္မဿကတာဉာဏ်ရှိ၏။

(၃) ကုသိုလ်အလွန်လုပ်၏။

(၄) အကုသိုလ်လုပ်ရမှ ကြောက်၏။ ပြုလုပ်လေ့မရှိပါ။

(၅) ဘုရားနှင့်တွေ့တွေ့၊ ဘုရားတပည့်သားများနှင့်တွေ့တွေ့ သစ္စာတရားနာပြီး နောက်ဘုံဘဝထဲ၌ နေချင်သေး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

(အပြစ်သေး၏။ ကျွတ်တမ်းဝင်ဖို့နေး၏။)

သဿတဒိဋ္ဌိအယူရှိသူ၏ ယုံကြည်မှု အသက်ရှင်စဉ် အထက်ပါ (၅)ချက်ကို ယုံကြည်မှုရှိ၏။

**ဥစ္ဆေဒဒိဋ္ဌိအယူရှိသူ**

(၁) ဟိုဘဝ၊ ဒီဘဝရှိသည်ဟု ယုံကြည်၏။

(၂) ကမ္မဿကတဉာဏ်ရှိ၏။

(၃) ကုသိုလ်ကို မလုပ်ပါ။

(၄) အကုသိုလ်ကို ရဲတင်းစွာ အလွန်အမင်း လုပ်လေ့ရှိပါသည်။

(၅) ဘုရားနှင့်တွေ့တွေ့၊ ဘုရားတပည့်သားများနှင့်တွေ့တွေ့၊ သစ္စာတရားနာ၍ ၎င်း၏အယူကို စွန့်ပြီးချက်ခြင်း နိဗ္ဗာန်ရောက်အောင် အားထုတ်ပါသည်။

(အပြစ်ကြီး၊ ကျွတ်တန်းဝင်ဖို့ နီး၏။)

**ဒိဋ္ဌိစုစုပေါင်း (၆၂)ပါးရှိသည်။**

(၁) ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ — ၁၈ပါး

(၂) အပရန္တ ကပ္ပိကဒိဋ္ဌိ — ၄၄ပါး

**(၁) ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ — ၁၈ပါး**

(၁) သဿတဒိဋ္ဌိ — ၄ပါး

(၂) ဧကစ္စသဿတဒိဋ္ဌိ — ၄ပါး

(၃) အန္တာနန္တာဒိဋ္ဌိက — ၄ပါး

www.burmeseclassic.com

www.burmeseclassic.com



(၄) အမရာဝိက္ခေပဒိဋ္ဌက - ၄ပါး
(၅) အမိစ္ဆသမုပ္ပန္နဒိဋ္ဌိ - ၂ပါး
၁၈ပါး

## (၂) အပရန္တကပ္ပိကာဒိဋ္ဌိ (၄၄)ပါး

(၁) သညီဒိဋ္ဌိ - ၁၆ပါး
(၂) အသညီဒိဋ္ဌိ - ၈ပါး
(၃) နေဝသညီနာသညီဒိဋ္ဌိ - ၈ပါး
(၄) ဥစ္ဆေဒဒိဋ္ဌိ - ၇ပါး
(၅) ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ - ၅ပါး
၄၄ပါး

## အကျဉ်းအားဖြင့် ဒိဋ္ဌိ(၃)ပါး

(၁) သက္ကာယဒိဋ္ဌိ
(၂) သဿတဒိဋ္ဌိ
(၃) ဥစ္ဆေဒဒိဋ္ဌိ

သက္ကာယဒိဋ္ဌိကို အခြေပြီး ဒိဋ္ဌိ(၆၂)ဖြစ်ပါသည်။
သက္ကာယဒိဋ္ဌိ ပြုတ်လျှင် ဒိဋ္ဌိ(၆၂)ပါးလုံး ပြုတ်ပါသည်။

## ပုထုဇဉ်(၂)မျိုး

(၁) အန္ဓပုထုဇဉ်
(၂) ကလျာဏပုထုဇဉ်

www.burmeseclassic.com

www.burmeseclassic.com



အန္ဓပုထုဇဉ်။ ။ ခန္ဓာ၊ အယတန၊ ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်သဘောတရားများကို သုတမယဉာဏ်ဖြင့် မသိသောပုဂ္ဂိုလ်။

ကလျာဏပုထုဇဉ်။ ခန္ဓာ၊ အယတန၊ ဓာတ်–သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်သဘောတရားများကို သုတမယဉာဏ်ဖြင့်လည်းသိ၊ စိန္တာမယဉာဏ်ဖြင့်လည်း ဝေဖန်သုံးသပ်ဆင်ခြင်ပွားများနိုင်သော ဉာဏ်ရှိသူ

## သောတာပန် (၂)မျိုး

(၁) စူဠသောတာပန်

(၂) မဟာသောတာပန်

စူဠသောတာပန်။ ခန္ဓာ၊ အယတန၊ ဓာတ်–သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားများကို သုတမယဉာဏ်ဖြင့်လည်း သိ၊ စိန္တာမယဉာဏ်ဖြင့်လည်း ဝေဖန်သုံးသပ်ဆင်ခြင်ပွားများနိုင်ပြီး ဖြစ်မှုပျက်မှုသဘောတရားများကို မြင်သောပုဂ္ဂိုလ်

မဟာသောတာပန်။ ခန္ဓာ၊ အယတန၊ ဓာတ်–သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားများကို သုတမယဉာဏ်ဖြင့်လည်း သိရုံကြံစည်ရုံမျှမကဘဲ၊ ဘာဝနာမယဉာဏ်ဖြင့် ကြိမ်ဖန်များစွာ ကြိုးစားပွားများ

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်သောကြောင့် ခန္ဓာ(၅)ပါး ရုပ်နာမ် ၂–ပါးတို့၏ ဖြစ်ပျက်ကိုမြင် ဖြစ်ပျက်ကိုမှန်း ဖြစ်ပျက်ဒုက္ခကြီး ချုပ်ဆုံးမှုကို မြင်သော ပုဂ္ဂိုလ်

ဇဝံဓမ္မတာနည်း။ နို့ရည်မှနို့ခမ်းဖြစ်လာသလို ဓမ္မတာသဘော ဖြင့်အဝိဇ္ဇာမှ သင်္ခါရဖြစ်၊ သင်္ခါရမှဝိညာဏ် ဖြစ် စသည် ဓမ္မတာသဘောဖြစ်တာကို သိ သောနည်း။

## သောတာပန်ဖြစ်လျှင်

(၁) အစအဆုံးမထင်သော ဝဋ်ဆင်းရဲ သံသရာဒုက္ခကို ကုန်စေနိုင်သည်။

(၂) အပါယ်လေးပါးတံခါးကိုလည်း ပိတ်နိုင်သည်

(၃) သူတော်ကောင်းရတနာ(၇)ပါးကိုလည်း လက်ဝယ် ရနိုင်သည်။

(၄) မိစ္ဆာမဂ္ဂင်(၈)ပါးကိုလည်း ပါယ်နိုင်သည်။

(၅) အလုံးစုံသော ဘေးရန်တွေကိုလည်း ငြိမ်းအေးစေနိုင် သည်။

(၆) ဘုရားရှင်၏ ရင်နှစ်သီးခြားသားမှသမီးလှ ရတနာများ အဖြစ် ရောက်နိုင်သည်။

(၇) များလှစွာသော လောကုတ္တရာ ရတနာများစွာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ပါသည်။

၁။ အကြောင်းတရားကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်သည်။

၂။ အကျိုးတရားကို ပဋိစ္စသမုပ္ပန္နဟု ခေါ်သည်။

၃။ ပဋိစ္စသမုပ္ပါဒ်ဆက်ရင် မှားသောအကျင့်

၄။ ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် မှန်သောအကျင့်

**နိယတမိစ္ဆာဒိဋ္ဌိကြီး(၃)ပါး**

(၁) အဟေတုကဒိဋ္ဌိ

(၂) အကိရိယဒိဋ္ဌိ

(၃) နတ္ထိကဒိဋ္ဌိ

## သောတာပန်ဖြစ်ချင်ရင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ(၁၂)ပါး အပေါ်၌ နည်း(၄)နည်းဖြင့် ဆင်ခြင်သုံးသပ်ခြင်း

### (၁) ဧကတ္တနည်း

မျိုးစေ့မှ အပင် အဖူးအပွင့်အသီးအထိ ဖြစ်လာသလို အဝိဇ္ဇာမှ ဝိညာဏ် နာမ်ရုပ်စသည့်ဖြင့် ဆက်၍ဖြစ်တာသိသော နည်း။

### (၂) နာနတ္တနည်း

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ် စသည်ဖြင့်ဆက်စပ်ဖြစ်သော်လည်း တစ်ခုစီ၏အဓိပ္ပါယ်ကွာခြားတာကို သိသောနည်း။

www.burmeseclassic.com

www.burmeseclassic.com



## (၃) အ-ဗျာပါရနည်း

အဝိဇ္ဇာက သင်္ခါရကိုပါ ဖြစ်စေရမယ်လို့ ကြောင့်ကြဗျာပါရမရှိ၊ သင်္ခါရကလည်း ဝိညာဏ်ကို ဖြစ်စေရမယ်လို့ ကြောင့်ကြဗျာပါရ မရှိ ဤသို့ ပရမတ္ထသဘောတရားတို့ ကြောင့်ကြဗျာပါရမရှိပုံကို သိသောနည်း။

## အပါယ်ဘေးဆိုးကြီးမှ လွတ်ကင်းရအောင် ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ လင်္ကာဆောင်ပုဒ်

သုံးတွေသာသနာ၊ ထွန်းခိုက်ခါဝယ်၊ သမ္မာဖြင့်မှောက်၊ ကံကောင်းထောက်၍၊ တစ်ယောက်ထူးလည်းဖြစ်ပေသည်ဟု အတည်နှလုံး၊ စွဲယူသုံး၍ မြင့်ဆုံးမြင့်လှ ဤဘဝဝယ်၊

ဒုက္ခနယ်တွင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းဖို့ရာ၊ လေးသစ္စာကို၊ ယထာဘူတသိလိုက်လှပြီး၊ ခေတ်မှလွဲသွေ၊ ဖြစ်ရချေသော်၊ လေးတွေပါယ်ထဲ၊ နှောင်ကြိုးတဲ၍၊ မြုပ်မြဲ မြုပ်အောင်၊ နှင်းကိုဆောင်လိမ့်။

အမှောင်ကိလေ၊ မိုက်ကင်းတွေကို၊ ဇာတိမြေအလား၊ ခန္ဓာငါး၌၊ သုံးပါးလက္ခဏာ၊ မှတ်တိုင်ထူ၍ ငါးဆူဗိုလ်မင်း၊ ပေါ်တသင်းနှင့် စစ်ခင်းပြီးသော်၊ အောင်လံဆော်လျက်၊

မြို့တော်ဝင်ရန်၊ တံပဉ္စာနိဟု လေးတန်တံခါးဖွင့်သော အားဖြင့်၊ ရှစ်ပါးမဂ္ဂင်၊ စလွယ်ဆင့်၍ ပလ္လင်သဖွယ်၊ ဗိုလ်

www.burmeseclassic.com



လေးသွယ်၌၊ စံပယ်နိုင်မှ ချမ်းသာရ၍၊ ဒုက္ခနင့်မှာ ငြိမ်းလိမ့်သာတည်း။

တဏှာဘုရင်၊ နင့်သခင်၏ လိုအင်လိုက်လျှောမိုက်သဘောနှင့် မိုက်ဓောရှုတွေ၊ မွန်း၍နေသော် လှိုင်းလေပြင်းပြ၊ ပင်လယ်ဝ၌၊ မျောရမည်မှာ မလွဲရာသည်၊ သစ္စာမြင်မှ ထင်မြင်တည်း။

## မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒ လင်္ကာဆောင်ပုဒ်

လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင့်လာဘဝ မတောင့်တဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ဖန်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်း၊ မှန်မူ၊ ထိုသည့်သူကား အယူမလွဲ၊ ဂတိမြဲ၏။

မီးစွဲလောင်မှ၊ ရေကိုတသော်၊ မရဖြစ်အင် ပုံနှိုင်းယှဉ်၍ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်

ချွေးပေါက်ယိုစီး သေကာနီးဝယ်၊ အပြီးမှချမဂ္ဂင်ရလိမ့်ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်တဆ မဂ်မရဦး၊ ဘဝအစွန်၊ တမလွန်တွင် ထူးချွန်ကဲလောက် နတ်ပြည်ရောက်၍၊ မပေါက်မပြန်၊ သောတာပန်စစ်ဧကန် ဖြစ်သည်။ မလစ် ဝိပဿနာအကျိုးတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သမာဓိမဂ္ဂင် (၃)ပါးနှင့် ပညာမဂ္ဂင်(၂)ပါး ဝိပဿနာမဂ္ဂင် (၅)ပါးနှင့် ဉာဏ်တရား

### သမာဓိမဂ္ဂင် (၃)ပါး

(၁) သမ္မာဝါယမ ကောင်းစွာအားထုတ်ခြင်း

(၂) သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်း

(၃) သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း

### ပညာမဂ္ဂင် (၂)ပါး

(၁) သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း(ကောင်းစွာ အယူမှန်ရှိခြင်း)

(၂) သမ္မာသင်္ကပ္ပ ကောင်းစွာကြံစည်ခြင်း

ရှုဉာဏ်မဂ္ဂင်ငါးပါးတွင် ပညာမဂ္ဂင်နှစ်ပါးက ဦးဆောင်ပါသည်။

သမာဓိမဂ္ဂင်သုံးပါး ညီညွတ်မှသာလျှင် ဓမ္မ၏သဘောကိုသိနိုင်ပါသည်။

ပညာမဂ္ဂင်နှစ်ပါးညီညွတ်မှသာလျှင် ဓမ္မ၏လက္ခဏာဖြစ်ပျက်ကို သိနိုင်ပါသည်။

မိန်းကလေးသုံးဦး စုပေါင်းပြီး ပန်းခူးကြပါသည်။

မိန်းကလေးတစ်ဦးက ခါးကုန်းပေး၏။(သမ္မာဝါယမ)

ကျန်မိန်းကလေးတစ်ဦးက အပေါ်မှ မိန်းကလေးလိမ့်မကျအောင် နံဘေးမှ ရပ်ပေးပါသည်။(သမ္မာသတိ)

www.burmeseclassic.com

www.burmeseclassic.com



တဖန် ရှုမည့်မိန်းကလေး၏ မျက်စိသည် ပန်းကောင်း ပန်းပွင့်ကောင်းကို ရွေးချယ်သိတတ်ဖို့ လိုပါသည်။ (သမ္မာဒိဋ္ဌိ)

၎င်းမိန်းကလေး၏လက်သည် ပန်းကောင်းပန်းပွင့်၏ အရိုးရှည် ရှုတတ်ဖို့ လိုပါသည်။(သမ္မာသင်္ကပ္ပ) (အရိုးရှည်မှသာလျှင် ပန်းပန်၊ ဘုရားတင်၊ အလှထိုး ကြိုက်သလို ဆောင်ရွက်နိုင်ပါသည်။)

အထက်ပါဖော်ပြခဲ့သည့်အတိုင်း အရှုခံခန္ဓာငါးပါးကို နှစ်သက်ရာ သတိပဋ္ဌာန်တစ်ခုခုကပ်၍ ရှုဉာဏ်မဂ္ဂင်ငါးပါးနှင့် စောင့်ကြည့်ပွားများ အားထုတ်ကြရမှာ ဖြစ်ပါသည်။

စောင့် = သမ္မာစိမဂ္ဂင်(၃)ပါး

ကြည့် = ပညာမဂ္ဂင်(၂)ပါး ဝိပဿနာပါ။

ထို့ကြောင့် ရှုဉာဏ်မဂ္ဂင်ငါးပါးဖြင့် အရှုခံခန္ဓာများကို သတိပဋ္ဌာန်တစ်ပါးပါးကပ်၍ ပွားများ အားထုတ်ပါလျှင် ဖြစ်ပျက် မြင်လာပါလိမ့်မည်။

ဖြစ်ပျက်မြင်ခြင်းသည် "ယထာဘူတ" ဉာဏ်ရခြင်း ဖြစ်ပါသည်။ (ဟုတ်တိုင်းမှန်ရာမြင်သည့်ဉာဏ်ပါ)

ကြိမ်ဖန်များစွာ ဆက်ပြီးအားထုတ်လျှင် မဂ္ဂင်ငါးပါး သည် ရင့်ကျက်လာပါလိမ့်မည်။ ဖြစ်ပျက်တရားများကိုလည်း အမြင်စိတ်လာပါလိမ့်မည်။

ဆက်ပြီးအားထုတ်လျှင် အမြင်စိတ်လာသော ဖြစ်ပျက် တရားများကို မလိုချင်သော ဉာဏ်ဖြင့် မုန်းလာပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



(နိဗ္ဗိန္ဒာဉာဏ်)

ဆက်ပြီးအားထုတ်လျှင် မလိုချင်သောဉာဏ်ဖြင့် မုန်းလာသော ဖြစ်ပျက်များသည် ဆုံးသွားကြပါလိမ့်မည်။ ဤအချိန်၌ ဝိပဿနာဉာဏ် (မဂ္ဂင်ငါးပါး)မှ လောကုတ္တရာမဂ်ဉာဏ်(မဂ္ဂင်ရှစ်ပါး)အဆင့်သို့ တက်လှမ်းသွားသောကြောင့် ဖြစ်ပါသည်။ ဝိပဿနာဉာဏ်(မဂ္ဂင် ၅ပါး)တွင် သီလမဂ္ဂင် (၃)ပါးသည် တစ်ပြိုက်နက် ပါဝင်ပေါင်းစပ်၍ လောကုတ္တရာ မဂ်ဉာဏ်(မဂ္ဂင် ၈ပါး) ပြည့်စုံသွားခြင်းဖြစ်ပါသည်။

## လောကုတ္တရာမဂ္ဂင် (၈)ပါး

၁။ သမ္မာဝါယာမ ကောင်းစွာအားထုတ်ခြင်း

၂။ သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်းအမှတ်ရ

၃။ သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း

၄။ သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း အမှန်မြင်

၅။ သမ္မာသင်္ကပ္ပ ကောင်းစွာကြံစည်ခြင်း

၆။ သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း

၇။ သမ္မာကမ္မန္တ ကောင်းစွာပြုလုပ်ခြင်း

၈။ သမ္မာအာဇီဝ ကောင်းစွာအသက်မွေးခြင်း

သမာဓိမဂ္ဂင်(၃)ပါး

ပညာမဂ္ဂင်(၂)ပါး

သီလမဂ္ဂင်(၃)ပါး

www.burmeseclassic.com

www.burmeseclassic.com



## မှင်းမဂ္ဂင်(၈)ပါးကို

(၁) လောကုတ္တရာမဂ္ဂင် (၄) အရိယာမဂ်
(၂)အဋ္ဌင်္ဂိကမဂ် (၅) ကတညုဉာဏ် ဟု
(၃) ပဉ္စာဘာဂမဂ် အမျိုးမျိုးခေါ်ဝေါ်ကြပါသည်။

လောကုတ္တရာမဂ္ဂင်(၈)ပါး ပထမဆုံးအကြိမ် ပြည့်စုံလျှင် ယင်းပုဂ္ဂိုလ်(ဝါ)သောတာပန်ဟု ခေါ်ပါသည်။ သောတာပန်သည် ပထမနိဗ္ဗာန်(ဝါ)သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။ သဉပါဒိသေသနိဗ္ဗာန်သည် ခန္ဓာရှိလျှက်နှင့်မြင်ရသည့် နိဗ္ဗာန်ဖြစ်ပါသည်။ မဂ္ဂင်(၈)ပါးပြည့်စုံသွားလျှင် သစ္စာ(၄)ပါးကို တစ်ပြိုင်နက် ဆောင်ရွက်ပြီးသား ဖြစ်သွားပါသည်။

ပိုမိုရှင်းလင်းအောင် ဆီမီးနှင့်ဥပမာပြပါမည်။
ဆီမီးသည်-
(၁) မီးစာကို လောင်ကျွမ်းစေပါသည်။
(၂) အမှောင်လဲ ပယ်ဖျောက်ပါသည်။
(၃) အလင်းရောင်ကိုလည်း အနံ့အပြား ရစေပါသည်။
(၄) ဆီကိုလည်း ကုန်စေပါသည်။

ထို့အတူ လောကုတ္တရာမဂ္ဂင်(၈)ပါးသည်-
(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းကိုလည်း ပြုပါသည်။
(၂) သမုဒယသစ္စာကို ပယ်သတ်ခြင်းကိုလည်း ပြုပါသည်။
(၃) မဂ္ဂသစ္စာကိုလည်း ပွားများစေခြင်းကိုလည်း ပြုပါသည်။
(၄) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိုလည်း ပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### ၁။ သောတာပန်

ရှုဉာဏ်မဂ္ဂင်ငါးပါးဖြင့် အရှုခံဓမ္မကို သတိပဋ္ဌာန်တစ်ခုခုဖြင့် စောင့်ကြည့်ရာတွင် (ရှုမှတ်ပွားများရာတွင်) အရှုခံဓမ္မ၏ဖြစ်၊ မျက်မြင်ဖြစ် ပျက်မှန်း ဖြစ်ပျက်ဆုံး၍ ရှုဉာဏ်မဂ္ဂင်(၅)ပါးတွင် သီလမဂ္ဂင်(၃)ပါး ထပ်ဆင့်တိုးပွား၍ လောကုတ္တရာမဂ္ဂင်(၈)ပါး ပထမဦးဆုံးအကြိမ် ပြည့်စုံပြီး သဥပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူကို ခေါ်ပါသည်။

ဂုဏ်ပုဒ်ဖြင့်ခေါ်ခြင်း– ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသများကိုပါယ်ခြင်း(သံယောဇဉ် ၃ပါး)
(ပါယ်သတ်သူကို ခေါ်ပါသည်။)

## သောတာပန်အမျိုးအစား

### (၁) စူဠသောတာပန်

(က) (တစ်ဘဝ၊ နှစ်ဘဝအပါယ်မလား)
(ခ) အသိတရားအဆင့် (ဉာတပရိညာ)
(ဂ) အပွားအဆင့် (အားထုတ်မှုအဆင့်၌ ဒိဋ္ဌိမဖြုတ်)
(ဒုဗ္ဗလဝိပဿနာ = အားနည်းသည့်ဝိပဿနာ)

### ၂။ မဟာသောတာပန်

(၁) သတ္တက္ခတ္တုပရမသောတာပန် – လူနတ်ဘဝတွေမှာ
ခုနစ်ကြိမ်သာဖြစ်ပြီး
ရဟန္တာဖြစ်ကာ ပရိ

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်စံသူ(နိဗ္ဗာန်ဝင်)

(၂) ကောလံကောလသောတာပန် – လူ့နတ်ဘဝနှင့် နှစ်ဘဝ မြောက်မှ ခြောက်ဘဝ အထိနေပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံသူ (နိဗ္ဗာန်ဝင်)

(၃) ဧကဗီဇီသောတာပန် – လူ့နတ်ဘဝနှင့် တစ်ကြိမ်သာနေပြီး ရဟန္တာ ဖြစ်ကာ ပရိနိဗ္ဗာန် စံသူ (နိဗ္ဗာန်ဝင်)

(၄) သောတာပန်ရိုးရိုး – သုဒ္ဓါဝါသဘုံကို ချန်ထား၍ ကျန်တဲ့ သုဂတိဘုံဘဝတွေမှာ ဘုံစဉ်စံပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံသူ (ဝိသာခါ။ အနာပိဏ်၊ သိကြားမင်း)

**သောတာပန်ဖြစ်ကြောင်းအင်္ဂါ (၄)ပါး**

(၁) သပ္ပုရိသသံသေဝေါ –ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို ကျွမ်းကျင်တတ်မြောက်၍ ဟော

www.burmeseclassic.com

www.burmeseclassic.com



တတ်ပြောတတ်သော တရား သမားကောင်းတို့နှင့် ပေါင်း ဖေါ်ရခြင်း(၄၄)ကြိမ်

(၂) သဒ္ဓမ္မသာဝနံ — ခန္ဓာ၊ အာယာတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ်၊ တရားတော် မြတ်များကို ကျွမ်းကျင် တတ်မြောက်သော(စာတွေ့၊ လက်တွေ့၊ ဉာဏ်တွေ့) ဆရာကောင်း သမား ကောင်းတို့၏ဆုံးမ ဟော ကြားသော တရားတော် မြတ်များကို ကြားနာ ရခြင်း။

(၃) ယောနိသောမနသိကာရော — အသင့်အတင့် နှလုံး သွင်းရခြင်း၊

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ — တရားနှင့် ပြန်ပူဇော်ရ ခြင်း အလို့ငှာ ဝိပဿနာ အကျင့်ကောင်း အကျင့် မြတ်များကို ကျင့်ကြံကြိုး စားအားထုတ်ခြင်း (၁၉၇၂) ကြိမ်။

www.burmeseclassic.com

www.burmeseclassic.com



## သောတာပန်အမြင်

(၁)တိဏ္ဏဝိစိကိစ္ဆော — သူငါယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ ဓမ္မဖြစ်၍ဓမ္မပျက်ခြင်းသာ ရှိခြင်းကို ယုံမှားခြင်း လွန်မြောက်နေပါသည်။

(၂)ဝိဂတကထံကထော —သူ၊ ငါ၊ ယောက်ျား၊မိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဓမ္မဖြစ်၍ဓမ္မပျက်ခြင်းသာရှိခြင်းကိုတွေးတောယုံမှားခြင်းကင်းလျက်ရှိနေပါသည်။

(၃)ဝေသာရဇ္ဇပတ္တော —သူ၊ငါ၊ ယောက်ျား၊ မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါမရှိ ဓမ္မဖြစ်၍ဓမ္မပျက်ခြင်းသာ ရှိခြင်းကိုရဲရဲဝံ့ဝံ့ဆုံးဖြတ်ချက်ချနိုင်ပါသည်။

(၄)အပရပ္ပစ္စယော —သူ၊ ငါ၊ ယောက်ျား၊မိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဓမ္မဖြစ်၍ဓမ္မပျက်ခြင်းသာရှိခြင်း ကို သူတစ်ပါးအပြောနှင့် မဟုတ် ကိုယ်တိုင်တွေ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ဆုံးဖြတ်ချက်ချ
နိုင်ပါသည်။

## သောတာပန်စိတ်ထား (၅)ပါး

(၁) သောတာပန်အနေဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာအစရှိသည့်တရားများအားပါယ်သတ်နိုင်ပြီးသော်လည်း လောဘ၊ ဒေါသ၊ မောဟ၊ ထိနမိဒ္ဓ'ဥဒ္ဓစ္စ' ကုက္ကုစ္စအစရှိသောတရားများကို မပါယ်သတ်နိုင်သေးသည့်အလျှောက်ဖြစ်ပွားတတ်ပါသည်။ ဤသို့ ဖြစ်ပွားလျှင် နောက်ကအသိလိုက်၍ ဖြစ်ကြောတိုးတတ်ခြင်းသည် သောတာပန်တို့၏စိတ်ထားတစ်ချက် ဖြစ်ပါသည်။

(၂) သောတာပန်အနေဖြင့် မပါယ်သတ်နိုင်သေသော လောဘ၊ဒေါသ၊မောဟတို့ကိုကျူးလွန်မှန်းသိလျှင် ချက်ခြင်းခန္ဓာအဖြစ်အပျက်ရှုပြီးငြိမ်းအေးအောင်လုပ်နိုင်သည့် စိတ်ထား ရှိတတ်ကြပါသည်။

(၃) ဗုဒ္ဓမြတ်စွာ သာသနာတော်မှတစ်ပါး အခြားသောသာသနာများမှာ သောတာပန် သကဒါဂါမိ'အနာဂါမ်၊ ရဟန္တာမရှိနိုင်ခြင်းအသိနှင့် ဗုဒ္ဓမြတ်စွာသာသနာ၌သာလျှင်ထွက်ရပ်လမ်းရှိနိုင်သော သာသနာဖြစ်ကြောင်းတည်'ဟူသောအသိတို့သည်သောတာပန်တို့၏အသိသောတာပန်တို့၏ စိတ်ထားဖြစ်ပါသည်။

(၄) ရဟန်းတော်များ၌လွန်ကျူးမိသည့် အဖြစ်များရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်း ဒေသနာကြားသကဲ့သို့ သောတာပန်များ၌လည်း အပြစ်သင့်သွားသည့်အခါတွင် မြန်မြန်ကျေနပ်အောင်ဝန်ချတောင်းပန်ပြီး ပြေပျောက်အောင်လုပ်နိုင်သည့် စိတ်နေစိတ်ထားသည် သောတာပန်တို့၏စိတ်နေစိတ်ထားသဘောထားများဖြစ်ပါသည်။

(၅) သောတာပန်များသည် ရပ်ရွာထဲ၌ နေထိုင်သည့်အလျှောက်ကိစ္စကြီးငယ်ကြောင့် ကူညီရန်ရုံးပြင်ကနားတို့သို့လိုက်ပင်လိုက်ငြားသော်လည်း သူသိက္ခာ၊ သမာဓိပညာ၊ တို့ကိုအပျက်မခံသည့် စိတ်ထားသည်လည်း သောတာပန်တို့၏ စိတ်နေစိတ်ထားဖြစ်ပါသည်။ ဥပမာ– နွားကြီးသည် စာကျက်၌မြက်စားနေငြားသော်လည်း နွားကလေးကို မျက်စိအောက်မှ အပျောက်မခံပဲ ကြည့်နေတတ်ပါသည်။

(၆) ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားများကို ဗုဒ္ဓမြတ်စွာမှလည်းကောင်း၊ ၎င်း၏သားတပည့်သံဃာတော်အရှင်သူမြတ်များမှ ၎င်းဟောကြားသည့်အခါတွင် အာရုံတစ်ပါးသို့ စိတ်မသွား စိတ်မပြန့်အနက်အဓိပ္ပါယ်သိပြီး ရှုးရှုးစိုက်စိုက် မှတ်မှတ်သားသား တရားနာနိုင်သည် စိတ်ထားသည်လည်း သောတာပန်တို့၏ စိတ်ထားပင်ဖြစ်ပါသည်။ (ဥပမာ ကလေးမီးခဲကိုင်မိသလို)

www.burmeseclassic.com

www.burmeseclassic.com



(၇) ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားများကိုခန္ဓာဉာဏ်ရောက် သဘောပေါက်အောက် နာကြားပြီးနောက် ဝမ်းမြောက်လို့မဆုံး ပြောလို့မဆုံး ကြည်ညိုလို့မဆုံး ကျေးဇူးတင်လို့မဆုံး နှလုံးသွင်းလို့ မဆုံးဝမ်းမြောက်လို့မဆုံး ဝမ်းမြောက်သက် အင်မတန် ရှည်လေ့ရှိပါသည်။ ဤသည်ကား သောတာပန်တို့၏ စိတ်ထားဖြစ်ပါသည်။

ဆက်လက်ပြီး မဂ္ဂင်(၅)ပါးမှစ၍ ကြိုးစား အားထုတ်ပြီး (၃)ကြိမ်ထပ်မံ၍ မဂ္ဂင်(၈)ပါး ထပ်မံ ပြည့်စုံလျှင် သကဒါဂါမိမဂ်ပုဂ္ဂိုလ်(ဝါ)သကဒါဂါမ် ဖြစ်ပါသည်။ ဤကဲ့သို့ (တတိယ)အကြိမ် ထပ်မံ၍ နိဗ္ဗာန်မဂ္ဂင်(၈)ပါးပြည့်စုံလျှင် အနာဂါမိမဂ် ပုဂ္ဂိုလ်(ဝါ) အနာဂါမ် ဖြစ်ပါသည်။ အထက်ပါအတိုင်း (စတုတ္ထ) အကြိမ် ထပ်မံ၍ မဂ္ဂင်(၈)ပါးပြည့်စုံလျှင် အရဟတ္တမဂ် ပုဂ္ဂိုလ်(ဝါ)ရဟန္တာ ဖြစ်ပါသည်။

တစ်မင်္ဂလျှင် လောကုတ္တရာမဂ္ဂင် (၈)ပါးသည် တစ်ကြိမ်သာ ကျခွင့်ရှိပါသည်။ လောကီမဂ္ဂင် ငါးပါး သည် လောကုတ္တရာမဂ္ဂင်(၈)ပါးမပြည့်မချင်း အကြိမ် ပေါင်းများစွာ (ကြိမ်ဖန်များစွာ) ပွားများရပါသည်။ လောကုတ္တရာမဂ္ဂင် (၈)ပါးပြည့်စုံသွားသည့် ပုဂ္ဂိုလ်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့သည် ဓမ္မ နိယာမအတိုင်း ပြည့်စုံသွားကြပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## လောကီမဂ္ဂင် (၅)ပါး၏ သတ္တိသဘော

(၁) ခန္ဓာကို စွန့်ပါသည်- အလုပ် ၂-လုပ်ပါသည်။
(၂) ကိလေသာကို စွန့်ပါသည်- (တံဘိုးဆိုင်းထမ်း) (တဒင်္ဂပဟာန်, ရှုပွားဆဲခဏ၌သာ ပယ်စွန့် နိုင်ပါသည်။)

## လောကုတ္တရာမဂ္ဂင် (၈)ပါး၏ သတ္တိသဘော

(၁) ခန္ဓာကို စွန့်ပါသည်။
(၂) ကိလေသာကို စွန့်ပါသည်။
(၃) နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုပါသည်။ (သဉပါဒိသေသနိဗ္ဗာန်)အလုပ်(၃)လုပ် လုပ်ပါသည်။ (သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ အပြောင်အစင်ကိုပယ်သတ်နိုင်ပါသည်။)

## သမုတ်သစ္စာ ဘုရားမပါယ်တာ (၈) ချက်

(၁) ဟိရိသြတ္တပ္ပ – ယောကျ်ား၊ မိန်းမရက်စရာအလို့ငှာ၊ မပါယ်ရဘူး။
(၂) ကမ္မဿကတဉာဏ်– ကံနှင့် ကံတို့၏ အကျိုးပေးကို မပါယ်ရဘူး။
(၃) သဟတ္ထိကဒါန – မိမိပြုခြင်း၊ သူတစ်ပါးပြုခြင်း အတွက်လည်း မပါယ်ရဘူး။

www.burmeseclassic.com

www.burmeseclassic.com



(၄) ပဋ္ဌာနန္တရိယ — ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ မပါယ်ရဘူး။

(၅) မေတ္တာဘာဝနာ
အကျိုးငှာ — မိမိသူတစ်ပါးနှစ်ဦး သားအကျိုးငှာ မပါယ်ရဘူး။

(၆) ပုဗ္ဗေနိဝါသအကျိုး — အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝအကျိုးငှာ မပါယ်ရဘူး။

(၇) အယုတ်အမြတ်
အကျိုး — အလှူခံအယုတ်၊ အမြတ်၊ အလတ်၊ အကျိုးငှာ မပါယ်ရဘူး။

(၈) လောကဝေါဟာရ — အကျိုးငှာ မပါယ်ရဘူး။

## သမ္မာဒိဋ္ဌိ (၅)မျိုး

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ— ကောင်းမှုပြုလုပ်လျှင် ကောင်းကျိုး ရ၊ မကောင်းမှုပြုလျှင် မကောင်းကျိုးရဟု မြင်သိတတ်သော သမ္မာဒိဋ္ဌိ။

၂။ ဈာနသမ္မာဒိဋ္ဌိ — ဈာန်ကိုရအောင် ကမ္မဋ္ဌာန်းစသော အကျင့်တို့၌ ကောင်းစွာ မြင်သိသော သမ္မာဒိဋ္ဌိ။

၃။ ဝိပဿနာသမ္မာဒိဋ္ဌိ — သင်္ခါရတရားဖြစ်သော ခန္ဓာငါးပါး (ရုပ်နာမ်) တရားတို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာဟု ဉာဏ်အမြင် သိမြင်သော သမ္မာဒိဋ္ဌိ။

www.burmeseclassic.com

www.burmeseclassic.com



၄။ မဂ္ဂသမ္မာဒိဋ္ဌိ – သစ္စာလေးပါးကို မြင်သိတတ်သော သမ္မာဒိဋ္ဌိ။

၅။ ဖလသမ္မာဒိဋ္ဌိ – ဖိုလ်ဉာဏ်၌ တည်သော မြင်သော သမ္မာဒိဋ္ဌိ။

**မှတ်ချက်**။ ။ ဤငါးပါးတို့တွင် ကမ္မဿကတ သမ္မာဒိဋ္ဌိနှင့် ဈာနသမ္မာဒိဋ္ဌိတို့သည် သတ္တာယဒိဋ္ဌိ မကွာသဖြင့် အကျိုးပေးသည် (၃၁)ဘုံအတွင်း၌သာ ဖြစ်ရလေသည်။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိနှင့် ဖလသမ္မာဒိဋ္ဌိတို့သာလျှင် အားကိုးထိုက်သည့် သမ္မာဒိဋ္ဌိများ ဖြစ်သည်။

## အလုံးစုံသော မွေ့လျော်ခြင်းတို့တွင် တရားနှင့် မွေ့လျော်ခြင်းက အောင်နိုင်ပုံ

၁။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ အလုံးစုံသော အလှူကို တရားတည်းဟူသော အလှူသည် အောင်နိုင်သည်။

၂။ သဗ္ဗရသံ ဓမ္မရသောဇိနာတိ၊ အလုံးစုံသော အရသာကို တရားအရသာသည် အောင်နိုင်၏။

၃။ သဗ္ဗရတိံ ဓမ္မရတိဇိနာတိ အလုံးစုံသော မွေ့လျော်ခြင်းကို တရား၌ မွေ့လျော်ခြင်းသည် အောင်နိုင်သည်။

၄။ တဏှက္ခယော သဗ္ဗဒုက္ခံဇိနာတိ။ တဏှာကုန်ခန်းရာ နိဗ္ဗာန်(ဝါ)တဏှာ ချုပ်ငြိမ်းခြင်းသည် အလုံးစုံသော ဒုက္ခဟူသမျှကို အောင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



## သေခြင်းလေးမျိုး (အဘိဓမ္မတ္ထသင်္ဂြိုဟ်)

၁။ သက်တမ်းကုန်၍ သေခြင်း(ဝါ)လောင်စာဆီကုန်၍ သေခြင်း။

၂။ ကံကုန်၍သေခြင်း (ဝါ)ဆီကုန်၍သေခြင်း။

၃။ အသက်၊ ကံနှစ်ပါးကုန်၍ သေခြင်း (ဝါ)ဆီ၊ မီးစာ နှစ်ပါးကုန်၍သေခြင်း။

၄။ ကြားက ကံဖြတ်၍ သေခြင်း (ဝါ)လေတိုး၍သေခြင်း။

## (၃၁)ဘုံ ပုံစံပြဇယား

၃၁-ဘုံ ဒုက္ခ သစ္စာ

သုဂတိ ၂၇ဘုံ — ဒုဂ္ဂတိဘုံ(အပါယ်လေးပါး)

လူ့ဘုံ နတ်ဘုံ ပြဟ္မာဘုံ — ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်

ဘဝတစ်ခုအစသည် ဇာတိမှစပြီး၊ ဇရာ၊မရဏာတွင် လမ်းဆုံးပါသည်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဇာတိဒုက္ခ သစ္စာ၊ ဇရာမရဏာ ဒုက္ခသစ္စာဟု ဟောတော်မူခဲ့ပါသဖြင့် (၃၁) ဘုံသည် မွေး–သေသာ ထပ်တလဲလဲဖြစ်၍ ဒုက္ခသစ္စာမည်၏။

**နိဗ္ဗာနတရား**

နိဗ္ဗာနတရား – ဆိုသည်မှာ မင်္ဂဉာဏ်ဖိုလ်ဉာဏ်ကို ဖုံးလွှမ်းတဲ့ တရား၊ နိဗ္ဗာန်ကို ကန့်ကွက်တဲ့တရား(ဝါ) မင်ဖိုလ်ကို ပိတ်ပင်တဲ့တရား (ဝါ)ပဋိစ္စ သမုပ္ပါဒ်ဆက်အောင် လုပ်တဲ့တရား။

www.burmeseclassic.com

www.burmeseclassic.com



## နီဝရဏတရား (၅)ပါး

၁။ လောဘကာမစ္ဆန္ဒနီဝရဏ – လိုချင်တတ်မက်ခြင်း။

၂။ ဒေါသဗျာပါဒနီဝရဏ – အမျက်ထွက်ခြင်း။

(ခန္ဓာကိုယ် ဟာဒယဝတ္ထု နှလုံးသွေး ပွက်ပွက်ဆူနေခြင်း)

၃။ ထိန၊ မိဒ္ဓ၊ နီဝရဏ – ငိုက်မြည်းခြင်း။

(ကိုယ့်စိတ်၊ ကိုယ်စေတသိက်ကို မနိုင်၍ ငိုက်မြည်းသွားခြင်း)

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ – စိတ်ပြန့်လွင့်ခြင်း၊
စိတ်မငြိမ်ခြင်း။

၅။ ဝိစိကိစ္ဆာနီဝရဏ – သံသယရှိခြင်း။ ယုံမှားခြင်း။

### မိုးကုတ်ဆရာတော်ဘုရားကြီး အကြိမ်ကြိမ်အဖန်ဖန် ဟောကြားတော်မူအပ်သော တရားတော်အကျဉ်းချုပ်

၁။ ကမ္မဋ္ဌာန်၊ ဝိနိမုတ္တော၊ ဓမ္မောနာမ နတ္ထိ၊ ကမ္မဋ္ဌာန်းမှ လွတ်သောတရား မည်သည်မရှိ။

၂။ စတုသစ္စ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ၊ သစ္စာလေးပါးမှ လွတ်သောတရား မည်သည်မရှိ။

၃။ တိလက္ခဏာ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ၊ လက္ခဏာ ရေး သုံးပါးတရားမှ လွတ်သောတရား မည်သည်မရှိ။

### (၆)ပါးသောတရားကို မပြုလုပ်သည့်ယောဂီအား မဂ်တား၊ ဖိုလ်တား မဖြစ်နိုင်ပုံ

(၁) မာတုဃာတက (အမိသတ်ခြင်း)

(၂) ပိတုဃာတက (အဖသတ်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com



(၃) အရဟန္တဃာတက(ရဟန္တာသတ်ခြင်း)
(၄) လောဟိတုပ္ပါဒက (မြတ်စွာဘုရားအား သွေးစိမ်းတည်အောင်ပြုခြင်း)
(၅) သံဃဘေဒက (သံဃာတော်များ ကွဲပြားအောင်ပြုလုပ်ခြင်း)
(၆) အညသတ္ထာရုဒ္ဒေသ (မြတ်စွာဘုရားမှတပါး အခြားသော ကိုးကွယ်ရာကို ညွှန်းခြင်း)

## တဏှာ (၁၀၈)ပါးဖြစ်ပေါ်သောပုံအကျဉ်း

တဏှာသုံးတန်၊ တည်ရှိခံ အာကာသံနှင့်မြောက်တဏှာ၊ အစစ်တစ်ရာ့ရှစ်ပါးရလေသတည်း–

(၁) ကာမတဏှာ၊ ဘဝတဏှာ ဝိဘဝတဏှာ ၃တည့်
(၂) အာဆိုသည်မှာ အာရုံ(၆)ပါးကို ဆိုလိုပါသည် (အဆင်း၊ အနံ့၊ အရသာ၊ ထိတွေ့စရာ၊ ကြံတွေးစရာ) ၆မြောက်
(၃) ကာဆိုသည်မှာ ကာလ(၃)ပါးကိုဆိုသည်။ (အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်) ၃ထပ်မြောက်
(၄) သန်ဆိုသည်မှာ သန္တာန်(၂)ပါး. . ၂ကောက် ခုံးမြောက်ကို ဆိုသည်။ (သူတစ်ပါးသန္တာန်၊ မိမိသန္တာန်၊

၃ x ၆ x ၃ x ၂ လီ= တဏှာ(၁၀၈)ပါး ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သမုတိသစ္စာနှင့် ပရမတ္ထသစ္စာခွဲခြားပုံဇယား

| သမုတိသစ္စာ | ပရမတ္ထသစ္စာ |
|---|---|
| ၁။ အခေါ်သာ ရှိသည်။ | ၁။ အဟုတ်ရှိသည်။ |
| ၂။ အသုံးသစ္စာ ဖြစ်သည်။ | ၂။ အမှန်ရှိသစ္စာ ဖြစ်သည်။ |
| ၃။ ဖေါက်လဲဖောက်ပြန် ဖြစ်သည်။ | ၃။ မဖေါက်မပြန် မှန်သည်။ |
| ၄။ သမုတိသစ္စာ အားကိုး လျှင် (၃၁)ဘုံ မျောမည်။ | ၄။ ပရမတ္ထာသစ္စာ အားကိုးလျှင် နိဗ္ဗာန်ရောက်မည်။ |
| ၅။ မုသားလွတ်ရုံသာ မှန်သည်။ | ၅။ ထာဝရ မှန်သည်။ |
| ၆။ သမုတိသစ္စာမှာ သဒ္ဒါ ပြဋ္ဌာန်းသည်။ | ၆။ ပရမတ္ထသစ္စာမှာ ပညာပြဋ္ဌာန်းသည်။ |
| ၇။ သမုတိသစ္စာသည် သတ္တဝါကို နှိပ်စက်၏။ | ၇။ ပရမတ္ထသစ္စာသည် နိဗ္ဗာန်ရောက်အောင် ပို့၏။ |

## ဉာဏ်စဉ် (၁၆)ဉာဏ်၏ လင်္ကာဆောင်ပုဒ်

နာမရုပ၊ ပစ္စယ သမ္မဥဒမည် ဘင်္ဂဘယ၊ ဒီနဝ၊
နိဗ္ဗိ၊ မုဉ္စိမည်၊
ပဋိသင်္ခါ ရှုပက္ခာနုမှာ ဂေါတြမည်၊ မဂ္ဂ၊ ဖလာ၊ ပစ္စယော၊
မှတ်ပါ (၁၆)မည်။

www.burmeseclassic.com

www.burmeseclassic.com



## ဉာဏ်စဉ် (၁၆)ဉာဏ်၏ အစီပွါယ်အကျဉ်း

၁။ နာမ်ကို နာမ်မျှသိမြင်က နာမပရိစ္ဆေဒဉာဏ်၊ ရုပ်ကို ရုပ်ဟု ထင်မြင်မှု ရူပပရိစ္ဆေဒဉာဏ်၊ ဤကား ရုပ်၊ ဤကား နာမ်ဟု ပိုင်းခြားသိတာက နာမရူပ ပရိစ္ဆေဒဉာဏ်။

၂။ ယခုပေါ်တဲ့ ရုပ်နာမ်သည် အတိတ်အဝိဇ္ဇာ သင်္ခါရတည်းဟူသော တရားကိုယ်တရား(၂)ပါးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဟု ရုပ်နာမ်အပေါင်းဖြစ်ကြောင်း ခမ္မ သိမ်းဆည်း သိတတ်သောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းအကျိုး ၂–ပါးကို ပိုင်းခြား၍သိသောဉာဏ်)

၃။ ရုပ်နာမ်ပေါ်ပုံကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ (ကာလ သုံးပါး)ပိုင်းခြား၍ အစအလယ်အဆုံး လက္ခဏာရေးသုံးပါး ဖြင့် သုံးသပ်ခြင်း သိမြင်သောဉာဏ်သည် သမ္မသနဉာဏ်။

၄။ ရုပ်နာမ်တို့၏ စေ့စေ့အကြည့်မခံ၊ ခဏာမစဲဖြစ် (ဥဒယ)နှင့် (ဝယ)(ဖြစ်ပျက်)ကို သိသောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်

၅။ ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုကို သိသောဉာဏ်သည် ဘင်္ဂဉာဏ်၊

၆။ ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုကိုသာ မြင်လာသဖြင့် ကြောက်မက်ဖွယ်သော ဘေးကြီးဟု ထင်မြင်လာသောဉာဏ်သည် ဘယဉာဏ်။

၇။ ရုပ်နာမ်တို့၏ ချုပ်ပျက်ခြင်းစသော အပြစ်တွေကို ထင်မြင်လာသော ဉာဏ်သည် အာဒီနဝဉာဏ်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ရုပ်နာမ်တို့အပေါ်၌ ငြီးငွေ့၊ စိတ်ပျက်၊ မနှစ်သက်မှုသည် နိဗ္ဗိန္ဒာဉာဏ်။

၉။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့မှ ကျွတ်လွတ်ခြင်းငှါ အလိုရှိမှုသည် မုဉ္စိတုကမျှတာဉာဏ်။

၁၀။ ရုပ်နာမ်တို့၏ မမြဲမှု ဆင်းရဲမှုအကြောင်းတိုက်ဆိုင်လို့ ပေါ်ပြီး တားမရ ဆီးမရ ပျောက်ပျောက်သွားတဲ့ အနတ္တကြောင့် ရုပ်နာမ်တို့အပေါ်တွင် အပြင်အထန် အားထုတ်မှုကြောင့် ထင်မြင်လာမှုက ပဋိသင်္ခါဉာဏ် (ဘုံသုံးပါးမှ လွတ်မြောက်စေရန် အထူးအကြောင်းပြု၍ တစ်ဖန် ရှုတာက ပဋိသင်္ခါဉာဏ်။

၁၁။ ရုပ်နာမ်သင်္ခါရတို့ကို မချစ်မမုန်းပဲ လျစ်လျူရှုမှုက သင်္ခါရုပေက္ခာဉာဏ်။

၁၂။ ရှေ့ဉာဏ် နောက်ဉာဏ်တို့ အားလျော်စွာ လက္ခဏာရေးသုံးပါးဖြင့် ရှုပွားမှုသည် အနုလောမဉာဏ်။

၁၃။ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာတို့၏အနွယ်ကို ဖြစ်စေမှုကို ဂေါတြဘူဉာဏ်။

၁၄။ တရားအားထုတ်ဆဲ ယောဂီသည် ဒုက္ခပျောက်၍ ဒုက္ခအဆုံးမြင်မှုသည် မဂ်ဉာဏ်။

၁၅။ မရှေးမနှောင်း သဉပါဒိသေသနိဗ္ဗာန်အရသာ (ချမ်းသာမှု) နိဗ္ဗာန်အကျိုးကို ခံစားမှုသည် ဖိုလ်ဉာဏ်။

www.burmeseclassic.com

www.burmeseclassic.com



၁၆။မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်နှင့်တကွ ပယ်ပြီးသော ကိလေသာမပယ် ရသေးသောကိလေသာတို့ကို ဆင်ခြင်မှုသည် ပစ္စဝေက္ခဏာဉာဏ်။

## အရှင်သာရိပုတ္တရာ၏ ဉာဏ်(၁၆)

၁။ နာမရူပပရိစ္ဆေဒဉာဏ်
၂။ ပစ္စယပရိဂ္ဂဟဉာဏ်
၃။ သမ္မသနဉာဏ်
၄။ ဥဒယဗ္ဗယဉာဏ်
၅။ ဘင်ဉာဏ်
၆။ ဘယဉာဏ်
၇။ အာဒီနဝဉာဏ်
၈။ နိဗ္ဗိန္ဒာဉာဏ်
၉။ မုဉ္စိတုကမျတာဉာဏ်
၁၀။ ပဋိသင်္ခါဉာဏ်
၁၁။ သင်္ခါရုပေက္ခာဉာဏ်
၁၂။ အနုလောမဉာဏ်
၁၃။ ဂေါတြဘူဉာဏ်
၁၄။ မဂ်ဉာဏ်
၁၅။ ဖိုလ်ဉာဏ်
၁၆။ပစ္စဝေက္ခဏာဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဝိပဿနာ(၁၀)ဉာဏ်

၁။ သမ္မသနဉာဏ်

၂။ ဥဒယဗ္ဗယဉာဏ်

၃။ ဘင်ဉာဏ်

၄။ ဘယဉာဏ်

၅။ အာဒီနဝဉာဏ်

၆။ နိဗ္ဗိန္ဒဉာဏ်

၇။ မုဉ္စိတုကမျတာဉာဏ်

၈။ ပဋိသင်္ခါဉာဏ်

၉။ သင်္ခါရုပေက္ခာဉာဏ်

၁၀။ အနုလောမဉာဏ်

## စမ္မကြော်တွင် မဇ္ဈဝင်္ဂ (၅)ပါးအား ဟောသည့် ဉာဏ်(၃)ဉာဏ်

၁။ ယထာဘူတဉာဏ်(သစ္စဉာဏ်)

၂။ နိဗ္ဗိန္ဒဉာဏ်(ကိစ္စဉာဏ်)

၃။ မဂ်ဉာဏ်(ကတဉာဏ်)

## သုသိမပရိဗိုဇ်အား ဟောသည့် ဉာဏ် (၂)ဉာဏ်

၁။ဝိပဿနာဉာဏ်

၂။ မဂ်ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာအနက် (၁၆)ချက်ပုံပြဇယား

**သစ္စာအနက် (၁၆)ချက်**

| ဒုက္ခသစ္စာ | သမုဒယသစ္စာ | နိရောဓသစ္စာ | မဂ္ဂသစ္စာ |
|---|---|---|---|
| (၄ ချက်) | (၄)ချက် | (၄) ချက် | (၄)ချက် |

## ၁။ ဒုက္ခသစ္စာ (၄)ချက်

ဒုက္ခဿပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌောဝိပရိဏာမဋ္ဌောတိ

၁။ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏ ပီဠနဋ္ဌော ကိန်းရာပုဂ္ဂိုလ်အား ညှာတာမဖက်အမြဲ နှိပ်စက်တတ်သော သဘောလည်း တစ်ပါး(ဝါ) ပီဠနဋ္ဌော၊ အို၊ နာ၊ သေနှင့် ပူပန်ခြင်း တို့ဖြင့် အဖန်ဖန် နှိပ်စက်တတ်သော သဘောလည်း တစ်ပါး။

၂။ သင်္ခတဋ္ဌော ကံစိတ်ဥတုအဟာရတို့ဖြင့် နေ့ညမပြတ် ပြုပြင်တတ် ပြုပြင်အပ်သောသဘောလည်း တစ်ပါး (ဝါ) တဏှာယောက်ျားလက်သမား၏ ဆိုးရွားယုတ်မာ ပြုပြင်ရာကို ရံခါမသွေ့အမြဲ ခံနေရသောသဘောလည်း တစ်ပါး။

၃။ သန္တာပဋ္ဌော ကိလေသာမီး လောဘမီးတည်းဟူသော တစ်ထောင့်ငါးရာကိလေသာအပူဓာတ်တို့၏ တငြီးငြီး တပြောင်ပြောင် အမြဲတောက်လောင်နေသော သဘော လည်း တစ်ပါး(ဝါ) အဖန်ဖန်ပူပန်တတ်၊ ပူပန်အပ် သော သဘောလည်း တစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝိပရိဏာမနေ္တာ– အဖန်ဖန်အိုမှု နာမှု သေမှုတို့ဖြင့် ဖေါက်ပြန်ပျက်စီးတတ်သော သဘောလည်း တစ်ပါး (ဝါ)နဂိုခန့်ခိုင်းမတည်နိုင်ပဲ ယိမ်းယိုင်ပြိုကွဲပျက်စီးခြင်းမြဲသော သဘောလည်းတစ်ပါး။

## ၂။ သမုဒယသစ္စာ (၄)ချက်

သမုဒယဿအာ ယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌောပလိဗောဓဋ္ဌောတိ တဏှာ သမုဒယသစ္စာသည်၊

၁။ အာယူဟနဋ္ဌော– ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့ကို မပြတ်စုဆောင်းဆည်းပူးတတ်သော သဘောလည်းတစ်ပါး။

၂။ နိဒါနဋ္ဌော– ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့ကို မပြတ်ပေးအပ်ဆောင်းနှင်းတတ်သော သဘောလည်းတစ်ပါး။

၃။ သံယောဂဋ္ဌော– ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့၌သာ စိတ်ကို မပြတ်ယှဉ်စေခြင်း သဘောလည်းတစ်ပါး။

၄။ ပလိဗောဓဋ္ဌော– ဝဋ်မှဆန့်ထွက် နိဗ္ဗာန်ဘက်သို့ မရောက်အောင် တားမြစ်နှောင့်ယှက် ကန့်ကွက်တတ်သော သဘောလည်းတစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ နိရောဓသစ္စာ (၄)ပါး

နိရောဓသဿနိဿ ရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော အမတဋ္ဌောတိ နိရောဓသစ္စာသည်

၁။ နိရောဓဿ— ဇာတိအစ ဇရာ မရဏအဆုံး ဒုက္ခ ချုပ်ငြိမ်းသော နိရောဓသစ္စာ၏ နိဿရဏဋ္ဌော ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ လွတ်မြောက် ကျွတ်လွတ်ခြင်းသဘောလည်း တစ်ပါး။

၂။ ဝိဝေကဋ္ဌော— ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့မှ ကျွတ်လွတ်ဆိတ်ငြိမ်ခြင်း သဘောလည်းတစ်ပါး။

၃။ အသင်္ခတဋ္ဌော— အဖန်ဖန်ပြုပြင်ခြင်း မရှိသော သဘောလည်းတစ်ပါး(ဝါ)အကြောင်း တရားတို့ မပြုပြင်အပ်သော သဘော လည်းတစ်ပါး။

၄။ အမတဋ္ဌော— မအိုမသေ အမြဲနေရသော သဘော လည်း တစ်ပါး(ဝါ)အိုနာသေဒုက္ခ အပေါင်းမှ ကင်းလွတ်သောသဘော လည်း တစ်ပါး။

www.burmeseclassic.com

www.burmeseclassic.com



## ၅။ မဂ္ဂသစ္စာ (၄)ချက်

မဂ္ဂသနိယျာနဋ္ဌော– ဟေတွဋ္ဌော၊ ဒဿနဋ္ဌော၊
အဓိပတေယျဋ္ဌောတို့၊

၁။ မဂ္ဂသအရိယမဂ်၏ နိယျာနဋ္ဌော–ကိလေသာဝဋ်ကမ္မဝဋ်
ဝိပါကဝဋ်တည်းဟူသော
ဝဋ်သုံးပါးမှဆန်တက်၍
နိဗ္ဗာန်ဘက်သို့လွတ်မြောက်နိုင်
ကြောင်းလမ်းကြောင်းအစစ်အမှန်
ဖြစ်သော သဘောလည်း
တစ်ပါး။

၂။ ဟေတွဋ္ဌော– နိဗ္ဗာန်မြင်သောသဘောလည်း
တစ်ပါး။

၃။ ဒဿနဋ္ဌော– နိဗ္ဗာန်မြင်သော သဘောလည်း
တစ်ပါး။

၄။ အဓိပတေယျဋ္ဌော– လောကီ၊ သီလ၊ သမာဓိ၊ ပညာ
တို့ထက်ကြီးကဲ လွန်မြတ်သော
အဓိသီလ အဓိစိအဓိပညာဟူသော
သိက္ခာသုံးရပ်ကြီး ကဲလွန်မြတ်သော
အဓိပတေယျဋ္ဌသဘောလည်း တစ်ပါး
တစ်နည်း၊လေးတန် သစ္စာမြင်မို့ရာနှင့်
ကိလေသာမီး အပူကြီးကို အပြီး ငြိမ်းမှုကိစ္စ
ရဝယ် ချယ်လှယ်လွှမ်းမိုး အုပ်စိုးနိုင်သော
အနက် သဘောလည်း တစ်ပါး။

သစ္စာအနက်(၁၆)ချက် ဤတွင်ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com



# ဝိစိကိစ္ဆာ (၈)ပါး၏ အစိပ္ပါယ်အကျဉ်း

၁။ မြတ်စွာဘုရား၏ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ဖြင့် တန်ဆာဆင်အပ်သော ကိုယ်၌လည်းကောင်း၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တည်းဟူသော ကာလ(၃)ပါးကို သိခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်၌ လည်းကောင်း၊ ယုံမှားခြင်း။ (ဘုရားပေါ်၌ယုံမှားမှု)။

၂။ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်တရားတို့သည် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မှု ရှိ-မရှိ ယုံမှားခြင်း၊ (တရားတော်အပေါ်၌ ယုံမှားမှု)။

၃။ မဂ်၌တည်သောပုဂ္ဂိုလ် (၄)ယောက် ဖိုလ်၌တည်သော ပုဂ္ဂိုလ်(၄)ယောက် (၈)ယောက်တည်းဟူသော သံဃာရတနာပေါ်၌ ယုံမှားမှု)။

၄။ (၃)ပါးသော သီလသမာဓိ ပညာဟူသော သိက္ခာပေါ်၌ ယုံမှားခြင်း။

၅။ အတိတ်ဖြစ်ကုန်သော ခန္ဓာ၊ဓာတ် အာယတနတို့သည် ဖြစ်ခဲ့မဖြစ်ခဲ့လေသလောဟု သံသရာ ရှေးအစွန်း၌ ယုံမှားခြင်း။

၆။ အနာဂတ်၌ ခန္ဓာ၊ဓာတ် အာယတနတို့သည် ဖြစ်လိမ့်မည် မဖြစ်မည်ဟု သံသရာနောက်အစွန်း၌ ယုံမှားခြင်း။

၇။ ခန္ဓာ၊ဓာတ်၊ အာယတနတို့သည် သံသရာ ရှေးအစွန်း နောက်အစွန်း (၂)ပါး၌ ဖြစ်မဖြစ်ကို ယုံမှားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၈။ အင်္ဂါ (၁၂)ပါးရှိသော ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးတွင် သင်္ခါရ၏အကြောင်းသည် အဝိဇ္ဇာ၊ ဇရာမရဏ၏အကြောင်း သည် ဇာတိစသော အကြောင်းကို စွဲဖြစ်သည့်အကျိုးတို့၌ ယုံမှားခြင်း။ (ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ယုံမှားခြင်း)

## မတင်းတိမ်ကောင်းသော တရားငါးပါး

၁။ သီလဗ္ဗဝယ် လုံခြုံတယ်ဟု တင်းတိမ်ရုံမျှ မနေရ စိတ်ချ၍ လည်း မနေနှင့်။

၂။ ဗဟုသုတဝယ်၊ ပြည့်စုံတယ်ဟု တင်းတိမ်ရုံမျှမနေရ စိတ်ချ ၍လည်း မနေနှင့်။

၃။ သမာဓိဝယ်၊ တည်ကြည်တယ်ဟု တင်းတိမ်ရုံမျှမနေရ စိတ်ချ၍လည်း မနေနှင့်။

၄။ ဆိတ်ငြိမ်ရာဝယ် နေနိုင်တယ်ဟု တင်းတိမ်ရုံမျှမနေရ စိတ် ချ၍လည်း မနေနှင့်။

၅။ အနာဂါမ်ဝယ်၊ တည်ပြီကွယ်ဟု တင်းတိမ်ယုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့်။

## ဝိသုဒ္ဓိ(၇)ပါး၊ ရထား(၇)စင်း
## ဥပမာဖြင့်နိဗ္ဗာန်သွားပုံ

(၁)သီလဝိသုဒ္ဓိ (၂)စိတ္တဝိသုဒ္ဓိ (၃)ဒိဋ္ဌိဝိသုဒ္ဓိ

ရထား ———> ရထား ———> ရထား

www.burmeseclassic.com

www.burmeseclassic.com



(၄)ကင်္ခါဝိတရဏ (၅)မဂ္ဂါမဂ္ဂဉာဏ (၆)ပဋိပဒါဉာဏ
ဝိသုဒ္ဓိ ဒဿနဝိသုဒ္ဓိ ဒဿနဝိသုဒ္ဓိ
ရထား ———> ရထား ———>ရထား

(၇)ဉာဏဒဿန
———> ဝိသုဒ္ဓိ———> နိဗ္ဗာန်
ရထား

(၁)**သီလဝိသုဒ္ဓိ**– အကျင့်သီလစင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ မည်၏။ သီလတရားသည် ဒုက္ခခပ်သိမ်းငြိမ်းသည့်နိဗ္ဗာန်သွားရာ ယာဉ်ရထားတို့တွင် ပဌမမြောက်ရထားဖြစ်၏။ သို့ဖြစ်၍ နိဗ္ဗာန်သို့ရောက်လို မျက်မှောက်ပြုလိုသည့် ယောဂီသည် သီလစင်ကြယ်ရန် လိုအပ်၏။ သို့ရာတွင် သီလလုံခြုံမှု၊ သီလစင်ကြယ်မှုတစ်ခုတည်းဖြင့် နိဗ္ဗာန်သို့မရောက်နိုင်၊ သီလစင်ကြယ်ရုံမျှဖြင့် မရောင့်ရဲအပ်ပေ။ "သီလဥ်ဝယ်လုံခြုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်း မနေနှင့်"

၂။ **စိတ္တဝိသုဒ္ဓိ**– အာနာပါနအားထုတ်ခြင်း သမာဓိတည်အောင်ပြုလုပ်ခြင်းသည် စိတ်စင်ကြယ်အောင်ပြုလုပ်ခြင်းဖြစ်၍ စိတ္တဝိသုဒ္ဓိမည်၏။ သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိဖြစ်အောင် ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



ပြု၏။ "သမာဓိဝယ် တည်ကြည်တယ်ဟု တင်းတိမ်ရုံမျှမနေရ။ စိတ်ချ၍လည်းမနေနှင့်။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ**– ပုဂ္ဂိုလ်သတ္တဝါ လူနတ်ဗြဟ္မာသည် အခေါ်ရှိ ဖြစ်၍ အဟုတ်ရှိမှာ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးသာတည်း။ အခေါ်ရှိမှာ သမ္မုတိသစ္စာ ဖြစ်ပြီး၊ အဟုတ်ရှိမှာ ပရမတ္ထသစ္စာ ဖြစ်ပေသည်။ ဝိသုဒ္ဓိမဂ်တွင် လာရှိသည့် "နာမရူပမတ္တတော၊ ဥဒ္ဒံအညောသတ္တော်ဝါ ပုဂ္ဂလော ဝါဒေဝေါဝါဗြဟ္မာဝါနတ္ထိ" ဆိုသည့်အတိုင်း နာမ်ရုပ်မျှသာရှိ၍ နာမ်ရုပ်မှလွဲပြီး ပုဂ္ဂိုလ် သတ္တဝါနတ်ဗြဟ္မာဟူ၍မရှိ။

**(တစ်နည်း)**

ဖောက်ပြန်ပျက်စီးတတ်သောရုပ်
သိတတ်သောနာမ်
မသိတတ်သောရုပ်၊ အာရုံကိုညွှတ်
တတ်သောနာမ်
— ရုပ်နာမ်

အပေါင်းဖြစ်ကြောင်း ဓမ္မကိုကို ခွဲခြားသိခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏. စိတ္တဝိသုဒ္ဓိသည် ဒိဋ္ဌိဝိသုဒ္ဓိအား ကျေးဇူးပြု၏။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**–ယုံမှားခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ယုံမှားခြင်းကို လွန်မြောက်နိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com



မည်၏။ ရုပ်မျှသာရှိ၍ နာမ်ရုပ်မှ
လွဲပြီး၊ ပုဂ္ဂိုလ်သတ္တဝါ လူနတ်
ဗြဟ္မာဟူ၍မရှိ၊ အကြောင်းအကျိုး
သာရှိ၏။ ပုံစံအားဖြင့် ခန္ဓာ၊ ပဋိစ္စ
သမုပ္ပါဒ်လမ်းစဉ်တွင် အတိတ်
အကြောင်း အဝိဇ္ဇာသင်္ခါရကြောင်း
ပစ္စုပ္ပန်ခန္ဓာငါးပါး ဖြစ်ရ၏။
အတိတ်အကြောင်း ကိလေသာဝဋ်၊
ကမ္မဝဋ်ကြောင့် အကျိုးဝိပါက
ဝဋ်ကိုရ၏။ အကြောင်းကြောင့်
အကျိုးဖြစ်၏။ အကြောင်းတရား
ကင်း၍ အကျိုးတရား မဖြစ်ပေါ်
နိုင်ဟု အကြောင်းအကျိုးပေါ်တွင်
ဉာဏ်ရှင်းလျှင် ယုံမှားခြင်းကို
ပယ်ဖျောက်နိုင်တော့၏။ ယင်းသို့
ပယ်ဖျောက်နိုင်ရန်အတွက် ဒိဋ္ဌိ
ဝိသုဒ္ဓိမှ ကျေးဇူးပြု၏။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ—ယုံမှားခြင်းကို ပယ်ဖျောက်
နိုင်သူသည် ခန္ဓာဖြစ်ပျက်ကိုအရှု
ဉာဏ်တရားငါးပါးဖြင့် စောင့်
ကြည့်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏ
ဒဿနဝိသုဒ္ဓိမည်၏။

www.burmeseclassic.com

www.burmeseclassic.com



၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ– တည်းဟူသော ခန္ဓာကိုယ်ပေါ်တွင် အရှုဉာဏ်တရားငါးပါးဖြင့် ကြည့်သော် ခန္ဓာကြီးမှာ ဝိပဿနာဉာဏ် အဆင့်ဆင့်၏ ကျေးဇူးပြုမှုကြောင့် ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုတို့သည် လျှပ်စစ်လက်သကဲ့သို့ အပျက်မြန်မှုကိုသိသော ဘယဉာဏ်၊ ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုသည် ကြောက်မက်ဖွယ်ကောင်းသော နေချင်စရာမရှိ၊ ဘေးကြီးဟုသိသော ဘယဉာဏ်၊ ဥပ္ပါဒေါ ဘယန္တိ ဘယတုပဋ္ဌာနေပညာ အာဒီနဝေဉာဏ် အစရှိသော ပဋိသမ္ဘိဒါပါဠိတော်နှင့်အညီ ယခုဘဝမှစ၍ ဖြစ်ခြင်းသည် ကြောက်စရာကောင်းသည် စသည်အားဖြင့် ထင်မြင်သောဉာဏ်သည် အာဒီနဝဉာဏ်၊ ဘုံသုံးပါး၌ မပျော် ငြီးငွေ့၊ စိတ်ပျက်၊ မနှစ်သက်မှုကို သိသောဉာဏ်သည် နိဗ္ဗိန္ဒဉာဏ် အစရှိသည်တို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ ယင်းဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



တို့ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မှကျေးဇူးပြု၏။

၇။ ဉာဏဒဿနဝိသုဒ္ဓိ- ဖြစ်ပျက်ဒုက္ခသစ္စာအဆုံးမြင်မှုသည် ဉာဏဒဿနဝိသုဒ္ဓိ(တစ်နည်း) မဂ်ဉာဏ်မည်၏။ ယင်းဉာဏ်ဖြစ်ပေါ်စေရန် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမှ အဆင့်ဆင့်အားဖြင့် ကျေးဇူး ပြုတော့၏။

သို့ပါ၍ ဝိပဿနာတရားများကို အားထုတ်သည့်ယောဂီသည်-

၁။ သီလဆောက်တည်၍ အကျင့်သီလစင်ကျယ်လျှင် ပထမရထားကို တက်သည်နှင့် တူ၏။

၂။ အာနာပါနအားထုတ်ခြင်း၊ သမာဓိတည်အောင် ပြုလုပ်ခြင်းသည် ဒုတိယရထားကို တက်သည်နှင့်တူ၏။

၃။ ရုပ်နာမ်မှတစ်ပါး ပုဂ္ဂိုလ်သတ္တဝါမရှိမှန်း ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချနိုင်လျှင် တတိယရထားတက်သည်နှင့်တူ၏။

၄။ ခန္ဓာကိုယ်မှာ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးသာ ရှိတယ်လို့ သိပြန်လျှင်လည်း ယုံမှားခြင်းမှာ လွန်မြောက်သဖြင့် စတုတ္ထမြောက်ရထားတက်သည်နှင့်တူ၏။

၅။ ရုပ်နာမ်အကြောင်း အကျိုးသာရှိသည်ဟု (သိမှု)မှ (အရှုဉာဏ်တရားငါးပါးဖြင့်ရှုမှု) ဖြစ်ပျက်မြင်အောင် အားထုတ်မှုသည် ပဉ္စမမြောက်ရထားတက်သည်နှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



၆။ ခန္ဓာငါးပါးဒုက္ခသစ္စာကြီးကိုဖြင့် မရှိချင်လိုက်တာ မလိုချင်လိုက်တာ ခန္ဓာဖြစ်ပျက် မြင်ရုံတွင်မက ခန္ဓာပေါ်တွင် ရွံ့ခြင်း၊ မနှစ်သက်လာခြင်းသည် ဆဋ္ဌမမြောက်ရထားတက်သည်နှင့်တူ၏။

၇။ အလုပ်လုပ်နေသော ယောဂီသည် ဖြစ်ပျက်ဒုက္ခသစ္စာပျောက်၍ ဒုက္ခအဆုံးမြင်သည့် မဂ်ဉာဏ်ပေါ်မှုသည် သတ္တမမြောက်ရထားတက်သည်နှင့် တူ၏။

**မှတ်ချက်။** ။ ကိုယ်စီးသည့်ရထားဖြင့် ကိုယ့်ဘာသာ နိဗ္ဗာန်သွားရာလမ်းခရီးတွင် ဘယ်အဆင့် ရောက်သည်ကို ဆုံးဖြတ်ချက်ချပါ။

## ဆရာတော်ဘုရားကြီး၏ သြဝါဒကထာ
## လင်္ကာဆောင်ပုဒ်

လက်ရှိခန္ဓာ – မတွယ်တာနှင့်
နောင်လာဘဝ – မတောင့်တဘဲ
ကြောင့်ကြစွဲဖြင့် – အမြဲမပြတ် – ဝိပဿနာ
လေ့လာကြိမ်ဖန် – အာစိဏ္ဏကံ
ဖြစ်ကြောင်းမှန်မူ – ထိုသည့်သူကား
အယူမလွဲ – ဂတိမြဲ၏။

**မိုးစွဲလောင်မှ ရေကိုတသော်** – မရဖြစ်အင်ပုံနှိုင်းယှဉ်၍
မဂ္ဂင်သစ္စေ တည်မြဲနေအောင်

www.burmeseclassic.com

www.burmeseclassic.com



မသေခင်က – ပြင်ဆင်တောက်လျှောက် မေ့မပျောက်
နှင့် ရွေးပေါက်ယိုစီး၊
သေခါနီးဝယ်၊ အပြီးမှုချ – မဂ္ဂင်ရလိမ့်
ကိစ္စမလျော် – အကြောင်းပေါ်၍
မတော်တဆ – မဂ်မရအုံး – ဘဝအစွန်
တမလွန်တွင် – ထူးချွန်အံ့လေက်
နတ်ပြည်ရောက်၍– မဖေါက်မပြန်
သောတာပန်စစ် – ကေန်ဖြစ်မည်

မလာဇီဝိပဿနာအကျိုးတည်း
အတိတ်ကိုလည်း မပြန်နဲ့
အနာဂတ်ကိုလည်း မကြဲနဲ့
ပစ္စုပ္ပန်ကိုတစ်ခုတည်းထား
အတိတ်ပြန်တော့ ဒေါ်ဖြစ်တယ်
အနာဂတ်ကြဲတော့ လောဘဖြစ်တယ်
ဒါကြောင့် ပစ္စုပ္ပန်ကာလသည်သာ အရေးကြီးတာ
ဝိပဿနာလုပ်တဲ့အခါလည်း ပစ္စုပ္ပန်ရောက်တဲ့
အလိုရှိတာ ရောင့်ရဲတင်းတိမ်မယ်ဆိုရင်
အမှန်ချမ်းသာမယ်

www.burmeseclassic.com

www.burmeseclassic.com



## သံသရာလည်ကြောင်း (၆)ပါး

၁။ စက္ခုံစ ပဋိစ္စရူပေစ–ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယေဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ ဘဝ ပစ္စယာဇာတိ၊ ဇာတိပစ္စယာ၊ ဇရာမရဏသောက ပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာသမ္ဘဝန္တိ၊ ဧဝမေတဿကေဝ လဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ၊

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစ၊ ဥပ္ပဇ္ဇတိသော တဝိညာဏံ၊

၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေစ၊ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊

၄။ ဇိဝှဉ္စ ပဋိစ္စရသေစ၊ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ၊

၅။ ကာယဉ္စ ပဋိစ္စဖောဋ္ဌဗ္ဗေစ–ဥပ္ပဇ္ဇတိကာယ ဝိညာဏံ၊

၆။ မနဉ္စ ပဋိစ္စ ဓမ္မေစ– ဥပ္ပဇ္ဇတိမ နောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ၊ ဖဿော(လ)ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## သံသရာလည်ကြောင်း (၆)ပါး(မြန်မာပြန်)

၁။ စက္ခုဓာတ်ကိုလည်းကောင်း၊ ရူပဓာတ်ကိုလည်းကောင်း၊ စွဲ၍ စက္ခုဝိညာဏဓာတ်ဖြစ်ပါသည်။

သုံးပါးသောဓာတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်ပါသည်။

ဖဿဟူသောအကြောင်းကြောင့် ဝေဒနာဖြစ်ပါသည်။

ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တဏှာဟူသောအကြောင်းကြောင့် ဥပါဒါန်ဖြစ်ပါသည်။
ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝဖြစ်ပါသည်။
ဘဝဟူသောအကြောင်းကြောင့် ဇာတိဖြစ်ပါသည်။
ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်ပါသည်။
စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊
ပြင်းစွာပင်ပန်းခြင်းတို့လည်း ဖြစ်ကြရပါသည်။
ဤသို့သော အကြောင်းအဆက်ဆက်ဖြင့် ချမ်းသာစသည်တို့နှင့် မရောမယှက် သက်သက်သော ဤဆင်းရဲအစုကြီး၏ ဖြစ်ခြင်းသည် ထင်ရှားလှပါသည်။

၂။ သောတဓာတ်ကိုလည်းကောင်း၊ သဒ္ဒဓာတ်ကိုလည်းကောင်း စွဲ၍ သောတဝိညာဏဓာတ်ဖြစ်ပါသည်။
(ကြွင်းဆက်ပြီးဆိုနိုင်လောက်ပြီ။)

၃။ ဃာနဓာတ်ကိုလည်းကောင်း၊ ဂန္ဓဓာတ်ကိုလည်းကောင်းစွဲ၍ ဃာနဝိညာဏဓာတ်ဖြစ်ပါသည်။

၄။ ဇိဝှာဓာတ်ကိုလည်းကောင်း၊ ရသဓာတ်ကိုလည်းကောင်းစွဲ၍ ဇိဝှာညာဏဓာတ်ဖြစ်ပါသည်။

၅။ ကာယဓာတ်ကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗဓာတ်ကိုလည်းကောင်း စွဲ၍ ကာယဝိညာဏဓာတ်ဖြစ်ပါသည်။

၆။ မနောဓာတ်ကိုလည်းကောင်း၊ ဓမ္မဓာတ်ကိုလည်းကောင်း စွဲ၍ မနောဝိညာဏဓာတ်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သံသရာပြတ်ကြောင်း (၆)ပါး

၁။ စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဿယေဝတဏှာယ၊ အသေသဝိရာဂ နိရောဓာ၊ ဥပါဒါနနိရောဓော၊ ဥပါဒါန နိရောဓာ၊ ဘဝနိရောဓော ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ၊ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာနိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊

၂။ သောတဉ္စ ပဋိစ္စသဒ္ဒေစ ဥပဇ္ဇတိသောတဝိညာဏံ၊

၃။ ဃာနဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊

၄။ ဇိဝှဉ္စ ပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဇိဝှာယတဏံ၊

၅။ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊

၆။ မနဉ္စပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော ဖဿဖစ္စယာဝေဒနာ။

## သံသရာပြတ်ကြောင်း (၆)ပါး(မြန်မာပြန်)

၁။ စက္ခုဓာတ်ကိုလည်းကောင်း၊ ရူပဓာတ်ကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏဓာတ်ဖြစ်ပါသည်။

၂။ သုံးပါးသော ဓာတ်တို့၏ ပေါင်းဆုံခြင်းကြောင့် ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပါသည်။ ဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအကြောင်းကြောင့် တရားဖြစ်ပါသည်။ ထိုတရား၏ သာလျှင် အကြွင်းမဲ့တပ်ခြင်းမရှိ ချုပ်ခြင်းကြောင့်(ဝါ) မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်ရပါသည်။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်ပါသည်။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်ပါသည်။ ဇာတိချုပ်ခြင်းကြောင့် ဇရာမရဏချုပ်ပါသည်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့လည်းချုပ်ပါသည်။ ဤသို့သော အကြောင်းအဆက်ဆက်ချုပ်ခြင်းကြောင့် ချမ်းသာစသည်တို့နှင့် မရောမယှက်သက်သက်သာ ဆင်းရဲအစုကြီးချုပ်ခြင်းသည် (ဝါ) သံသရာဝဋ်ဆင်းရဲကြီး ကင်းပြတ်ခြင်းသည် ထင်ရှားလှပါသည်။

(ကျန်သောတရားများနည်းမှီ၍ ဆက်ဆိုနိုင်ပြီး)

ဤကဲ့သို့ ဘုရားရှင်သည် ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်းနေထိုင်ပြီး ရွတ်ဆိုတော်မူနေပါသည်။ ထိုအခိုက်မှာ ရဟန်းတော်တစ်ပါးကလည်း တရားသံကြားရာအရပ်မှာ ရှိနေပါသည်။ (ထိုရဟန်းသည် ဘုရားရှင်ရဲ့ ကန္ဒကုဋီကို တံမြက်လှည်းရန် လာသောအခါ၊ ဘုရားရှင်ရွတ်ဆိုနေသော တရားကိုကြားနာရသောကြောင့် တံမြက်မလှဲသေးဘဲ ရပ်ပြီး နာနေပါသည်။)

မြတ်စွာဘုရားရှင်သည် အရင်းမှစ၍ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးများကို နှလုံးသွင်းလျက်၊ သြော် အကျိုးတရားတွေသည် အကြောင်းတရားတွေကြောင့် ဖြစ်ရတာပါက

www.burmeseclassic.com

www.burmeseclassic.com



လားလို့ ဆင်ခြင်တော်မူသောအခါ ဘဝဂ်တိုင်အောင် ဥဘုံတစ်ပြင်တည်း အာရုံရသဖြင့် နှုတ်တော်မြွက်၍ သရဇ္ဈာယ်တော်မူပြီးလျှင် ဪ ငါဘုရားသရဇ္ဈာယ်တာကို ကြားသိရသူ တစ်စုံတစ်ယောက်များ ရှိလေသလားဟု ဆင်ခြင်သောအခါ ခုနကရပ်နေသော ရဟန်းကိုမြင်တော်မူပါသည်။

ထိုအခါ ဘုရားရှင်က ထိုရဟန်းကို ချစ်သောရဟန်း၊ သင်သည် ငါဘုရား သရဇ္ဈာယ်သော တရားတော်ကို ကြားရသလောဟု မိန့်တော်မူသောအခါ ရဟန်းက ကြားရပါသည် ဘုရားဟု လျှောက်ထားလေရာ ဘုရားရှင်က သင်သည် ထိုတရားအကြောင်းကို စိတ်ဖြင့် လေ့လာလျက် မှတ်သားထားလော့၊ နှုတ်ဖြင့်လေ့ကျက်ကာ သင်ယူပေလော့၊ လေ့ကျက်တိုင်းတည်ရာဖြစ်အောင် ဆောင်ထားလေလော့။

အိုရဟန်း ဤတရားအကြောင်းသည် အကျိုးနှင့် စပ်ယှဉ်၏။ မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂဗြဟ္မစရိယ၏ အစတည်ရာဖြစ်၏။ ဤသို့ အားပါးတရ မိန့်မြွက်တော်မူလိုက်ပါသည်။ ဤကဲ့သို့သော ဘုရားရှင်များသည် ပဋိစ္စသမုပ္ပါဒ်ကို အလေးထားတော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အမရပူရမြို့၊ မင်းလှသာကိုက်တောင်း
## ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ၊
## မိုးကုတ်ဆရာတော်ဘုရားကြီး
## မင်းလှရိပ်သာကျောင်းတိုက်၌ ဟောကြားဆုံး
## မတော်မူသော
## တရားထိုင်နည်း နိဿရည်း

ခန္ဓာကိုယ်ကို စိုက်ပြီးသကာလ ဘုရားရှေ့မှာဖြစ်စေ၊ ကိုယ့်အိပ်ရာပေါ်မှာဖြစ်စေ စိုက်ပြီးကြည့်ပါ၊ မကြည့်မီ ရှေ့အဖို့ကာလမှာ ဘာလုပ်ရမှာလဲလို့ မေးလို့ရှိရင်ဖြင့် လေကလေးထွက်လာတာလဲ သိနေပါ၊ လေကလေးပြန်ဝင်တာလဲ သိနေပါ။

ထိုကဲ့သို့ သိနေတဲ့အခါကျတော့ သိတဲ့စိတ်ကလေးဟာ ဘယ်မှ မပြေးတော့ဘူး၊ ထိုကဲ့သို့ သိတဲ့စိတ်ကလေး ဘယ်မှ မပြေးတဲ့အချိန်ကျတော့ ဩော်– ထွက်တိုင်းသိ+ ဝင်တိုင်းသိ ဝင်တိုင်းသိ၊ ဒီ–သိတဲ့စိတ်ကလေး ဘယ်မှမပြေးအောင်၊ ဒကာ ဒကာမတွေက ထိန်းထားပါ(မှန်လှပါဘုရား)။

ဝိပဿနာအစ ခန္ဓာကိုယ်မှာ ထွက်လေ ဝင်လေသိတာကလို့ မှတ်လိုက်စမ်းပါ(မှန်ပါ)၊ ဝိပဿနာအစ ခန္ဓာကိုယ်မှာထွက်တဲ့ လေကလေး၊ ဝင်တဲ့ လေကလေးသိတာကအစပါ(မှန်လှပါဘုရား)။

ကောင်းပြီ ဤကဲ့သို့ သိပြီးနေလို့ ငါးမိနစ်၊ ဆယ်မိနစ်တို့

www.burmeseclassic.com



တိုင် မိမိစိတ်ကလေးဟာ ဘယ်မှ မပြေးတော့ဘူးလို့ ဒီလိုကိုယ့်ဟာကိုယ် ကိုယ့်စိတ်ကလေးကို ထိန်းလို့ဖြင့်ရပြီဟာလို့ ဆိုတော့၊ ထိန်းလို့ရနေရင်း မတွေ့နဲ့. ခန္ဓာကိုယ်ထဲကနေပြီးသကာလ ဟိုကအောင့်သလိုလို ပေါ်လာလိမ့်မယ်(မှန်ပါ) ဟိုနေရာက ယားလိုလို ပေါ်လာလိမ့်မယ်။ ဟိုနေရာကပဲ စိတ်ကလေး တစ်မျိုးသော်လည်းကောင်း၊ ကြားတဲ့စိတ်ကလေးလဲပေါ်လာ လိမ့်မယ်၊ ပေါ်လာတဲ့အခါကျတော့ ထွက်သိ ဝင်သိတဲ့စိတ် ကလေးကိုဖြုတ်ပစ်လိုက်(မှန်ပါ) အောင့်တဲ့ ယားတဲ့နေရာကို လိုက် လိုက်ပါ(မှန်လှပါဘုရား) အောင့်တဲ့ ယားတဲ့နေရာကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလိုက်တော့ ဒီအောင့်တာ ကလေးကလည်း နဂိုကအောင့်တာမဟုတ်ဘူး၊ အခုမှ ဖောက်ပြန်ပျက်စီးပြီး ပေါ်လာတာ၊ အခုမှ ဖောက်ပြန်လာတာ (မှန်ပါ) အဲဒီ ဖောက်ပြန်လာတာကလေးကို ဉာဏ်ထဲကြည့် လိုက်ပြီဆိုတော့ ပျက်စီးတာလေးတွေ တွေ့လိမ့်မယ် (တွေ့ပါတယ်ဘုရား)။

ထိုကဲ့သို့ ပျက်စီးတာလေး တွေ့တဲ့အခါကျတော့ ဖောက်ပြန် ပျက်စီးတာ ဒုက္ခသစ္စာ၊ ဖောက်ပြန်ပျက်စီးမှု သိတာက လောကီ မဂ္ဂသစ္စာ(မှန်ပါ) ဒါလေးကို ရှေးဦးစွာ ဖောက်ပြန်ပျက်စီးတဲ့ စိတ်ကလေးကို ဒကာ ဒကာမတွေက ဟိုနေရာပေါ်ရင်၊ ဟိုနေ ရာလိုက်၊ လက်မောင်းမှာပေါ်ရင် လက်မောင်းလိုက်၊ ဟဒယ ဝတ္ထုထဲမှာလိုက်၊ နားထဲမှာပေါ်ရင် နားထဲလိုက်၊ မျက်လုံးထဲက မြင်စိတ်ကလေးပေါ်ဆဲ မြင်စိတ်ကလေးဟာလဲ အခုမှ ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဖြစ်ပြီးပျက်တာပဲ၊ ဖောက်ပြန်ပျက်စီးတဲ့ ခမ္မကလေးပဲလို့ ဆိုပြီး ဒကာ ဒကာမတွေက လိုက်နေပါ(မှန်လှပါဘုရား)။

လိုက်လို့ လိုက်စရာမရှိပြန်ဘူး ဘုရား၊ ဘယ်နေရာကမှ မပေါ်လာဘူးလို့ဆိုရင်၊ ခုနက စိတ်ကလေးကို ထွက်သက် ဝင်သက်သိတဲ့စိတ်ကလေးနဲ့ တွဲနေတဲ့ဉာဏ်ကလေးကို ဟဒယ ဝတ္ထုဆိုတဲ့ ခန္ဓာထဲမှာရှိတဲ့ လေကို ထွက်အောင် အားထုတ်တဲ့ စိတ်လေးကို အတွင်းကို ပြန်ဆွဲယူတဲ့ စိတ်ကလေးနှစ်ခုကို လှည့်ပြီးရှုနေပါ(မှန်ပါ) ဒါလေးတွေလဲ ဖောက်ပြန်ပျက်စီးတာပဲ လို့ ဒကာ ဒကာမတွေက ဉာဏ်နဲ့ လိုက်နေပါ လိုက်နေရင်း မတ္တနဲ့တစ်ခါ ဟိုနေရာက ယားတယ်၊ ဒီနေရာက အောင့်တယ်၊ ဒီနေရာက စပ်တယ်လို့ ပေါ်လာပြန်လို့ရှိရင်ဖြင့် အဲဒီနေရာတွေ ကို လှည့်လိုက်၊ ခန္ဓာထဲရှုနေတာလေးဟာ မရှိလဲ မရှိရော ရှုမနေဘဲ ပေါ်ရာကိုပြန်လိုက်ပါ(မှန်လှပါဘုရား)

ထိုကဲ့သို့ ပေါ်ရာကို ပြန်လိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဖြစ်ပျက်နဲ့ ရှုတဲ့ မဂ်နဲ့ခွဲလိုကို ရသေး ရဲလား(မရတော့ပါ ဘုရား) ဖြစ်ပျက်နဲ့ ရှုတဲ့မဂ်နဲ့ ခွဲလို့မရတော့ ပါဘူး(မှန်ပါ) ခွဲလိုမရတော့ ဒကာသစ်တို့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ လူစုတွေက ဩော်၊ မိမိစိတ်သည်ကားလို့ဆိုရင်ဖြင့် ဖြစ်ပျက်နောက်က မဂ်အစဉ်လိုက်နေပြီဆိုပြီး ဝမ်းသာလိုက်ပါ (မှန်လှပါဘုရား)

ဘာကြောင့် ဆရာဘုန်းကြီးက ဝမ်းသာနိုင်ပါလိမ့်မလဲလို့ ဦးဘအုန်းတို့က မေးလိမ့်မယ်နော်(မှန်ပါ) မေးတဲ့အခါကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်နဲ့ မဂ်နဲ့လိုက်တော့ ဖြစ်ပျက်မသိလို့ရှိရင်ဖြင့် ခိုင်တယ်၊ မြဲတယ်လို့ ယူထားတဲ့ ဒိဋ္ဌိဆိုတာ မလာပေဘူးလား(လာပါတယ် ဘုရား) ဒိဋ္ဌိလာလို့ရှိရင် ဒီဘက်က ဖြစ်ပျက်ကို ဖြစ်ပျက်တယ်လို့မသိဘူး၊ ခိုင်တယ်မြဲတယ်လို့ယူတဲ့ ဒိဋ္ဌိကလိုက်တယ် (မှန်ပါ)၊ ဒါပြင့် ဒိဋ္ဌိလာလို့ရှိရင်၊ ဒိဋ္ဌုပါဒါန်ဆိုတာ နောက်က လိုက်လာတယ်(မှန်ပါ)၊ ဒိဋ္ဌုပါဒါန်၊ နောက်ကျတော့ ပဋိစ္စပမုပ္ပါဒ်က မရပ်ဘူး ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မလာပေဘူးလား(လာပါတယ် ဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံလာတော့ စုတေမနေ လွန်သည့် အခြားမဲ့၌ ဒိဋ္ဌိကြောင့် အပါယ်လေးပါး ရောက်ရတယ်(မှန်ပါ) ဒိဋ္ဌိကြောင့် ဘယ်ရောက်ရပါလိမ့် (အပါယ်လေးပါ ရောက်ရပါတယ်ဘုရား)

ဩော်— ကံကနေ အပါယ်လေးပါးကို ခန္ဓာကိုယ်ပစ်ချလိုက်တယ်ဆိုရင် လွဲပါ့မလား(မလွဲပါဘုရား) အဲဒါ ဒကာဒကာမတွေ ဖြစ်ပျက်နောက်က မဂ်မလိုက်ဘဲနေတဲ့ အချိန်မှာဖြင့် ငါတို့သည်ကားလို့ဆိုရင် ဒိဋ္ဌိဖြစ်နေတယ် ဖြစ်ပျက်ကို ခိုင်တယ် မြဲတယ်လို့ယူတဲ့ ဒိဋ္ဌိကနေဖြစ်သောကြောင့် ဒကာကြွယ် ဒိဋ္ဌုပါဒါန် လိုက်မလာဘူးလား(လိုက်လာပါကယ်ဘုရား) ဖြစ်ပျက်ကို ခိုင်တယ် မြဲတယ်ထင်တာက၊ ဒိဋ္ဌိ(မှန်ပါ) ဒါလေးအစွဲကြီးနေတာက ဒိဋ္ဌုပါဒါန်(မှန်ပါ) ၎င်းနောက်က ကံလိုက်လာတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အဲဒီ "ကမ္မဘဝ ပစ္စယာဇာတိ"ဆိုတာ အပါယ်လေးပါ ဇာတိပေါ်လာတာယ်(မှန်ပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ပြင် ဒကာ ဒကာမတွေ ဆရာဘုန်းကြီးပြောတဲ့အတိုင်း သမာဓိလဲမဖမ်း ဖြစ်မှုပျက်မှုလေးတွေကိုလဲ ပေါ်ရာကို မလိုက်လို့ရှိရင်ဖြင့် ဆေးလိပ်သောက်ရင်းလဲ အပါယ်ကိုသွားနေတာဘဲ (မှန်ပါ)ထမင်းစားရင်းလဲ (အပါယ်ကိုသွားပါတယ် ဘုရား) ရေသောက်ရင်း (အပါယ်ကိုသွားပါတယ် ဘုရား) ဩော် ဒကာ ဒကာမတို့ ဘုန်းကြီးကယ်တင်တဲ့အတိုင်း လိုက်ရင်လိုက်ကြပါ (မှန်ပါ) ကိုယ့်ရိုးရာနဲ့ဖြင့် ကိုယ်ဒုက္ခဖြစ်ချည်ရဲ့ (မှန်ပါ) ဘယ်သူ့ "ပစ္စည်းမှ မမက်၊ ဘယ်သူမှ မလိမ်၊ ဘယ်သူမှ ဒေါသမဖြစ်ဘဲနဲ့ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံက ဆောင်သွားလို့ အပါယ်လေးပါး ရောက်ရပါတယ်(မှန်လှပါ ဘုရား)

ဒကာ ဒကာမတွေက ပြောကြလိမ့်မယ်၊ ဒကာကြွယ်တို့၊ ဒကာသစ်တို့ ဦးလှဘူးတို့က ပြောကြလိမ့်မယ်၊ (မှန်ပါ) ကျုပ်တို့ဘာမှ အပြစ်မရှိဘူး ကိုယ့်ထမင်းကိုစားနေတာပဲ (မှန်ပါ) ကိုယ့်ဆေးလိပ် ကိုယ်သောက်နေတာပဲလို့ ထင်ကြလိမ့်မယ်နော် (မှန်ပါ) ကိုယ်ဆေးလိပ်ကိုယ်သောက်ရင် (အပါယ် သွားပါတယ်ဘုရား) မနစ်နာဘူးလားဗျာ (နစ်နာပါတယ် ဘုရား) အဲဒီတော့ ဘာပြစ်ရှိတုံးဆိုတဲ့စကားကို ယနေ့ကစပြီး သကာလဝိပဿနာ မရှုရင် အပြစ်ရှိနေတယ်ဆိုတာကို သုံးလိုက်ပါတော့ (မှန်ပါ) ဒကာကြွယ်ရေ အရေးကြီးတယ်နော် (အရေး ကြီးပါတယ် ဘုရား)

ဩော်- ထိုသည်ကားလို့ဆိုရင်ဖြင့် ဆရာဘုန်းကြီးပြော

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ဝိပဿနာအလုပ်လုပ်လိုက်တဲ့အခါကျ ပြန်တော့လဲ အပါယ်လေးပါး တံခါးပိတ်သွားတယ်ဆိုတဲ့ ဥစ္စာသေသေချာချာမှတ်ပါ(မှန်ပါ) ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီအတိုင်းနေလို့ မဖြစ်ဘူးဆိုတာ ပေါ်လာကြတယ်(မှန်ပါ) ဒီအတိုင်းနေလို့ဖြင့် (မဖြစ်ပါဘုရား) မဖြစ်ဘူးဆိုတာ သေချာပါ့မလား (သေချာပါတယ်ဘုရား) ကိုယ့်အရောင်းနဲ့ ကိုယ့်အဝယ်နဲ့ ကိုယ့်ရငွေနဲ့ ကိုယ့်ကုန်ငွေနဲ့ ဒါတွေ ပုတီးစိတ်နေတာကတော့ဖြင့် ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေ လုပ်ကိုင်နေတဲ့အတွက် ဒကာသစ်တို့ ဒကာကြွယ်တို့ ယခုပြုရသလောက် သေခါနီးမှာ ရလိမ့်မယ်(မှန်ပါ) စိုးရိမ်စရာမကောင်းဘူးလား (ကောင်းပါတယ်ဘုရား)အဲ အခုပြုးရသလောက် သေခါနီးမှဲ့ရလို့ရှိရင်ဖြင့် ဒကာကြွယ်၊ ဒကာဦးလှဘူးတို့ မည်သူမှ မကယ်နိုင်တော့ဘူး (မကယ်နိုင်တော့ပါ ဘုရား)

အဲဒါကြောင့် ကယ်မယ့် ယူမယ့်တရားကို အမှူးထားပြီး လုပ်ပါဆိုတာကို တိုက်တွန်းရတယ်(မှန်ပါ) ကယ်မယ့် ယူမယ့်တရားကို(အမှူးထားပြီး လုပ်ရမှာပါဘုရား) ကယ်မယ့် ယူမယ့်တရားကို အမှူးထားပြီးသကာလ လုပ်ပါဆိုတာကိုဖြင့် လေးစားစွာနဲ့ပဲ ဒီတရားဟောပလ္လင်ပေါ်ကနေပြီး ဒကာ ဒကာမတွေကို မေတ္တာရှေ့ထားပါတယ် (မှန်ပါ) ဝစီကံ မေတ္တာရော မနောကံကကျမှာစိုးရိမ်တာရော ကိုယ့်ကိုမသနားဘဲ နေကြတဲ့အခြေအနေရောက်မှာကိုရော၊ ဒကာသစ်ရေ သိပ်စိုးရိမ်တယ်နော်

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ) မိဘရိုးရာတို့ ဘာအပြစ်ရှိသတုံးဆိုတာ မသုံးပါနဲ့၊ ကိုယ့်ဆေးလိပ်သောက်ရင်း ကိုယ်အပါယ်သွားရပါတယ်(မှန်ပါ) ကိုယ်ရှာထားတဲ့ ထမင်းကိုယ်စားရင်တော့ (အပါယ်သွားရပါတယ် ဘုရား) အင်မတန် မနစ်နာဘူးလား (နစ်နာပါတယ် ဘုရား)

အဲဒီ နစ်နာမှုတွေကို အခုလိုသာသနာတွင်း တရားနဲ့မှ ဦးဘအုန်းတို့ မသိမ်းလိုက်ရင်တော့ မရတော့ဘူး(မရတော့ပါ ဘုရား) ရပါဦးမလား (မရတော့ပါဘုရား) အဲဒါကြပ်ကြပ်စဉ်းစားပါဆိုတာ ဒကာ ဒကာမတွေ ဖြစ်ပျက်လိုက်စမ်းပါဆိုတဲ့ ဥစ္စာဖြင့် ဘယ်နေရာလိုက်ရမှာတုံးလို့ မမေးပါနဲ့တော့ (မှန်ပါ) ယားလျှင် ယားတဲ့နေရာလိုက်၊ မြင်လျှင် မြင်တဲ့နေရာလိုက် (လိုက်ရမှာပါ ဘုရား) ကြားလျှင် ကြားတဲ့နေရာ (လိုက်ရမှာပါ ဘုရား) စားလျှင် စားတဲ့နေရာ(လိုက်ရမှပါဘုရား) အေး ကြံလျှင် ကြံတဲ့နေရာ (လိုက်ရမှာပါဘုရား)

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ နှလုံးသွင်းမှန်သွားပြီးဆိုမှဖြင့် ရှေ့ကဖြစ်ပျက် နောက်ကမင်္ဂ(မှန်ပါ) ရှေ့ဘာပါလိမ့် (ဖြစ်ပျက်ပါဘုရား) နောက်က ဘာပါလိမ့် (မင်္ဂပါဘုရား) အဲဒီ ရှေ့က ဖြစ်ပျက် နောက်ကမင်္ဂနဲ့ နေကြပါမူကား ဒကာ ဒကာမတွေ ဒါသစ္စာ အနုလောမိကဉာဏ်ရပါတယ် (မှန်ပါ) ဘာ့ယ်ဉာဏ်ရပါလိမ်် (သစ္စာအခုလောမိက ဉာဏ်ရပါတယ်ဘုရား) သစ္စာနဲ့ လျော်တဲ့ဉာဏ်ရတယ်လို့ ဆုံးဖြတ်ချက်ချပါ(မှန်လှပါဘုရား)

ဒါကြောင့် ဒကာကြွယ်တို့ ဦးလှဘူးတို့ကို ပြောရတယ်

www.burmeseclassic.com

www.burmeseclassic.com



ဒါသာသနာတွင်း တရားနော်(မှန်ပါ) ဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်လို့ခေါ်ကြမယ် (သစ္စာအနုလောမိကဉာဏ်ပါဘုရား) သစ္စာအနုလောမိကဉာဏ် သစ္စာသိတဲ့ဉာဏ်(မှန်ပါ) ဘယ်လို့ မှတ်ကြမယ် (သစ္စာသိတဲ့ဉာဏ်ပါဘုရား) သစ္စာသိတဲ့ဉာဏ်လို့ သေသေချာချာမှတ်ပါ (မှန်ပါ) သစ္စဉာဏ်လို့လဲ ခေါ်ချင် ခေါ်လိုက်ပါ(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား) သစ္စ ဉာဏ်လို့ (ခေါ်နိုင်ပါတယ် ဘုရား) ခေါ်နိုင်ပါတယ်ဆိုတာ ကိုယ်ပဲ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)

ကြာတော့ ခန္ဓာကိုယ်ကြီးမှာ ဟိုဟာကပေါ်လိုက်၊ ဒီနေရာက ပေါ်လိုက်၊ ဟိုနေရာက ယားလိုက်၊ ဒီနေရာက ဆေးလိပ် သောက်ချင်တဲ့ စိတ်ပေါ်လိုက်၊ ဒီနေရာက ကွမ်းစားချင်စိတ် ပေါ်လိုက်၊ ပေါ်တဲ့စိတ်တွေကို ဖြစ်ပျက်တွေ ရှုနေတော့ ဒကာ ဒကာမတွေ ဖြစ်ပျက်တွေရှုနေတော့ ဒကာ ဒကာမတွေ ဖြစ်ပျက် ဆိုတာ မိမိသေတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ) ဖြစ်ပျက်ဆို တာ ဘာပါလိမ့် (မိမိသေတာပါဘုရား) မိမိသေတာလို့ မှတ်ထားလိုက်စမ်းပါနော် (မှန်ပါ) ဖြစ်ပျက်ဆိုတာ ဘာပါလဲ (မိမိသေတာပါဘုရား) မိမိသေတာလို့ မှတ်ထားလိုက်စမ်းပါ နော်(မှန်ပါ) ဘာလို့ မိမိသေတယ်လို့ ဆရာဘုန်းကြီးက ဆုံး ဖြတ်ချက်ပေးရသတုံးဆိုတော့ သတ္တဝါမှာ နှစ်စိတ်နဲ့ အသက် မရှင်လို့ (မှန်ပါ) သတ္တဝါမှာ တစ်စိတ်နဲ့ အသက်ရှင်တယ်ဆို တာမှတ်ထားလိုက်စမ်းပါ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီး ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ပထမစိတ်ပျက်သွားတာလဲ မိမိသေတာပဲ (မှန်ပါ) နောက်စိတ်နဲ့ပြန်ပြီး ရှနေတာ မိမိရှင်တာဘဲ (မှန်ပါ) ဒါဖြင့် အသေကို အရှင်ကကြည့်တာပဲ (မှန်ပါ) ဒကာကြွယ်ဘယ်လိုမှတ်မယ် (အသေကိုအရှင်က ကြည့်တာပါဘုရား) ကျေးဇူးများလိုက်တာ ဒကာ ဒကာမတို့ကျေးဇူးများလိုက်တာ (များပါတယ် ဘုရား) အသေကို အရှင်ကကြည့်တာ (မှန်ပါ) သေတာကလည်း သူများလား မိမိလား (မိမိပါဘုရား) ရှင်တာကလဲ သူများလား မိမိလား (မိမိပါဘုရား) ဩော် မိမိအသေ မိမိမြင်တာပါလား (မှန်ပါ) မိမိဒုက္ခရောက်တာကို (မိမိမြင်တာပါဘုရား) ဒကာသစ် မလျှော့နဲ့နော် (မှန်ပါ) ဒီအမြင်တွေကို မလျှော့ကြပါနဲ့လို့ ဒကာ ဒကာမတွေကို သတိပေးလိုက်ပါတယ်။

ဒီအမြင်တွေကို မလျှော့လိုက်ကြပါနဲ့ဆိုတော့ ဒကာကြွယ် ဦးလှဘူးတို့မြင်ပါများလာတော့ မှန်းဆိုတဲ့ ဉာဏ်ဟာလာရမှာလား မလာရဘူးလား(လာရမှာပါဘုရား) မှန်းဉာဏ်ရလာမယ်ဆိုတာ သဘောကျပလား(ကျပါပြီဘုရား) အဲဒီကဲ့သို့ မြင်ပါများတော့ မှန်းဉာဏ်ဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်လာပါတယ် (မှန်ပါ) မှန်းပေမယ့်လဲ ဆရာဘုန်းကြီးက ထပ်ပြီး ဒကာ ဒကာမတွေကို အလုပ်ခွင်မှာနေတဲ့အခါ သတိလစ်သွားမှာစိုးတဲ့အတွက် ဒကာသစ်မှန်းလျှက်နဲ့ ပေရှုပါ(မှန်ပါ) မှန်းမှန်းနဲ့ပဲ ပေါ်ရာကို လိုက်နေပါ(မှန်ပါ) မှန်းမှန်းနဲ့ ဘာလုပ်ရမှာတုံး (ပေါ်ရာကို လိုက်နေရမှာပါ ဘုရား) ပေါ်ရာလိုက်ပြီး ရှုနေတဲ့အခါကျတော့ ဩော် မှန်းဉာဏ်တော့ဖြင့် မိမိတက်လာပြီလို့ ကိုယ်ပိုင် မသိပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား (သိရပါတယ် ဘုရား) သိလာလို့ရှိ ရင်ထဲ မုန်းလျှက်နဲ့ ရှုပြီးသကာလ နေရင်းမတ္တနဲ့ ဩော် ဒီဒုက္ခထက်ကြီးတာ မရှိပါလားလို့ (ဉာဏ်တက်လာမှာပါ ဘုရား) ဉာဏ်ထက်သာလိမ့်မယ်နော် (မှန်လှပါဘုရား)

ဉာဏ်တက်လာတဲ့ အခါကျတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီဒုက္ခထက်ကြီးတာ မရှိပါလားလို့ ဉာဏ်တက်လာတော့ ဖျတ်ဆို ခုနက ဟိုနေရာကပေါ်တဲ့ ဒုက္ခ၊ ဒီနေရာကပေါ်လတ္တံ့ဖြစ်တဲ့ ဒုက္ခတွေဟာ အကုန်သိမ်းသွားတယ်(မှန်ပါ) ဘာတွေသိမ်းသွားပါလိမ့် (ဒုက္ခတွေ အကုန်သိမ်းသွာပါတယ် ဘုရား) ဒုက္ခတွေ သိမ်းသွားတာ သူများပြောလား၊ ကိုယ့် ဉာဏ်နဲ့ ရှုရင်းမတ္တနဲ့ပဲ ရှေ့နားသိမ်းသွားတာလားလို့ အကဲခတ်စမ်း(ကိုယ်ဉာဏ်နဲ့ ရှုရင်းမတ္တနဲ့ သိမ်းသွားပါဘုရား) ကိုယ်ဉာဏ်နဲ့ ရှုရင်းမတ္တနဲ့ ဒုက္ခတွေ သိမ်းသွားတယ်(မှန်လှပါဘုရား)

ဒုက္ခသိမ်းတာ နိဗ္ဗာန်(မှန်ပါ) သိမ်းမှန်းသိတာက မဂ် ဉာဏ်(မှန်ပါ) ဒုက္ခသိမ်းတာ (နိဗ္ဗာန်ပါဘုရား) ဒုက္ခသိမ်းမှန်းသိတာက (မဂ်ဉာဏ်ပါဘုရား) အဲဒီတင်ကျမှ ပဋ္ဌာန်းပါဠိတော်က "နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော" (မှန်ပါ) နိဗ္ဗာနံ နိဗ္ဗာန်သည်၊ မဂ္ဂဿ မြင်သောဉာဏ်အား၊ အာရမ္မဏပစ္စယေန–အရမ္မဏပစ္စယသတ္တိဖြင့် ပစ္စယောဥပကာရကော– ကျေးဇူးပြုတတ်သည်၊ ဟောတိ–ဖြစ်၏ တစ်ခါတည်းသောတာပတ္တိမဂ်ဆိုက်တယ်(မှန်ပါ) သောတာပတ္တိမဂ်ဆိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဒီက သော်တပတ္တိမဂ်ဆိုက်ခါရှိသေးတယ်၊ ဒကာကြွယ်တို့ ဦးလှဘူးတို့၊ ကိုယ်အတွက် အပါယ်လေးပါးတွေ၊ ငရဲအိုးဆူနေတာတွေ ငရဲမီးတဟုန်းဟုန်းတောက်နေတာတွေ အလိုလိုငြိမ်းပါလား(မှန်လှပါဘုရား)

အခုတော့ဖြင့် ဒီဉာဏ်မျိုးမရသေးတဲ့အတွက် ဒီကလူသေခဲ့ဆိုပြီး ငရဲအိုးကြီးကလဲစောင့်လို့ (မှန်ပါ) ငရဲမီးလျှံတွေကလဲဆူလို့ပါလား(မှန်ပါ) အဲဒီအဆူတွေကို ဒီကနေ ငြိမ်းရင်ရပါတယ်(မှန်ပါ) အဲဒီမီးတွေကို ဒီကနေသိမ်းရင်ကော (ရပါတယ်ဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အေးအေးလေးမနေလိုက်ပါနဲ့ဦး ကိုယ့်ငရဲအိုးက မီးတဟုန်းဟုန်းတောက်ပြီး တပွက်ပွက်ဆူနေတာနဲ့ ဒီဉာဏ်ကလေးနဲ့ ငြိမ်းကြပါဆိုတဲ့ ဥစ္စာကို မေတ္တာရှေ့သွားပြီးသကာလ ပြောကြားပြီးနေပါတယ် (မှန်ပါ) ဦးဘအုန်းသာမည အရေးကြီးရင် မပြောဘူးနော်(မှန်လှပါဘုရား)

ကိုင်း– သာသနာ့ပကျလာတော့ ဘယ်လိုသိမ်းလို့ ဘယ်လိုငြိမ်းမယ်ဆိုတာကို သိကိုမသိဘူး(မသိပါဘုရား) ဒကာကြွယ်သိပါအုံးမလား (မသိပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သာသနာတွင်းသားဖြစ်ပြီး သာသနာတွင်းအလုပ် လုပ်လိုက်စမ်းပါဆိုတာကိုပဲ ဆန်မရှိလို့လဲမပူပါနဲ့၊ ဆီမရှိလို့လဲ မပူပါနဲ့၊ ပိုးအထည်တွေ ရောင်းမကောင်းလို့လဲ မပူနဲ့၊ ငရဲမီးငြိမ်း၍ ငရဲအိုးသိမ်းဖို့ အရေးသာလျှင် ကြွင်းကျန်ရှိနေလို့ ပူကြစမ်းပါ။ ဒါကိုသာ ငြိမ်းမယ်ဆိုတဲ့ စိတ်ဘားပြင်းပြစမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ဒီကနေ့ပြီးသကာလ အသိဉာဏ်နဲ့ ပြောနေပါတယ် (မှန်ပါ) ပေါ့ပေါ့နေလို့ တော်ကြပါ့မလား (မတော်ပါဘုရား)

သားက ကယ်နိုင်၊ သမီးက ကယ်နိုင်၊ ပစ္စည်းက ကယ်နိုင်သလားလို့ဆိုတော့ ဟောဒီရှုတဲ့ မဂ်ကမှ ကယ်နိုင်တယ်(မှန်ပါ) ဒကာကြွယ်ရဲ့ သမီးကလေးတစ်ယောက်ကကော ကယ်နိုင်ရဲ့လား (မကယ်နိုင်ပါဘုရား) ဆွေမျိုးဉာတကာတွေကကော (မကယ်နိုင်ပါဘုရား) ဥပမာ- ဒကာကြွယ်ကြီးတစ်ယောက် သေတယ် ဦးလှဘူးတစ်ယောက် သေတယ်ဆိုတော့၊ ဩော်- ဖြစ်မှ ဖြစ်ရလေတယ် ဒါပါပဲ(မှန်ပါ)ဟု အပါယ်သွားမဲ့ အမှုကြီးကို တတ်နိုင်ကြရဲ့လား။ (မတတ်နိုင်ပါဘုရား) အဲဒါကြည့်တတ်လို့ရှိရင် ခန္ဓာကိုယ်က ဖြစ်ပျက်ကြည့်တာက လောကီမဂ် (မှန်ပါ) နောင်ရင့်ကျက်လာတော့ လောကုတ္တရာမဂ်၊ လောကုတ္တရာမဂ်ဆိုတာ မဂ္ဂင်ရှစ်ပါးလည်း ပြည့်ပါရော့ဒကာကြွယ်ရေ ငရဲမီးသိမ်း၍ ငရဲအိုးပွက်ပွက်ဆူတာ ငြိမ်းပါတယ် (မှန်လှပါဘုရား)

ဒါပြင် ဒီအလုပ်သည် အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်က ဒကာကြွယ်အတွက် ငရဲမီးတွေသည် ဟုန်းဟုန်းတောက်နေတယ်၊ ငရဲမီးကြီးက တပွက်ပွက်ဆူနေတယ် ဒကာကြွယ် ဒီကနေ ငြိမ်းနော်လို့ မပြောထိုက်ဘူးလား(ပြောထိုက်ပါတယ်ဘုရား) ဒီကနေ ငြိမ်းဆိုတော့ ရေနဲ့ သွားငြိမ်းလို့မရဘူး(မရပါဘုရား) မဂ်ပေါ်ရင် ငြိမ်းပါတယ်(မှန်ပါ) ဘာတဲ့(မဂ်ပေါ်ရင် ငြိမ်းပါတယ်ဘုရား) ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆရာသမားက လမ်းညွှန်ကောင်းက တွေ့ကြုံနေတဲ့ အချိန်မှာဖြင့် ကိုယ့်ငရဲမီးငြိမ်းတာကို ကိုယ်လက်မနေးပါနှင့် (မှန်ပါ) ကိုယ်ငရဲအိုး သိမ်းတာကို (ကိုယ်လက်မနေးဖို့ပါဘုရား) သဘောကျပလား (ကျပါပြီးဘုရား) လက်ဆိုတာ ခင်ဗျာတို့ရှုတဲ့ မဂ်ကိုဆိုပါတယ်(မှန်ပါ) လက်ဆိုတာ ဘာကိုဆိုပါလိမ့် (ရှုတဲ့မဂ်ကိုဆိုတာပါဘုရား) ရှုတဲ့မဂ်ကိုဆိုပါတယ်ဆိုတာကို ဒကာ ဒကာမတွေ သတိပေးရတယ် (မှန်လှပါဘုရား)

ဒီဘုန်းကြီးပြောတာကိုမှ ဒီဒကာမတွေက လေးလေးစားစားနားမထောင်တော့ပါဘူး ဆိုလိုရှိရင်ဖြင့် မရှုဘဲ မမှတ်ဘဲနေကြ ထိုင်ကြမယ် ဆိုလို့ရှိရင်ဖြင့် တစ်လမ်းသွားတွေသာမှတ်ပါ (မှန်ပါ) ခင်ဗျားတို့ ပြုထားတဲ့ ကုသိုလ်လေးကလဲ တကယ်တမ်း မတားနိုင်ဘူးနော်(မှန်ပါ) ဒကာကြွယ် တားနိုင်ပါမလား (မတား နိုင်ပါဘုရား) မဂ်ဆိုတော့ဖြင့် (တားနိုင်ပါတယ်ဘုရား) အဲဒီတော့ကို တကယ့်ဆေးကောင်း ရှိပါလျက်သားနဲ့ ဆေးကောင်းကို သောက်ဖြစ်အောင် သောက်ပါဆိုတာကို လေးစားစွာနဲ့ သတိ ပေးရပါတယ်(မှန်ပါ) ဒါက ခန္ဓာကိုယ်ကြည့်ပြီး ရှုနည်းတစ်မျိုး (မှန်လှပါဘုရား)

ကိုင်း ရှင်အာနန္ဒာသောတာပန်တည်ပုံလေး ရှေ့ပိုင်းမှာပြောဦးမယ်(မှန်ပါ) ရှင်အာနန္ဒာသောတာပန်တည်တာ ဘုရားဆီမှာ ဘည်တယ်လို့ ဒကာကြွယ်တို့ ဦးလှဘူးတို့ ဒကာသစ်တို့ မအောက်မေ့ပါနဲ့(မှန်ပါ) ရှင်ပုဏ္ဏဆီမှာ တည်ရပါတယ် (မှန်ပါ) ဘယ်သူ့ဆီမှာတည်ပါလိမ့် (ရှင်ပုဏ္ဏေဆီမှာပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပုဏ္ဏက သောတာပန်တည်အောင် ဟောတဲ့နေရာဖြင့် ဒကာ ကြွယ်ရေ အကောင်းဆုံးပုဂ္ဂိုလ်ပဲ (မှန်ပါ) မန္တာဏီပုဏ္ဏားမ၏ သားရှင်ပုဏ္ဏဆိုတာ သောတာပန်တည်တဲ့ နေရာဖြင့် အကောင်း ဆုံးဟောနိုင်တယ်၊ သောတာပန်တည်အောင် ဟောနိုင်တယ်၊ သောတာပန်တည်အောင် ကျင့်နည်းပေးနိုင်တဲ့အထဲမှာဖြင့် တစ်စွဲတဲ့ပုဂ္ဂိုလ်ပဲ(မှန်လှပါဘုရား)

ဒါကြောင့်– ဒကာ ဒကာမတွေ သောတာပန်တည်နည်း နိဿရည်းကိုပဲ ရှင်းပြပါမယ်(မှန်ပါ) ရှင်အာနန္ဒာက ရဟန်းတို့ လာကြဦး၊ လာကြဦးလို့ဆိုပြီး ခေါ်လိုက်ပါတယ်(မှန်ပါ) ငါ့ဆရာရှင်ပုဏ္ဏဆိုတာရှိပါတယ်ကွာ၊ ငါတို့ ရဟန်းငယ်တွေမှာ ဖြင့် သူလောက်ကျေးဇူးများတဲ့ ပုဂ္ဂိုလ် ဘုရားအောက်မှာဖြင့် မရှိပါဘူးကွာ၊ သူက သောတာပန်တည်ပြီးသားဖြစ်လို့ (မှန်ပါ) ရဟန်းငယ်တွေကိုခေါ်ပြတာ၊ ဘယ်လိုများဟောလေ့ရှိတယ် ဆိုတာ ငါ့ဆရာဟောပုံလေးကို မင်းတို့ နာယောင်ကြစမ်းပါ (မှန်လှပါဘုရား) "ဥဒါဒါယ အသ္မိဟောတိ၊ နောအနုပါဒါယ၊ ရူပံဥပါဒါယ အသ္မိဟောတိ၊ ဝေဒနံ ဥပါဒါယအသ္မိဟောတိ၊ သညံဥပါဒါယ အသ္မိဟောတိ၊ နော အနုပါဒါယ" စာလိုပေါ့ ဗျာ (မှန်ပါ) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ထေရဝဂ်မှာ ဟောလိုက် ပါတယ်(မှန်လှပါဘုရား)

သောတာပန်တည်ချင်ရင် ဒိဋ္ဌိဖြုတ်ရမှာကိုးဗျ (မှန်ပါ) သောတာပန်တည်ချင်ရင် (ဒိဋ္ဌိဖြုတ်ရမှာပါဘုရား) ဒိဋ္ဌိဖြုတ်ရ မယ်နော် (မှန်ပါ) အဲဒီဒိဋ္ဌိလာပုံကလေး၊ ဒိဋ္ဌိဖြုတ်ပုံကလေးတို့

www.burmeseclassic.com

www.burmeseclassic.com



ရှင်အာနန္ဒာက ရဟန်းငယ်တွေကို ဟောပါတယ်(မှန်ပါ) ဒါကြောင့် ဂရုဆိုက်ပြီး ဒကာ ဒကာမတွေ နားထောင်ကြစမ်းပါလို့ တိုက်တွန်းရတယ်နော် (မှန်လှပါဘုရား)

ခန္ဓာငါးပါးဟာ ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာငါးပါးကြီးကို ပကတိမျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အခုကျုပ်တို့ရှိတဲ့ ပကတိမျက်လုံးပေါ့ဗျာ (မှန်ပါ) ဉာဏ်မျက်လုံးနဲ့ မကြည့်ဘဲနဲ့ ရှိတဲ့မျက်လုံးနဲ့ ဒကာကြွယ်တို့မျက်မှန်တတ်ထားတဲ့ မျက်လုံးပေါ့ဗျာ (မှန်ပါ) ဒကာသတို့ ပင်ကို အမေမွေးထားတဲ့ မျက်လုံးပေါ့ဗျာ (မှန်ပါ) အဲဒါနဲ့ မိမိခန္ဓာကြီးကြည့်လိုက်ပြီး ဆိုမှဖြင့် မိမိခန္ဓာကို မိမိမျက်လုံးနဲ့ မိမိလက်နဲ့ စမ်းသပ်ပြီး ကြည့်လိုက်ပြီးဆိုမှဖြင့် ဩော်- ငါဟာ နေနိုင်ပါသေးတယ် (မှန်ပါ) ကြည့်လိုက်တာနဲ့ “ငါ” ထွက်လာတယ်(မှန်ပါ) ကြည့်လိုက်တာနဲ့ ဘာထွက်လာတုံး(ငါထွက်လာပါတယ်ဘုရား)။

အမယ်လေး ဒကာ ဒကာမတို့ ပကတိမျက်လုံးနဲ့ ကြည့်လိုက်တော့ ကိုယ့်ခန္ဓာတည်းဟူသော ကိုယ်ခန္ဓာကို ကြည့်လိုက်တာနဲ့ ကိုယ့်ခန္ဓာကို ကြည့်လိုက်တော့ “ငါ”နေနိုင်ပါသေးတယ် (မှန်ပါ) “ငါ” အသားအရေ တောက်တောက်တင်းပါသေးတယ် (မှန်ပါ) ငါဆံပင်လေးတွေ မဖြူသေးပါဘူး(မှန်ပါ) “ငါ့” မျက်လုံးလေးဟာလဲ ကြည်ကြည်လင်လင် လုပ်ကိုင်စားနိုင်ပါသေးတယ်ဆိုတဲ့ “ငါ”တွေအကုန်ထွက်လာတယ် (မှန်ပါ) ခန္ဓာကိုယ်ကို ပကတိမျက်လုံးနဲ့ ကြည့်လိုက်တာနဲ့ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ထွက်လာတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီးဘုရား) ဘာအရိပ်တွေ ထွက်လာတုံး("ငါ"အရိပ်တွေထွက်လာပါတယ် ဘုရား) ဘာအရိပ်တွေ ထွက်လာတုံး ("ငါ" အရိပ်တွေထွက် လာပါတယ်ဘုရား) ငါအရိပ်တွေ ထွက်လာပါတယ် (မှန်လှ ပါဘုရား)။

ဩော်- ဒကာ ဒကာမတွေ စဉ်းစားကြည့်စမ်း"ငါ"ဆိုတဲ့ သက္ကာယဒိဋ္ဌိဟာ အလိုလိုလာတာလား။ ခန္ဓာကိုယ်ကို ပကတိ မျက်လုံးနဲ့ ကြည့်လို့လာတာလား (ခန္ဓာကိုယ်ကို ပကတိမျက် လုံးနဲ့ ကြည့်လို့လာတာပါဘုရား) တယ်လဲ မှတ်စရာကောင်းပါ လား (ကောင်းပါတယ်ဘုရား) ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာကို အကြည့်မတတ်ပြီဆိုမှဖြင့် "ငါ"ဆိုတဲ့ ဒိဋ္ဌိကလာတော့တာပဲ (လာပါတယ်ဘုရား)၊ ဒိဋ္ဌိလာရင် တဏှာလာတော့မှာပဲ (မှန်ပါ) တဏှာလာရင် မာနဆိုတာ (လာမှာပါဘုရား)

ဩော်- ဒကာ ဒကာမတို့ ခန္ဓာကိုယ်ကို ပကတိမျက် လုံးနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် "ငါ"နေနိုင်ပါသေးတယ်၊ "ငါ" ရောဂါကင်းသွားပြီ (မှန်ပါ)၊ "ငါ" အသားအရေလေးတွေလဲ တောင့်တင်းပါသေးတယ်ဆိုတဲ့ သဘောလည်း "ငါ" တွေ ကြားထဲဝင်လှုပ်လာတယ်။ (ရှင်းပါတယ်ဘုရား)၊ အင်း- ခန္ဓာကိုယ်ကို ရှေ့နားထားပြီး ပကတိမျက်လုံးနဲ့ ကြည့်လိုက် တာပဲ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအလယ်မှာ ပေါက်ပွားလာတယ် (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)

ဟော့ဒါက ခန္ဓာငါးပါးကို ပကတိမျက်လုံး၊ ပကတိနားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပကတိကိုယ်နဲ့သာ စမ်းသပ်ကြည့်မယ်ဆိုရင် "ငါ" နေနိုင်ပါသေးတယ်ဆိုတဲ့ ဒိဋ္ဌိမလာဘူးလား(လာပါတယ်ဘုရား) ငါ့ကိုယ်တော့ ငါကျန်းမာရေး ဂရုစိုက်ရအုံးမယ်ဆိုတဲ့ လှပစေချင်တဲ့ ကျန်းမာစေချင်တဲ့ တဏှာမလာဘူးလား (လာပါတယ်ဘုရား) ကျန်းမာလာတိုင်း လာတိုင်းလည်း ငါလုပ်နိုင်ပါသေးတယ်ဘယ်သူ့ အောက်မှ မကျသေးဘူးဆိုတဲ့ မာနကော (လာပါတယ်ဘုရား)

ဩော်–ဒကာ ဒကာမတို့ ခန္ဓာကိုယ်အကြည့် လွဲတာနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော အရိုင်းသုံးရိုင်း ကြားထဲမှာ ပေါ်ပါပေါ့လား (ပေါ်ပါတယ်ဘုရား)၊ ခန္ဓာကိုယ်ကို ပကတိမျက်လုံး ပကတိနားနဲ့ ကြည့်လိုက်တာနဲ့ ဘာပေါ်လာတုံး(တဏှာ၊ မာန၊ ဒိဋ္ဌိပေါ်လာပါတယ်ဘုရား)၊ တဏှာ၊ မာန၊ ဒိဋ္ဌိပေါ်လာတယ်ဆိုတာ သဘောကျပလား၊ (ကျပါတယ်ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒါမကြည့်တတ်လို့ဖြစ်ရတာ (မှန်ပါ)၊ ဘယ်လိုကြောင့် ဖြစ်ပါလိမ့် (မကြည့်တတ်လို့ ဖြစ်ရတာပါဘုရား)

ကျုပ်မသေသေးဘူးဆိုတာများ ဒကာ ဒကာမတွေက တွင်တွင်ကြီးပြောလိုက်သေးတယ် (ပြောပါတယ်ဘုရား) ရင်ဘတ်များပုတ်ပြလိုက်သေးတယ် (မှန်ပါ) ကျုပ်နားအကန်းမဟုတ်ဘူး ကျုပ်နားလေးနဲ့ ကျုပ်ထောင်နိုင်သေးတယ် (မှန်ပါ) ငါ နားလေးနဲ့ ငါထောင်နိုင်သေးတယ်ဆိုတဲ့ ဒိဋ္ဌိတွေမလာဘူးလား (လာပါတယ်ဘုရား) ငါ့များ သာမညအောက်မေ့မနေနဲ့၊ မ

www.burmeseclassic.com

www.burmeseclassic.com



ကြားဘူးများ အောက်မေ့မနေနဲ့ဆိုတဲ့ မာနတွေကော (လာပါ တယ်ဘုရား) အင်း–ဒကာ ဒကာမတို့ ခန္ဓာကြည့်ပြီး ခန္ဓာ ကိုယ်ကို ပကတိမျက်လုံးနဲ့ ကြည့်လိုက်လို့ ဖြစ်ပေါ်လာတဲ့ တဏှာ မာန ဒိဋ္ဌိ (မှန်ပါ) ခန္ဓာကိုယ်ကို ဘာနဲ့ကြည့်ပါလိမ့်။ (ပကတိမျက်လုံး နဲ့ ကြည့်တာပါဘုရား)၊ ဉာဏ်မျက်လုံးမပါဘဲ ပကတိမျက်လုံးနဲ့ ကြည့်လိုက်တာနဲ့ ဘာတွေ့လာပါလိမ့် (တဏှာ၊ မာန၊ ဒိဋ္ဌိလာပါတယ်ဘုရား) တဏှာ၊ မာန၊ ဒိဋ္ဌိမလာဘူးလား (လာပါတယ်ဘုရား)

ဒါဖြင့်– တဏှာလာလို့ရှိရင် ဟောဒီကနေ၊ ပဋိစ္စ သမုပ္ပါဒ်ဆက်တော့မယ် (မှန်ပါ)၊ တဏှာ၊ ပစ္စယာ(ဉပါဒါန်ပါ ဘုရား) ဉပါဒါနပစ္စယာ (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပစ္စယာ (ဇာတိပါ ဘုရား) ဟော– ဇာတိဆိုတဲ့ အပယ်လေးပါးတွေ၊ ခန္ဓာငါးပါးတွေ မလာဘူးလား (လာပါတယ်ဘုရား) ဒါတွေ ဘာသစ္စာတွေပါလိမ့် (ဒုက္ခသစ္စာတွေပါဘုရား) သြော်– ခန္ဓာကိုယ်အကြည့် မတတ်တဲ့အတွက် ဒကာ ဒကာမတို့ ဒုက္ခ သစ္စာတည်းဟူသော တရားတွေ နောက်ထပ် ပေါ်ပေါက်လာ လတ္တံ့တွေ ကြိုးစားဖြစ်တယ်ဆိုရင် လွဲပါ့မလား (မလွဲပါဘုရား)

ဒါကြောင့်– ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်ခန္ဓာကို ကိုယ်မကြည့်တတ်လို့ရှိရင် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော အရိပ်တွေဟာ သေသေချာချာ ထွက်လာတယ်လို့ မှတ်လိုက် စမ်းပါ(မှန်ပါ)၊ ကိုယ့်ခန္ဓာမကြည့်တတ်ရင် (တဏှာ၊ မာန၊ ဒိဋ္ဌိအရိပ်တွေ ထွက်လာပါတယ်ဘုရား) တဏှာ၊ မာန၊ ဒိဋ္ဌိ

www.burmeseclassic.com

www.burmeseclassic.com



အရိပ်တွေတွက်ပါတယ်ဆိုတာ သေချာပလား (သေချာပါတယ် ဘုရား)

ဒါဖြင့် "ဥပါဒါယ အသ္မိဟောတိ၊ ဥပါဒါယ- ခန္ဓာကိုယ်ကို အစွဲပြု၍ အသ္မိ- တဏှာ၊ မာန၊ ဒိဋ္ဌိသည်၊ ဟောတိဖြစ်၏။ ရှင်အာနန္ဒာက သူ့တပည့်တွေကို ရှင်ပုဏ္ဏာဆီက နည်းယူပြီး ဟောနေတယ်ဆိုတာကို ဒကာသစ်မှတ်လိုက်ပါ (မှန်ပါ) ခန္ဓာ ငါးပါးအကြည့်လွဲတာနဲ့ ဘာတွေပေါ်လာတုံး (တဏှာ၊ မာန၊ ဒိဋ္ဌိတွေပေါ်လာပါတယ်ဘုရား ရှင်းပလား (ရှင်းပါပြီဘုရား)

ဒါဖြင့်- ခုနကပြောတဲ့အတိုင်း ဒကာ ဒကာမတွေက "ကာယမိမံ သမ္ဘသထ၊ ပရိဇာနာထ၊ ပုနပ္ပုနံ, ကာယေသဘာဝံ, ဝိဒိတွာန, ဒုက္ခဿန္တကရိဿထ"ဆိုတဲ့ ရှင်သာရိပုတ္တရာဟောတဲ့ အတိုင်း ခန္ဓာကိုယ်ကို ထွက်သက် ဝင်သက်ကလေး ရှုလိုက် ရှုလိုက်နဲ့ အဲဒါလေးသိပြီး ပေါ်ရာကို လိုက်နေတော့ ပေါ်ရာမှာ ဖြစ်ပျက်တွေကို တွေ့နေလို့ရှိရင်လည်း တဏှာ၊ မာန၊ ဒိဋ္ဌိလာ လို့ရှိရင်ဖြင့် မာနပစ္စယာလည်း၊ မာနလည်း တဏှာထဲကမို့ ဥပါဒါန်၊ ကံတွေမလာပေဘူးလား (လာပါတယ်ဘုရား) ဒိဋ္ဌိလည်း တဏှာထဲကမို့ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံတွေကော မလာပေဘူးလား (လာပါတယ်ဘုရား) ဪ- ဒါဖြင့် ဒကာ ဒကာမကို မကြည့်တတ်ရင် ပပဉ္စလာသည် (မှန်ပါ)မကြည့်တတ်ရင် (ပပဉ္စလာပါတယ်ဘုရား) ကြည့်တတ် ရင် မဂ်ဉာဏ်လာသည် (မှန်ပါ) ကြည့်တတ်ရင် (မဂ်ဉာဏ်လာ ပါတယ်ဘုရား) ဒီနှစ်လုံးတည်းနဲ့ပဲ ဒကာကြွယ်သေပျော်တဲ့

www.burmeseclassic.com

www.burmeseclassic.com



တရား (မှန်ပါ)၊ ခန္ဓာကိုယ် မကြည့်တတ်ရင် ဘာလာပါလိမ့် (ပပဉ္စလာပါတယ်ဘုရား)၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စလာတယ် (မှန်ပါ)၊ ကြည့်တတ်ပြန်တော့လည်း ခန္ဓာကိုယ်ကို ပေါ်ရာလိုက်ပြီး ဖြစ်ပျက်ကလေးတွေသာရှိပါလားလို့ ကြည့်လိုက်ပြန်တော့လည်း တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်စေတဲ့ မဂ်လာတယ် (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

မကြည့်တတ်ရင် ဘာလာပါလိမ့် (ပပဉ္စလာပါတယ်ဘုရား) ပပဉ္စဆိုတဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိလာတယ် (မှန်ပါ) ကြည့်တတ်ရင် ဘာလာပါလိမ့် (မဂ်ဉာဏ်လာပါတယ်ဘုရား) မဂ်ဉာဏ်လာတယ်ဆိုတာ သဘောကျပလား (ကျပါတယ်ဘုရား) ဒါဖြင့် ဒကာကြွယ်ရေ၊ ကြည့်တတ်တဲ့ ပုဂ္ဂိုလ်နဲ့ မကြည့်တတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ဟာကများပါလိမ့် (မကြည့်တတ်တဲ့ ပုဂ္ဂိုလ်ကများပါတယ်ဘုရား) ဒါဖြင့် အပါယ်သွားမယ့် ပုဂ္ဂိုလ်ကများလေရဲ့ဆိုတာများ ငြင်ဖို့များလို့ကြသေးရဲ့လား (မလိုတော့ပါဘုရား)။

ဦးဘအုန်းတို့ ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်ဘုရား) မကြည့်တတ်ရင် ဘာလာမယ် (တဏှာ၊ မာန၊ ဒိဋ္ဌိလာပါတယ်ဘုရား)၊ အဲ- တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတွေလာပါတယ် (မှန်ပါ)၊ ကြည့်တတ်ပြန်တော့ ခုနက ရှင်သာရိပုတ္တရာ အကြည့်နိုင်းတဲ့အတိုင်း ကြည့်လိုက်ပြန်တော့လည်း ဒကာ ဒကာမတို့ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက် မဂ်ချည်းမလာဘူးလား (လာပါတယ်ဘုရား)၊ မဂ်တွေလာတော့လဲ တဏှာ၊ မာန၊

www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိတွေဟာ မချုပ်ရဘူးလား (ချုပ်ရပါတယ်ဘုရား)။

ဒါကြောင့် ဒီခန္ဓာကြီးသည် ဒကာ ဒကာမတို့ သုံးတတ်ရင်လည်း ဆေးပါပဲ၊ (မှန်ပါ) မသုံးတတ်ရင်လဲ သူ့ကြောင့် အပါယ်ဘေးသင့်ပါတယ်(မှန်ပါ) သုံးတတ်လို့ရှိရင်လည်း မဂ်ဆေးသောက်ဖြစ်ပါတယ် (မှန်ပါ)၊ မသုံးတတ်လို့ရှိရင်လဲ အပါယ်ဘေးသင့်ပါတယ် (မှန်ပါ)။

ဒါဖြင့်– ဒကာ ဒကာမတို့ အခုပြောတဲ့ ရှင်သာရိပုတ္တရာ ဟောတာနဲ့ ရှင်အာနန္ဒာက မကြည့်တတ်ရင် ဘေးသင့်ပါတယ် ပြောတာနဲ့ ရှင်သာရိပုတ္တရာက ကြည့်တတ်လို့ရှိရင် ဒုက္ခဆုံးပါတယ်ပြောတာနဲ့ နှစ်ချက်ခွဲပြီး အသွားအပြန် ဟောနေပါတယ်လို့မှတ်လိုက်စမ်းပါ (မှန်ပါ) နှစ်ချက်ခွဲပြီး အသွားအပြန်ဟော နေတာကော ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)၊ မကြည့်တတ်ရင် အပါယ်ဘေးသင့်သည်(မှန်ပါ)၊ မကြည့်တတ်ရင် (အပါယ်ဘေးသင့်ပါတယ်ဘုရား) ကြည့်တတ်လို့ရှိရင် မဂ်ဆေးဝင်သည် (မှန်ပါ)၊ မဂ်ဆေးဝင်တော့ အပါယ်ဘေးတွေ အကုန်ပျောက်တယ် (ပျောက်ပါတယ်ဘုရား)၊ သဘောကျပလား (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဒီတဏှာ၊ မာန၊ ဒိဋ္ဌိကို သတ်ကြပါစို့ ဆိုလိုရှိရင်ဖြင့် ဒီခန္ဓာငါးပါးထဲက ဝေဒနာကြိုက် တဲ့ ပုဂ္ဂိုလ်က ဝေဒနာနုပဿနာဖြစ်ပျက်ရှုပေး(မှန်ပါ)၊ စိတ် ကြိုက်တဲ့ ပုဂ္ဂိုလ်က စိတ္တာနုပဿနာကို (ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ကြည့်ပေးလိုက်တော့ ဖြစ်ပျက်နောက်က မဂ်ရိပ်သာပေါ်

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်(မှန်ပါ) တဏှာ၊ မာန၊ ဒိဋ္ဌိ အရိပ်တွေပေါ်သေးရဲ့လား(မပေါ်တော့ပါဘုရား)၊ သဘောကျပလား(ကျပါပြီဘုရား)

အဲဒါကြောင့် ဒကာ ဒကာမတို့ ကြည့်နည်းတယ်လိုပါကလားဆိုတာ ဒီနေ့မှာ ပေါ်လာတယ် (ပေါ်ပါတယ်ဘုရား)၊ ဘာလိုပါလိမ့်ဗျာ (ကြည့်နည်းလိုပါတယ်ဘုရား)၊ မကြည့်တတ်ရင် ဘာလာပါလိမ့် (တဏှာ၊ မာန၊ ဒိဋ္ဌိလာပါတယ်ဘုရား) တဏှာ၊ မာန၊ ဒိဋ္ဌိလာတယ် (မှန်ပါ)၊ သဘောကျပါလား (ကျပါပြီဘုရား)၊ ကြည့်တတ်ရင် ဘာလာပါလိမ့် (မဂ်ဉာဏ်ပေါ်ပါတယ်ဘုရား)။

ကဲ- ဒကာကြွယ်၊ ဒကာသစ်တို့ ဦးလှဘူးတို့၊ ဩော်-နိဗ္ဗာန်သွားကြည့်နည်းက တစ်မျိုးပါလား (မှန်ပါ)၊ အပါယ်သွားကြည့်နည်းက (တစ်မျိုးပါဘုရား)၊ ဒါဖြင့် ခန္ဓာကိုယ်ဟာမှန်နဲ့တူတယ်လို့ အောက်မေ့ပါ(မှန်ပါ)၊ ခန္ဓာကိုယ်မှန်ကို ပကတိမျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ တဏှာ၊ မာန၊ ဒိဋ္ဌိအရိပ်တွေ ထွက်လာတယ်(မှန်ပါ)၊ မထွက်ဘူးလား(ထွက်ပါတယ်ဘုရား)၊ အင်း- ဒီခန္ဓာကိုယ်ကြီးကိုပဲ ဟိုနေရာကယား၊ ဒီနေရာကနာ၊ ဟိုစိတ်ကလေးပေါ်၊ ဒီစိတ်ကလေးပေါ်တာတွေကို ခန္ဓာထဲကပေါ်နေတာကို ခန္ဓာထဲ ကြည့်တတ်ပြန်တော့လည်း အင်း၊ ဖြစ်ပျက်-ကြည့်တဲ့ မဂ်ကလေးပေါ်ပေါက်လာတယ်(မှန်ပါ)၊ မပေါ်လာပေဘူးလား (ပေါ်ပါတယ်ဘုရား) ထိုကဲ့သို့ ပေါ်လာတဲ့အခါကျပြန်တော့လဲ ဩော်- ဒီခန္ဓာကြီး အနိစ္စကနေပြီး နိစ္စဉာဏ် ကျေးဇူးပြုလိုက်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအုန်းတို့ရေ တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်ရတယ်(မှန်ပါ) မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ဒါဖြင့်– ဒီခန္ဓာကိုယ်ကြီးကို ကြည့်တတ်ဖို့၊ မကြည့်တတ်ဖို့ နှစ်ခုခွဲမသင်လို့ရှိရင် ဒုက္ခာကြွယ်တော်ပါ့မလား (မတော်ပါဘုရား)၊ အဲဒါကြောင့် ဘုန်းကြီးတို့က ဒုက္ခ ဒုက္ခမတွေ့ တွေ့ခဲ့ ကြုံခဲ့၊ အင်မတန်မှ မျှော်လင့်ပြီးသကာလ ဘုရားသာသနာကြီး မျှော်လင့်ရ၊ ဘုရားသာသနာနဲ့ တွေ့ပြန်တော့ ကိုယ်နားလည်အောင် ပြောတတ်တဲ့ ဆရာသမားမျှော်လင့်ရ(မှန်ပါ)၊ ကိုယ့်အပါယ်လေးပါး စိတ်မချရတာကြီးကိုလည်း ကိုယ်ကြောက်နေရ(မှန်ပါ)၊ ဒါဖြင့် ကြည့်တတ်တဲ့နည်းနဲ့ ကြည့်ပါတော့မယ်ဆိုတာကို ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။

ကြည့်တတ်တဲ့နည်းနဲ့ ကြည့်လိုက်တဲ့အခါ ခန္ဓာကိုယ်စောင့်ကြည့်(မှန်ပါ)၊ ယားရင် ယားတဲ့နေရာကို ဖြစ်ပျက်ရှု(မှန်ပါ)၊ နာရင်ကော(နာတဲ့နေရာကို ဖြစ်ပျက်ရှုရမှာပါဘုရား) စားချင်တဲ့ စိတ်ကလေးပေါ်လာရင်ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ အိပ်ချင်တဲ့ စိတ်ကလေးပေါ်လဲ (ဖြစ်ပျက်ရှုရမှာပါဘုရား) ပျံ့လွင့်တဲ့စိတ်ကလေးပေါ်လာရင် (ဖြစ်ပျက်ရှုရမှာပါဘုရား) ဒါဖြင့် ခုနကပြောခဲ့တာတွေက ဖြစ်ပျက်၊ ရှုတာက(မဂ်ပါဘုရား) မဂ်ဖြစ်သွားတာကို ကိုယ့်ခန္ဓာ ကိုယ်ထဲမှာပဲ အကြည့်မှန်တာနဲ့၊ မဂ်ဖြစ်လာတယ်(မှန်ပါ) အကြည့်မှန်တော့ (မဂ်ဖြစ်ပါတယ်ဘုရား) မဂ်ဖြစ်တော့ ဘယ်သူသေပါလိမ့် (တဏှာ၊ မာန၊ ဒိဋ္ဌိ သေပါတယ်ဘုရား)၊ တဏှာ၊ မာန၊ ဒိဋ္ဌိသေတော့တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ရိုပ်မိပလား။

ယောဂီ- ဒါဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိသေတော့ တဏှာဆုံး နိဗ္ဗာန်ပဲ(မှန်ပါ) မာနဆုံးလည်း (နိဗ္ဗာန်ပါဘုရား)၊ ဒိဋ္ဌိဆုံးလည်း (နိဗ္ဗာန်ပါဘုရား)၊ အဲ- ပထမနိဗ္ဗာန်တော့ သေချာရပါတယ် ဆိုတာကိုတော့ ဘုန်းကြီးတို့က ရဲရဲ့စွာတာဝန်ခံစွာ တာဝန်ခံပါ တယ်(မှန်ပါ)၊ ဒိဋ္ဌိဆုံးရင် ပထမနိဗ္ဗာန်ကို သေချာရပါတယ် (မှန်ပါ)၊ ဒါကြောင့် ခင်ဗျားတို့အားလုံး အမိအဘဆွေမျိုး ညာတကာတွေ မတော်ဘူးသည် မည်သည့်မရှိသောကြောင့် အကုန်ကျေးဇူးဆပ်နေတယ်လို့ အောက်မေ့စမ်းပါ (မှန်လှပါ ဘုရား)။

ကြည့်တတ်ရင် မဂ်ပေါ်ပါတယ်၊ (မှန်ပါ)၊ မကြည့်တတ်ရင် (တဏှာ၊ မာန၊ ဒိဋ္ဌိပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် ကြည့်နည်းလေး ပြောင်းကြစို့ဗျာ(မှန်ပါ) ဒကာ ဒကာမတို့ ဘာပြောင်းသင့်တုံး (ကြည့်နည်းကို ပြောင်းရမှာပါဘုရား) ရှုရမှာကတော့ ဒီခန္ဓာချည်းပဲနော် (မှန်ပါ)၊ မရှုတတ်လို့ရှိရင်ဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိပေါ်ပါတယ်(မှန်ပါ)၊ ရှုတတ်လို့ရှိရင် (မဂ်ပေါ်ပါတယ် ဘုရား)၊ မဂ်ပေါ်ပါတယ်ဆိုတော့ ဒီခန္ဓာကိုယ်ကြီးဟာ ဒကာ ဒကာမတို့ သုံးတတ်ရင်လည်း ဆေးဖြစ်ပါတယ်၊ (မှန်ပါ) မသုံးတတ်ရင်လည်း ဘေးသင့်ပါတယ်၊ (မှန်ပါ) သုံးတတ်ရင် လည်း(ဆေးဖြစ်ပါတယ်)၊ မသုံးတတ်ရင်လည်း (ဘေးသင့်ပါ တယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဩော်– ဒါဖြင့် ဆရာဘုန်းကြီးသည် ယနေ့ ဘယ်နှစ်နည်း ပြောပါလိမ့် (နှစ်နည်းပြောပါတယ်ဘုရား)၊ သုံးတတ်နည်းကို လည်း ပြောပါတယ်(မှန်ပါ)၊ မိဘရိုးရာ သုံးနေတာကလည်း မှားလွန်းလို့ တဏှာ၊ မာန၊ ဒိဋ္ဌိပွားလွန်းလို့ ပယ်လိုက်ပါဆိုတာ လည်း ပြောရပြန်တယ် (မှန်ပါ)၊ ကဲ့– သုံးစွဲတဲ့ နည်းသိကြ ပါပလား (သိပါပြီဘုရား)၊ ဒကာကြွယ် နေရာကျပလား (ကျပါပြီဘုရား)၊ ဒါက အလုပ်စဉ်ကို ဒကာ ဒကာမတွေက ဩော်– ဒီလိုလုပ်ရမှာပါလားဆိုတာဖြင့် ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ် များ ဉာဏ်လတ်တဲ့ ပုဂ္ဂိုလ်များကို ပြောတော့ဖြင့် ဩော်– ဒီလိုရှုရပါလားဆိုတာကို ဒကာကြွယ်တို့ သိလောက်ပါပြီနော် (သိပါပြီဘုရား)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကဲ– ဒီနေ့ ဒီတင်တော်ကြစို့။

သာဓု– သာဓု– သာဓု

www.burmeseclassic.com

www.burmeseclassic.com

## အမရပူရမြို့ မင်္ဂလာတိုက်တောင်း
## တောင်ရှေ့ရှင် အဂ္ဂမဟာပဏ္ဍိတ၊
## မိုးကုတ်ဆရာတော်ဘုရားကြီး
## မင်္ဂလာရိပ်သာကျောင်းတိုက်၌ ဟောကြား
## ဆုံးမတော်မူသော

## နှလုံးသွင်းမှန်ပြီး ဝီရိယစိုက်မှ အရေးကြီးပုံ(၉၊ ၁၊ ၆၁)

### ညအလုပ်ပေးတရားတော်

တရားအားထုတ်မှ ပညာထက်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကဟောတယ်။ အားထုတ်မှ ပညာထက်တယ်၊ နှလုံးသွင်းကောင်းမှ ပညာထက်တယ်လို့မှတ်ထားပါ (မှန်ပါ) နှလုံးသွင်းကောင်းဆိုတဲ့ဥစ္စာက ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်နေတဲ့အနိစ္စရှိတာကို အနိစ္စရယ်လို့နှလုံးသွင်းဖွယ် ကောင်းမှ ပညာကထက်လာမယ်(မှန်ပါဘုရား)။

လောကီဥပမာပြောကြပါစို့ဆိုလို့ရှိရင်ဖြင့် ကောက်ပများဟာ လဲနေတယ်ဆို့ရှိရင် လက်တစ်ဖက်ကနေပွေ့ပြီးတော့ ဆုတ်မထားလို့ရှိရင်ဖြင့် တံစဉ်ဟာဘယ်လိုဘဲထက်ထက် အပေါ်ကိုလျှံတက်လာတာပဲ၊မပြတ်ပါဘူး(မှန်ပါ) ဘယ်တော့မှ အပြတ်ပါဘူးတဲ့ တံစဉ်ကထက်ပေမဲ့လည်း ပြတ်ပါ့မလား (မပြတ်ပါဘုရား)

ဒါဖြင့် တံစဉ်ရဲ့အကူအညီဟာဘာတုံးဆိုလို့ရှိရင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှုပွေ့ပိုက်ထားမှုတွေဟာ အရေးကြီးတယ်ဆိုတာသိကြမှာပါ(မှန်ပါ)ထို့အတူပါပဲတဲ့ နှလုံးသွင်းကောင်းလို့ရှိရင်ဖြင့် ဉာဏ်က ကိလေသာကို ဖြတ်တယ်(မှန်ပါ) နှလုံးသွင်းကောင်းလို့ရှိရင်(ဉာဏ်က ကိလေသာကိုပြတ်ပါတယ်ဘုရား) နှလုံးသွင်းမကောင်းတဲ့ပုဂ္ဂိုလ်မှာတော့ဖြင့် အနိစ္စမမြင်တဲ့အတွက် နာမ်က ကိလေသာကိုဖြတ်ဖို့ရာမှာ ဝတ္တရားမရှိပါဘူး။(မှန်လှပါဘုရား)

ဒါဖြင့်ကောက်ပင်ရိတ်သလိုပါပဲလို့ မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်ကဖြေပါတယ်၊ကောက်ပင်ကို ကိုင်ထားတာနဲ့ နှလုံးသွင်းကောင်းတာနဲ့ဟာတူပါတယ်။ ကောက်ပင်ကိုဖြတ်တဲ့တံစဉ်နဲ့ ဉာဏ်နဲ့ဟာလဲတူပါတယ်(မှန်ပါ) ဒါဖြင့်ယောနိသော မနသိကာရကောင်းမှ ဉာဏ်ကကိလေသာကို ဖြတ်လို့ရမယ်(မှန်လှပါဘုရား)။

ဒါဖြင့်ယောနိသောမနသိကာရနဲ့ဉာဏ်နဲ့ဟာ သံသရာကိုပြတ်တဲ့နေရာမှာ (ဝါ) ကိလေသာကိုပြတ်တဲ့နေရာမှာ ဖြစ်ပေါ်ဖြစ်ဖက်၊ အပေါင်းအဖော်တစ်ခုမပါ တစ်ခုမပြီးဘူးလို့မှတ်ထားပါ(မှန်ပါ) တစ်ခုမပါရင် (တစ်ခုမပြီးပါဘုရား)

အဲဒါကို သေချာမှတ်ပြီး သကာလထားမှ ဒီဒကာ ဒကာမတွေက ဩော်–နှလုံးသွင်းကောင်းဖို့ဆိုတာဟာ တော်တော်အရေးကြီးပါလား။ ဒါမှသာလျှင် ဉာဏ်ကသံသရာစခန်းကို အိုဘေး၊ နာဘေး၊ သေဘေး၊ မွဲဘေး၊ ကွဲဘေးဆိုတဲ့ ဥစ္စာတွေကို ဖြစ်စေတတ်တဲ့ တရားတွေကို ဉာဏ်ကဖြတ်မယ် (မှန်လှပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့်နှလုံးသွင်းကောင်းတာသည် ဉာဏ်၏အကူအညီ (မှန်ပါ)နှလုံးသွင်းကောင်းတာကို ဘယ်လိုဆိုကြမယ် (ဉာဏ်၏အကူအညီပါဘုရား) ဉာဏ်ချည်းသက်သက်ဆိုရင် ဘာမှမတတ်နိုင်ပါဘူး(မှန်ပါ)ဉာဏ်ချည်းသက်သက်ဆိုလို့ရှိရင်ဖြင့်ဒီဒကာ ဒကာမတွေဟာ ဘာမှမတတ်နိုင်ပါဘူးနှလုံးသွင်းမှန်မှဉာဏ်က ကိလေသာကို ဖြတ်တယ်လို့မှတ်ထားကြပါ (မှန်ပါ) နှလုံးသွင်းမှန်မှ (ဉာဏ်က ကိလေသာကိုဖြတ်ပါတယ်ဘုရား)

ဉာဏ်ကကိလေသာကို ဖြတ်တယ်လို့မှတ်ထားတော့မှဪ –နှလုံးသွင်းဟာ တော်တော်အရေးကြီးတယ်ဆိုတာကို မပေါ်လာကြဘူးလား (ပေါ်လာပါတယ်ဘုရား) နှလုံးသွင်း မကောင်းရင် (ဉာဏ်ကမတက်ပါဘုရား) နှလုံးသွင်ဝးက ခန္ဓာ ကိုယ်ကြီးဟာ အနိစ္စရှိတယ်၊ အနိစ္စရယ်လို့နှလုံးသွင်းပါ (မှန်ပါ) အနိစ္စရယ်လို့ နှလုံးသွင်းမှ ဉာဏ်ကလာလတ္တံ့ ကိလေသာတွေကို မလာရအောင်တားမြစ်ပါတယ် (မှန်လှပါဘုရား)

နို့မို့လို့ရှိရင်ဖြင့် နှလုံးသွင်းကမှားနေလို့ရှိရင်ဖြင့်ဉာဏ်ကိုဝင်ခွင့်မရတော့ဘူး (မှန်ပါ) သဘောပါကြပလား (ပါပါပြီဘုရား)ဒါဖြင့်နှလုံးသွင်းမှန်မှ ဉာဏ်ထက်မယ်(မှန်ပါ) ဘယ်လိုမှတ်ကြမယ်(နှလုံးသွင်းမှန်မှ ဉာဏ်ထက်မှာပါဘုရား) နှလုံးသွင်းမှန်မှ ဉာဏ်ထက်မယ်၊အနိစ္စရှိတာကို အနိစ္စရယ်လို့ နှလုံးသွင်းလို့ရှိရင်ဖြင့် ဉာဏ်က ကိလေသာကို ဖြတ်ချလိုက် တာပဲ(မှန်ပါ) ဒုက္ခရှိတာကို ဒုက္ခရယ်လို့ နှလုံးသွင်းလိုက်ရင် ဉာဏ်က

www.burmeseclassic.com

www.burmeseclassic.com



(ကိလေသာကို ဖြတ်ချပါတယ်ဘုရား) အနတ္တရှိတာကို အနတ္တရှိတယ်လို့ နှလုံးသွင်းမှန်လိုက်ရင်(ဉာဏ်က ကိလေသာကို ဖြတ်ပါတယ်ဘုရား) အင်း– အသုဘရှိတာကို အသုဘရှိတယ်လို့ ဉာဏ်က ကိလေသာကို ဖြတ်တော့တာပါပဲ (မှန်ပါ) ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ နှလုံးသွင်းမိရင်လဲ (ဉာဏ်က ကိလေသာကို ဖြတ်ပါတယ်ဘုရား) ဉာဏ်က ကိလေသာကို ဖြတ်တာပဲ (မှန်လှပါဘုရား)

နှလုံးသွင်းမမှန်လို့ရှိရင်ဖြင့် ဉာဏ်က တုံးသွားတာပဲ (မှန်ပါ) နှလုံးသွင်းမမှန်ရင် (ဉာဏ်တုံးသွားပါတယ်ဘုရား) ဒီနှစ်ခုကို မင်းတို့သတိထားလို့ရှိရင်တဲ့ သြော်–ငါနှလုံးသွင်း မှန်အောင် လုပ်ပြီးတော့ ဉာဏ်နဲ့ရှုမယ်ဆိုလို့ရှိရင် ပြတ်တာပါပဲ (မှန်ပါ) နှလုံးသွင်းမှန်မှုကို ပဓါနထားရမယ် (မှန်လှပါဘုရား)

ဒါဖြင့် ဒီနေ့ဟောတဲ့တရားမှာ နှလုံးသွင်းမှားနေလို့ရှိ ရင်ဖြင့် ဉာဏ်ဝင်ခွင့်ကို မရပါဘူး(မှန်ပါ) ဉာဏ်ဝင်ခွင့်မရလို့ ရှိရင်လဲ ကိလေသာရန်သူကို ဖျက်ဆီးဖို့ မဖြစ်နိုင်ပါဘူးဆိုတာကို သဘောပါကြပလား (ပါပါပြီဘုရား)ဒါဖြင့် ဒီအရေးဟာ ကြီးတာပေါ့နော် (မှန်ပါ) အဲဒါ ဘုရားကိုယ်တော်မြတ်ကြီးက ဟောတဲ့တရားလို့မှတ်ပါ (မှန်ပါ) ဘယ်သူ့အကြောင်းခံပြီး ဟောသလဲလို့မေးတဲ့အခါကျတော့မှ ပေါဋ္ဌိလရဟန်းကြီးကို အကြောင်းရင်းခံဟောတဲ့တရားလို့မှတ်ထားရမယ်နော်(မှန်လှပါ ဘုရား)

ပေါဋ္ဌိလရဟန်းကြီးဆိုတာက ခုနစ်ဘဝဘဲကွ၊ စာတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်ပြီး မာန်တက်နေတဲ့ရဟန်းကြီးပေါ့ (မှန်ပါ)ရဟန်းငါးရာ ကိုလဲ စာချနေတာပဲ၊ တစ်နေ့သဉ္ဈကျတော့ ဘုရားသခင်ကိုယ် တော်မြတ်ကြီးဆီကို ပေါဋ္ဌိလကသွားတယ် သွားတော့သူမှာ ဈာန်မဂ်ဖိုလ်က မရှိလေတော့ ကိုယ်တော်မြတ်ကြီးက အပျင်း ပေါဋ္ဌိလလာသလားကွလို့ နှုတ်ဆက်လိုက်တယ် (မှန်ပါ) နောက် ပေါဋ္ဌိလထပြန်တော့ အပျင်းပေါဋ္ဌိလပြန်တော့မလို့ လားကွနဲ့ သူလာရင် ဒီလိုချည်းပဲနှုတ်ဆက်တယ်၊ သူ့မာန်ကိုချိုးနှိမ်ချင် လို့နော်(မှန်ပါ) သူလာရင် ဒီလိုချည်းဘဲနှုတ်ဆက်တာပဲ သူကလဲ ပညာက မဂ်ပညာ၊ ဖိုလ်ပညာသာမရှိတာ ပိဋကတ်ဖက် ကတော့ တည့်တယ်ပေါ့ကွာ၊ ဩော် ငါမှာမဂ်ဉာဏ် ဖိုလ် ဉာဏ်မရလို့ ဒီလိုပြောတာပဲ၊ ဒီလိုနှုတ်ဆက်တာပဲ ဆိုတာကိုလဲ သူကရိပ်မိတယ် (မှန်လှပါဘုရား)

စာချည်းတတ်လာတာခုနှစ်ဘ၀နော် (မှန်ပါ)ယခုလဲ ရဟန်း ၅၀၀–ကိုစာချနေတာပဲဆိုတော့ စာဖက်ကလဲ ဆိုစရာမရှိဘူး ပေါ့ကွာ(မရှိပါဘုရား) ဒါကိုအဖျင်းပေါဋ္ဌိလလာသလား ကွ၊ အဖျင်းပေါဋ္ဌိက၊ ပြန်တော့မလို့လားကွလို့၊ဘုရားကိုယ်တော် မြတ်ကြီးကသူလာရင်၊ ဒီလိုချည်းနှုတ်ဆက်တယ်(မှန်ပါ) ဒါနဲ့သူကရိပ်မိတယ်။ ဩော်–ဈာန်မဂ်ဖိုလ်ကို ငါမရလို့ မဂ် ဉာဏ် ဖိုလ်ဉာဏ်မရလို့အခေါ်ခံရတဲ့ အခေါ်ပဲဆိုပြီးတော့ သူစိတ်ထဲမှာ မရရအောင်လုပ်မယ်ဆိုတဲ့စိတ် မောင်ချစ်စိန် ပေါ်လာတာပေါ့ (ပေါ်လာပါတယ်ဘုရား)

အဲဒါမှတ်ထားကြ စာနဲ့မပြီးဘူးဆိုတဲ့ဥစ္စာ မှတ်ထား ရမယ်

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ့) စာသိရုံနဲ့ဘာမှမပြီးဘူး (မပြီးပါဘုရား) ဒီကိုယ်တော်ထက်တော့ မချွန်နိုင်တော့ဘူးပေါ့ကွာ(မှန်ပါ) ပေါဋ္ဌိလထက်တော့မချွန်နိုင်ပေဘူး ဘုရားကိုယ်တော်မြတ်ကြီးလက်ထက်တော်ကနော် (မှန်လှပါဘုရား)

ဒါနဲ့ပေါဋ္ဌိလရဟန်းကြီးက ရဟန်း(၅၀၀)က ဆွမ်းခံထွက်နေတုန်းမှာပဲ... သူ့လဲသူ့သပိတ် ပရိက္ခရာလေးလွယ်ပြီး သကာလ ယူဇနာတစ်ရာ့နှစ်ဆယ်ဝေးတဲ့ တောထဲကို၊ တောထွက်သွားခဲ့တယ်။ အဲဒီတောထဲမှာလည်း ကိုရင်လေးကအစ ရဟန္တာသုံးကျိပ်နေကြတယ် (မှန်ပါ) ရဟန်းကြီးကစပြီး ကိုရင်လေးအထိအောင်တွက်ရင် သုံးဆယ်ရှိတယ်၊ အားလုံးကလည်း ရဟန္တာတွေချည်းပဲ (မှန်လှပါဘုရား)။

အားလုံးကရဟန္တာချည်းဖြစ်ပြီး သကာလနေတော့ အရှင်ဘုရားတပည့်တော်၏ ကိုးကွယ်ရာဖြစ်တော်မူပါဆိုးပြီး ရဟန်းအကြီးဆုံးကို သွားပြီးလျှောက်တယ် တပည့်တော်၏ ကိုးကွယ်ရာ ဆည်းကပ်ရာဖြစ်တော်မူပါဆိုတော့ အို... မင်းတို့က ဓမ္မကထိကတွေ စာတတ်ပေတတ်တွေ တို့ကမသိတောင် မင်းတို့ဆီကမေးရဦးမှာ မင်းတို့ကလှောင်သလို ပြောင်သလိုမလုပ်ပါနဲ့လို့ ရဟန္တာကပြောလိုက်တယ် ပထမအကြီးဆုံးရဟန္တာကနော် (မှန်လှပါဘုရား)

မဟုတ်ပါဘူးဘုရားတကယ်လိုချင်တာပါ၊ တကယ့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ နည်းလိုချင်ပါတယ်လို့ လျှောက် တာပေါ့ (မှန်ပါ) ကဲ–စာတတ်နေရုံနဲ့ နည်းမပါဘူးဆိုတာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးနော်(သေချာပါတယ်ဘုရား) အဟုတ်လိုချင်တာလား လို့ အဲဒီကျတော့မှ ရဟန္တာကြီးကမေးတယ်၊ အဟုတ်လိုချင် ပါတယ်ဆိုတော့မှ ကဲကွာ၊ဟောဟိုဘက်က ငါ့ထက်ငယ်တဲ့ ရဟန်းဆီသွားလို့လျှောက်ချေပါသူ ပေးပါလိမ့်မယ်ဆိုးပြီး ဟိုတစ်ဖက်ကို လှည့်ပေးလိုက်တယ်နော်(မှန်လှပါဘုရား)။

တစ်ဖက်ကိုရောက်ပြန်တော့ အရှင်ဘုရားတပည့်တော် ၏ ကိုးကွယ်ရာဖြစ်တော်မူပါလို့ သွားလျှောက်ပြန်တာပဲ၊ ဟာ— အရှင်ဘုရားကိုက စာတတ်ပေတတ်တွေပဲ တပည့်တော်တို့က မသိရင် အရှင်ဘုရားတို့ဆီတောင် မေးရဦးမှာ လှောင်သလိုလို ပြောင်သလိုလိုနဲ့ မလာပါနဲ့လို့ အစရှိသည်နဲ့ ပြောကြ၊နှိမ် ကြတာပေါ့ကွာ(မှန်ပါ) နှိမ်ကြတဲ့အခါကြတော့ ပေါဋ္ဌိလရဟန်း ကြီးက မဟုတ်ပါဘူး၊ တကယ်လိုချင်တာပါ သနားသဖြင့် ပေးတော်မူပါလို့ တောင်းပန်တာပေါ့(မှန်ပါ) သနားသဖြင့် ပေးတော်မူပါလို့တောင်းနေတော့ အဟုတ်လိုချင်တာလားလို့ မေးပြန်တာပေါ့ကွာ၊ ဒါနဲ့အဟုတ်လိုချင်ပါတယ်လို့ သူ့ဆီက အဖြေထွက်လာတယ်နော် (မှန်လှပါဘုရား)။

ဒါဖြင့်တပည့်တော်ထက်ငယ်တဲ့ ဟိုကိုယ်တော်ဆီ သွားပါလို့ လွှဲချလိုက်ပြန်တယ် စာမာန်တွေနှိမ့်သွားအောင်လိုကွ (မှန်ပါ) သူ့မာန်တွေ အောက်ကျသွားအောင်လို့(မှန်လှပါဘုရား)။

ဒါနဲ့ ဒီလို၊ဒီလိုနဲ့သွားလိုက်တာ၊တစ်နေရာမှာ သင်္ကန်း ချုပ်နေတဲ့ အယောက်သုံးဆယ်မြောက် ကိုရင်ကလေးဆီ ရောက်ကရော ဆိုကြပါစို့ကွာ(မှန်ပါ)၊ ဒါနဲ့ ကိုရင်လေးဆီကို

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကိုယ်တော်ကြီးကလက်အုပ်ချီပြီး သကာလ၊ အရှင်ကိုရင်လေး၊ ကျွန်ုပ်၏ ကိုးကွယ်ရာဖြစ်တော်မူပါလို့ ခုနက အတိုင်းပြောတော့ ကိုရင်လေးက အရှင်ဘုရား တို့ဆီကတောင်မှ မသိရင်မေးရ၊ စစ်ဆေးရဦးမှာပဲ၊လျှောက်ထားရဦးမှာပဲဆိုတော့၊ မဟုတ်ပါဘူးကိုရင်၊ တကယ်လိုချင်တာပါ၊ စာတတ်တာဟာ စာတတ်တာပါပဲ၊ ဒီဉာဏ်စခန်းပေးတာက၊ ဉာဏ်စခန်းပေးတာ၊ တစ်ခြားစီပါလို့ ပြောလိုက်ပါတယ် (မှန်ပါဘုရား)

အဟုတ်လိုချင်တာလားလို့ ကိုရင်လေးကမေးပြန်တာပဲ (မှန်ပါ) အဟုတ်လိုချင်ပါတယ်လို့ ပြောတော့မှ ကိုရင်လေး ကတော့ မယုံသေးဘူးပေါ့ကွာ(မှန်ပါ) ဟိုဘက်နားမှာရေကန် ကြီးရှိတယ်။ အရှင်ဘုရားမြင်ရဲ့လား၊ မြင်တယ်။အဲဒီအထဲကို အခုရုံလာတဲ့သင်္ကန်းတွေနဲ့ ဆင်းရမယ်၊ သူကလဲပဲ မီးထဲခုန်ချဆို ခုန်ချပါမယ်လို့တောင် တာဝန်ခံထားတာကိုး(မှန်ပါ) ကိုရင်လေး တို့ဆီက နည်းရရင်တော်ပါပြီ။ မီးထဲခုန်ဆင်းမှ မဂ်ဖိုလ်ရမယ်ဆို မီးထဲခုန်ဆင်းပါမယ်လို့နော် (မှန်လှပါဘုရား)

ကဲကောင်းပြီ၊ ဒါဖြင့် ဟိုနားမှာ ရေကန်ရှိတယ် အခု ပါတဲ့ သင်္ကန်းတွေနဲ့ တစ်ခါတည်းရေကန်ထဲ ‌ဲတောက်လျှောက် ဆင်းရမယ်လို့ ကိုရင်လေးက အမိန့်ထုတ်လိုက်တယ် (မှန်ပါ) မောင်ချစ်စိန်ဆင်းရရှာတာပေါ့ကွာ(မှန်ပါ)ဆင်းတော့ သူ့သင်္ကန်း ကြီးကို ရေစိုခါနီးမှ ကိုရင်လေးက ပြန်ခေါ်လိုက်တယ်၊ ကဲကိုယ် တော်ကြွကြွ၊ ဒီလာခဲ့ပေတော့ဆိုပြီး၊ နည်းပေးတော့တယ်၊ အရှင် ဘုရား-ဒါကိုမှတ်ထားပါ၊ မင်းတို့အားထုတ်ဖို့ အစဉ်ရပြီး

www.burmeseclassic.com



(မှန်လှပါဘုရား)

တောင်ပို့တစ်ခုမှာ အပေါက်ခြောက်ပေါက်ရှိတယ်၊ အပေါက်က ခြောက်ပေါက်ရှိတယ်၊ တောင်ပို့တစ်ခုမှာနော် (မှန်ပါ) အဲဒီအထဲကို ဖွတ်တစ်ကောင်ဝင်သွားတယ်ဆိုရင်၊ အရှင်ဘုရားဘယ်နှယ့်လုပ်ဖမ်းမလဲလို့ မေးတာပါပဲ၊ဖွတ်တစ်ကောင်ကဝင်သွားတယ် ဘယ်နှယ့်လုပ် အရှင်ဘုရားဖမ်းမလဲဆိုတော့၊ ဟာ–ကိုရင်လေးရ၊ငါးပေါက်ပိတ်ပြီး ကျန်တစ်ပေါက်ကနေစောင့်ပြီးဖမ်းရမှာပေါ့လို့ ဆိုလိုက်တော့ ကိုရင်လေးက၊ ကောင်းပြီ အဲဒီအတိုင်းပဲအလုပ်လုပ်ပါဆိုပြီး အလုပ်လုပ်ဖို့ ခိုင်းပြီကောကွာ(မှန်လှပါဘုရား)

မင်းတို့ဝိပဿနာအားထုတ်မယ်ဆိုတော့၊ ဒီမျက်လုံး၊ နားခေါင်း၊ လျှာ၊ ကိုယ်ပေါက်တွေကို ပိတ်ထားပြီး မနော(ပေါက်)တစ်ခုတည်းကနေ ရှုပါလို့ ပြောနေတာ(မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်အပေါက်ကနေရှုခိုင်းတာပါလိမ့် (မနောပေါက်က အရှုခိုင်းတာပါဘုရား) မနောပေါက်တစ်ခုထဲကနေပြီး သကာလခန္ဓာကိုယ်မှာ နှလုံးသွင်းကောင်းကောင်းနဲ့ ဖြစ်ပျက်ကိုရှုပါလို့ ခိုင်းလိုက်တော့ ခုန က ပေါဋ္ဌိလရဟန်းကြီးက မောင်ချစ်စိန်နည်းရပြီ သူကလဲ ပညာသည့်တာမှ အဟုတ်ပဲ(မှန်ပါ) ဒါနဲ့ သူတောထဲမှာသွားပြီး အားထုတ်တယ်၊ ငါးပေါက်ကဟာတွေကို သူလက်မခံဘဲနဲ့ တစ်ပေါက်တည်းကနေပြီး လာတာတွေကို အကုန်ရှုတာပေါ့ကွာ(မှန်ပါ) မျက်လုံးပေါက်လည်း ဝိပဿနာမရှုဘူး၊ နားပေါက်ကလည်း မရှုဘူး၊

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းပေါက်ကလည်းမရှုဘူး၊လျှာပေါက်ကလည်း မရှုဘူး၊ ကိုယ်ပေါက်ကလည်းမရှုဘူး၊ မနောပေါက်တစ်ပေါက် တည်း ကနေပြီးရှုတယ်(မှန်ပါ) ကျန်တာတွေကိုအကုန်လုံး ပိတ်ထား တယ်(မှန်ပါ) ရှင်ကြပလား(ရှင်းပါပြီဘုရား)

ဝိပဿနာရှုရင် ဘယ်အပေါက်ကနေပြီးရှုရမယ် (မနော ပေါက်ကရှုရမှာပါဘုရား) မနောပေါက်တစ်ပေါက်တည်းကနေ ရှုကျန်တဲ့အပေါက်ပိတ်ထားပါ (မှန်ပါ) ကျန်တဲ့ငါးပေါက်ကို အရေးမထားပါနဲ့၊ မနောပေါက်တစ်ပေါက်တည်းက ကျန်တာ တွေကို အကုန်ရှုပစ်(မှန်ပါ) ရှင်းပလား(ရှင်းပါပြီဘုရား) မျက်လုံးပေါက်ကနေ ရှုမနေနဲ့လို့ပြောတာ(မှန်ပါ) နားပေါက်က မရှုရပါဘုရား၊ နှာခေါင်းပေါက်က (မရှုရပါဘုရား)လျှာပေါက်က (မရှုရပါဘုရား) ကိုယ်ပေါက်က (မရှုရပါဘုရား) မနောပေါက် ကနေပြီးတော့လာတာကို စောင့်ရှုပါ(မှန်ပါ) စောင့်ဖမ်းပြောတာ (မှန်လှပါဘုရား)

ဒါဖြင့် မျက်လုံးပေါက်က မြင်စိတ်လာလည်း၊ မနောပေါက် ကရှု (မှန်ပါ) မျက်လုံးပေါက်ကသိစိတ်လာရင်ကော (မနော ပေါက်ကရှုရမှာပါဘုရား)ဒါမှတ်ထားပါ မနောတည်းချည်း ရှုရမှာနော်(မှန်ပါ) နှာခေါင်းပေါက်နံ့စိတ်၊ သိစိတ်လာရင်ကော (မနောပေါက်ကရှုရမှာပါဘုရား) မနောပေါက်ကချည်းရှု (မှန်ပါ) အဲလျှာပေါက်ကစားစိတ်၊ သိစိတ်လာရင်ကော (မနောပေါက်က ရှုရမှာပါဘုရား) မနောပေါက်ကရှုပေးပါ ဒါ–မလွဲပါစေနဲ့ (မှန်ပါ) ကိုယ်ပေါက်က၊ ယားစိတ်၊ယံစိတ်၊ သိစိတ်လာရင်ကော

www.burmeseclassic.com

www.burmeseclassic.com



(မနော‌ပေါက်ကရှုရမှာပါဘုရား) မနော ပေါက်ကပဲရှုပေးပါ ဆိုတော့ ဒီပြင်အပေါက်တွေ ပိတ်ပြီးသား မကျဘူးလား (ကျပါတယ်ဘုရား) ဒီတစ်ပေါက်တည်းဖွင့်ရှု နေတာ (မှန်လှပါ ဘုရား)

ဒီတစ်ပေါက်တည်း ဖွင့်ရှုပြီးသကာလနေတော့ ဘုရား ကိုယ်တော်မြတ်ကြီးက ကျောင်းတော်ကနေ အင်းငါတပည့်တော့ တရားအားထုတ်နေပြီးဆိုတာ သိနေတယ် (မှန်ပါ)ဒါက ကိုရင်လေးကသင်ပေးနေတာနော် (မှန်ပါ) ဘယ်သူကသင်ပေး နေတာတုံး (ကိုရင်လေးကသင်တာပါဘုရား) ကိုရင်လေးက သင်ပေးတာ၊တောင်ပို့မှာခြောက်ပေါက်ရှိတယ်၊ ဖွတ်ဝင်သွား လို့ရှိရင် ငါးပေါက်ပိတ်ပြီး ကျန်တစ်ပေါက်နဲ့ ဖမ်းပါဆိုတော့ ကျန်တဲ့ငါးပေါက်က ဝိပဿနာမရှုနဲ့ (မှန်ပါ)မနောပေါက် တစ်ပေါက်တည်းကလာတာကိုရှုပေးပါ (မှန်ပါ)သဘောပေါက် ပြီနော်(ပါပါပြီဘုရား)

ဒါဖြင့်မင်းတို့ဝိပဿနာရှုတော့ကို ဘယ်နှယ့်လုပ်ကြမှာတုံး (မနောပေါက်ကရှုရမှာပါဘုရား) မနောပေါက် တစ်ပေါက် တည်းကနေ ကျန်တဲ့အပေါက်ကလာတဲ့ ဥစ္စာတွေကို အကုန် ဖမ်းရှု(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒါ နှလုံးသွင်း ကောင်းကောင်းနဲ့ ဉာဏ်ထက်ထက်နဲ့သာ လုပ်လို့ ရှိရင်ရမယ် (မှန်ပါ) နှလုံးသွင်းမှန်မှန်နဲ့ဉာဏ်ထက်ထက်သာ ရှုလိုက်လို့ ရှိရင်(ရမှာပါဘုရား)ရပါတယ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ဟာ ဝေးတာ မဟုတ်ပါဘူးနော်၊ နိဗ္ဗာန်မဂ်ဖိုလ်ဟာ မဝေးပါဘူး(မှန်လှ

www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား)

အဲဒီလိုအားထုတ်ပြီး ပေါဋ္ဌိလကြီးက ကိုရင်လေးပေးတဲ့ နည်းအတိုင်း ဒွါရခြောက်ပေါက်ရှိတဲ့အထဲက တစ်ပေါက်တည်း ကနေ အရှင်ဘုရားကရှုပါ၊ ကျန်ငါးပေါက်ကဟာတွေကို ဂရုစိုက်မနေနဲ့၊ မျက်လုံးပေါက်ကနေ ဝိပဿနာမရှုနဲ့၊ မျက်လုံး ပေါက်လာတဲ့စိတ်ကိုတော့ မနောပေါက်ကနေ ဝိပဿနာရှုပေါ့ ကွာ(မှန်လှပါဘုရား)

ဒီတင်မှ ပေါဋ္ဌိလရဟန်းကြီးက တောထဲမှာ မရမနေ ဘူးကွဆိုပြီးတော့ ဝီရိယတွေစိုက်ပြီးသကာလရှုလိုက်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက ကျောင်းတော်ကနေပြီး သူ့အနား ကပ်ပြီးဟောသလိုဟောရသေးတယ် (မှန်လှပါဘုရား)

ယောဂါဝေ ဇယတေဘူရိ၊ အယောဂဘူရိသင်္ခယော။
ဧတံဒွေဓာပထံဉတွာ၊ ဘဝါယဝိဘဝါယစ။
တထတ္တာနံ နိဝေသေယျ၊ ယထာဘူရိပဝဍ္ဎတိ။

ဒါဘုရားကိုယ်တော်မြတ်ကြီးဟောတဲ့ ဂါထာ(မှန်ပါ)၊ယောဂါ နှလုံးသွင်းခြင်းကြောင့် ဘူရိ၊ ပညာသည်၊ ဇာယတေ= ပွားများလာ၏ (မှန်ပါ) အယောဂါ=နှလုံးသွင်းမှားလို့ရှိရင်။ ဘူရိသင်္ခယော=ပညာ၏ ကုန်ခမ်းခြင်းသည် ဟောတိ=ဖြစ်၏ နှလုံးသွင်းမှားရင် ပညာကိုမလာတော့ဘူး (မှန်ပါ) ဘဝါယစ ဉာဏ်ပညာကြီးခြင်း၏လည်းကောင်း၊ ဝိဘဝါယစ=ဉာဏ်ပညာ သေးခြင်း၏လည်းကောင်း၊ ဧတံဒွေဓာပထံ=ဤနှစ်ခုသော အကြောင်းကို။ ဉတွာ=သိ၍အတ္တာနံ=မိမိကိုယ်ကို၊

www.burmeseclassic.com

www.burmeseclassic.com



ဟာထာ=ထိုသိသောအခြင်းအရာအားဖြင့် နိဝေသေယျ= နှလုံးသွင်းရာ၏"ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့် (နိဝေသိယမာနေ-နှလုံးသွင်းအပ်သည်ရှိသော်) ဘုရိပညာသည် ပဝဍ္ဎတိ၊ တိုးပွား၏။"

ဩော်-နှလုံးသွင်းကောင်းမှ ဉာဏ်ကြီးမှာဘဲဆိုတဲ့ ဥစ္စာကိုအဓိကထားရတယ်(မှန်ပါ)။ ဘယ်လိုမှတ်ကြမယ် (နှလုံးသွင်းကောင်းမှ ဉာဏ်ကြီးမှာဘုရား)။ အဲ-နှလုံးသွင်းတည်ဖို့ ရာဟာ သိပ်အရေးမကြီးဘူးလား(ကြီးပါတယ်ဘုရား)။ နှလုံးသွင်း မှန်မှ ဉာဏ်ထက်မယ်(မှန်ပါ)ဘယ်လိုမှတ်ကြမယ် (နှလုံးသွင်း မှန်မှ ဉာဏ်ထက်ပါတယ်ဘုရား)။ နှလုံးသွင်းမှန်မှ ဉာဏ်ထက်မယ်၊ နှလုံးသွင်းဆိုတာဘာတုံးအနိစ္စရှိရင် အနိစ္စလို့နှလုံးသွင်း ဖြစ်ရမယ်(မှန်ပါ)။ ဒုက္ခရှိရင် (ဒုက္ခလို့နှလုံးသွင်းရမှာပါဘုရား)အနတ္တရှိရင် (အနတ္တလို့နှလုံးသွင်းရမှာပါဘုရား' အသုဘရှိရင် (အသုဘလိုနှလုံးသွင်းရမှာပါဘုရား) အေးဒုက္ခသစ္စာရှိရင် (ဒုက္ခသစ္စာလို့နှလုံးသွင်းရမှာပါဘုရား) အေး-အဲဒါနှလုံးသွင်း မှန်ဆိုတာဒီငါးချက်၊ တစ်ချက်ချက်မိရင် ဒါနှလုံးသွင်းမှန်တာပဲ (မှန်ပါ) ဒီငါးချက်တစ်ချက်ချက်မိလို့ရှိရင် ဘယ်နှယ့်ဆိုကြမယ် (နှလုံးသွင်းမှန်လို့ပါဘုရား) နှလုံးသွင်းမှန်တာပဲ။

အဲဒီလိုဘုရားကိုယ်တော်မြတ်ကြီးက၊ ကျောင်းတော် ကနေ ဟောလိုက်တော့မင်းနှလုံးသွင်းမှန်မှန်ထား၊ ဒါမှဉာဏ်ထက်လာလိမ့်မယ်၊ ကျောင်းတော်ကနေဟောနေတာနော်(မှန်ပါ) သို့သော်လည်း သူနားထဲမှာ တော့ဖြင့် ဒီနားမှာကပ်ဟောနေ

www.burmeseclassic.com

www.burmeseclassic.com



သလို ကြားရတာပဲ တန်ခိုးနဲ့ဟောတာကိုးကွ၊ (မှန်ပါ) နှလုံးသွင်းမှန်မှန်ထား၊ ဒါမှဉာဏ်ထက်မယ်နဲ့ ဒါချည်းဟောနေတာပဲ(မှန်ပါ)မြန်မာလိုပြန်လိုက်တော့ ဉာဏ်ကြီးကြီးထားပြီး နှလုံးသွင်းမှန်ပေ့စေ၊ဉာဏ်သေးသွားပြီး၊ နှလုံးသွင်းမှန်လို့ရှိရင်ဖြင့် မဂ်ဉာဏ်ဟာ ပြောက်သွားလိမ့်မယ်(မှန်ပါ) အဲဒါဟာ မင်းကြီးပွားခြင်း၊ မကြီးပွားခြင်းမဂ်ဖိုလ်ရခြင်းမရခြင်းပဲ၊ မင်းဒီနှစ်ခုကို အတည်ပြုပြီးသကာလ မှတ်ပါလို့ ဘုရား ကိုယ်တော်မြတ်ကြီးက ကျောင်းတော်ကနေ ဟောနေပါတယ် (မှန်ပါဘုရား)။

အဲဒီတင် သူသည်နှလုံးသွင်းမှန်မှန်နဲ့ ကြိုးစားတာပဲ၊ အနိစ္စရှိလို အနိစ္စနှလုံးသွင်းမယ် ဉာဏ်ထဲလဲအနိစ္စလိုပဲရှုလိုက်တယ် (မှန်ပါ)။ ဒုက္ခရှိလို့ ဒုက္ခနှလုံးသွင်းပြီးတော့ ဉာဏ်ကတော့ (ဒုက္ခလိုရှုလိုက်ပါတယ်ဘုရား) ဒုက္ခလို့ရှုလိုက်တော့ ကိလေသာရန်သူတို့ ဝင်ခွင့်ရသေးလား (မရတော့ပါဘုရား) အနတ္တရှိလို့ အနတ္တနှလုံးသွင်းလိုက်ပြန်တော့ကော(ကိလေသာရန်သူတို့မဝင်နိုင်တော့ပါဘုရား) မဝင်နိုင်တော့ဘူး။ ဉာဏ်ကဖြတ်ချလိုက်တာနော်(မှန်ပါ) နှလုံးသွင်းမှန်ရင် ဉာဏ်ကဖြတ်တာပါပဲ (မှန်ပါ) နှလုံးသွင်းမှန်ရင် (ဉာဏ်ကဖြတ်ပါတယ်ဘုရား) နှလုံးသွင်း မှားရင်တော့ဖြင့် ဉာဏ်မပါတော့ဘူးလို့မှတ်ကြပါ (မှန်ပါ) သဘော ပါကြပလား (ပါပါပြီဘုရား)

ဒါဖြင့်–ခုနက ပြောခဲ့တာက သူဝတ္ထုကို ကောက်ပင်ရိတ်သလိုမှတ်ရမယ်နော်(မှန်ပါ) ကောက်ပင်ကို တစ်ဖက်ဆုပ်ပြီး မြိမှသာလျှင် တံစဉ်နဲ့ဖြတ်လို့ရတယ်(မှန်ပါ) မမြိလို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



(မရပါဘုရား) တံစဉ်းနဲ့ဖြတ်လိုမရပါဘူးတဲ့ ဘာကြောင့်တုံးလို့ မေးတဲ့အခါကျတော့ နှလုံးသွင်းနဲ့ကိုင်ထားတာနဲ့တူတယ်ကွဲ (မှန်ပါ) ဉာဏ်နဲ့တံစဉ်ဖြတ်တာနဲ့တူတယ် (တူပါတယ်ဘုရား) သဘောပါကြပဘား(ပါပါပြီဘုရား)

အဲဒီသဘောပါတော့မှ ခန္ဓာကိုယ်ကို ဒီကပြန်တဲ့အခါမှာ အခုတရားနာတဲ့လူတွေက ခန္ဓာကိုယ်ကိုကြည့် (မှန်ပါ) ဟိုနေရာ ကယားလား၊ ဒီနေရာကနာလား၊ ဟိုနေရာကစပ်လား၊ ဒီနေရာကညောင်းလား၊ ဒါလေးတွေဟာဝေဒနာလေးတွေပေါ့ကွာ နှလုံးသွင်းမှန်ပြီး (မှန်ပါ) ဒါလေးတွေဟာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး ဝေဒနာလေးတွေပဲလို့ နှလုံးသွင်းမှန်လာပြီဆိုလို့ရှိရင်ဖြင့် ဉာဏ်ကဖြစ်ပျက်ကို တွေ့တော့တာပဲ (မှန်ပါ) ဉာဏ်က ဖြစ်ပျက်တွေ့လို့ရှိရင်ဖြင့် ကိလေသာဖြစ်တဲ့လောဘ၊ ဒေါသ၊ မောဟတွေကကော လာခွင့်ရသေးရဲ့လား(မရတော့ပါဘုရား) ဘယ်တော့ရမလဲတဲ့၊ နှလုံးသွင်းက မှန်ထားတော့ ဉာဏ်က ဖြတ်လိုက်ပြီလေ (မှန်လှပါဘုရား)

ဒါဖြင့်နှလုံးသွင်းမှန်ဖို့ဆိုတာဟာ အင်မတန်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား(ပေါ်ပါပြီဘုရား) နှလုံးသွင်းမှား ရင် အာသဝကလာတော့မယ်(မှန်ပါ) ဒါကိုပြောင်းပြန် ပြန်မှတ်ပါ (မှန်ပါ) နှလုံးသွင်းမှားရင် (အာသဝလာမှာပါဘုရား)

ဉပမာ–ပန်းကလေးတပွင့်ကို အင်း–ဒီဉစ္စာလေးဟာ အနိစ္စလို့ နှလုံးမသွင်းပဲနဲ့လှတယ်လို့ နှလုံးသွင်းလိုက်လို့ရှိရင် လိုချင်တယ်ဆိုတဲ့ ကာမာသဝလာတယ်(လာပါတယ်ဘုရား) မလာပေ

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ (မှန်ပါ) လိုချင်တယ်ဆိုတဲ့လောဘဟာမလာပေဘူးလား (လာပါတယ်ဘုရား)ဒါဘာဖြစ်သွားတာတုန်း (နှလုံးသွင်းမှား လို့ပါဘုရား) နှလုံးသွင်းမှားလို့ရှိရင် အာသဝဆိုတဲ့ လောဘ တွေအကုန်လာတော့တာပဲ (မှန်ပါ) သဘောကျပလား (ကျပါ ပြီဘုရား)

ဥပမာ–ကိုယ်ရှေ့မှာသွားနေတဲ့ ကလေးမလေးတစ် ယောက်ကိုဖြစ်စေ၊ ကလေးလေးတစ်ယောက်ကိုဖြစ်စေ ကြည့်ရ တာအမြင်ကပ်လိုက်တာဆိုရင် နှလုံးသွင်းမှားနေတော့ တစ်ခါ တည်းဒေါသတွေ မောဟတွေ မလာဘူးလား(လာပါတယ် ဘုရား)

ဒါဖြင့်–ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကျောင်းတော် ကနေ ဟောနေတာကို မင်းတို့ရိပ်မိပလား၊ နှလုံးသွင်းမှန်မှ ဉာဏ်ထက်မယ်ကွ (မှန်ပါ) ဘယ်လိုဟောတုံး(နှလုံးသွင်းမှန်မှ ဉာဏ်ထက်မှာပါဘုရား) နှလုံးသွင်းမှားရင်အာသဝလာမယ် (မှန်ပါ) နှလုံးသွင်းမှားရင်(အာသဝလာမှာပဲ၊ အာသဝလာလို့ရှိ ရင်ဖြင့် နိဗ္ဗာန်နဲ့ဝေးပြီလို့သာမှတ်လိုက်ပါ(မှန်ပါ) အာသဝလာ လို့ရှိရင်(နိဗ္ဗာန်နဲ့ဝေးပါပြီဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)

ဒါဖြင့်–ဘာအရေးကြီးတုံးကွ(နှလုံးသွင်းမှန်ဖို့အရေးကြီး ပါတယ်ဘုရား) နှလုံးသွင်းမှန်တဲ့ဉာဏ်လာရင် ကိလေသာ ဖြတ်တာပဲကွ(မှန်ပါ) သဘောပါပလား(ပါပါပြီဘုရား)ဉာဏ်က ကိလေသာကို ဖြတ်တယ် နှလုံးသွင်းမှားရင် အာသဝက ချက်ချင်းဝင်လာတယ်(မှန်ပါ) သဘောပါပလား(ပါပါပြီဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါလားတဲ့ လမ်းသွားတဲ့အခါကျလို့ရှိရင်ဖြင့် မကောင်းတဲ့ အပုပ်နံ့လေးတွေကိုရလို့ရှိရင်ဖြင့် အို-ဒီနွားနေတဲ့ လူတွေက အတော်ဆိုးဂါးတဲ့လူတွေပဲ (မှန်ပါ) ဒီအနံ့ကလေး သိတဲ့စိတ်ကလေးကို အနံ့ကိုအပုတ်ပဲ၊ အသုဘာပဲလို့ နှလုံး မသွင်းပဲနဲ့ မည်သူမည်ဝါလုပ်ထားတာပဲလို့ နှလုံးသွင်း လိုက်လို့ ရှိရင် အသာဝကတစ်ခါတည်းလာတော့တာပဲ (မှန်ပါ) မလာ ပေဘူးလား(လာပါတယ်ဘုရား) လာတယ်တဲ့၊ နှလုံးသွင်း မှန်မှန်နဲ့ အနံ့သိတဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်မဂ်လာလိုက်လာတော့ မင်းတို့မြင်တဲ့အတိုင်းပဲ ပဋိစ္စ သမုပ္ပါဒ်ပြတ်ထွက်သွားတယ် (မှန်ပါ) မပြတ်ဘူးလား (ပြတ်ပါ တယ်ဘုရား)

ဒါဖြင့် ယနေ့ညတရားမှာ ဘာအရေးကြီးတုံးကွ(နှလုံးသွင်း မှန်ဖို့အရေးကြီးပါတယ်ဘုရား)နှလုံးသွင်းမမှန်ရင် ဉာဏ်ပိုလာ ရတယ် (မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)

ကဲဒါဖြင့်မင်တို့အတွက်ကတော့ ဘယ်လိုစဉ်းစားရမှာ တုံးဆိုရင်နှလုံးသွင်းမှန်ပြီးဝီရိယ မလျော့ကျလို့ရှိရင်ဟုတ်လား (မှန်ပါ) အဲဒီတော့တစ်ဖက်ကလဲကိုင်ပေါ့ကွာ (မှန်ပါ)ဝီရိယ ကလဲ တံစဉ်ရိုးကိုမြဲစွာဆုပ်ဟုတ်လား (မှန်ပါ)ပြီးတော့မှ တံစဉ်သွားနဲ့ ဖြတ်လို့ရတယ်(မှန်ပါ) ဝိရိယလက်ကမမြဲပြန် ရင်(ဖြတ်လို့မရပါဘုရား) တံစဉ်လွတ်သွားပြန်လိုရှိရင်လဲ ရပါ့မလား(မရပါဘုရား)

ဒါဖြင့်နှလုံးသွင်းမှန်ပြီး ဝိရိယနဲ့များများအားထုတ်မှသာ

www.burmeseclassic.com

www.burmeseclassic.com



လျှင်ဉာဏ်ထက်မယ်(မှန်ပါဘုရား)သဘောကျပလား(ကျပါပြီဘုရား)ဒါပြင်နှလုံးသွင်းလဲမှန်ရမယ်ဝီရိယကလည်း(စိုက်ရမှာပါဘုရား) စိုက်ရမယ် ဒါမှဉာဏ်ထက်မယ်(မှန်ပါ)ဒါပြင် ဉာဏ်အကူအညီယနေ့ညပြောတာဘယ်နှစ်ခုလဲ(နှစ်ခုပါဘုရား)ဉာဏ်အကူအညီလေနှလုံးသွင်းမှန်ဖို့၊ ယောနိသော၊ မနသိကာရကတစ်ချက်(မှန်ပါ)ရှင်းပလား(ရှင်းပါပြီဘုရား)ဝီရိယစိုက်ဖို့က (တစ်ချက်ပါဘုရား)အဲဒါမှ ဉာဏ်ထက်မယ်(မှန်ပါဘုရား)။

ဒါဖြင့်–ဉာဏ်ဟာလောကီဥပမာ ငါပြောလိုက်မယ်၊ မင်းတို့ရှင်းပါတယ်။ ဓါးတစ်ချောင်းကိုသွေးပြီး မကိုင်ဘဲချထား ရင်သူ့အလိုလိုပြတ်ရိုးထုံးစံမရှိပါဘူး (မှန်ပါ)ရှိကြရဲ့လား(မရှိပါဘုရား) ဘယ်ရှိမလဲတဲ့ ဓါးတစ်ချောင်းကို သွေးပြီးသကာလဒီအတိုင်းချထားလို့ရှိရင် ဘာမှမပြတ်ပါဘူး၊ လက်နဲ့ကိုင်ဦး(မှန်ပါ) မဟုတ်ဘူးလား(မှန်ပါ) လက်နဲ့ကိုင်ရုံနဲ့ ဒီဘက်လက်ကခုနကောင်ပင်ကို မ–မထားလို့ရှိရင်လဲပြတ်ပါမလား(မပြတ်ပါဘုရား)

ဒါဖြင့်–နှလုံးသွင်းမှန်မှုနဲ့ ဝီရိယစိုက်မှုရှိမှသာလျှင်ဉာဏ်သည်ကိလေသာကိုပြတ်တယ်(မှန်ပါ)ဒါတော်တော်အရေး ကြီးတဲ့စကားတွေ (မှန်ပါ) တော်တော်အရေးကြီးပါတယ်တဲ့၊ ဒါဖြင့်မင်းတို့နှလုံးသွင်းမှန်မှုကလဲအရေးကြီးတယ်(မှန်ပါ) ဝီရိယဆုပ်ကိုင်မြဲမှုကကော (အရေးကြီးပါတယ်ဘုရား) ဝီရိယကူညီမှု(မှန်ပါ) အရေးကြီးတယ်ဆိုတာသေချာပလား (သေချာပါပြီဘုရား)

www.burmeseclassic.com

www.burmeseclassic.com



ဒါမှသာလျှင် ဉာဏ်သည်မင်းတို့၏ အကူအညီနှစ်ခုရမှသာလျှင် ဉာဏ်က ကိလေသာကိုဖြတ်မယ်(မှန်ပါ) ဒီအကူအညီနှစ်ခုကင်းခဲ့သော် ဉာဏ်က ကိလေသာကို ဖြတ်နိုင်ပါမလား (မဖြတ်နိုင်ပါဘုရား) ဒါဖြင့်ဉာဏ်စခန်းဉာဏ်စခန်းဆိုပေမယ့်လဲ ဉာဏ်၏အကူအညီကင်းလို့မရဘူး (မရပါဘုရား) သဘောပါပလား (ပါပါပြီဘုရား)

ဉာဏ်စခန်းတော့ ဉာဏ်စခန်းပါပဲ(မှန်ပါ) ဉာဏ်ကဖြတ်တာပါပဲ၊ ဒီပြင်ဟာတွေကတော့ ဖြတ်တာမဟုတ်ပါဘူး (မဖြတ်ပါဘုရား) ဒီအကူအညီအထောက်အပံကင်းလို့ရကိုမရဘူး (မှန်ပါဘုရား)

ဒါဖြင့် နှလုံးသွင်းမှန်မှု အကူအညီကတစ်ချက်(မှန်ပါ) ဝီရိယမြဲမြံမှုက(တစ်ချက်ပါဘုရား) ဤနှစ်ခုသာလျှင် ကြိုးစားကြမယ်ဆိုလို့ရှိရင်ဖြင့် ဉာဏ်သည်ကိလေသာသံသရာကြီးကို ဖြတ်စေနိုင်တယ်ဆိုတဲ့ဥစ္စာကို မင်းတို့သံသယမရှိဘဲနဲ့မှတ်ရမယ်(မှန်ပါ) သဘောပါကျပလား(ပါပါပြီဘုရား)

ဒါဖြင့် ဒီပေါ်ဒွိလကြီးဘာဖြစ်သတုံးလို့မေးတော့ ဘုရားကိုတော်မြတ်ကြီးက မင်းတို့နှလုံးသွင်းလဲ မှန်ဉာဏ် ဝီရိယလေးလဲစိုက်ကွ(မှန်ပါ) အဲဒါမှ ဉာဏ်ထက်မယ်ဆိုတော့ သူရှုလိုက်တာပေါ့ကွာ(မှန်ပါ) နှလုံးသွင်းမှန်မှန်နဲ့ရှုလိုက်တော့ ရဟန္တာကိုဖြစ်သွားတယ်(မှန်ပါ) မဂ်လေးပါးတန်းရတယ် (မှန်ပါ) မဂ်လေးပါးတန်းပြီးသကာလရတယ်ဆိုတော့ ဪ– ဒီနှစ်ခုနဲ့ပြီးသွားတာကိုဆိုတာအားလုံးတရားနာတဲ့ ပုဂ္ဂိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းသွားမှာပါ(ရှင်းပါတယ်ဘုရား)

ဘယ်နှစ်ခုပါလိမ့် (နှစ်ခုပါဘုရား) ဘယ်သူဘယ်သူပါလိမ့် (နှလုံးသွင်းမှန်မှုနဲ့ ဝီရိယစိုက်မှုပါဘုရား) နှလုံးသွင်း မှန်ပြီး ဝီရိယစိုက်ရင်ဉာဏ်ကအလိုလိုတက်လာလိမ့်မယ် (မှန်ပါ) နှလုံးသွင်းလဲမှားမယ်၊ ဝီရိယလည်းမစိုက်ဘူးဆိုရင် ဉာဏ်တုံးသွားတာပဲ(မှန်လှပါဘုရား)။

ဒါဖြင့်ဉာဏ်အကူအညီသည်နှစ်ခုရှိတယ်၊ ဒီအကူအညီကင်းမဲ့ရင် ဉာဏ်ဟာအလားကားပဲ(မှန်ပါ) သဘောကျပလား (ကျပါပြီဘုရား)အဲဒီတော့ ဒီကောင်လေးစာကျက်ရင် ရတယ်ဆိုငြားသော်လည်း သူ့ဝီရိယလေးကလည်း ကောင်းတာပါသေးတယ်(မှန်ပါ) မပါဘူးလား(ပါပါတယ်ဘုရား) ပြီးတော့သူ နှလုံးသွင်းကလဲ စာဆိုတာချည်းပဲနေတာ၊ ဒိပြင်စိတ်ကမဝင်ဘူး (မှန်ပါ) ဒီကလေးမျိုးကျတော့ သြော်သူ့နှလုံးသွင်းကလဲမှန်၊ ဝီရိယလေးကလည်းစိုက်တော့ သူ့ကိုဉာဏ်ကောင်းတယ် ပြောကြတာပဲ(မှန်ပါ) မပြောကြပေဘူးလား နှလုံးသွင်းက မမှန်လို့ရှိရင်ဖြင့် မောင်ကျော်သိန်းတို့ တင်လှတို့ဘယ်နဲ့လုပ်ကြမတုံး(မရနိုင်ပါဘုရား) ဘယ်နည်းနဲ့မှ မရနိုင်ဘူးဆိုတာသေချာပလား(သေချာပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ညတရားပွဲမှာ ဘာကိုအဓိကထားမှတ်သွားကြမတုံး(နှလုံးသွင်းမှန်မှုနဲ့ ဝီရိယစိုက်မှုပါဘုရား) အေး–ခန္ဓာကိုယ်ကိုစိုက်ကြည့် အိမ်ရောက်တဲ့အခါကျလို့ရှိရင် ဘာမှမကြည့်နဲ့၊ ဟိုနေရာက ,ယား၊ ဒီနေရာကနာလာလို့ရှိရင် သြော်–

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သတ္တဝါကနာလာတာမဟုတ်ဘူး၊ ဒါဖောက်ပြန်လာတာ ဒုက္ခသစ္စာလေးပေါ်လာတာ (မှန်ပါ)ဒီလိုနှလုံးသွင်းထည့်ပေး လိုက်တယ် (မှန်ပါ) အဲဒီပေါ်လာလေးတွေကို ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာပဲလို့ဝိရိယစိုက်လိုက်ရင် ဉာဏ်က၊ ဟော့–ကိလေသာမလာခဲ့နဲ့၊ ကိလေသာမလာခဲ့နဲ့လို့၊ သူက တားပြီးသားဖြစ်နေတယ်(မှန်ပါ) သဘောကျပလား (ကျပါတယ် ဘုရား)

ကိလေသာမလာတော့ဘူးဆိုရင်ဖြင့် နောက်သံသရာ ခန္ဓာ တွေဟာ လာသေးရဲ့လား(မလာတော့ပါဘုရား) ဒါဖြင့် ဒီပေါင်ဒွိလကြီးမှာ ဒီဟာနဲ့ပြီးသွားတယ်ဆိုသဖြင့် တို့လူတွေလဲ ဒါနဲ့ပြီးဖို့ရာဟာ ဝတ္တရားရှိတယ်(မှန်ပါ) မရှိဘူးလား (ရှိပါတယ် ဘုရား)

ဒါဖြင့် နှလုံးသွင်းမှန်၊ ဝိရိယစိုက်လို့ရှိရင်ဖြင့် ဉာဏ်ကို ပြုပြင်ပေးတာက သူတို့နှစ်ခုပဲ (မှန်ပါ) ဉာဏ်အကူအညီ ဘယ်နှစ်ခုတုံး(နှစ်ခုပါဘုရား) ဉာဏ်၏အကူအညီ ဤနှစ်ခုနှင့် ကူညီလိုက်ရင်ဖြင့် ဉာဏ်သည်ခုနက၊ ဓားလိုပဲချထားတာ မဟုတ်ဘူး၊ ကိုင်ပြီးဖြတ်တဲ့ အခိုပ္ပာယ်ရောက်တယ်(မှန်ပါ) ကောင်ပင်ကို တစ်ဖက်ကလည်း၊ မ,ပေးတယ်၊ တစ်ဖက်ကလဲ တံစဉ်ရိုးကိုမြဲစွာ ကိုင်တယ်မဟုတ်ဘူးလား(မှန်ပါ) အဲဒါအား စိုက်ပြီးရိတ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ထက်ပြီးသားတံစဉ်ဖြစ် နေသောကြောင့် မပြတ်ပေဘူးလား (ပြတ်ပါတယ်ဘုရား)

ဘာကြောင့်ပြတ်သတုံးဆိုတော့ သူ့အကူအညီပေးထား

www.burmeseclassic.com

www.burmeseclassic.com



လို့(မှန်ပါ) တံစဉ်ကိုအကူအညီပေးထားတာ(မှန်ပါ) မပေးဘူးလား(ပေးပါတယ်ဘုရား) တံစဉ်ရိုးကိုမြဲစွာကိုင်မှုကလည်း အကူအညီပေးထားတယ် (မှန်ပါ) ကောက်ပင်ပြတ်အောင်၊ ချော်ထွက်မသွားအောင်လဲ ကောက်ပင်တွေကို အမျှားကြီး ဆုပ်ထားတယ်(မှန်ပါ) မထားဘူးလား (ဆုပ်ထားပါတယ်ဘုရား) အဲဒီတော့ ဒီကောက်ပင်မပြတ်ချင်ပါဘူးဆိုလို့ (မရပါဘုရား)။

အဲဒီမှာလည်း၊ ကိလေသာဖြတ်ချင်ကြလို့ရှိရင် ကိလေသာကြောင့် ဒို့တစ်သံသရာလုံး ဆင်းရဲပြီးဒုက္ခမျိုးစုံပင်လယ်ဝေနေတာကို သိကြလို့ရှိရင်ဖြင့် ရုပ်နာမ်ကိုနှလုံးသွင်းမှန်အောင် လုပ်ပြီး၊ ဝီရိယစိုက်ပြီးတော့၊ ဉာဏ်နဲ့ဖြစ်ပျက်ရှုပါ ဖြစ်ပျက်ရှုလိုက်လို့ရှိရင်ဖြင့် ကောင်ပင်နဲ့တူတဲ့မျိုးစေ့တွေ ပေါက်ပွားနေမယ့် ခန္ဓာဇာတ်တွေဟာကောလာပါဦးမလား(မလာတော့ပါဘုရား)မလာလို့ရှိရင်ဖြင့် ဒီဥစ္စာခန္ဓာဇာတ်သိမ်းငြိမ်းတဲ့၊ နိဗ္ဗာန်ရောက်ပါလိမ့်မယ်ဆိုတဲ့ ဥစ္စာအပြောမဟုတ်တော့ဘူး၊ အလုပ်နဲ့လုပ်ယူပါ၊ (မှန်ပါ) ပေါ်ကြပလား(ပေါ်ပါပြီဘုရား) ကဲ-နာရီစေ့ပြီကွ။

သာဓု- သာဓု- သာဓု

www.burmeseclassic.com

www.burmeseclassic.com



## ဒွါရခြောက်ပါးဉာဏ်စေစားတရားတော်
## ဆောင်ပုဒ်

ဒွါရခြောက်ခွင်၊ ဉာဏ်နှင့်မြင်၊ အစဉ်ရှုကြည့်မှတ်
အဆင်းရုပ်ကြည်၊ အသိမှီ၊ တွေ့ပြီခံစားတယ်၊
ခံစားရလျှင်နှစ်သက်ဝင်၊ရဲ့ထွင်သံသာခေတ်၊
မဝင်နှစ်သက်၊ တစ်ချက်ချက်၊ မပျက်ရှုဉာဏ်ကပ်၊
မရှုနေက၊ သမုဒယ၊ဒုက္ခစက်ရဟတ်၊
ရှုကြည့်သူမှာ၊ နိရောဓာ၊ မဂ္ဂါနှစ်ပါးမြတ်။

## သတိချပ်

ကိုယ်ပြုသမျှ၊ ဖြစ်ပျက်ရ၊ပဋိစ္စစက်ရဟတ်၊
ပဋိစ္စဝဲ၊ လွန်ဆင်းရဲ၊ အမြဲလှည့်ကာပတ်၊
မျက်လုံးတစ်ခါ၊ ဖွင့်မှားရာ၊ ကမ္ဘာသချေ်ထပ်၊
ထိုနည်းကံရ၊ ကျန်ငါးခု၊ အကုတင်းကျမ်းကြပ်၊
ပါယ်ရိက္ခာတွေ၊ စုမိချေ၊ နေ–သေနှစ်ရေးကြပ်၊
ကြွေးမျိုးရိက္ခာ၊ဝဋ္ဋဒုက္ခာ၊ ကျေဒွာလုတ္တကပ်၊
ဒုက္ခလွတ်နည်း၊ တဏှာမီး၊ အပြီးဉာဏ်နှင့်သတ်။

တရားသား။ ။ဒကာ၊ ဒကာမတွေ၊မနေ့ကတရားမှာမျက်လုံးဖွင့်ပုံ မျက်လုံးပေါက်က သံသရာလည်ပုံ၊ မျက်လုံးဖွင့်တဲ့အခါဉာဏ်နဲ့ အုပ်ပြီးဖွင့်ပုံကိုသင်ပေးခဲ့ပြီ၊ အဲဒါကိုကြပ်ကြပ်သတိပြုကြဖို့၊ ဉာဏ်နဲ့သတ်ကြဖို့၊ မျက်လုံးကိုမမှားအောင်နေရာတာကျ၊

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တတ်ကြဖို့လိုတယ်လို့ ရိပ်မိကြတယ်. ဒါမှမရိပ်မိရင် အထိနာကြလိမ့်မယ်၊ ယခုမျက်မှောက်မှာ အထိနာရင်၊ သံသရာမှာပြောစရာမရှိတော့ဘူးလို့မှတ်ကြ။

မျက်လုံးလေးတခါအဖွင့်မှာ၊ ဘာနဲ့ထိချက်နာရတယ်။ ရူပါရုံရဲ့ ထိချက်ကြောင့်ဘဲ၊ ရူပါရုံထိချက်က အသဲနာတယ်၊ ဒကာ၊ ဒကာမတွေ ကိုယ့်သားသမီးလေးများ၊ သွေးရဲရဲသံရဲရဲနဲ့ မြင်ရရင်၊ ဘယ်လိုဖြစ်နေသလဲ တစ်ခါထဲမျက်ရည်ကျလာ တော့တယ်၊ ခဲဒီလိုဖြစ်တာအထိနာလို့ပဲလို့မှတ်ကြ၊ သဘောပါပလား၊ ဒါကြောင့် ဒို့ဒကာ၊ ဒကာမတွေကို ထိချက်မနာရအောင်၊ မျက်လုံးဖွင့်တဲ့အခါဉာဏ်နဲ့အုပ်ဖွင့်ကြလို့ သတိပေးလိုက်တယ်။

မျက်လုံးဖွင့်တာဟာ အဖွင့်မတတ်ရင် ကံကျအောင်သွားတယ် ကံက၊ တဏှာ ဥပါဒါန်ရဲ့သြဇာခံဘဲ၊ တဏှာဥပါဒါန်သြဇာခံဆိုရင် ကောင်းကျိုးပေးနိုင်ဖို့မရှိဘူး။ မကောင်းကျိုးသာရဖို့ရှိတော့တယ်၊ ရိပ်မိပလား၊ ကံကောင်းလို့၊ မကောင်းလို့နဲ့ မဆိုင်ဘူး ဒီကံကတဏှာဥပါဒါန်ရဲ့သြဇာခံဖြစ်လေတော့ ဒီတဏှာဥပါဒါန်တို့က၊ ခိုင်းရာ၊စေရာအပါယ်သွားရမှာ၊ အပါယ်ဓာတ်ရကြမှာဘဲ၊ သဘောပါပလား။

သတ္တဝါတွေအပါယ်ကျရတာ၊ ဘာကြောင့်လဲ ဒီမျက်လုံးလေးမဖွင့်တတ်ကြလို့ဘဲဆိုရင်မမှားပါဘူး၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၊ သံသရာကြီး၊ဒီကျအောင်လည်လာကြရတာဟာ ဘယ်သူ့လက်ချက်ထင်သလဲ၊ မျက်လုံးမဖွင့်တတ်လို့ သံသရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဒီကျအောင်လည်ရတာဆိုတာ၊ ဆုံးဖြတ်ချက်ချ၊ပေါ် ကြပလား၊ ဒီဟာအစကပါလာတာမဟုတ်ပါဘူး၊ ဒကာတို့ တတွေ၊ ကိုယ်လုပ်လို့ဖြစ်လာတဲ့ပဋိစ္စသမုပ္ပါဒ်ဘဲလို့မှတ်ကြ၊ ရှင်းကြပလား၊

ဒကာ၊ ဒကာမတွေသံသရာကြီးထဲမှာ၊ ပဋိစ္စသပ္ပါဒ်လမ်း အတိုင်း ရှောက်ပြေးနေရတာ ဘယ်သူ့ကြောင့်မှမဟုတ်ပါဘူး ကိုယ်ကိုတိုင်လုပ်လို့ပြေးရတာဘဲ ဒကာတို့လုပ်သမျှ ဒကာတို့ရ ကြတာဘဲဆိုတာ မှတ်လိုက်ကြ၊ သံသရာတစ်လျှောက်မှာ ဉာဏ်မပါဘဲရမ်းသွားကြ၊ ရမ်းလုပ်ကြ ဒီတော့ တစ်ခုမှ အမှန် မကျကြဘူး၊ မှားတာနဲ့လွဲတာချည်းလုပ်မိကြတော့တယ်၊ ဒါ ကြောင့် ဒို့ဒကာတွေ ဉာဏ်အရေးကြီးတယ်၊ပညာဟာ အဓိက အရေးကြီးတယ်၊ ပညာဟာအဓိကအရေးကြီးတယ်လို့ ပြောလိုက် ပါတယ်။

ဒကာ၊ ဒကာမတွေစိတ်ထဲက၊ ဘုရားတွေတည်၊ ကျောင်းတွေ ဆောက် လှူကြ၊ တန်းကြနဲ့၊ ဒို့တော့ အပါယ်မသွားတော့ ဘူးလို့ အောက်မေ့နေကြတယ်၊ ကိုယ်ဟာကိုယ် စိတ်ချနေ ကြတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ဘဲ စဉ်းစားကြပါ၊ မလွယ်ပါဘူး၊ ဒီမျက်လုံးဖွင့်တိုင်းဖွင့်တိုင်း၊လုပ်နေတဲ့ကံတွေ၊စုမိတဲ့ ကံတွေ ကသာများပါတယ်၊ ဒီလိုဒွါရခြောက်ခုက၊ ကံတွေက သာများပြီး၊ ဒကာတို့လှူကာန်းပေးကမ်းတဲ့ကံက အလွန်နည်းပါတယ်၊ ဒီတော့ အပါယ်လွတ်ဖို့ လွယ်ပါ့မလား၊ မလွယ်ဘူး၊ မျက်လုံးတစ်ပေါက် အတွက်တောင် မနိုင်နိုင်ပါဘူးလို့ပြောလိုက်ပါတယ်၊ ရိပ်မိ ကြပလား။

www.burmeseclassic.com

www.burmeseclassic.com



ဒကာတို့တတွေ အလေးအနက်စဉ်းစားကြ၊ နားပေါက်ကလည်းကြားတိုင်းကြားတိုင်း ငါ်တွေစုမိတာ၊ အပါယ်ရောက်ကြောင်းကျမှရပ်တော့တာချည်းဘဲ၊ ဒကာတို့ကပေါ့ပေါ့ကလေးနဲ့ ကျုပ်တို့ဘာကုသိုလ်မှမရှိဘူး မကောင်းတာဟူသမျှ ဘာမှမလုပ်ဘူးတဲ့ ပြောတတ်ကြတယ်၊ ဒီလိုပြောတာအမှန်မသိလို့ပြောတာ၊ အမှန်မမြင်တော့ အထင်နဲ့ရမ်းပြောနေတာဘဲရှိတယ်၊ သဘောပါပလား လေးလေးနက်နက်စဉ်းစားကြ၊ နားကကြားတိုင်းကြားတိုင်းဘဲ အပါယ်ငါ်တွေစုစုနေမိတယ်၊ ခဏခဏနေ့တိုင်းကြားနေရတော့ ဒကာတို့မှာ အပါယ်ရိက္ခာတွေနားတစ်ပေါက်ထဲနဲ့တွင် အများကြီးစုမိရက်၊ စုမိရက်ဖြစ်နေတော့တာဘဲ၊ ရှင်းပလား၊ ဒီသဘောအတိုင်း နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရတွေကလည်း အပါယ်ရိက္ခာတွေထပ်တလဲလဲ၊ စုမိနေကြတာပါဘဲ၊ ဒီတော့၊ ဒို့ဒကာတွေဘယ်လိုများ၊ စဉ်းစားကြမလဲ အလွန်ကြီးတဲ့အရေးပါလားလို့ ဆုံးဖြတ်ချက်ချ၊ ဒါကြောင့် ဒို့ဒကာတွေဝိပဿနာအလုပ်မှ ကယ်နိုင်ယူနိုင်မှာ၊ ဝိပဿနာအလုပ်လုပ်ကြလို့တိုက်တွန်းလိုက်တယ်။ ဝိပဿနာကင်းရင်ဖြင့် သက်သာဖို့ မမြင်တော့ဘူး၊ ဒီကံက မနောကံဘဲ ဒါနသီလကာ၊ ကာယကံ၊ ဝစီကံလောက်သာ လုပ်နိုင်တာ။ မနောကံအတွက်က ပိုပြီးအရေးကြီးတယ်၊ သူကရှေ့သွားဖြစ်တယ်၊ ဒီကံနဲ့လုပ်တဲ့ အပါယ်သွားပေါက်၊ ခြောက်ပေါက်က အမြဲတမ်းဟင်းလင်းကြီးပွင့်နေတယ်၊ ရိပ်မိကြပလား၊ ဆရာသမားက ဒီအပေါက်တွေ ပိတ်မပေးခဲ့ရင်၊ ကျွတ်ဖို့လွတ်ဖို့လွတ်ဖို့မမြင်တော့ဘူးလို့ မှတ်

လိုက်ကြ၊ ဒါကြောင့် ဒီအပါယ်လမ်းခြောက်ပေါက်ပိတ်အောင်၊ ဝိပဿနာရှုကြရမယ်၊ ဝိပဿနာရှုရင်တဏှာဥပါဒါန်းပြတ်မယ်၊ တဏှာဥပါဒါန်ပြတ်ရင်၊ ဒီကံပါပြတ်မယ်၊ ဒီကံကကြောက်စရာ မရှိဘူး၊ တဏှာဥပါဒါန်ကိုကြောက်ရမယ်။

တဏှာဥပါဒါန်က သမုဒယသစ္စာဘဲ၊ဒုက္ခကို သူလုပ်ပေးတာ သူလုပ်ပေးလို့ဒုက္ခအစုရကြတာ၊ သူကိုသာကြောက်ဖို့လိုတယ်လို့မှတ်ကြ၊ ဒါကြောင့် ဒကာတို့တတွေ သူကိုပြတ်အောင်ဖြတ်ကြဖို့လုပ်ကြရမယ်၊ သူပြတ်ရင်ကံတွေ အကုန်လုံး အဟောသိ ကံဖြစ်ကြမယ်၊ ရှင်းပလား။ဒကာဘို့ ဒီဘဝမှာ ထုပ်ထားကြ စုထားတဲ့ကံတွေ သေသည်၏ အခြားမဲ့မှာရဖို့ ရောက်ဖို့ ကံတွေက အဆင်သင့်ဘဲ၊ ဒီကသေပြီ ဇာတိချောက်ထဲ ဇရာချောက်ထဲကျရမယ်၊ နောက်ဗျာဓိချောက်၊ မရဏချောက် ဒကာတို့လုပ်တဲ့ကံက ချလို့ကျကြရမှာရှင်းပလား။

ဒါကြောင့်ဘုရားက ဒကာတို့တတွေကို သနားတော်မူ လို့ ထပ်ခါတလဲလဲ အကြိမ်ပေါင်းများစွာ၊ နှစ်ရာကျော် သုံးရာမက မှာကြားတော်မူခဲ့သည်။ "နည်းမှန်ပြတတ်တဲ့ ဆရာကောင်းကို ရှာကြ" "ယထာဘူတံဉာဏယ သစ္စာပရိယေသိ တဗ္ဗော" လို့မှာတော်မူခဲ့တာဘဲ၊ဒါကြောင့်အခုဆရာသမားက ဟောပြောပြပေးနေရတာ၊ ဒါကိုသာမညများမှတ်လိုက်ကြနဲ့ အလွန်ကြီးတဲ့ အရေးပဲလို့မှတ်ပြီး အလွန်ကိုအရေးကြီးလို့သာ မှာတော်မူတာ ဘဲလို့ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား။

ဘုန်းကြီးတို့ဒကာမတွေမှာ ဉာဏ်ကမပါတော့ ဒီလမ်း

ကလွဲရင် ဒိပြင်မရှိကြဘူး။ ဒီလမ်းကလွဲလို့လဲ မသွား တတ်ကြဘူး၊ ဒီလမ်းချည်းဘဲ၊ ဒီဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏလမ်းချည်းပါဘဲ၊ ရိပ်မိပလား။ ဒကာတို့တတွေ အခုလူ့ပြည်လာပြီး ဘာတွေစုမိနေသလဲသိကြရဲလား၊ ဒီဒွါရခြောက်ခုနဲ့ရင်းပြီး ဒီမကောင်းတဲ့ကံတွေစုမိကြတာဘဲရှိပါတယ် ရှင်းကြပလား။

ဒကာ၊ ဒကာမတို့ပြုထားတဲ့ ဒါန၊ သီလ၊ ကုသိုလ်ပြုသမျှကလေးဟာ၊ ဒီကံလောက်မများဘူး။ဒီကံနဲ့နှိုင်းစာလို့မရနိုင်လောက်အောင်ကွာပါတယ်၊သူကအမြဲတမ်းရှိပြီး အမြဲတမ်းဖြစ်နေတာ၊ တဒွါရမဖြစ် တဒွါရဖြစ်ဆိုသလို လပ်တဲ့အခါရယ်လို့မရှိတော့ဘူး၊ ဒီတော့၊ ဒီကံတွေအတွက် ဒကာတို့တတွေမှာ အများကြီးဝန်လေးရမယ် လေးမှန်းမသိလို့သာ အေးအေးဆေးဆေးနေနိုင်ကြတာပါ၊ ဒါကို ဉာဏ်နဲ့ကြည့်ပြီး အမှန်သိအောင်ကြိုးစားကြ ညွှန်ကြားတဲ့ဆရာသမားနဲ့ကြည့်ပြီး အမှန်သိအောင်ကြိုးစားကြ ညွှန်ကြားတဲ့ဆရာသမားနဲ့ ကြုံကြိုက်တုန်းမှာ ပေါ့မနေကြနဲ့လို့ ပြောလိုက်ပါတယ်။မျက်လုံးဖွင့်တာ တဏှာဥပါဒါန်ဆိုပြီး ကံရောက်တော့တာဘဲ၊ ကျန်တဲ့နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်ဆိုတာကလဲ ဒီလိုစုမိနေတာဘဲ၊ ဒီထဲမှာဒကာတို့ တတွေက အကုသိုလ်ကံ မကောင်းတဲ့ကံ ကြောက် ပါတယ်လို့ ပြောကြတယ်၊ အမှန်က ကံကိုကြောက်ဖို့မလိုဘူး မကောင်းတဲ့ကံ မကြောက်နဲ့ ကြောက်ရမှာကတဏှာ ကြောက်ရမှာတဏှာကို ကြောက်ကြလို့ သတိပေးလိုက်ပါတယ် တဏှာကြောက်ရင် တဏှာကြောင်ရင် တဏှာမလာအောင်

www.burmeseclassic.com



တဏှာချုပ်အောင် လုပ်ရမယ် တဏှာချုပ်ချင် "တဏှာနိရောဓောနိဗ္ဗာနံ" ဘဲ၊နိဗ္ဗာန်ပေါ်တယ်လို့မှတ်ကြ ရှင်းပလား။

ဒါကြောင့်ကံဆက်တဏှာ ဥပါဒါန်ကြောက်ကြ၊ ဒါကြောက်ပြီးချုပ်အောင်လုပ်ရမယ်၊ မလာရင်တဏှာပယ်လိုက်တာပဲ၊ တဏှာသမုဒ္ဒယပါယ်လိုက်တော့ ကံတွေရှိသမျှအကုန် အဟောသိကံ ဖြစ်သွားမယ်၊ သိမ်းဆည်းထားတဲ့ တဏှာ ဥပါဒါန်ကမရှိဘူး၊မရှိအောင်မဂ်ကပယ်ချလိုက်တော့ ကံတွေရှိသမျှဖရိုဖရဲဖြစ်ကုန်ကြတော့တယ်၊ သဘောပါကြပလား ဒါကြောင့်ဒို့ဒကာ၊ ဒကာမတွေ တဏှာသတ်နိုင်တဲ့ဉာဏ်အရေးကြီးတယ်လို့ဆုံးဖြတ်ချက်ချ၊ ဒွါရခြောက်ခုပွင့်တိုင်း၊ တဏှာမကူးခင် ဉာဏ်နဲ့ဦးအောင်သတ်ကြ။

တဏှာ ဥပါဒါန်သိမ်းဆည်းတဲ့ အကုသိုလ်ကံတွေဟာ၊ ဒွါရခြောက်ခု တခါးခြောက်ပေါက်ကနေရာမလပ်ဘူး၊ ဘယ်အပေါက်ကမှ မကောင်းဘူး ရှုဉာဏ်မပါရင် ဉာဏ်ဦးမစီးရင်၊ ပွင့်တိုင်းပွင့်တိုင်း ကိလေသာထု၊ တက်ဖို့ဘဲရှိတယ်၊ ကိလေသာတောထဖို့ဘဲရှိတယ်၊ ရှင်းပလား၊ ဒါကြောင့်မျက်လုံး ပွင့်လို့မြင်စိတ်ပေါ်ရင် ဒီမြင်စိတ်ကို ဖြစ်ပျက်ရှု၊ ဒါမမိရင်၊ ဝေဒနာမိအောင်ရှု၊ တဏှာတော့မကူးကြစေနဲ့ တဏှာကူးရင် ကထပ်စုအုံးမယ်၊တဏှာမကူးခင် တစ်ချက်ချက်မိအောင်ရှုပေးကြသဘောပါပလား။

မျက်လုံးပွင့်တော့ အဆင်းနဲ့တဲ့ပြီးမြင်စိတ်ပေါ်၊ ဖဿဖြစ်၊ ဝေဒနာလာတဏှာဥပါဒါန်ကံဆက်တိုက်လာတော့ တာဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒွါရတစ်ခုခုဖွင့်လိုက်တိုင်း အကုသိုလ်ထုကြီးလာနေ မှာပဲ၊ ကြားထဲမှာ မဂ္ဂင်ငါးပါးနဲ့ရှု ဉာဏ်ဝင်ပေးရမယ်၊ ရှုဉာဏ်နဲ့မှတားနိုင်၊ ဆီးနိုင်၊ ပိတ်ပင်နိုင်မယ် သူမပါရင်ဘယ်လိုမှ မတာတ်နိုင်ဘူး ကိလေသာတောထဲမှာချည်းပဲမှတ်လိုက်ကြနားလည်ကြပလား၊ ကျုပ်အကုသိုလ်ကြောက်လို့ အကုသိုလ်ဝင်မှာစိုးလို့၊ မေတ္တာပို့နေပါတယ်၊ ပရိတ်ရွတ်နေပါတယ်ဆိုပေမဲ့ မရဘူး၊ ပရိတ်ရွတ်မေတ္တာပို့နေတဲ့ကြားထဲကကို၊ တဏှာဥပါဒါန်ကံတွေလာနေကြတာပါ ရိပ်မိကြပလား၊ အကုသိုလ်ကြောက်ရင် မျက်လုံးပိတ်ထားကြဖို့ရှိတော့တယ်၊ ကျေနပ်ပလား

ဒီဉာဏ်မပါရင်ဘုရားရှိခိုးရင်လည်း မလွတ်ပါဘူး၊ တဏှာဥပါဒါန်ကံတွေလာနေတာဘဲ၊ ဒီတော့ဘုရားရှိခိုးတဲ့အခါ ဒီခန္ဓာကို မလိုချင်လို့ ဒီဒုက္ခခန္ဓာကလွတ်အောင်၊ ကျွတ်အောင်လို့ရှိခိုးတယ်လို့ အာရုံထားကြ၊ အာရုံထားပြီးရှိခိုးကြ၊ ဒါမှ အကုသိုလ်ကကံမကောင်းတာကလွတ်မှာ၊ သဘောပါကြပလား၊ ဒကာ၊ ဒကာမတွေကို မေးလိုက်တယ်၊ ဒုက္ခလွတ်အောင် ဒုက္ခကင်းအောင် ဘာလုပ်ရမလဲ လက်သယ်အရင်းကျကျ ဘယ်သူပြတ်မှ ဇာတ်သိမ်းမလဲ၊ တဏှာပြတ်မှ တဏှာပြတ်ရင် ဒုက္ခဇာတ်အကုန်သိမ်းမယ်လို့မှတ်ကြ၊

ရှင်ဥပ္ပံရဲ့အကိုမဟာပုဏ္ဏမထေရ်ကို ဘုရားရှင်က ဟောတာမှာလဲ တဏှာပြတ်မှ ဒုက္ခဇာတ်သိမ်းမယ်၊ ဒုက္ခညိမ်းအောင် ဒုက္ခဇာတ်သိမ်းအောင် တဏှာပြတ်ရမယ်၊ တဏှာပြတ်တဲ့အကျင့် တဏှာချုပ်တဲ့အလုပ်ကို လုပ်ရမယ်လို့ ဟောတော်

www.burmeseclassic.com

www.burmeseclassic.com



မှုထား၊ တဏှာနိရောဓေနိဗ္ဗာန်၊ တဏှာချုပ်ရင် ကံကိုမကြောက်နဲ့တော့ တဏှာချုပ်ရင် ကံတွေအကုန် ရုပ်သိမ်းပြီး နိဗ္ဗာန်လာတာပဲ၊ သဘောပါကြပလား၊ ဒီတော့ ဒို့ဒကာ၊ ဒကာမတွေ တဏှာချုပ်အောင် မဂ္ဂင်အလုပ်လုပ်ကြရမယ် ရှင်းပလား၊

ဥပမာ အဆင်းရုပ်ကလေးကို ဉာဏ်နဲ့ကြည့်ရင်၊ ဖောက်ပြန်ပျက်စီးနေတာသာတွေ့ရမယ်၊ အဆင်းရုပ်ကလေး ဖောက်ပြန်တိုင်း၊ ပြောင်းတိုင်းပြောင်းတိုင်း "အဆင်းရုပ်ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဥစ္စာမဟုတ်"လို့ ရှုဉာဏ်ဝင်လိုက် မဂ္ဂင်ဝင်ပေးလိုက်၊ ရှုဉာဏ်မဂ္ဂင်ငါးပါးပါတယ်၊ ရှင်းပလား ဒီလိုရှုနိုင်ရင် ဒီအထဲမှာ မြင်စိတ်၊ မျက်လုံးရုပ်၊ ဖဿတွေပါချုပ်သွားရော နောက်လာမဲ့ မကောင်းတာတွေအကုန်ချုပ်တော့တာပဲ ကျေနပ်ပလား။

ဒီလိုမရှုမိရင်၊ မြင်စိတ်ကိုမိအောင်ရှု၊ မြင်စိတ်ဖြစ်ပျက်ဘဲဒီမြင်စိတ်ဟာ၊ စက္ခုနဲ့ရူပါရုံ၊ တိုက်ဆိုင်လို့ပေါ်လာတာဘဲ၊ အကြောင်းကုန်တော့သူလဲမရှိဘူး၊ ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါဘဲကလားလို့သိရင် အနတ္တသိတာဘဲ၊ ဒီနည်းအတိုင်း တံခါးခြောက်ပေါက်မှာ၊ ပေါ်လာသမျှ အမိအရရှုပေး၊ ဉာဏ်နဲ့ကြည့်ပေးရမယ်၊ ရှုတော့–

၁။ ငါကို၊ ငါဟာ၊ ငါမဟုတ်တာက အနတ္တ ဒုက္ခသစ္စာ။

၂။ ရှုတာကရှုတဲ့ ဉာဏ်က မဂ္ဂ၊ မဂ္ဂသစ္စာ။

၃။ သေတာက တဏှာ၊ သမုဒယ၊ သမုဒယသစ္စာ။

၄။ ငြိမ်းတာ၊ ချုပ်တာက နိရောဓ၊ နိရောဓသစ္စာ။

www.burmeseclassic.com

www.burmeseclassic.com



၁။ မြင်စိတ်ဖြစ်ပျက်က ဒုက္ခ။
၂။ သိတာကသိတဲ့ဉာဏ်က မဂ္ဂ။
၃။တဏှာ–ဥပါဒါန်သေတာက သမုဒယသေတာ။
၄။သမုဒယသေတော့ ဒီနေရာမှာ၊ နိရောဓပေါ်လာတယ်
ကျေနပ်ပလား။

ဒကာ၊ ဒကာမတွေအခုဒပြာမှာက၊ 'ဆ၊ ဆက္ကသုတ်' မှာလာတဲ့ အဓိပ္ပာယ်လို့မှတ်ကြရမယ်၊ မျက်လုံးရုပ်ကို ငါ့ကိုယ် ငါ့ဟာ ငါထင်တာက သမုဒယဘဲ၊ အထင်ခံရတာက ဒုက္ခသစ္စာ၊ မျက်လုံးက ဒုက္ခသစ္စာလို့မှတ်ကြ၊ မရှုဘဲနေတဲ့ အတွက်၊ တဏှာမာန ဒိဋ္ဌိဖြစ်လာတယ်၊ဒီလိုမရှုဘဲနေတဲ့အတွက်၊ တဏှာ မာန၊ ဒိဋ္ဌိတွေကသမုဒယသစ္စာလို့ပဲမှတ်ကြ၊ သဘောပါကြ ပလား၊ ဝိပဿနာမရှုမိရင်၊ ဒီဒုက္ခနဲ့သမုဒယနှစ်ပါးမှာဘဲ၊ ချာချာလည်နေကြရမယ်၊ ဒုက္ခပြီး၊ သမုဒယ၊ သမုဒယပြီးတော့ ဒုက္ခဒီနှစ်ပါးအပြင်ဘာမှဖြစ်စရာမရှိဘူးရိပ်မိကြပလား။ ဒို့ဒကာ ဒယာကာမတွေမှာ ဆရာသမားနဲ့မတွေ့ရခင်ကဒီနှစ်ပါးပဲဆက် တိုက်ဖြစ်နေကြတော့တယ် သဘောပါပလား၊ အခုလိုဆရာသ မားနဲ့တွေ့ရတော့မှဆရာသမားကနည်းလမ်းညွှန်ပြလို့ အမှန် ရပြီးရှုတတ်ကြတယ်၊ ရှုဉာဏ်ရလို့ရှုတော့ ငါ့ကိုယ်ငါ့ဟာ ငါမဟုတ်ပါလားလို့ အမှန်မြင်ရပါတယ်၊ မြင်တော့ရတာကမဂ္ဂ၊ တဏှာစသည် ချုပ်တာကသမုဒယ သေတာမြင်စိတ်ကဒုက္ခ သစ္စာ၊ဖြစ်လာတယ်၊ ပေါ်ကြပလား။ ခန္ဓာမှာ ပေါ်သမျှဖြစ် ပျက်ရှုပေးကြ ရှုတော့ဖြစ်ပျက်ချည်း မြင်နေရမယ် မြင်နေတော့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက် အနတ္တ၊

ရှုတဲ့သူမှာ နိဗ္ဗာနသစ္စာ၊မဂ္ဂသစ္စာနှစ်ပါးရကြမယ်၊

မရှုတဲ့သူမှာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးရကြမယ်၊

ရှုတော့ အနတ္တမြင်ရမယ်၊အနတ္တအမြင်များတော့ အနတ္တ မှန်းလာမယ် အနတ္တမှန်းပြီးရင် အနတ္တဆုံးသွားပြီး၊ နိဗ္ဗာန သစ္စာပေါ်လာတယ်လို့ မှတ်ကြ၊ အဓိပ္ပာယ်က၊ရုပ်နာမ် အနတ္တ အဆုံးမှာ ရုပ်နာမ်မရှိတဲ့ အနတ္တ ပေါ်လာတယ်လို့ဆိုလို တယ် ရှင်းပလား။

ဒါကြောင့် ဒကာ၊ ဒကာမတွေ မိမိခန္ဓာမှာ ဉာဏ်နဲ့ရှင်း ကြ။ ဘာလာလာမလွှတ်အောင် ရှုပေး မျက်လုံးစိတ်ကလေးပေါ် လာလဲဖြစ်ပျက်ရှုပေး၊အရှုများလို့ဉာဏ်တက်လာရင်၊ အမှန်မြင်မယ် ဉာဏ်ထဲက၊ ငါ့ကိုယ်၊ ငါဟာ၊ ငါမဟုတ်လို့ပျက်သွားတာဘဲလို့ အနတ္တဉာဏ်ပေါ်မယ်၊ ဒွါရခြောက်ခုဘယ်ကဝင်လာလာ၊ ဘာဘဲတွေ့တွေ့၊ ဖြစ်ပျက်မိအောင်ရှုပေးကြ၊ စိတ်တွေလာတိုင်း ဖြစ်ပျက်ရှုကြ၊ ရှုမှနိဗ္ဗာနနဲ့ မဂ္ဂင်နှစ်ခုပေါ်မှာ၊ မရှုရင်ဒုက္ခသမုဒယ ဒုက္ခအစုကြီးပြန်ရဖို့ရှိတယ်၊ သဘောပါကြပလား ကြိုးစားကြ၊

ဒါကြောင့် ရှုတတ်အောင်ရှုကြလို့ တိုက်တွန်းလိုက်တယ် ဒကာ၊ ဒကာမတွေရှုတတ်ကြပလား မရှင်းမလင်းဖြစ်နေရင် ဆရာသမား လျှောက်ထား အချင်းချင်းဆွေးနွေးမေးမြန်းကြ မရှုတတ်ရင် တပည့်တော်တို့မျက်လုံးပေါက်အနာရှ၍ သေချင်းဆိုးနဲ့ သေရပါ လိမ့်၏လို့ဆိုလိုတာဘဲ၊ ကျေနပ်ပလား၊ ပေါ့တန်နေဖို့အချိန် မဟုတ် တော့ဘူးလို့ အထူးတလည် သတိပေးလိုက်ပါတယ်။

ကိုင်း–ယနေ့ဒီတွင်ဘဲတော်ကြအုံးစို့၊ အချိန်စေ့သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အမရပူရမြို့ မင်းလှတိုက်ဟောင်း
## ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာ
## တော်ဘုရားကြီး၊ မင်းလှရိပ်သာကျောင်းတိုက်၌
## ဟောကြားဆုံးမတော်မူသော
## ဝိပဿနာမင်နှင့် လောကုတ္တရာမင်
## နှစ်မျိုးအကြောင်း ရှင်းပြပုံ

ညအလုပ်ပေးတရားတော်

ဝိပဿနာတရားအားထုတ်တဲ့အခါမှာ မဂ္ဂသစ္စာကို ပွားများရမယ်လို့ ဆိုထားပါတယ်။ ပွားများရမယ်လို့ဆိုထားငြားသော်လည်း မဂ်သည်နှစ်မျိုးရှိတယ်လို့ မှတ်ထားရမယ်။

ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်ဆိုတာ နှစ်မျိုးရှိတယ်၊ ဝိပဿနာမဂ်ကိုသာလျှင် ပွားများရမယ်။ လောကုတ္တရာမဂ်သည် တစ်ကြိမ်သာဖြစ်သည်ဖြစ်သောကြောင့် ပွားများစရာမလို(မှန်ပါ) ဒါကြောင့် ဝိပဿနာမဂ်ကိုရှေ့ထားပြီးသကာလ၊ အကြိမ်ကြိမ် ပွားများရလိမ့်မယ်။

လောကုတ္တရာမဂ်သည် "မဂ္ဂါဘိညာသကိံမတာ" ဆိုတဲ့ အတိုင်း တစ်ကြိမ်သာလျှင်လာသည်ဖြစ်လေသောကြောင့် သူ့ကို ပွားများဖို့ရန်မလို၊ ပုဗ္ဗဘာဂမဂ်ကိုသာလျှင်၊ ပဋိပဒါ မဂ်ကို သာလျှင် အကြိမ်ကြိမ်ပွားများခဲ့သည်ရှိသော်၊ လောကုတ္တရာ မဂ်သည် အလိုလိုနောက်ကပေါ်လာ၏လို့ အလုပ်စဉ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားရမည်။

ပုဗ္ဗဘာဂမဂ်(ဝါ) ပဋ္ဌိကမဂ်သည် ဘာနဲ့တူပါသတုံးလို့ မေးလို့ရှိရင် လယ်ကွက်တစ်ခုကို လုပ်သောအခါ၌ လယ်ထဲမှာရှိတဲ့ မြက်တွေပေါင်းတွေ သစ်ငုတ်တွေကို အကြိမ်ကြိမ်ခုတ်ပြီး စုပုံထားတာနဲ့ တူ၏။ စုပုံထားလို့ ခြောက်ခဲ့သည်ရှိသော် လောကုတ္တရာမဂ်သည် တစ်ကြိမ်တည်းနဲ့ မီးရှို့တာနဲ့ပဲ ပြာကျသွားဘိသကဲ့သို့ ပုဗ္ဗဘာဂဖြစ်တဲ့ ပဋ္ဌိကမဂ်သည်သာလျှင် ပွားများမှု ကို မြက်ရှင်းတာနဲ့အတူ အကြိမ်များစွာ အလုပ်လုပ်ရ၏။ လောကုတ္တရာမဂ်ကို အကြိမ်များစွာ အလုပ်-လုပ်ဖို့ရန် မလိုလို့ မှတ်ထားရမည်။

တစ်နည်း သံယုတ်အဋ္ဌကထာများက ပုဗ္ဗဘာဂမဂ်ဖြစ်တဲ့ ပဋ္ဌိကမဂ်ကို အနန္တရပစ္စည်းဟူ၍လည်း ဟောထားပါတယ်။ ဒီ ပုဗ္ဗဘာဂမဂ်သည်အနန္တရပစ္စည်းဖြစ်လို့ရှိရင်ဖြင့် သူ့ကို များများ ပွားများလို့ရှိရင်ဖြင့် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်နဲ့တူတဲ့ လောကုတ္တရာမဂ်သည် အကြောင်းသာအားထုတ်ရပြီး အကျိုးဟာ အလိုလိုပေါ်လာလိမ့်မယ်ဆိုတာကို အလုပ်လုပ်တဲ့အခါမှာမှတ်ထားရမယ်။

ဝိပဿနာမဂ်သည် အနန္တရပစ္စည်း၊ လောကုတ္တရာမဂ်သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်လို့ မှတ်ထားရမယ်။ တစ်နည်း ဝိပဿနာအလုပ်စဉ်မှာ သုသိမပရိဗိုဇ် ဟောတဲ့အခါမှာ ပညာနဲ့ ကိလေသာမှ လွတ်ရမယ်လို့ဆိုထားသောကြောင့် ဝိပဿနာမဂ်ကို "ပုဗ္ဗေခေါသုသိမ ဓမ္မဋ္ဌိတိ ဉာဏံ ပစ္ဆာနိဗ္ဗာနေဉာဏံ"လို့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောသောကြောင့် သုသိမ ပရိဗိုဇ်အား ရှေးဦးစွာ ဝိပဿနာဉာဏ်၊ နောက် ဝိပဿနာ ဉာဏ်ပြီးလို့ရှိရင်ဖြင့် နိဗ္ဗာန်မြင်တဲ့ မဂ်ဉာဏ် လာလိမ့်မယ်လို့ ဘုရားကိုယ်တော် ဟောထားလေသောကြောင့် ဒီနှစ်ဉာဏ်နဲ့ပဲ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်နိုင်တယ်ဆိုတာ မှတ်ထားရမယ်။

ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ နောက်ပိုင်းက နိဗ္ဗာန်ကူးတဲ့ မဂ်ဉာဏ်၊ အထူးအားဖြင့် အာရုံပြုရုံမျှဖြင့် အင်မတန်ထူးခြား ပါသည်။ ဝိပဿနာဉာဏ်သည် သင်္ခတဖြစ်တဲ့ ဖြစ်ပျက်ကိုသာ မြင်ပါ၏။ မဂ်ဉာဏ်သည် အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ကိုသာ မြင်ပါ၏။ ဤကဲ့သို့ မြင်မှုထူးခြားတာကို အလုပ်–လုပ်တဲ့ အခါမှာ မိမိသည် ဝိပဿနာရှုတုန်းသာ ရှိသေးတယ်ဆိုတာကို လည်း ဖြစ်ပျက်မြင်နေတုန်း ဝိပဿနာမဂ်ရနေသေးတယ်လို့ ကိုယ်တိုင်မှတ်ထားရမယ်။

ဖြစ်ပျက်ဆုံးသွားလို့ရှိရင်ဖြင့် အသင်္ခတကို မဂ်ဉာဏ်က မြင်သောကြောင့်၊ သြော်–ဒါသည် သောတာပတ္တိမဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာတို့၊ ကိုယ့်သန္တာန်မှာ ပေါ်ပြီးလို့ မှတ်ထားရမယ်။

ဒါဖြင့် ဝိပဿနာဉာဏ်သည် သင်္ခတဖြစ်ပျက်ကိုသာ မြင်ပါ သည်။ မဂ်ဉာဏ်သည် အသင်္ခတဖြစ်တဲ့ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန် ကို မြင်သည်လို့ ခွဲခြားပြီးသကာလ မှတ်ထားရမယ်။ ၎င်းအပြင် ဝိပဿနာအားထုတ်တဲ့အခါမှာ မဂ်ဆိုက်တယ်၊ မဆိုက်တယ် ခန္ဓာကိုယ်ထဲ၌ ထူးခြားပုံကို ပဋ္ဌာနသပါဠိတော်မှာ လာတာကို

www.burmeseclassic.com

www.burmeseclassic.com



အထူးတလည်မှတ်ထားရဦးမယ်။

ဝိပဿနာမဂ်သည် သင်္ခါရကို အာရုံပြုတယ်၊ သင်္ခါရကိုသာ သူမြင်ပြီးသကာလ နေပါတယ်။ လောကုတ္တရာမဂ်က အသင်္ခါရ ကို အာရုံပြုလို့ အသင်္ခါရဘက် ကူးသွားတဲ့အခါမှာ၊ ခန္ဓာကိုယ် ထဲမှာ အပူပြင်းထဲကလာတဲ့ ပုဂ္ဂိုလ်ကို ညဉ့်သိပ်ရေ၊ ရေအိုး တစ်ထောင်နဲ့ လောင်းပြီးသကာလ အပူထဲကလာတဲ့ ပုဂ္ဂိုလ် မျိုးရဘိသကဲ့သို့ ခန္ဓာထဲဉာဏ်ထဲမှာ အလုံးစုံ အေးစိမ့်သွားတဲ့ သဘောတွေ လာခဲ့လို့ရှိရင် ဒါမဂ်ဆိုက်တာ ဟူသော အဓိပ္ပါယ် သို့ရပါသည်လို့ မှတ်ထားရမယ်။

ဒါက မဂ်ဆိုက်တယ်၊ မဆိုက်တာကို၊ ခန္ဓာကိုယ်ထဲမှာ အပူတပြင်းထဲကလာတဲ့ ပုဂ္ဂိုလ်ကို ရေအိုးတစ်ထောင်နဲ့ လောင်း လိုက်တဲ့အခါ ၊ အေးငြိမ်းပြီးသကာလ၊ ချမ်းသာသလိုမဂ်ဆိုက် သွားတဲ့အခါမှာလည်း ခန္ဓာကိုယ်ထဲမှာ သင်္ခါရက လွတ်ပြီး အသင်္ခါရမြင်တဲ့အချိန်မှာ အေးငြိမ်းချမ်းသာဆိုတာလာပါလိမ့် မယ်။

ဤကဲ့သို့လာလို့ရှိရင် ဒါမိမိသည် လိုရာခရီးပြီးလို့သာ လာတယ်ဟူသော အထိမ်းအမှတ်ကို တထစ်ချက် ဆုံးဖြတ်ချက် ချထားပါလို့ ပြောရတယ်၊ ပါဠိတော်ကြည့်လို့ရှိရင်ဖြင့် "သင်္ခါ ရေအနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ" ဆိုတာ ဝိပဿနာဉာဏ်ကို ဆိုပါသည် ပဋ္ဌာန်းနည်းနဲ့။

"နိဗ္ဗာနံ မဂ္ဂဿ"ဆိုတဲ့ဥစ္စာသည်၊ "နိဗ္ဗာနံ မဂ္ဂဿ၊ နိဗ္ဗာနံ ဖလဿ၊ နိဗ္ဗာနံ ပစ္စဝေက္ခဏာဿ အာရမ္မဏ ပစ္စယေန

www.burmeseclassic.com

www.burmeseclassic.com



ပစ္စယော” လို့ ဟောတော်မူသောကြောင့် ဝိပဿနာမဂ်သည် တောဘုမ္မိကသင်္ခါရ ဖြစ်ပျက်ကိုသာ မြင်ပါ၏။

မဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာတို့သည် သင်္ခတမှ လွတ်ဟဲ့ အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ကို မြင်နိုင်တယ်လို့ ပဋ္ဌာန်းကျမ်းများမှာလည်း သေသေချာချာ ဟောထားပါတယ်။

ဒါကြောင့် ရှေးဦးစွာ ပွားများရမယ် မဂ်နဲ့ကို ပိုင်ရမယ့် မဂ်နဲ့ဟာ ပွားများရမယ့် မဂ်ကိုသာ ပွားများ၊ ကိုယ်ပိုင်ရမယ့် မဂ်သည် အလိုလိုလာလိမ့်မယ်ဆိုသော မူလစကားအတိုင်း အလုပ်စဉ်မှာ ဤအတိုင်းပဲ မှတ်ထားရမယ်ဆိုတာကို တထစ်ချ ဆုံးဖြတ်ချက်ချရမယ်။

**ကဲတော်လောက်ပြီ။**

**သာဓု သာဓု သာဓု၊**

www.burmeseclassic.com

www.burmeseclassic.com

# အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း၊
# ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ၊
# မိုးကုတ်ဆရာတော်ဘုရားကြီး
# မင်္ဂလာရိပ်သာကျောင်းတိုက်၌ ဟောကြား
# ဆုံးမတော်မူသော
# စိတ္တာနုပဿနာအခြေခံအလုပ်ပေးတရားတော်

(ပင့်ကူဥပမာပြု)
(၁၇-၁-၆၁)

## ညအလုပ်ပေးတရားတော်

ဒကာ– ဒကာမတို့ လူရယ်လို့ဖြစ်လာတယ်၊ ဘယ်လိုများဖြစ်ပြီးသကာလ ဘယ်လိုများနေပါလိမ့်၊ ဘယ်လိုများသေပါလိမ့် ဆိုတာကို ရှေးဦးစွာသိဖို့အရေးကြီးပါတယ်။

အဲဒီတော့ လူရယ်လို့ဖြစ်လာတော့ ဒီဘဝအစ အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေနေမှုကတော့ စ,တယ်လို့ဆိုရမှာပဲ (မှန်ပါ)၊ ပဋိသန္ဓေနေမှုက စတယ်ဆိုတော့ ဒါကတော့ထားပါတော့ နောက်ဘဝကကံက ပစ်ချလိုက်တယ်ဆိုတာ သိပြီးသား။

ပဋိသန္ဓေနေမှုကစတယ်ဆိုကတည်းကိုက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပဋိသန္ဓေနေတယ်ဆိုတော့ ဆင်းရဲတာတော့ ကန်းကုန်နေပြီ၊ အစားလဲမစားရ၊ အဝတ်လဲမဝတ်ရ၊ ကလလရေကြည်ကစပြီး ခန္ဓာထဲမှာ ပိုးမျိုးရှစ်ဆယ်နဲ့ အန္တရာယ်တွေကလည်းကြုံ၊ အမိ၏ သွားလာလှုပ်ရှားမှုတွေကြောင့်လဲ ပျက်စီးနိုင်တယ်ဆိုတဲ့ဒုက္ခတွေ၊ ဒီသူငယ်လေးမဖြစ်ခင်၊ ကလလရေ

www.burmeseclassic.com



ကြည်ကိုက အမိဝမ်းခေါင်းထဲမှာ ကိုးလခွဲဆယ်လတိုင်တိုင် နေရတဲ့ဥစ္စာကို ဦးဘရင် ဘာမှမကွေးနဲ့၊ ဒါဒုက္ခသစ္စာပဲ (မှန်ပါ) ဒါဖြင့် 'ဇာတိပိဒုက္ခာ' လို့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောပေမှာပဲ (မှန်လှပါဘုရား)။

ဘယ်လောက်နေရမှာတုံး ဒီဒုက္ခသစ္စာနဲ့ဆိုလို့ရှိရင် ကိုးလခွဲ ဆယ်လနေရမယ် (မှန်ပါ)၊ ဘယ်သူက ရေတိုက်လို့ ဘယ်သူက ဝတ်ဆင်ပေးသတုံး၊ ဘယ်သူကျင်ကြီးစွန့်တဲ့နေရာပို့ပေးသတုံး လို့မေးလို့ရှိရင် ဘယ်သူမှ မပို့ပါဘူး၊ ဘယ်သူထမင်းလာကျွေး တုံးဆို၊ ဘယ်သူမှထမင်းမကျွေးဘူး (မှန်ပါ)၊ ဒါနဲ့ ဘာဖြစ် နေသတုံး အို–ဝတ်တည်းနေတယ်၊ ဆင်းရဲနေတယ်ဆိုတော့ သူ့ကို ဘာသစ္စာလို့ ဦးဘရင်ဆိုမလဲ (ဒုက္ခသစ္စာပါဘုရား)၊ ဒီပြင်ဘာမှဆိုစရာမရှိဘူး၊ ဒုက္ခက ဆင်းရဲတာ၊ သစ္စာကမှန်တာ (မှန်ပါ) ဆင်းရဲတာအမှန်မှတစ်ပါး ဘာမှ ဆိုစရာမရှိပါဘူး (မှန်လှပါဘုရား)။

ကောင်းပြီ– ဒီ–ဇာတိဒုက္ခကနေပြီးပိုးမျိုးရှစ်ဆယ်တွေ၏ အစားအသောက်လုပ်ပြီး မသေလို့အပြင်ဘက်ထွက်လာတဲ့အခါ ကျတော့ တစ်နေ့တစ်ခြား ရင့်ကျက်လာတယ်လို့ဆိုလို့ရှိရင် ဒါ–အိုလာတာပဲ၊ ရင့်ကျက်တယ်ဆိုတာ အိုတာပဲ၊ သရက်သီးတို့ မရမ်းသီးတို့ ရင့်ကျက်တယ်ဆိုရင် ကြွေမလို့သာမှတ်ပေတော့ (မှန်ပါ)၊ ဒါဖြင့် ဒီဆင်းရဲမြီးတော့ ဒီဆင်းရဲပြန်ရတယ် မသေ လို့ရှိရင် (မှန်လှပါဘုရား)။

ဒီဆင်းရဲပြီး ဒီဆင်းရဲပဲ ပြန်ရတယ်ဆိုတာ ရှင်းနေတာပဲ၊ (မှန်ပါ)၊ အိုတဲ့ဆင်းရဲပဲ ပြန်ရတယ်၊ အိုတယ်ဆိုတာကတော့

www.burmeseclassic.com

www.burmeseclassic.com



အမိဝမ်းခေါင်းထဲက ထွက်ကတည်းက နေပူ လေပူနဲ့တွေ့ပြီး တစ်နေ့တစ်ခြား ရင့်ရော်ပြီး အိုလာတာပဲ(မှန်ပါ)၊ ကလေး လေးရယ်လို့ ကျုပ်တို့က အပြောနဲ့သာဆိုနေတာ၊ အပြီးသတ် ကျတော့ ရင့်ကျက်တာပဲ (မှန်ပါဘုရား)။

ဒါဖြင့်–ဆင်းရဲအစစ်ပဲလို့ဆိုတာကို သေချာမှတ်ပါ (မှန်ပါ)၊ မင်းတို့ ဒီကနေပြီး ခန္ဓာကြီး၏ ထုံးစံအတိုင်း ဘယ်များရွေ့လျား သွားမလဲလို့ အမေးထုတ်လို့ရှိရင်ဖြင့် အိပ်ယာဖျာကပ် အနာရတဲ့ ဆီကိုသွားမယ် (မှန်ပါ)၊ ဒါခန္ဓာကြီးရဲ့လမ်းစဉ်–ခန္ဓာကြီးဟာ ဒီကစတယ်၊ ဒီသွား တယ်၊ ဒီလာတယ်၊ သူသွားတဲ့နေရာတွေဟာ အတည်းကောင်း၊ အခိုကောင်းတွေနဲ့ နေရသလားလို့ဆိုရင် 'ဗျာဓိပိဒုက္ခာ'၊ ဗျာဓိပိ= အနာနှိပ်စက်ခြင်းသည်၊ ဒုက္ခာ= ဒုက္ခသစ္စာပဲဆိုတော့ ဒီဒုက္ခသစ္စာက ဒီဒုက္ခသစ္စာပြောင်းခဲ့တယ် (မှန်ပါ)၊ ဒါက လမ်းစဉ်ခန္ဓာကြီး၏ လမ်းစဉ်၊ ဉာဏ်နဲ့ကြည့်ရင် ဒါကလမ်းစဉ် အတိုင်းပေါ့ဗျာ (မှန်လှပါဘုရား)။

ဒီအတိုင်း ပကတိမျက်လုံးနဲ့မကြည့်နဲ့ ဉာဏ်နဲ့ကြည့်ပေးပါတဲ့ ခြော်– ဒီအတိုင်းသွားနေသကိုးလို့သာမှတ်ပေါ့၊ ဒီကနေပြီး ဒီခန္ဓာ၏ လမ်းစဉ်ဟာ ဘယ်လိုအဖြောင့်သွားမလဲလို့မေးလို့ရှိရင် 'မရဏံပိဒုက္ခံ' သေခါနီးဒုက္ခကို သူသွားမှာပဲ (မှန်ပါ)၊ မသွား ပေဘူးလား (သွားပါတယ်ဘုရား)၊ သွားပြီးသကာလ အခုလို ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ အသေလွတ်တဲ့လမ်းကို မရှာနိုင်လို့ရှိရင် အနေလမ်းကို ပြန်ဆိုက်ကြမယ် (မှန်ပါ)၊ မဆိုက်ပေဘူးလား (ဆိုက်ပါတယ်ဘုရား)၊ တစ်ခုခုသော ပဋိ သန္ဓေကိုပဲ ပြန်ဆိုက်မှာပဲ (မှန်လှပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့်– ဦးဘရင်ခန္ဓာဟာ ဘယ်လိုများလှည့်နေသတုံးလို့မေး လို့ရှိရင်၊ ဒုက္ခသစ္စာလေးချက်လှည့်နေတယ် (မှန်ပါ)၊ ဒုက္ခသစ္စာ လေးချက်ပဲလှည့်နေတာကို ဒါဘယ်လောက်ကြာကြာ တပည့် တော်လှည့်ရမှာတုံးလို့ ဦးဘရင်ကမေးဖို့လိုတယ်နော် (မှန်ပါ)၊ ခင်ဗျားအသေလွတ်လမ်းကို မရှာသရွေ့ ဒီအနေလမ်းချည်း လှည့်နေမှာပဲ (မှန်ပါ)၊ ဆရာကောင်းမတွေ့သရွေ့ ကိုယ်ကိုယ် တိုင်က မရှာသရွေ့ ဒီဒုက္ခလေးချက်မှတစ်ပါး ခင်ဗျားမှာ အပြင်ထွက်စရာလမ်းကို မရှိပါဘူး (မရှိပါဘုရား)၊ ပေါ်ပြီလား (ပေါ်ပါပြီဘုရား)၊ ဒါ–ခင်ဗျားတို့ရဲ့လမ်းစဉ်။

တပည့်တော်နောက်က ဘာဖြစ်ခဲ့သတုံးဆို ဒီလေးချက် ဖြစ်ခဲ့ တယ် (မှန်ပါ)၊ ရှေ့ကြည့်တော့ ဒီအနေလမ်းကို သေပြီးသည့် နောက်မှ ကျွတ်လွတ်တဲ့လမ်းကို မတွေ့သေးသရွေ့ကာလပတ် လုံးလဲ ဒီလမ်းချည်းပြန်လှည့်မယ်၊ ရှေ့လဲ ခင်ဗျား ဒါပဲဖြစ်မှာပဲ (မှန်ပါ)၊ အဲဒီတော့ လူနတ်ဗြဟ္မာ သတ္တဝါဆိုတာကအပြော၊ အသွားက၊ ဒါအစစ်ပဲ (မှန်ပါ)၊ အဲဒီတော့ အပြောယုံမလား အသွားယုံမလားလို့မေးလို့ရှိရင် ဦးဘရင် ဘယ့်နှယ့်ဖြေမတုံး (အသွားကိုယုံပါတယ်ဘုရား)၊ အပြောကိုမယုံနဲ့တဲ့၊ သူများက လူချမ်းသာ၊ နတ်ချမ်းသာလို့ ပြောနေကြသော်လည်း ခင်ဗျား လှည့်နေတာက ဒါပဲ (မှန်ပါ)၊ သူများအပြောကတစ်မျိုး၊ ကိုယ်လှည့်နေရတာက (တစ်မျိုးပါဘုရား)၊ သဘောပါပလား (ပါပါပြီဘုရား)။

ခင်ဗျားတို့ကလဲ မင်း၊ ဒီဘဝစုတေမနေ သေလွန်လို့ရှိရင် ဟောဒီနတ်ဗာတိ၊ နတ်ပဋိသန္ဓေရမယ်ဆိုတာ သူများအပြော

www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ)၊ ဘုရားကိုယ်တော်မြတ်ကြီးက ဘာသစ္စာတဲ့တုံး 'ဇာတိပိဒုက္ခာ' (မှန်ပါ)၊ 'ဇရာပိဒုက္ခာ'၊ 'ဗျာဓိပိဒုက္ခော'၊ မရဏံပိ (ဒုက္ခံပါဘုရား)၊ ဘုရားကိုယ်တော်မြတ်ကြီးက ဒါပဲဟောတယ်၊ ဒါဖြင့် အမြင်ကျယ်တဲ့ပုဂ္ဂိုလ်ကပြောတာကို မှတ်ထားကြပါ။ ပြောသံကြားကို မှတ်မနေပါနဲ့နော်(မှန်ပါ)၊ အမြင် ကျယ်တာ ဘယ်သူတုံးဆိုလိုရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးပါပဲ (မှန်ပါ)၊ နောက်ဘုရားကိုယ်တော်မြတ်ကြီးကို အတူ လိုက်ပြီး အစုဘုန်းကြီးများက ပြောဆိုနေတာပါ။ (မှန်လှပါဘုရား)။

ဒါဖြင့်– ဦးဘရင်၊ နောက်တုန်းက ခင်ဗျားဘာဖြစ်ခဲ့တုံး–ဆို ဒုက္ခလေးချက်လှည့်ခဲ့တယ်ဘုရားလို့ ဖြေရမှာပဲ (မှန်ပါ)၊ရှေ့ကို ခင်ဗျားဘာလုပ်ဦးမှာတုံးလို့မေးလို့ရှိရင်ဖြင့် ထွက်ရပ်လမ်းမတွေ့ သေးသရွေ့ကာလပတ်လုံး ဒီလမ်းသွားမှာပဲ၊ သေပြီး ဒီလမ်း ချည်းပဲသွားမယ်ဆိုတာ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ဒါဖြင့်– ဒီလမ်းနဲ့ပဲ အချိန်ကုန်တော့မှာလား၊ ထွက်လမ်း ရှာဦးမှာလားလို့ဆိုတဲ့ မေးခွန်းဟာ တစ်ခါတည်း ခင်ဗျားစိတ်ထဲ မှာရောက်လာတယ် (ထွက်လမ်းရှာရမှာပါဘုရား)၊ ထွက်ရာ လမ်းကို ရှာရမယ်၊ မသိခင်တော့ မရှာဘူးပေါ့၊ အခုတော့ သိပြီးတဲ့၊ နောက်တုန်းကလဲ ဒီလမ်းလေးလမ်း 'ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ'ပဲ လျှောက်ပြေးခဲ့တယ်၊ ရှေ့ကို ဒီသေပြီးသည့် နောက် ထွက်လမ်းမတွေ့သေးသရွေ့ကာလပတ်လုံး ဒီလေးလမ်း ပဲ လှည့်မယ် (မှန်ပါ)၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)၊ ဒါဖြင့် ငြင်းလို့ရသေးလား (မရပါဘုရား)၊ ငြင်းလို့မရ တော့ဘူး–တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ–ဒါဖြင့် ကျုပ်တို့သည် မြတ်စွာဘုရားတစ်ဆူ တစ်ဆူ ပွင့်ထွန်းပါမှ ဒီကနေထွက်တဲ့လမ်းဟာ တစ်ခါပေါ်တယ် (မှန်ပါ)၊ သေပြီးထွက်တဲ့လမ်းနော်(မှန်ပါ)၊ မသေခင်က မြင်ရတဲ့ လမ်း၊ သေပြီးထွက်သွားတဲ့လမ်း(မှန်ပါ)၊ ဒါ–ဘုရားတစ်ဆူ တစ်ဆူပေါ်တဲ့အခါမှာ ဒါလာတွေ့တာပဲ (မှန်ပါ)၊ ဘုရားကိုယ် တော်မြတ်ကြီးကလဲ ဆုံးမရက်ကို နှစ်ပေါင်း ၅၀၀၀ ပဲ ထားပစ်ခဲ့တယ်၊ အဲဒီအချိန်မှာ ဘုန်းကြီးတို့လို ပြနိုင်တဲ့ပုဂ္ဂိုလ် တွေပေါ်လာလိမ့်မယ် (မှန်ပါ)၊ နောက်ဘုရားတွေကျတော့ ထားမှာမဟုတ်တော့ဘူး(မှန်လှပါဘုရား)။

အဲဒီတော့– ဒီအချိန်ကလေးကို ဦးဘရင်လက်လွှတ်ခံမလား၊ ဒီလမ်းပဲပြေးနေရတာကို အကျေအနပ်ကြီး ကျေနပ်နေသလားလို့ မေးရင် ဘယ့်နှယ်ဖြေမတုံး(လက်လွှတ်မခံနိုင်ပါဘုရား)၊ ဘယ် နည်းနဲ့မှမခံနိုင်ဘူး၊ သူများပြောတာကတော့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ ပြောမှာပဲ (မှန်ပါ)၊ သစ္စာနဲ့ ဝေဖန်ကြည့်လိုက်တဲ့အခါမှာ ဘုရာကိုယ်တော်မြတ်ကြီးရဲ့အမြင်၊ အမှန်တရားတွေနဲ့ စဉ်းစားလိုက်တဲ့အခါ ဒုက္ခလေးချက်လှည့် တာပဲ ရှိပါတယ်(မှန်ပါ)၊ သဘောပါကြပလား (ပါပါပြီဘုရား)။

ဒါဖြင့်– ဒီလိုတန်းလိုက်မယ်(ပုံစံခွက်များ ချပြသည်)၊ အခု –ဒါက ဒုက္ခလေးချက်ကို ပဋိစ္စသမုပ္ပာဒ်နဲ့ လှည့်ပြလိုက်တာ၊ ဒီလိုဆိုလို့ရှိရင် ခင်ဗျားနားမလည် မရှိတော့ဘူး၊ ခုနကအပိုင်း တော့ ခင်ဗျားနားလည်သွားပြီ မဟုတ်လား (မှန်ပါ) ကောင်းပြီး ဒီဇာတိ၊ အမိဝမ်းခေါင်းထဲမှာနေတုန်းကို ခင်ဗျားအသေလွှတ် တရားကို ရှာပါလို့ဆိုရင် ရှာချိန်မရ သေးဘူး(မရပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းအသက်အရွယ်ကြီးလာတဲ့ အချိန်မှ လဲ ကျောင်းတွေ၊ သားမယားကျွေးမှု မွေးမှုတွေနဲ့ စီးပွားရေးလိုက်နေရလို့ မရသေးဘူး (မှန်ပါ)၊ အဲဒီတော့ အခု တော့ဖြင့် ဟောဒီအနာ နားတော်တော်ကပ်လာပြီ (ကပ်နေပါပြီ ဘုရား)၊ အိပ်ရာဖျာကပ် နား တောတော်နီးလာပြီး (နီးပါပြီဘုရား) နီးတော့ကို ဒီကြား ထဲမှာ ခင်ဗျား အခုဘုန်းကြီးဆီရောက်လာတယ် (မှန်ပါ)၊ ဒီ ကြားထဲမှာရှာ၊ ဒီသေခါနီးကျရင်တော့ရှာမလိုတော့စိတ်မကူးနဲ့ မလွယ်တော့ဘူးတဲ့၊ ဒီကျတော့ ဒေါမနဿနဲ့ အချိန်ကုန်သွားမယ် (မှန်ပါ)၊ အကုန်ပေဘူးလား (ကုန်မှာပါဘုရား)၊ ဝေဒနာနိပ်စက် နေတာနဲ့ ဒေါမနဿနဲ့ အချိန်ကုန်သွားမယ်(မှန်ပါ)၊ ဒီကျတော့လဲ သေရတယ်ဆိုတော့ကို ရှာချိန်မရှိတော့ဘူး (မရတော့ပါဘုရား)။

ဒါဖြင့်–ဒီကြားမှာ ခင်ဗျား၊ ဒီလမ်းခွဲလေးတစ်ခု 'အအိုက အနာကြား' ခင်ဗျားလိုက်ပါဆိုတာကို တိုက်တွန်းတယ် (မှန်ပါ)၊ သဘောပါပလား (ပါပါပြီဘုရား)၊ ဒီကြားမှာ လမ်းခွဲလေး လိုက်ပါ၊ ဒီကြားမှာ ဘုန်းကြီးနှင့်လာတွေ့တာကိုး (မှန်ပါ)၊ ဒါဖြင့် ဒီလမ်းခွဲလေးကို မလိုက်ခဲ့လို့ရှိရင်တော့ ခင်ဗျား ဒီအသေ ဆိုက်တော့မယ်၊ ဒီဆိုက်ရင် ဘုရားမကယ်နိုင်၊ ဆရာမကယ်နိုင် ဖြစ်မှာပဲ(မှန်ပါ)၊ ဒီဆိုက်ပြီဆို လုံးလုံးဥပေက္ခာထားရတော့မယ်၊ ခင်ဗျားကို ဘယ်လောက်ခင်တဲ့ ဘယ်လောက်ရင်းနှီးတဲ့ ဘယ် လောက်အကျိုးစီးပွား အလိုရှိတဲ့ပုဂ္ဂိုလ်ကဖြစ်စေ၊ ကယ်ဖို့ယူဖို့ အချိန်မရှိတော့ဘူး (မှန်လှပါဘုရား)။

ဒါဖြင့်–အအိုနဲ့အနာမရောက်ခင်ကြားထဲ လမ်းခွဲပါ (မှန်ပါ)၊ ဒီနေရာမှာ ရှာလိုက်ပါ (မှန်ပါ)၊ ဒီအအိုလွတ်၊ အသေလွတ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါအိုပြီး၊ ဒီတစ်ခါသေပြီးသကာလ နောက်လွတ်တဲ့လမ်းကို ရှာလိုက်ပါ (မှန်ပါ)၊ ဒါဖြင့် ဒီ'အအိုနဲ့အနာ'ကြားရှာပေါ့၊ သဘောပါပလား (ပါပါပြီဘုရား)၊ ဒီ'အသေ' ကျတော့မှ မရှာနဲ့နော်(မှန်ပါ)၊ ဒီနဲ့ဒီ 'အနာနဲ့အသေ'ကျတော့ ကြားမရှိဘူး (အခုရှာဖို့အချိန်ရောက်နေပါပြီဘုရား)၊ ရောက်နေပြီ၊ ရှာဖို့အချိန်ကလဲ အခုပြောတဲ့အတိုင်း၊ ဩော်–ဒီကြားလေးပဲ ကျန်တော့တယ်၊ ဒီဘက်ကြားက ကိုယ်နဲ့မဆိုင်တော့ဘူး၊ နာပြီးဖျတ်ဆိုသေချင်သေပစ်လိုက်မှာကိုး (မှန်ပါ)၊ ဒီနဲ့ဒီ 'အအိုနဲ့အနာ' ကတော့ နည်းနည်းဝေးသယောင်လေးရှိသေးတယ် (မှန်ပါ)၊ ဒီနဲ့ဒီ 'အအိုနဲ့အသေ'ကတော့ မဝေးဘူး(မှန်ပါ)၊ အင်းနာပြီတဲ့ဆို၊ သေပြီကြားရတာများတယ် (မှန်လှပါဘုရား)။

အဲဒီတော့ ဒီကြား 'အအိုနဲ့အနာ'မှာ ခင်ဗျားအခု အရှာလာတာပဲလို့ ဘုန်းကြီးများကလည်း သိထားတယ်၊ ကိုသံဒိုင်ကလဲ ဒါကိုမြင်လို့ လွှတ်လိုက်တာပဲ (မှန်ပါ)၊ သူ့ကို ခင်ဗျားအင်မတန်ကောင်းသော မိတ်ဆွေတစ်ဦးတစ်ယောက်လို့ မှတ်ပါ(မှန်ပါ) ကလျာဏမိတ္တပဲ၊ ကလျာဏမိတ္တဆိုတာ ဦးဘရင်တစ်ခါတည်းမှတ်ထား ရှင်သာရိပုတ္တရာက နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကျင့်ပြီးပြီ (မှန်ပါ)၊ ကလျာဏမိတ္တဆိုတာနဲ့ မတွေ့လို့ရှိရင် ဘုရားကိုယ်တော်မြတ်ကြီးက ဒီကောင်မျောမယ်တဲ့၊ သူ့မှာ အဿဇိရဟန်းကလေးက ဆရာကိုး (မှန်ပါ)၊ အဲဒါနဲ့ တွေ့သွားလို့ သူ၊သောတာပန်တည်သွားတာ (မှန်ပါ) အဲဒီရှင်အဿဇိနဲ့သာ မတွေ့ဘူးဆိုလို့ရှိရင် နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းဟာ ကွာသွား ပြီတဲ့၊ ကလျာဏမိတ္တမတွေ့ရင် သူ့ဟာသူကို မျော်

www.burmeseclassic.com



ဉာဏ်ဟာမပေါ်နိုင်ဘူးကွ (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့်– ကလျာဏမိတ္တဆိုတာ၊ ကလျာဏက ကောင်းတာ၊ မိတ္တက အဆွေခင်ပွန်း၊ ခင်ဗျား ကိုသံဒိုင်ရော၊ ဒီက ဆရာဘုန်းကြီးရော၊ ဒါ–ကလျာဏမိတ္တတွေချည်းမှတ်ထားပါ (မှန်ပါ)၊ မတွေ့လို့ရှိရင် သွားပြီတဲ့(မှန်ပါ)၊ နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသားဘောင်မှ အလကားဖြစ်ရမယ့်လို့ ပြောထားတာပဲ (မှန်ပါ)၊ ရှင်မောဂ္ဂလာန်လဲ ဒီအတိုင်းပဲ နှစ်အသင်္ချေနဲ့ ကမ္ဘာတစ် သိန်းဖြည့်ပြီးသားဟာ ဒီရှင်သာရိပုတ္တရာကတစ်ဆင့် ဟောလို့သာ သောတာပန်တည်ရတယ် (မှန်ပါ) ကလျာဏမိတ္တဟာ ဘယ်လောက်ကျေးဇူးများတယ်ထင်လဲ၊ ဒါကြောင့် ရှင်အာနန္ဒာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်၊ ညီတော်အာနန္ဒာ ကလျာဏမိတ္တများဟာ ဘယ်လောက်များကျေးဇူးများ သတုံးကွလို့မေးတော်မူတော့ ထက်ဝက်ကျေးဇူးကို ဆောင်ပါ တယ်လို့ဖြေတဲ့ အခါမှာ အို–မင်းဟာ သာဝက ဉာဏ်နဲ့ ပြောတာကိုးကွ၊ မဟုတ်ဘူး၊ သူ့အားလုံးရွက်ဆောင်သွားတာ၊ သူ့ကြောင့် ဒုက္ခခပ်သိမ်းငြိမ်းသွားတာ (မှန်ပါ)၊ သဘောပါပလား (ပါပါပြီဘုရား)။

ဒါဖြင့်–ဘယ်သူအရေးကြီးနေတာတုံး (ကလျာဏမိတ္တပါဘုရား)။ ကလျာဏမိတ္တသိပ် အရေးကြီးပါတယ်ဆိုတာ မပေါ်လာဘူးလား (ပေါ်ပါတယ်ဘုရား)၊ ဒီ'အအိုနဲ့အနာ' ကြားမှာ ခင်ဗျားရှာရင်ရှာနော်၊ ဒီဘက်လွန်သွားရင်တော့ ကျပ်လဲ မတတ်နိုင်ဘူး (မှန်ပါ)၊ ဒီဘက်လွန်ရင်တော့ မတတ်နိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



လက်လျှော့ပြီ (မှန်ပါ)၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

လက်လျှော့ရကာကို ကျုပ်ရှင်းပြမယ် (မှန်ပါ)၊ ဒါအလုပ်စဉ်ကို အပြောသေးပါဘူးတဲ့၊ အခုပေါ့ပေါ့နေမှာစိုးလို့ပြောတဲ့ စကားတွေလို့မှတ်ပါ (မှန်ပါ)၊ ဒါဖြင့်ဒီကြားရာရလိမ့်မယ်ဆိုတာ သိပြီနော် (သိပါပြီဘုရား)၊ ကောင်းပြီ အာဠာရ ရသေ့ကြီးဟာ လောကီစျာန်ကို သင်ပေးတဲ့နေရာမှာ ဆရာပဲ၊ ဥဒကရသေ့ကလဲ အရူပစျာန်ကို သင်ပေးတဲ့နေရာမှာ ဘုရားကိုယ်တော်မြတ်ကြီး၏ ဆရာနော် (မှန်ပါ)၊ ကိုယ်တော်မြတ်ကြီး နုစဉ်အခါတုန်းက ဒီနှစ်ယောက်ကို ဆရာထားတာ (မှန်ပါ)၊ လောကုတ္တရာမှာသာ ဆရာမရှိတာ၊ လောကီစျာန် မှာ ဆရာရှိတယ် သူ့မှာ (မှန်ပါ)၊ နောက်သစ္စာလေးပါးသိပြီး ဘုရားဖြစ်ပြီးလာတော့ ငါဘယ်သူ့ကို တရားဟောရပါမတုံးလို့ စဉ်းစားတဲ့အခါမှာ အို–ငါ့ဆရာ အာဠာရရှိသားပဲဆိုပြီး ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တော့ ခုနစ်ရက် စောပြီး သေနှင့်တယ် (မှန်ပါ) မဟာကပ်ပေါင်း ခြောက်သောင်း ခမျာမှာ–ဒုက္ခသစ္စာနဲ့ လှည့်နေတယ်နှစ်ရက်စောသေသွားတာနဲ့ ကမ္ဘာပေါင်းခြောက်သောင်း ခုနဒုက္ခလေးချက်နဲ့ လှည့်နေတယ် (မှန်ပါ)၊ ကောင်းနိုင်သေးရဲ့လား (မကောင်းနိုင်ပါဘုရား)၊ အရှုံးကြီးရှုံးပြီ ဟော့–ဘုရားကိုယ်တော်မြတ်ကြီးက အရှုံးကြီးရှုံးပြီဟော့လို့ တစ်ခါတည်း ပြောလိုက်တယ်။

ဒါနဲ့– ဆက်ပြီးစဉ်းစားတယ်၊ ဪ–ငါ့ဒုတိယဆရာ ရှိပါသေးလား၊ ဥဒကရှိပါသေးလားဆိုတော့ ကိုယ်တော်မြတ်ကြီး သစ္စာလေးပါးသိပြီး လွန်ခဲ့တဲ့ ညဉ့်သန်းခေါင်အချိန်ကပဲ

www.burmeseclassic.com

www.burmeseclassic.com



သေနိုင်တယ်(မှန်ပါ)၊ ဩော်–သူလဲ အရှုံးကြီးရှုံးသွားပြီတဲ့၊ ဒီထက်အရှုံးမရှိတော့ဘူး၊ ဟော့သစ္စာတရား မနာလိုက်ရလို့တဲ့၊ သစ္စာတရားနာလိုက်နာရရင် သူတို့က တိဟိတ်တွေလဲဖြစ်တယ်၊ ဈာန်တွေလဲ ရပြီးသားဆိုတော့ ဝိပဿနာဖက်ကူးလိုက်ရင် ဖျတ်ခနဲ နိဗ္ဗာန်ရမယ့် ပုဂ္ဂိုလ်တွေ (မှန်ပါ) မဟာကပ်ပေါင်း ရှစ်သောင်းလေးထောင် ဒုက္ခသစ္စာနဲ့ လှည့်နေရတာ မနာဘူးလား၊ ကဲ (နာပါတယ်ဘုရား)၊ အဲဒါကတော့ အသေစောလို့ ဖြစ်ရတာ၊ အသေက နည်းနည်းလေး စောသွားတယ်(မှန်လှပါဘုရား)။

အနေရှိပါလျက် ကလျာဏမိတ္တနဲ့ မတွေ့လို့ရှုံးရတာတွေက လည်းတစ်ပုံကြီးပါပဲ၊ အဲဒါ ဝတ္ထုမထွက်တော့ဘူး(မှန်ပါ)၊ သဘောပါပလား (ပါပါပြီဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ အသေကလဲ စောစရာ ကိစ္စ ပါတယ်(မှန်ပါ)၊ ဒီမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရခင်ပေါ့ဗျာ(မှန်ပါ) ဘာကြောင့်တုန်းလို့ မေးတဲ့ အခါကျတော့ တစ်ပင်တစ်ပင်ပေါက်နေတယ် ဦးဘရင်။ နဂိုကတည်းက ကိုင်းပေါက်လာတယ်ဆိုတော့ ကိုင်းတဲ့ဘက် လဲမလား၊ မလဲဘူးလားဆိုတာ ခင်ဗျားတို့ သံသယရှိဖို့ မလိုတော့ဘူး (မလိုတော့ပါဘုရား)။ လဲမှာပဲ (လဲမှာပါဘုရား)။

ဒီခန္ဓာကလည်း မွေးကတည်းက သေမယ့်ဘက်ချည်းပြေးတာ (မှန်ပါ)၊ အသေပါမပါ (ပါပါတယ်ဘုရား)၊ မွေးကတည်းက သူအိုတဲ့ ဆီပြေး၊ နာတဲ့ဆီပြေး၊ သေတဲ့ဆီပြေးနေတာဟာ ခန္ဓာလမ်းစဉ်ပဲ (မှန်ပါ)။ ဆိုတော့ သူက မစောဘူး၊ စောနိုင် တယ်လို့ ဆိုလို့ရရဲ့လား။ (မရပါဘုရား)။ စောချင်လည်း စောသွားမယ်(မှန်ပါ)။ စောနိုင် ပါတယ်တဲ့။ အဲဒီအသေစောလို့

www.burmeseclassic.com

www.burmeseclassic.com



ခုနက ပုဂ္ဂိုလ်နှစ်ယောက်မှာလည်း ဒုက္ခရောက်သွားပါတယ်။ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် ဒုက္ခ စက်လည်ရတယ်။ (မှန်ပါ)၊ ကလျာဏမိတ္တနဲ့ မတွေ့လို့လည်း ကိုယ် ကျိုးနည်းရတာတွေက တစ်ပုံကြီး။ (မှန်ပါ)၊ ဆိုတော့ ဒါတွေကို လွတ်အောင်ရှောင်ရလိမ့်မယ်။ (မှန်ပါ)၊ အသေမစောပါစေနဲ့ဆိုတာတော့ ဘုန်းကြီးလည်းမတားနိုင်ဘူး။ ခင်ဗျားဟာခင်ဗျားလည်း မတားနိုင်ဘူး။ (မတားနိုင်ပါဘုရား)။ ကလျာဏမိတ္တနဲ့ တွေ့တုန်းကို အရယူပြီးသကာလ အသုံးချလိုက်ရင်တော့ ဒါအဖိုးတန် သွားမယ်။ (မှန်ပါ)၊ သဘောပါပလား၊ (ပါပါပြီဘုရား)၊ ကလျာဏမိတ္တနဲ့တွေ့တုန်းကို ခင်ဗျားအရယူလို့ရှိရင် ခင်ဗျားအဖိုးတန်သွားမယ်။ (မှန်ပါ)၊ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တရားလည်းနာရလိမ့်မယ်။ အလုပ်တရားမပါဘဲနဲ့လည်း ဘယ်သူမှ ဒုက္ခချုပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန် မရောက်နိုင်ဘူး။ (မရောက်နိုင်ပါဘုရား)။ မရောက်နိုင်တော့ အလုပ်တရားကို အခုကစပြီးတော့ ခင်ဗျားကိုပြောမယ်နော် အလုပ်တရားစပြောမယ်လို့ဆိုတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့ နားလည်ပြီးသားထဲကပဲ ရှင်းပေးလိုက်ပါမယ်။

ဒါ၊ ဦးဘရင်ခန္ဓာငါးပါး အခု၊ တရားနာနေတဲ့ ခန္ဓာငါးပါး၊ ရုပ်ရယ်၊ နာမ်ရယ်လို့ ဆိုပါတော့ဗျာ။ နာမက္ခန္ဓာလေးပါး၊ အခု တရားနာနေတဲ့ ဦးဘရင်ခန္ဓာပဲလို့ မှတ်ထားလိုက်စမ်းပါနော်။ (မှန်ပါ)၊ ခန္ဓာက ဘာလုပ်နေသတုန်းဆိုတော့ ခန္ဓာဆိုတာက "သဗ္ဗေသင်္ခါရ အနိစ္စာ"လို့ ဆိုသောကြောင့် "ပဉ္စက္ခန္ဓာအနိစ္စ"လို့ ဆိုသောကြောင့် ခန္ဓာက ဘာလုပ်နေသတုန်းလို့ မေးမနေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကအနိစ္စပဲ။ (မှန်ပါ)၊ သူ့သဘောလုပ်နေတာပဲ။ (မှန်ပါ)၊ ဖြစ်လိုက်၊ ပျက်လိုက်။ ဖြစ်လိုက် ပျက်လိုက်။ ဖြစ်လိုက် ပျက်လိုက်။ သူက အနိစ္စပဲ။ သူ့တာဝန်က ဒါပဲ။ သူ့ဝတ္တရားက ဒါပဲ။ ခန္ဓာအလုပ်က အနိစ္စအလုပ်နော်။ (မှန်ပါ)၊ ဖြစ်လိုက်၊ ပျက်လိုက်။ ဖြစ်လိုက် ပျက်လိုက်။ ဖြစ်လိုက် ပျက်လိုက်ချင်း လဲနေတာပဲ((မှန်လှပါဘုရား)။

ကျုပ်တို့ ဟို ဒိုင်နမိုကလည်းတော့ ဒီမီးခွက်လေးတွေဟာ အစဉ်လိုက်လင်းနေတယ် ထင်ရတယ်။ ဒိုင်နမို တစ်ပတ်မှ တစ်ချက်ထွက်တာ (မှန်ပါ)၊ သို့သော်လည်း ဒိုင်နမိုအလည်မြန်နေလို့ရှိရင် မီးက စဉ်တိုက်လို့ ထင်ရတယ်။ (မှန်ပါ) ထင်ပင် ထင်ရငြားသော်လည်း စဉ်တိုက်လင်းတယ်လို့ ကျုပ်တို့ ဒိုင်နမိုကနေကြည့်ရင် ဘယ်နည်းနဲ့မှ မတူဘူး။ ဒိုင်နမိုမှာ ကပ်နေတဲ့ ကြေးလေးတွေနဲ့ တိုက်တဲ့အခါ မီးထွက်တာပေါ့။ (မှန်ပါ)၊ မတိုက်ရင် (မထွက်ပါဘုရား)။ ထွက်ကိုမထွက်ဘူး။ ဒါဖြင့် တိုက်တာက တစ်ချိန်ရယ်၊ ဘေးလည်နေတာက အကြာကြီး။ (မှန်ပါ)၊ အဲဒီတိုက်တဲ့အချိန်လေးမှာ မီးထွက်တာက အတိုက်မြန်တော့ ဒီမှာ မီးဟာ စဉ်တိုက်လင်းနေတယ်။ တောက်လျှောက်လင်းနေတယ်လို့။ ခင်ဗျားကထင်မှာပဲ။ (မှန်လှပါဘုရား)။

ဒီမှာလဲ ခန္ဓာကြီးဟာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်နဲ့။ ဖြစ်ပျက်မြန်လွန်းလို့ မနေ့ကလဲ ဦးဘရင်၊ ဒီနေ့လည်း ဦးဘရင်၊ ထိုင်စကလည်း ဦးဘရင်၊ အခုလည်း ဦးဘရင်လို့ ခင်ဗျားထင်နေတယ်။ ဒါဖြင့် သူက ခဏခဏဖြစ်ပြီး၊ ခဏခဏ

www.burmeseclassic.com

www.burmeseclassic.com



ပျက်နေတာပေါ့။ (မှန်ပါ)၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဒီရုပ်ကလည်း ဖြစ်လိုက်ပျက်လိုက်၊ နာမ်ကလည်း (ဖြစ်လိုက်ပျက်လိုက်ပါဘုရား)။ ဖြစ်လိုက်ပျက်လိုက်နဲ့ ဒီလိုချည်း နေတယ်နော်။ နေတာကို မြန်းကနဲ ခင်ဗျားဉာဏ်နဲ့ကြည့်မယ် ဆိုတော့ အတုံးအခဲကြီးဖြစ်နေတယ်။ ခင်ဗျားက ခပ်ဝဝ၊ (မှန်ပါ)၊ မမြင်နိုင်ဘူးဘုရား။ ခုနက ဖြစ်လိုက်ပျက်လိုက် ရှိတာတော့ စာထဲမှာတော့ဟုတ်ရဲ့။ ဘုရားကိုယ်တော်မြတ်ကြီး ဟောတာ တော့ဟုတ်ရဲ့။ တပည့်တော် ဉာဏ်ထဲမှာမမြင်ဘူး။ ဒါခင်ဗျား သေခြာဆင်ခြေလဲရမယ့် အသွားပဲ။ (မှန်ပါ)၊ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား)။

ဒါဖြင့် မြင်နိုင်တဲ့နည်းကို ပြောရလိမ့်မယ်။ ရှိတာကို ဆရာကောင်း၊ သမားကောင်းက နည်းပြရမယ်။ ရှိလို့ရှိရင် ပြရမယ်။ (မှန်ပါ)၊ ရှိလို့ရှိရင် ဒီနည်းကို အမှန်ပြရမယ်။ မပြရင် ဖြစ်ကိုမဖြစ်ဘူးဆိုတော့ ဒါဖြင့် ဒီလိုလုပ်ပေတော့ ဦးဘရင်။ ခင်ဗျား ဒီနာမက္ခန္ဓာ လေးပါးထဲမှာ စိတ်ဆိုတာရှိတယ်။ စိတ် တစ်လုံးရှိတယ်။ ခင်ဗျားစိတ်ပေါ့ဗျာ။ (မှန်ပါ)၊ ဝိညာဏက္ခန္ဓာ ဆိုတဲ့ စိတ်တစ်လုံးရှိတယ်။ (မှန်လှပါဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်လေးပါးထဲက ရုပ်ဟာ အတုံးအခဲကြီးမို့ ဟိုမီးလိုဖျတ်–ဖျတ်–ဖျတ်နဲ့ ဒီလိုမနေတော့ မသိဘူး။ တောက် လျှောက်လင်းနေတယ်သာ ထင်နေတယ်။ စိတ်ကတော့ပြောင်းလွဲ တာသိတယ်ဆိုတော့ ဒါဖြင့် ခန္ဓာလေးပါးပြုတ်ပြီးတော့ စိတ်တစ် လုံးကို ခင်ဗျားရှုရလိမ့်မယ်။ စိတ္တာနုပဿနာ လုပ်ရလိမ့်မယ်။

www.burmeseclassic.com



(မှန်ပါ)၊ သဘောပါပလား။ (ပါပါပြီဘုရား)။ ဘာလုပ်ရမှာတုန်း။ (စိတ္တာနုပဿနာလုပ်ရမှာပါဘုရား)။ စိတ္တာ နုပဿနာလုပ်ရလိမ့်မယ်လို့မှတ်ထားကြပါ။

စိတ္တာနုပဿနာလုပ်တော့မယ် ကြံတော့ကို ကောင်းပြီ။ စိတ်ဟာ တပည့်တော် သန္တာန်ဖြစ်တဲ့စိတ်ကို တပည့်တော် ဉာဏ်နဲ့ကြည့်ရရင်တော့ သိမှာပဲလို့ မဆိုထိုက်ဘူးလား။ (မှန်ပါ)၊ ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်ရရင် သိမှာပဲ။ (မှန်ပါ)၊ ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်ရရင် (သိရမှာပါဘုရား)။ သဘောပါပလား။ (ပါပါပြီဘုရား)။ ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကို ကိုယ့်ဉာဏ်နဲ့ကြည့်ရမယ်နော်။ (မှန်လှပါဘုရား)။

ကောင်းပြီ။ ပထမရှေးဦးစွာ "သမာဓိဘိက္ခဝေ ဘာဝေထ" ဆိုတဲ့အတိုင်း ကိုယ်ကတစ်ခါ ဉာဏ်ထက်အောင် ရှေးဦးစွာ ဦးဘရင်အိမ်ရောက်တဲ့အခါမှာဖြစ်စေ၊ အနီးစခန်းမှာသွားတဲ့အခါမှာ မှာဖြစ်စေ၊ ခင်ဗျားအိပ်ရာဝင်ခါနီး ဖြစ်စေ၊ အားတဲ့အချိန်မှာ ဖြစ်စေ၊ ခင်ဗျားခန္ဓာထဲက စိတ်ကလေးကို သမာဓိအရင်ဖမ်းလိုက်ပါ။ (မှန်ပါ)၊ ဒီနှာသီးဖျားမှာ စိတ်ကလေး ထားပြီး လေကလေးကို ထွက်တိုင်းသိ၊ လေကလေး ဝင်တိုင်းသိ သိနေပါ။ ဘာမှ နှလုံး မသွင်းနဲ့။ ကိုယ့်လေထွက်တာကို စိတ်က ဒီမှာထား။ ခန္ဓာထဲက စိတ်က ဒီမှာထည့်ထား။ မှန်ချိန်သလို ထည့်ထားပါ။ (မှန်ပါ)၊ လေကလေးထွက်တာလည်း သိအောင်လုပ်။ ဝင်တာကိုလည်း သိအောင်လုပ်ပါ။ ဒါ အာနာပါနကို ပေးတယ်လို့ မဆိုနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သမာဓိဖမ်းတာ သက်သက်လို့မှတ်။ (မှန်ပါ)၊ အာနာပါနကို ပေးချင်လို့ မဟုတ်ဘူး။ မဖမ်းမဖြစ်လို့ ဖမ်းတာ။ ဒီစိတ်ကို ယဉ်အောင်လုပ်ပစ်တာ။ ပြီးတော့မှ ဒီခုနက အနိစ္စရှိတဲ့ဘက်ကို သူ့ခိုင်းမလို့၊ နွားကို ယဉ်အောင်လို့ ချည်ထားတာ။ ကြိုးနဲ့ချည်ထားတာ။ ဒါဖြင့် စိတ်ဟာ နွားနဲ့တူတယ်။ ဟောဒီလေက ချည်တိုင်နဲ့တူတယ်။ သတိကကြိုးနဲ့တူတယ်။ သတိတည်းဟူသော ကြိုးနဲ့ချည်ထား ပြီးသကာလ ဒီစိတ်ကို ထွက်လေဝင်လေကိုသိပြီးနေရမယ်။ စိတ်ဟာ ထွက်လေဝင်လေကိုသာ သိနေရတာ ထွက်လေဝင်လေ တည်းဟူသော တိုင်ကို သတိတည်းဟူသော ကြိုးနဲ့ချည်ထား ချည်ထားလို့ တစ်ဆယ်မိနစ်၊ တစ်ဆယ့် ငါးမိနစ်၊ မိနစ်နှစ်ဆယ် နာရီဝက်အတွင်းမှာ တပည့်တော် စိတ်ဟာ ဘယ်မှ မပြေးဘူး ဘုရား။ ထွက်တိုင်းသိနေတယ်။ ဝင်တိုင်းသိနေတယ် ဆိုတာက ၁ နံပါတ်စလုပ်နေတာနော်။ (မှန်လှပါဘုရား)။

၁ နံပါတ်စလုပ်တယ်ဆိုတော့ စိတ်ကို ဘယ်မှာထားရမှာတုန်းဆို၊ နှာသီးဖျားပြီးတော့ ထွက်တိုင်းသိ၊ ဝင်တိုင်းသိ လုပ်ရမယ်နော်။ (မှန်ပါ)။ မိနစ်နှစ်ဆယ်၊ နာရီဝက်ရပြီဆိုတော့မှ ကဲ ငါ့စိတ်တော့ တည်ပြီဆိုလို့ရှိရင်ဖြင့် ခန္ဓာပေါ်မှာ သူ့ကိုခိုင်းတော့မယ်။ (မှန်ပါ)။ ဒီစိတ်ပဲ ခန္ဓာအပေါ်မှာ ဉာဏ်နဲ့တွဲခိုင်းမှာ။ (မှန်ပါ)။ ဉာဏ်နဲ့တွဲခိုင်းမယ်တဲ့။ ဉာဏ်နဲ့တွဲခိုင်းတဲ့အခါကျတော့ မျက်လုံးထဲမှာ ဖျတ်ဆို မြင်စိတ်ကလေး ပေါ်လာတယ်။ ပေါ်ကာရှိသေးတယ်။ နားထဲက ကြားစိတ်ကလေး ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြင်စိတ်ကလေးက ခန္ဓာထဲမှာ ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်။ မျက်လုံးထဲမှာ ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်ဆိုတာ သမာဓိရှိတဲ့လူကျတော့ မသိပေဘူးလား။ သိမလား (သိပါတယ်ဘုရား)။ မြင်စိတ်ကလေး ပေါ်တယ်။ ပေါ်ပြီး ကြားစိတ်လေးပေါ်လာတော့ မြင်စိတ်ကလေးဟာ ရှိသေးရဲ့လား။ (မရှိတော့ပါဘုရား)။ မရှိတော့ဘူး။ မြင်စိတ်ကလေးဟာ ပေါ်ပြီး ပျက်ထွက်သွားတယ်။ သမာဓိရပြီးလို့ရှိရင် သူပေါ်လာတာလဲသိတယ်။ သူပျက်တာလဲသိတယ်။

ကြားစိတ်ကလေးပေါ်လာရင်ကော၊ ကြားရင် ကြားစိတ်ကလေး ပေါ်တာပဲ။ (မှန်ပါ)။ မကြားဘဲနေတော့ ပျက်သွားတယ်ဆိုတာ မသိပေဘူးလား။ (သိပါတယ်ဘုရား)။ ဒါဖြင့် ကြားစိတ်ကလေးဟာ ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်လို့ သိပေး။ (မှန်ပါ)။ နှာခေါင်းထဲနံတယ်။ မွှေးတယ်ဆိုတဲ့ စိတ်ကလေးပေါ်လာလို့ရှိရင်လဲ ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်လို့ သိပေးပါ။ လျှာပေါ်မှာ တံတွေးမျိုးမျိုး၊ ဘာမျိုးမျိုး၊ ထမင်းခဲဖွယ်မျိုးမျိုး၊ စားတဲ့စိတ်ကလေးပေါ်ရင် ပေါ်လည်းပေါ်တယ်။ ပျက်လည်း ပျက်တယ်လို့ သိပေး။ (မှန်ပါ)။ ကိုယ်ပေါ်မှာ ယားတယ်။ ယံတယ်။ နာတဲ့စိတ်ကလေး ပေါ်တယ်ဆိုလို့ရှိရင်လည်း ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်လို့ ခင်ဗျားက သိနေ။ ကိုယ်ပေါ်မှာ လေကလေး ဘာလေးတိုက်၊ ပန်ကာလေး ဘာလေးက လေရတော့ ချမ်းသာတဲ့စိတ်ကလေး ပေါ်မယ်။ ပေါ်တဲ့နေရာကို ခင်ဗျားက ဉာဏ်လှည့်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လည်းပေါ်တယ်။ ပျက်လည်းပျက်တယ်လို့ သိပေးပါနော်။ (မှန်လှပါဘုရား)။

ဒါဖြင့် သိစရာသည် အမြင်ဘက်က (၁) (၂) (၃) (၄) (၅) (၆) သဘောကျပလား။ (ကျပါပြီဘုရား)။ အမြင်ဘက်မှာ သိစရာက ဘယ်နှစ်ခုတုန်း။ (၆)ခုပါဘုရား။ (၆)ခုဟာလည်း ခင်ဗျားဝန်မလေးပါနဲ့တဲ့။ (မှန်ပါ)။ ဟောဒီ တစ်ခုပေါ်နေပြီဆို နောက် (၅)ခုမရှိပါဘူး။ ဘယ်တော့မှ ပြိုင်မပေါ်ပါဘူး။ (မှန်ပါ)။ တစ်ခုပဲပေါ်တယ်။ 'ဧကောဓမ္မော' ပဲ။ (မှန်ပါ)။ တစ်ခုပဲ ရှုရမယ်။ (မှန်ပါ)။ ပြီးတော့မှ အတွင်းမှ လိုချင်တဲ့ လောဘစိတ် ပေါ်လာ တယ်။ ဒေါသစိတ်ပေါ်လာတယ်။သံ သယစိတ်ပေါ် လာတယ်။ တစ်ခါတစ်လေကျတော့ မေတ္တာစိတ်ကလေးဆိုတဲ့ အဒေါသစိတ် ပေါ်တယ်။ တစ်ခါတလေ အမောဟစိတ်က ဒီအနားမှာထား ဘာမှမရှိဘူးဆိုရင် ခင်ဗျားခန္ဓာထဲမှာ လေကို အပြင်ဘက်ထုတ်တဲ့ စိတ်ကလေးတစ်မျိုးရှိတယ်နော်။ (မှန်ပါ)။ လေကို ပြန်သွင်းတဲ့ စိတ်ကလေးက ဟောဒီ ဟဒယဝတ္ထုပေါ်မှာ ရှိတယ်။ အဲဒီ နှစ်ခုရှိပါတယ်။ (မှန်လှပါဘုရား)။

အဲဒါကို ဒီကနေပြီး ခင်ဗျား ဟဒယဝတ္ထုပေါ်ကနေပြီး ပညာနဲ့ ဒါတွေဟာ ခြောက်ရယ်၊ ဒီကငါးရယ်၊ ဒီက နှစ်ခုရယ်ကို မှတ်ထားလိုက်တာပေါ့၊ ဒါ့အပြင် ဧည့်သည်ခြောက်ယောက်လို့ မှတ်ထားပါ။ (မှန်ပါ)။ အတွင်းဧည့်သည်က ငါးယောက်လို့ မှတ်ထားပါ။ (မှန်ပါ)။ အိမ်သည်က နှစ်ယောက်လို့ မှတ်ထားပါ။ (မှန်ပါ)။ အိမ်သည်က လေကို ထွက်အောင် အားထုတ်တဲ့စိတ်၊

www.burmeseclassic.com



သက်စောင့်စိတ်ပေါ့။ (မှန်ပါ)။ လေကို ပြန်ရှိက်တဲ့စိတ် (မှန်လှပါဘုရား)။

ကောင်းပြီ။ အပြင်ဇည့်သည် ဘယ်နှစ်ယောက်တုန်း (ခြောက်ယောက်ပါဘုရား)။ အတွင်းဧည့်သည်က (ငါးယောက်ပါဘုရား)။ အိမ်သည်က (နှစ်ယောက်ပါဘုရား)။ ဒီနှစ်ယောက်ကို ဟောဒီ အမောဟဆိုတာနဲ့ အလောဘ၊ အဒေါသတွေကို ဒီပညာနဲ့ ဒီကနေ စောင့်ပြီးတော့ သူပေါ်ရင်သူ့လိုက်၊ သူပေါ်ရင်သူ့လိုက်၊ သူပေါ်ရင်သူ့လိုက်၊ သူပေါ်ရင်သူ့လိုက် ပေါ်ရာကိုလိုက်ပါ။ (မှန်ပါ)။ ဘာမှ လိုက်စရာမရှိဘူးဆို၊ သူတို့နှစ်ခုကို ပြန်လိုက်ပါ။ (မှန်ပါ)။ ဟိုစာအုပ်ထဲမှာလည်းပါတယ်။ ပင့်ကူကြီးလိုပဲတဲ့။

ပင့်ကူဥပမာလေးကို ကျုပ်နည်းနည်းပြောလိုက်ဦးမယ်။ ခင်ဗျားလုပ်တတ်အောင်နော်။ (မှန်ပါ)။ ခင်ဗျားတို့လမ်းသွားတဲ့ အခါမှာပင့်ကူဟာ ကြိုးမျှင်ဝိုင်းကြီးနဲ့ ဒီကြိုးအိမ်ခွေကြီးနဲ့ သူသားကောင်တွေကို မထောင်ဘူးလား။(ထောင်ပါတယ်ဘုရား)။ သူကတော့ အလယ်မှာ ဝပ်နေတယ်။ (ဝပ်နေပါတယ်ဘုရား)။ ဒီထောင့်ကကြိုးလှုပ်သံကြားရင် ကြိုးလှုပ်တဲ့ဆီကို သူပြေးတယ်။ (မှန်ပါ)။ ပြေးပြီး စားသောက်ပြီး အလယ်ပြန်ထိုင်တယ်။ (မှန်ပါ)။ ဟိုဘက်က ကြိုးလှုပ်ရင် (ဟိုဘက်ပြေးပါတယ်ဘုရား)။ ဟိုဘက်ကစားသောက်ပြီးရင် သူအလယ်ပြန်ထိုင်တယ်။ (မှန်လှပါဘုရား)။

ဒီလိုပါပဲတဲ့၊ ခင်ဗျားဒီပညာနဲ့ ဒီကလှုပ်လို့ရှိရင် ဒီလိုက်၊ ဒီကလှုပ်လို့ရှိရင် ဒီလိုက်၊ ဒီကလှုပ်ရင် ဒီလိုက်နဲ့၊ ဘယ်ကမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးဆိုရင် ပဟာဒီအလယ်ကို ပြန်ထိုင်၊ သူတို့နစ်ခုကို ပြန်ထိုင်၊ ထွက်စိတ်--ဝင်စိ--ကို ပြန်ထိုင်။ (မှန်ပါ)။ ဆိုတော့ ခင်ဗျား အားလပ်ခွင့်ရှိသေးရဲ့လား။ (မရှိပါဘုရား)။ မရှိတော့ကို ဒါတွေက အပျက်တွေပါ၊ ရှုတာက မဂ်လာဖြစ်ပါတယ်။ ရှုတဲ့ဉာဏ်က မဂ်လာဖြစ်တယ်။ (မှန်ပါ)။ သူ့ငှါ့က အကုန်အပျက်ချည်းပဲ၊ ရှုတာက မဂ်၊ သူတို့က (အပျက်ချည်းပါဘုရား)။ အေး သူက (မဂ်ပါဘုရား)။ အပျက်နဲ့မဂ်နဲ့ ကိုက်သွားအောင် ခင်ဗျားကြိုးစား (မှန်ပါ)။ ဒါ ဝန်လေးစရာရှိရဲ့လား။ (မရှိပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ပြတာက အကုန်ပြလားတာကိုးဗျ။ ၆ ရယ်၊ ၅ ရယ်၊ ပေါင်းတော့ ခုနက ၁၁ မနေဘူးလား။ (မှန်ပါ)။ ၁၁ ရယ်၊ ၂ ရယ်ပေါင်းတော့ ၁၃ ပါဘုရား။ ၁၃ ကို ၁ နဲ့လိုက်တာ။ (မှန်ပါ)။ ၁၃ ကို ၁ နဲ့လိုက်ရကြွေးဆောင်း ၁၃ စလုံးတော့ ပြိုင်ပေါ်တာ မဟုတ်ဘူး၊ တစ်ခုလာပေါ်တာ။ (မှန်ပါ)။ ပင့်ကူလိုပေါ့၊ ကြိုးလျှပ်တဲ့ဆီကို လိုက်သွားရုံပဲ။ (မှန်ပါ)။ များများလိုက်နေစရာ လိုသေးလား။ (မလိုပါဘုရား)။ မလိုတော့ဘူး၊ ဒါ စိတ္တာနုပဿနာ။ (မှန်ပါ)။ သူကတော့ စိတ်ရယ်၊ သူက နုပဿနာ၊ သူကရှုတာ။ (မှန်ပါ)။ သူတို့ကစိတ်၊ သူတို့ကို နုပဿနာ။ (မှန်ပါ)။ ဒါဖြင့် စိတ္တာနုပဿနာ၊ ရှင်းပလား။ (ရှင်းပါပြီဘုရား)။ မနဲ့အိန့်ပေါင်းရင် မအိပဲ။ (မှန်လှပါဘုရား)။

ဒါဖြင့်--ဒီလိုလိုက်နေတော့ လိုက်တဲ့အခါကျတော့ ကျုပ်ရှင်းပြ လိုက်မယ်၊ အခုဒါကို ပုံစံနဲ့ခင်ဗျား တစ်ခါတည်းမှတ်ထား။

www.burmeseclassic.com

(မှန်ပါ)။ ဒီလိုလိုက်–လိုက်တော့ တပည့်တော် ဘာများ ကျေးဇူးရှိ သတုံး။ ဟာ ကျေးဇူးရှိတာပေါ့ ဦးဘရင်၊ အနိစ္စနဲ့ မဂ္ဂသွား ဖြစ်နေတယ်။ (မှန်ပါ)။ သဘောကျပလား။ (ကျပါပြီဘုရား)။ သူတို့က ဘာတွေတုံး၊ အနိစ္စတွေ။ (အနိစ္စပါဘုရား)။ ရှုတာက (မဂ္ဂပါဘုရား)။ အနိစ္စနဲ့ မဂ္ဂဖြစ်နေတော့ ခင်ဗျားဝိပဿနာ မင်္ဂရနေပြီ၊ မင်္ဂရနေလို့ရှိရင်၊ မင်္ဂဆိုတာ ဘာတုံးဆိုတော့ အပါယ် သွားမယ့် ကံလေသာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကို အကုန် ဖြတ်ချလိုက်တယ်(မှန်ပါ့)၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကိုအကုန် ဖြတ်ချလိုက်တော့ကို ခင်ဗျား သံသရာဆက်စရာ ရှိသေးရဲ့လား။ (မရှိတော့ပါဘုရား)ဒါကြောင့် အလုပ်နိုင်းနေတာ(မှန်ပါ) လုပ်ထိုက်ကဲလား(လုပ်ထိုက်ပါတယ်ဘုရား)။ လုပ်ထိုက်တယ် နော်၊ ဒါ ဘာနုပဿ နာတဲ့တုံး။ (စိတ္တာနုပဿနာပါဘုရား)။ အဲ သူတို့ကစိတ်တွေ၊ ဒီကာနုပဿနာ။ (မှန်ပါ)။ ပေါ်ပြီနော်။ (ပေါ်ပါပြီဘုရား)။

ပေါ်တော့ ရှုနည်းကလေး နှစ်လုံး ခင်ဗျားမှတ်သွားပါတဲ့၊ ရှုနည်းကလေးနှစ်လုံးဟာ ဘာတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ညဥ့်မှာ ဘုရားရှိခိုးတယ်။ 'ဖဿပစ္စယာ' လို့ မပါ ဘူးလား။ (ပါပါတယ်ဘုရား)။ 'သန္နိဋ္ဌာန' လို့ကော (ပါပါတယ် ဘုရား)။ အဲဒီနှစ်လုံးနဲ့ရှု၊ အဲဒီနှစ်လုံးကို ခင်ဗျားနုပ်(စ်) 'မှတ်စု' လေးလုပ်ပြီးတော့ မှတ်ပါတဲ့၊ သူတို့က 'ဖဿပစ္စယာ'တွေ၊ သူက သန္နိဋ္ဌာန၊ (မှန်ပါ)။ ဖဿကလာခဲ့၊ ပဿကရှုပါလို့ သူတို့ကခေါ်တာ (မှန်ပါ)။ ဖဿက ဘာတုံးဆိုရင် လာခဲ့၊

www.burmeseclassic.com



ပဿက (ရှုပါဘုရား)။ သူတို့ကိုရှု၊ ကျုပ်တို့ပေါ် ရာကိုရှု။ (မှန် ပါ)။ ပြောလိုက်တော့ ဒီကနေပြီး သန္နိဋ္ဌာနကော သာမံ ပဿိ တဗ္ဗောကိုယ်တိုင် မြင်အောင်လုပ်ရလိမ့်မယ်။ (မှန်ပါ)။ သန္နိဋ္ဌာ ကောနဲ့လိုက်နော်၊ ဧဟိပဿိကောက၊ ခေါ်သမား၊ သန္နိဋ္ဌိကောက လိုက်သမား၊ ပေါ်ပလား။ (ပေါ်ပါပြီဘုရား)။

ဧဟိပဿိကောက ဘာတုံး။ (ခေါ်သမားပါဘုရား)။ သန္နိဋ္ဌိ ကောက၊ (လိုက်ရှုသမားပါဘုရား)။ အဲဒီတော့ ကိုယ်ခေါ်ရာကို ခင်ဗျားရှုရုံပဲဆိုတော့ မခေါ်ရင် မသွားပါနဲ့၊ (မှန်ပါ)။ မပေါ်သေး ဘူးလား။ (ပေါ်ပါပြီဘုရား)။

ကဲ ဒါဖြင့် တပည့်တော် ဘယ်လိုရှုရမှာတုံးဆိုတော့ အို– ဧဟိပဿိကော ခေါ်ရာကို သန္နိဋ္ဌိကောကလိုက်၊ ရှင်းပလား။ (ရှင်းပါပြီဘုရား)။ ဘယ်သူက ခေါ်သတုံး၊ (ဧဟိပဿိကောက ခေါ်ပါတယ်ဘုရား)။ ဘယ်သူက လိုက်ရမှာတုံး။ (သန္နိဋ္ဌိကောက လိုက်ရမှာပါဘုရား)။ သန္နိဋ္ဌိကောကသာမံပဿိတဗ္ဗောတဲ့၊ ကိုယ် တိုင်မြင်အောင်သာ လိုက်လိုက်တဲ့၊ ခင်ဗျားလိုက်တဲ့အခါမှာ ဒါမရှိဘူးဆိုတာ သိလိမ့်မယ်။ (မှန်ပါ)။ မရှိတာဟာ အနိစ္စပဲ။ (မှန်ပါ)။ ကဲ ဒီနှစ်ခုနဲ့ ခင်ဗျားကိစ္စ မပြီးသေးဘူးလား။ (မှန်ပါ)။ ဘယ်သူက ခေါ်မတုံး။ (ဧဟိပဿိကောက ခေါ်မှာပါဘုရား)။ ဘယ်သူကလိုက်ရမှာတုံး။ (သန္နိဋ္ဌိကောက လိုက်ရမှာပါဘုရား)။ သန္နိဋ္ဌိကောကသာမံပဿိတဗ္ဗောတဲ့ ကိုယ်တိုင်မြင်အောင်သာလိုက် လိုက်ခဲ့၊ ခင်ဗျားလိုက်တဲ့အချိန်မှာ ဒါမရှိဘူးဆိုတာ သိလိမ့်မယ်။ (မှန်ပါ)။ မရှိတာဟာ အနိစ္စပဲ။ (မှန်ပါ)။ ကဲ ဒီနှစ်ခုနဲ့ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမပြီးသေးဘူးလား။ (မှန်ပါ)။ ဘယ်သူကခေါ်မတုံး။ (ဖောဿ ပယ်သိ ကောက ခေါ်မှာပါဘုရား)။

မယုံရင် ဟောဒီမှာ ခန္ဓာကိုယ်ပေါ်မှာ ယားတယ်၊ ယားတဲ့ဆီကို လက်လိုက်မနေပဲ၊ ဉာဏ်နဲ့လိုက်လိုက်ပါ။ (မှန်ပါ)။ ယားတဲ့ဆီသာ ခင်ဗျားတို့က လက်ကလိုက်နေတာ၊ သူကခေါ်လို့လိုက်တာ။ (မှန်ပါ)။ မဟုတ်ဘူးလား။ (မှန်ပါ)။ ခေါ်လို့လိုက်တာကို ခင်ဗျားတို့က လက်နဲ့လိုက်နေတယ်။ ဟောဒီဉာဏ်နဲ့ လိုက် လိုက်လို့ရှိရင် ဒါဟာ ကြည့်– ယားတဲ့စိတ်ကလေးပေါ်ပြီး ယားတဲ့စိတ်ကလေး ပျက်တာဆိုတော့ အနိစ္စသွားတွေ့တယ်။ (မှန်ပါ)။ ခင်ဗျားတို့က လက်ကလေးနဲ့လိုက်ပြီး သွားဖျောက်ပေးနေလို့၊ ကောင်းတဲ့စိတ်ကလေးလာရင် ကောင်းတဲ့စိတ်ကလေးဆီကို၊ ကြည့်– ဒါကောင်းတဲ့စိတ်ကလေးပေါ်တာပဲ၊ ကိုယ်ပေါ်မှာ ဖြစ်ပြီးပျက်တာပဲလို့ ခင်ဗျားတို့ရှုပေး၊ သူကလည်း ဖြစ်ပြီးပျက်နေလို့ ခင်ဗျားက ကြည့်– သူကလည်း ဖြစ်ပျက်ဆိုတော့ သူက မဂ်သွားဖြစ်တယ်။ (မှန်ပါ)။ ခေါ်ရာကို လိုက်လို့ဖြစ်တာ။ (မှန်လှပါဘုရား)။

ဆိုတော့ ဒီဉစ္စာ ခင်ဗျားတို့ အသုံးချတတ်ပါပလားတဲ့။ ဖဿပယ်သိကောက် အသုံးချတတ်ပလား။ (ချတတ်ပါပြီဘုရား)။ သူက ဘယ်လိုလုပ်တုံးဆို ခေါ်လေ့ရှိတယ်။ (မှန်ပါ)။ သန္နိဋ္ဌာကောက ဘာတုံး။ (လိုက်ရမှာပါဘုရား)။ ခေါ်ရာကိုလိုက်ရမယ်။ မခေါ်ရာကို မလိုက်ပါနှင့်၊ ရှင်းပလား။ (ရှင်းပါပြီဘုရား)။ ဖဿ ပယ်သိကောက ခေါ်သမားနော်။ (မှန်ပါ)။ သန္နိဋ္ဌာကောက

www.burmeseclassic.com

www.burmeseclassic.com



(လိုက်သမားပါဘုရား)။ ဆိုတော့ကို ခေါ်သမားနဲ့ လိုက်သမား နှစ်ခုကို ဆရာဘုန်းကြီးက ကနေ့ ခင်ဗျားတို့ကို ထူးထူးခြားခြားပဲ သင်ပေးလိုက်ပြီ။ ဒါ ခင်ဗျားတို့က ဘုရားရှိခိုးတဲ့အခါမှာ တရားကို ရှိခိုးနေတာ၊ ဒီတရားအကျင့်က ကျင့်ဖို့ပေးထားတဲ့တရား။ (မှန်ပါ)။ ခင်ဗျားတို့က တရားပူဇော်ပါ၏ဆိုပြီး ရှိခိုးနေတာ။ (မှန်ပါ)။ မခိုးကောင်းဘူးလားဆို၊ ခိုးကောင်းပါတယ်။ ဓမ္မာနုဿတိ သွားဖြစ်နေတယ်။ ဝိပဿနာ မဖြစ်ဘူး။ (မှန်ပါ)။ အခုဟာက အဲဒါကို ဘုရားက ဝိပဿနာဖြစ်အောင်လို့ ပြောထားတာ၊ အင်္ဂုတ္တိုရ် ပါဠိတော်ကြီးကျတော့ ဒါ ဝိပဿနာကွ၊ သူခေါ်ရာကို လိုက်ရမှာ။ (မှန်ပါ)။ သဘောပါပလား။ (ပါပါပြီဘုရား)။

ဒါဖြင့် ဧဟိပဿိကော ခေါ်ရာသို့ သန္ဒိဋ္ဌိကောဆိုတဲ့ အမောဟ လိုက်ပေးပါ။ ဒါကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ အမောဟနဲ့ လိုက်ရမှာ၊ အမောဟဆိုတာ ပညာ ပေါ်ပလား။ (ပေါ်ပါပြီဘုရား)။ ဒဲ တရားနာတာ ဘာမှ မကြာသေးပါဘူး။ တော်တော်မိပါပြီ။ (မှန်ပါ)။ မိပြီးမဟုတ်လား။ (တော်တော်လေး သဘောပေါက်ပြီဘုရား)။ တော်တော်လေး သဘောပေါက်ပြီနော်။

ကဲ တစ်ခါသွားပါဦး၊ တပည့်တော် ဒီလိုလိုက်နေတော့ ဘာကျေးဇူးရှိမလဲ၊ အို အပျက်နဲ့မဂ်နဲ့က ဆက် ဆက်တွေ့တယ်။ အပျက်ကို မဂ်နဲ့တွေ့နေတယ်လို့ မဆိုနိုင်ဘူးလား။ (ဆိုနိုင်ပါတယ်ဘုရား)။ ဒါတွေက အပျက်တွေ မဟုတ်လား။ (မှန်ပါ)။ ဒါက မဂ်မဟုတ်လား။ (မှန်ပါ)။ ဒါဖြင့် အပျက်တွေကို မဂ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ်လို့ဆိုရင် လွဲပါမလား။ (မလွဲပါဘုရား)။ အပျက်ကို မဂ်နဲ့ သွားတွေ့တယ်။ (မှန်ပါ)။ ဒါဖြင့် အနိစ္စကို တွေ့တာပဲ မဟုတ်လား။ (မှန်လှပါဘုရား)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားသည် အပျက်နဲ့မဂ်နဲ့တော့ တွေ့နေပြီ ဒီအတိုင်းလိုက်နေလို့ရှိရင် ဘာကျေးဇူးရှိသလဲလို့ ခင်ဗျားမေးကို မေးရလိမ့်မယ်။ (မှန်ပါ)။ 'အကာလိကော'ကွ၊ ဟော လာပြီ၊ အကာလိကော၊ မင်းအခါကို မလင့်ဘူးကွ။ ဒိဋ္ဌဓမ္မအကျိုးပေး ပစ်လိုက်လိမ့်မယ်တဲ့၊ ဘာတဲ့တုံး၊ (ဒိဋ္ဌဓမ္မအကျိုးပေးလိုက်မှာ ပါဘုရား)။ အခါမလင့် အကျိုးပေးတယ်။ မပေးတယ်ကို ကျုပ် ရှင်းပြလိုက်မယ်နော်။ (မှန်လှပါဘုရား)။

ဒီက ယားတယ်၊ ယားတဲ့ဆီကို ခင်ဗျားက လိုက် လိုက်တယ်။ (မှန်ပါ)။ လိုက်လိုက်တော့ ဖြစ်ပျက်–မဂ်သွားမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား)။ နို့မို့ရင် ဒီယားတဲ့ စိတ်ကလေးနောက်ကနေ ပြီး ခင်ဗျားက ဒီမဂ်သာ မလိုက်ဘူးဆိုလို့ရှိရင် ငါစိတ်ပျက်လိုက် တာကွာ ဆိုလို့ရှိရင် ဒေါသတို့၊ သောကတို့ အကုန်လိုက် လာတယ်။ မလိုက်ပေဘူးလား။ (လိုက်ပါတယ်ဘုရား)။ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာ၊ သင်္ခါရတွေဟာ တစ်ခါ တည်း သံသရာကြီးတန်းသွားတာပဲ။ (မှန်ပါ)။ မတန်းပေဘူး လား။ (တန်းပါတယ်ဘုရား)။ ဒါ ဘာဖြစ်လို့တုံးဆိုရင် မလိုက် မိလို့။ (မလိုက်မိလို့ပါဘုရား)။ လိုက်မိတော့ ဒီအကျိုးခံစားရမယ် တဲ့၊ ဟောဒီအပါယ်သွားမယ့်တရားတွေ လုံးဝမပေါ်လာဘူး။ သံသရာကူးမယ့်တရားတွေ လုံးဝမပေါ်လာတော့မှ ဟောဒီမဂ်

www.burmeseclassic.com

www.burmeseclassic.com



လာပေါတယ်။ (မှန်ပါ)။ ဒါဖြင့် မဂ်သည် ဒီကိလေသာကို ဖြတ်တယ်ဆိုရင်ကော လွဲသလား။ (မလွဲပါဘုရား)။ ဒီဘဝတွေကို ဖြတ်တယ်ဆိုရင်ကော၊ (မလွဲပါဘုရား)။ ဒါဖြင့် အကာလိကောမဟုတ်ဘူးလား။ (မှန်ပါ)။ ပေါ်ပြီ၊ ရှင်းသွားပြီ မဟုတ်လား။ (ရှင်းပါပြီဘုရား)။

ဩော်–ဒါဖြင့် ဧဟိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိကောလိုက်တာနဲ့ အကာလိကောဆိုတဲ့ အခါမလင့် ရန်သူတွေ အကုန်သေပါလား။ (မှန်ပါ)။ ရှင်းပလား။ (ရှင်းပါပြီဘုရား)။ မလွယ်ဘူးလားကွ၊ မှန်ကောမမှန်ဘူးလား။ (မှန်ပါတယ်ဘုရား)။ ဒါ ဘုရားဟောပါဠိတော်သက်သက်ပဲ။ (မှန်ပါ)။ ဘာမှ မရောမနှောဘဲနဲ့ ခင်ဗျားကို ရှင်းလင်းပြီးပေးနေတာ။ (မှန်ပါ)။ ဒေါ်ခင်ညွန့်နားလည်ရဲ့လား။ (မှန်ပါ)။ ဒေါ်ခင်ညွန့်ဒကာကြီးလည်း နားထောင်ပါနော်။ (မှန်လှပါဘုရား)။

ကဲ အခု သုံးလုံးတည်း ဟောတာနဲ့ ဦးဘရင် တော်တော်ရိပ်မိပြီ။ (တော်တော်ကြီး ရိပ်မိပါပြီဘုရား)။ တော်တော်ရိပ်မိတော့ကို ဒါက ဒီအတိုင်းနဲ့ ဒီကိလေသာရန်သူသေမှာလား၊ သန္ဒိဋ္ဌိကောလိုက်မှသေမှာလားလို့ မေးကြည့်တော့ခေါ်ရာကို သန္ဒိဋ္ဌိကောလိုက်မှ ဒီကိလေသာသေမှာ။ (သေမှာပါဘုရား)။ နို့မို့ ကိလေသာမပယ်နိုင်ရင် ဒါတွေဟာ ဆက်လာမယ်။ (မှန်ပါ)။ မလာပေဘူးလား။ (လာမှာပါဘုရား)။ ယားတယ်၊ စိတ်ပျက် တယ်လို့ လာမှာပဲ။ (မှန်ပါ)။ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဥပါယာသ၊ အဝိဇ္ဇာ သင်္ခါရတွေ မလာ ပေဘူးလား၊ (လာမှာပါ

www.burmeseclassic.com



ဘုရား)။ နောက်ဘဝကော ဆက် သွားမယ်။ (ဆက်မှာဘုရား)။ ဒါ ဘာမလိုက်မိလို့တုံး။ (သိန္ဒြိယကော မလိုက်မိလို့ပါ ဘုရား)။ သန္ဒြိယကော မလိုက်မိလို့၊ ဒါကြောင့် အကာလိကော ကျေးဇူး ခင်ဗျား မခံစားလိုက်ရဘူး။ (မှန်လှပါဘုရား)။

ကြော်– နေရာကျနေပြီကော၊ ဒါဖြင့် တို့ရပြီးသား ပါဠိကို ဆရာသမားက အညွှန့်တပ်ပေးတာပဲ ရှိတယ်။ ရပြီးသား ပါဠိကို အညွှန့်တပ်ပေးလိုက်တာ။ (မှန်ပါ)။ မသုံးတတ်ကြလို့။ (မှန်ပါ)။ ဒါဖြင့် ကျုပ်ကပြောတယ်။ ဦးဘရင်တို့လူစုက ဘုရား ရှေ့သွားပြီးတော့ သန္ဒြိယကော၊ အကာလိကော၊ ဧဟိပဿိကောနဲ့ သွားသာဆိုရွတ်နေတယ်။ ဒါ သောက်ဆေးကြီးကို လိမ်းဆေးလုပ် နေတာ။ (မှန်ပါ)။ ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။ သူက သောက်ဆေးလေဗျာ၊ ဝမ်းထဲကို သောက်ရမှာ။ (မှန်ပါ)။ ခင်ဗျား တို့ကလည်း တစ်ခါတည်း လိမ်းဆေးလုပ်နေတာ၊ လိမ်းဆေး အကျိုးက မခံစားရပါဘူး။ (မှန်ပါ)။ သူက ဘာတုံး။ (သောက် ဆေးပါဘုရား)။ သောက်ဆေးကို ခင်ဗျားတို့က ဘာလုပ်နေ ကြတုံး။ (လိမ်းဆေးလုပ်နေပါတယ်ဘုရား)။ အဲ လိမ်းဆေးလုပ် နေတော့ ဝေဒနာနဲ့ ဝေးတာပေါ့။ (မှန်ပါ)။ မြန်မြန်ပျောက်ဖြစ် ရမှာကို ဖြည်းဖြည်းပျောက်ဖြစ်နေတာကိုး။ (မှန်ပါ)။ သဘောပါ ပလား။ (ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ဟာ ဝေးသလား၊ နီးသလားဆိုတဲ့ စကားဟာ တစ်ခါအမေးထွက်လာတယ်။ (မှန်ပါ)။ ဒါတွေ မလာရင် နိဗ္ဗာန်ပါပဲ၊ ကိလေသာတွေသေလို့ရှိရင် နိဗ္ဗာန်၊ ဒါဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာတွေချည်းပဲ။ (မှန်ပါ)။ ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒီဘက်က အဝိဇ္ဇာ သင်္ခါရတွေကော မသေဘူးလား။ (သေပါတယ်ဘုရား)။ ဒါဖြင့် ဒီကိလေသာတွေ သေတာ ဘာခေါ်မတုံးဆို နိဗ္ဗာန်လို့ခေါ်တယ်။ (မှန်ပါ)။ ဒါဖြင့် နိဗ္ဗာန်ဟာ အလုပ်လုပ်တဲ့ လူမှာ အနီးကလေးပဲ။ (မှန်ပါ)။ သန္ဒိဋ္ဌိကောလိုက်တဲ့ ပုဂ္ဂိုလ်မှာ နီးတယ်။ (နီးပါတယ်ဘုရား)။ သန္ဒိဋ္ဌိကော လုံးဝမပါတဲ့ ပုဂ္ဂိုလ်မှာ (ဝေးပါတယ်ဘုရား)။ ဝေးဆို ရောက်ကိုမရောက်ဘူး။ (မှန်ပါ)။ ရောက်ကို မရောက်နိုင်ဘူးတဲ့၊ ပေါ်ပလား။ ကဲ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျား အပြင်ဧည့်သည် ခြောက်ယောက်ပေါ်တိုင်း ပေါ်တိုင်းလိုက်ပါ။ အတွင်းဧည့်သည် ငါးယောက်ပေါ်တိုင်း ပေါ်တိုင်း (လိုက်ရမှာပါဘုရား)။ ဘာမှမရှိရင် ပင့်ကူကြီးလို့ ဒီပြန်ထိုင်။ (မှန်ပါ)။ သူတို့နှစ်ခုကို ဖြစ်ပျက်ရှုနေ။ (မှန်ပါ)။ ရှုနေရင် ဒီမဂ်က ဒီနောက်ကလည်း လိုက်မှာပဲ၊ ဒီနောက်ကလည်း လိုက်မှာပဲ၊ ဒီနောက်ကလိုက်လို့ရှိရင် ဒီကပဟာတွေ အကုန်သေမှာပဲ။ (မှန်ပါ)။ မသေပေဘူးလား။ (သေပါတယ်ဘုရား)။

ဒါဖြင့် ဧဟိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိကောက လိုက်လို့ အကာလိကောဆိုတဲ့ ဒီရန်သူတွေသေတယ်။ (သေပါတယ်ဘုရား)။ သုံးချက်တည်းရယ်။ (မှန်ပါ)။ ကိုက်ပလား။ (ကိုက်ပါတယ်ဘုရား)။ ဧဟိပဿိကောခေါ်ရာကို သန္ဒိဋ္ဌိကောက လိုက်လို့ အကာလိကောက အခါမလင့် အကျိုးပေးပစ်လိုက်တယ်။ ဟော ဒီရန်သူတွေ အကုန်သေတယ်။ (သေပါတယ်ဘုရား)။ ပယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သေတာလား၊ ဒါမှမဟုတ် မင်းတို့က မလာနဲ့ဆိုလို့ သက်သက် လွှတ် လျှော့စားလို့ သားကောင်တွေမစားလို့ အကုသိုလ်နည်း တာလားလို့ဆိုရင် မဟုတ်ဘူး၊ လာခွင့်မရလို့ မလာတာ။ မှန်ပါ)။ ဟိုဟာက ခြိုးခြံတာလို့ခေါ်တယ်။ ဒါက လုံးဝသတ်ပစ် တာခေါ် တယ်။ (မှန်ပါ)။ ခြိုးခြံတာနဲ့ သတ်ပစ်တာမှ ခြိုးခြံတာက ကိလေသာကျန်တယ်။ (မှန်ပါ)။ သတ်ပစ်တာက (မကျန်ပါ ဘုရား)။ အဲ-မကျန်တဲ့အလုပ် လုပ်လိုက်ပါလား၊ ခြိုးခြံနေတာက ပင်ပန်းသေးတယ်။ (မှန်ပါ)။ မဟုတ်ဘူးလား၊ ခြိုးခြံနေတာက ပင်ပန်းသေးတယ်။ သတ်ပစ်လိုက်တာက အေးတယ်။ ဟိုရန်သူ ကိုပဲ နည်းနည်းကျန်လည်း ကိစ္စရှိမယ်မထင်ဘူးဆို၊ တော် ကြာကြီးလာမှ၊ မဟုတ်ဘူးလား။ (မှန်ပါ)။ သတ်ပစ်လိုက်တော့ မအေးဘူးလား။ (အေးပါတယ်ဘုရား)။ ကဲ သဘောပါကြရဲ့လား။ (ပါပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ့်လုပ်မတုံး။ (ဇဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ရမှာပါဘုရား)။ ဧဟိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့လိုက်လို့ရှိရင် ခင်ဗျား ဘာကျေးဇူးခံစားရမှာတုံး။ (အကာလိကော အခါမလင့် အကျိုးပေးမှာပါဘုရား)။ ဆိုတော့ ကိလေသာတွေ အခါမလင့် သေသွားတယ်။ (မှန်ပါ)။ ရန်သူတွေ ဘယ့်နှယ့်နေတုံး။ (သေပါတယ်ဘုရား)။ ဒါဖြင့် အကာလိကော ဟုတ်မဟုတ် (ဟုတ်ပါတယ်ဘုရား)။ ဒါဖြင့် နိဗ္ဗာန်ဟာ နီး သလား၊ ဝေးသလားလို့ မေးတဲ့နေရာကျတော့ နီးတယ်လို့ ခင်ဗျားဖြေရတော့မယ်။ (မှန်ပါ)။ ဒီကိလေသာသေရင် ဘာခေါ်

www.burmeseclassic.com

www.burmeseclassic.com



မတုံးဗျ (နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်ပဲသေဖို့ရာ အထူးအား ထုတ်ရသလားဆိုတော့ ဒီနှစ်ခုမိနေရင် ပြီးတာပဲ (မှန်ပါ)။ ဧဟိပဿိကောက ခေါ်လိမ့်မယ်။ မခေါ်ဘဲ မရှိဘူး (မှန်ပါ)။ ခင်ဗျားက သန္ဒိဋ္ဌိကောနဲ့လိုက် မဟုတ်ဘူးလား။ (မှန်လှပါ ဘုရား)။

မြင်တဲ့စိတ်ကလေးကလည်း မြင်တယ်။ မြင်ပြီးပျက်တယ်လို့ သိအောင် ခင်ဗျားက သန္ဒိဋ္ဌိကောနဲ့လိုက်ပါ (မှန်ပါ)။ ကြားတဲ့ စိတ်ကလေးကိုလည်း ကြားပြီးပျက်တယ်လို့ ကြားတဲ့စိတ်ကလေး က ခေါ်လိုက်လို့ရှိရင် ကြားတဲ့စိတ်ကလေးက ဖြစ်ပြီးပျက်တာ ကျုပ်ကိုရှုပါ။ ကျုပ်ကိုရှုပါလို့မှ ခေါ်နေတယ်။ ဒီကသန္ဒိဋ္ဌိကောက လိုက်ပေး။ (မှန်ပါ)။ နံ့တဲ့စိတ်ကလေးကလည်း ကျုပ်ကိုရှုပါ ကျုပ်ကိုရှုပါလို့မခေါ်ပေဘူးလား (ခေါ်ပါတယ်ဘုရား)သူကဧဟိ ပဿိကောကို(မှန်ပါ) အဲဒီတော့ ခင်ဗျားက ဒါနဲ့လိုက်ရုံပဲ။ (မှန်ပါ)။ မဂ္ဂင်ငါးပါးနဲ့လိုက်မှာ။ (မှန်လှပါဘုရား)။

မဂ္ဂင်ငါးပါးဆိုတာက ခင်ဗျားလိုက်ရင် ခင်ဗျားက မဂ်ရ ရပါလို၏လို့ ဆုမတောင်းနဲ့၊ မဂ္ဂင်ငါးပါးကလိုက်တာ၊ ဟောဒါ သမ္မာဒိဋ္ဌိ၊ ဒါက သမ္မာသင်္ကပ္ပ၊ ဟောဒါက သမ္မာဝါယာမ၊ ဟောဒါက သမ္မာသတိ၊ ဟောဒါက သမ္မာသမာဓိ၊ သူတို့က ခွဲလို့မရဘူး။ လိုက်ရင် တစ်ပြုံကြီးလိုက်တယ်။ (မှန်ပါ)။ ဒီအထဲ မှာ သတိလည်းပါတယ်။ ဝီရိယလည်းပါတယ်။ ပညာလည်း ပါတယ်။ သမာဓိလည်းပါတယ်။ လောကီမဂ္ဂင်ငါးပါး။ (မှန်ပါ)။ လိုက်ရင် သူတို့က ဘယ်တော့မှ ခွဲမလိုက်ဘူး၊ ခေါ်ရာကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြုံကြီးလိုက်တယ်။ (မှန်ပါ)။ ရိပ်မိပလား။ (ရိပ်မိပါပြီ ဘုရား)။ ဒါဖြင့် ဒီလောကီမဂ္ဂင်ကို ခင်ဗျားမရသေးဘူးလား။ (ရပါတယ်ဘုရား)။ လောကီမဂ္ဂင်ရပြီးရင် လောကုတ္တရာမဂ္ဂင် ခင်ဗျားဘာလို့ဟောတုံး၊ ခင်ဗျား ဒါသာလိုက်ပါ။ လောကုတ္တရာမဂ္ဂင်ကို ကျုပ်ခဏလေးနဲ့ပဲ ခင်ဗျားကိုဖြစ်ပုံကို ပြောနိုင်ပါတယ်။ (မှန်ပါ)။ ဒါကိုတော့ လိုက်ရဦးမှာကိုးဗျ။ (မှန်ပါ)။ သဘောပါရဲ့လား။ (ပါပါတယ်ဘုရား)။

ဒါဖြင့် သုံးချက်တည်း ဟောတယ်လို့ အမိပွာယ်ရပြီလား။ (မှန်ပါ)။ ခေါ်သမားက ဘယ်သူတုံး။ (ဇေဟိပဿိကောပါဘုရား)။ လိုက်သမားက (သန္ဒိဋ္ဌိကောပါဘုရား)။ သေသမားက ဘယ်သူတုံး။ ( အကာလိကောပါဘုရား)။ အဲ သေသမားက အကာလိကောပဲဆိုတော့ကို ခြောက် ဒါတို့လုပ်ရစ်ဖို့ ဟောထားတဲ့တရားကိုး လို့ဆိုတာ ဦးဘရင်က ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။ အဲဒါကို အသုံးမချတတ်လို့ ခက်နေတာ။ (မှန်ပါ)။ ပေါ်ပလား။ (ပေါ်ပါပြီ ဘုရား)။ ဒီပြင် တရားတွေရှည်နေတာက တော်တော်နဲ့ ဒီ မရောက်နိုင်ဘူးကွ၊ ရောက်ပါ့မလား။ (မရောက်နိုင်ပါဘုရား)။ အခုဟာကတော့ မရောက်သေးဘူးလား။ ကဲ (ရောက်ပါတယ် ဘုရား)။

ဒါ ခင်ဗျားသန္တာန်မှာ ဒါအပြင်ဘက်က ညည်းသည်လို့ပြောတော့ ဒါညည်းသည်လို့ ဘုန်းကြီးက ဘာလို့ဟောသတုံးဆို တစ်ခါ တလေမှမြင်တာ၊ တစ်ခါတလေကြားတာနဲ့ ပြီးနေတာ မဟုတ်ဘူးလား။ (မှန်ပါ)။ တစ်ခါတခေလ နံတာနဲ့ပြီးသွားတာ၊ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တလေ စားတဲ့စိတ်သာ ရှိတယ်။ ဒီပြင်စိတ်ရှိရဲ့လား။ (မရှိပါဘုရား)။ တစ်ခါတလေ ယားတဲ့ယံတဲ့စိတ်သာ ရှိတယ်။ ဒီပြင်စိတ်ရှိရဲ့လား။ (မရှိပါဘုရား)။ ဒါဖြင့် တစ်ခါတစ်လေမှ ပေါ်လို့ စေ့သည်။ (မှန်ပါ)။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ ဒါတွေလည်း စေ့သည်တွေပဲ မဟုတ်ဘူးလား။ (မှန်လှပါဘုရား)။

ဟော အိမ်သည်ဆိုတာကတော့ ရှုစိတ်၊ ရှုက်စိတ်၊ လေကို ထုတ်တဲ့စိတ်၊ လေကို ပြန်ရှုက်တဲ့စိတ်ကတော့ သတ္တဝါတစ်ဦး တစ်ယောက်မှာ ရှိရမယ်။ ခန္ဓာငါးပါးသမားမှာရှိရမယ်။ (မှန်ပါ)။ မရှိရပေဘူးလား။ (ရှိရမှာပါဘုရား)။ အဲဒီတော့ အပြင်စေ့သည် ဘယ်နှစ်ယောက်တုံး။ (ခြောက်ယောက်ပါဘုရား)။ ခြောက်ယောက်။ သူက သုခ၊ ဒုက္ခကိုး။ (မှန်ပါ)။ သုခစိတ်၊ ဒုက္ခစိတ် အတွင်း စေ့သည်က။ (ငါးယောက်ပါဘုရား)။ ငါးယောက်။ ကဲ အိမ်သည်က။ (နှစ်ယောက်ပါဘုရား)။ နှစ်ယောက်ဆိုတော့ အားလုံးမှ တစ်ဆယ့်သုံးယောက်မရှိဘူးလား။ (မှန်ပါ)။ တစ်ဆယ့်သုံးကပေါ်တော့ကို ပြိုင်ပေါ်မလား။ တစ်ခုတည်းပေါ်မလား။ (တစ်ခုတည်းပေါ်မှာပါဘုရား)။ တစ်ခုတည်းပေါ်တော့ တစ်ခု တစ်ခုနဲ့ လိုက်ရှုပဲ။ (မှန်ပါ)။ ပေါ်ကြပလား။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလိုက်၊ လိုက်တဲ့အတွက် တပည့်တော်မှာ ဘာ ကျေးဇူးရှိသတုံးလို့ မေးဖို့လိုသေးလား။ (မလိုတော့ပါဘုရား)။ အကာလိကောကွ၊ ဒါ ခင်ဗျားခံစားရမယ့်ကိစ္စ။ (မှန်ပါ)။ ခင်ဗျား အခုရောင်းဝယ်ဖောက်ကားပြီး ပွဲစားလုပ်ပြီး သကာလနေရတာ

www.burmeseclassic.com

www.burmeseclassic.com



ဟာ အပါယ်သွားကြောင်းလည်း ပါနေတယ်။ လောဘ၊ ဒေါသ ကိစ္စတွေလေ။ (ပါပါတယ်ဘုရား)။ တစ်ခါတလေ မနာလို မရှုနိုင်တဲ့ မောဟကိစ္စတွေကကော။ (ပါပါတယ်ဘုရား)။ ဒါဖြင့် လောဘ၊ ဒေါသ၊ မောဟကိစ္စနဲ့ အချိန်ကုန်နေတယ်လို့ ဆိုသဖြင့် ဒါဟာ ဘယ်တော့မှ မလိုက်နိုင်ဘူး။ (မှန်ပါ)။ မလိုက်နိုင်တော့ ဥပမာ လောဘလာတယ်။ (မှန်ပါ)။ လောဘဆိုတာ တဏှာ မဟုတ်လား။ (မှန်ပါ)။ တဏှာဖြစ်ရင် ဥပါဒါန်၊ ကံဟုတ်လား။ (မှန်ပါ)။ တဏှာလာရင် ဥပါဒါန်လာရတော့မယ်။ (မှန်ပါ)။ ပဋိစ္စသမုပ္ပါဒ်ဖြတ်လို့ ရသေးရဲ့လား။ (မရတော့ပါဘုရား)။ တဏှာ၊ ဥပါဒါန်၊ ကံဆိုတော့ ဟော နောက်ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ မလာပေဘူးလား၊ လာမလား။ (လာမှာပါဘုရား)။

ဒါ မလိုက်မိလို့ ခင်ဗျားဖြစ်ရတာ မလိုက်မိလို့ ဒီပဋိစ္စသမုပ္ပါဒ် ဆက်သွားတာ။ (မှန်ပါ)။ ကဲ ဒါဖြင့် ဒီလောဘကို ဒီပြန်ထား လိုက်ပါပြီတဲ့။ ကဲ ဒေါသတစ်ခါတလေ ခင်ဗျားအပြောအဆို မတည့်တဲ့အခါ ပါသေးတယ်နော်။ (ပါပါတယ်ဘုရား)။ ကဲ ဒေါသလိုက်တော့၊ ဒေါသဆိုတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ မသိတဲ့အဝိဇ္ဇာက ဒီဘက်မလာပေ ဘူးလား။ (လာပါတယ်ဘုရား)။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'၊ 'သင်္ခါရပစ္စယာဝိညာဏံ' ဆိုတော့ ဟိုဘက် ပဋိသန္ဓေမနေပေ ဘူးလား။ (နေပါတယ်ဘုရား)။ ဒါ သန္ဒိဋ္ဌိကောမလိုက်မိဟာ။ (မှန်ပါ)။ ကဲ ခင်ဗျား တစ်ခါ မောဟလေး ဖြစ်တယ်ဆိုပါတော့ မောဟလေးဖြစ်တော့ မောဟဖြစ်တာကို ခင်ဗျားက မလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



တော့ မောဟက အဝိဇ္ဇာမဟုတ်လား။ (မှန်ပါ)။ ဒါဖြင့် အဝိဇ္ဇာ ပစ္စယာ။ (သင်္ခါရာပါဘုရား)။ သင်္ခါရပစ္စယာဝိညာဏံ ဆိုတော့ ဆက်မသွားဘူးလား။ (ဆက်ပါတယ်ဘုရား)။

ဒါ ဘာဖြစ်လို့တုံးဆို သန္တိဋ္ဌကော မလိုက်မိလို့။ (မှန်ပါ)။ သန္တိဋ္ဌကော မလိုက်မိတာနဲ့ ကာလိကဆိုတာတွေ အကျိုးပေးကုန် တယ်။ အကာလိက မဟုတ်တော့ဘူး။ ကာလိကတွေ ဝင်လာ တယ်။ (မှန်ပါ)။ သန္တိဋ္ဌကော မလိုက်မိလို့ရှိရင် ကာလိကတွေ ဝင်လာတယ်။ သန္တိဋ္ဌကော လိုက်မိလို့ရှိရင် အကာလိက ပေါ်လာ တယ်။ ကာလိကနဲ့ အကာလိကကော ကွဲပလား။ (ကွဲပါပြီ ဘုရား)။ ကာလိကဆိုတာ ပဋိစ္စသမုပ္ပါဒ်ပေါ်လာတာ။ (မှန်ပါ)။ အကာလိကဆိုတာက ပဋိစ္စသမုပ္ပါဒ်ပြတ်တာ။ (မှန်ပါ)။ တဲ ဒါလောက်ဆိုရင် ခင်ဗျားရှင်းနေပြီ။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခြောက် ဒီအလုပ်ဟာ ခုနက ဒုက္ခလေးမျိုးလည်နေတာ ကို သတ်ချင်ပါတယ်ဆိုရင်ဖြင့် သန္တိဋ္ဌကောကို အားကိုးရမှာပဲ။ (မှန်ပါ)။ သန္တိဋ္ဌကောကို အားကိုးမှ ဒီဘက်က အကာလိကော ဆိုတဲ့ အခါမလင့် အကျိုးပေးမယ့် ကိလေသာရန်သူတွေ သေတဲ့ ကိစ္စဟာ ပြီးသွားမယ်။ (မှန်ပါ)။ မပြီးသေဘူးလား။ (ပြီးပါတယ် ဘုရား)။ ရှင်းပလား။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျား ခန္ဓာကိုယ်ထဲမှာလည်း အခုပြောခဲ့တဲ့ တစ် ဆယ့်သုံးမှ တစ်ပါးမရှိဘူးတဲ့၊ တစ်ဆယ့်သုံးစိတ်ပဲ ရှိတယ်။ (မှန်ပါ)။ ဒီဖြင် ဘာမှမရှိဘူး၊ တစ်ဆယ့်သုံးစိတ်ကို ဟောဒီ

www.burmeseclassic.com

www.burmeseclassic.com



အမောဟနဲ့ရှု၊ အမောဟက ပညာပဲဗျ။ ဒီက အလောဘ၊ အဒေါသ၊ အမောဟကို နုတ်ထားတယ်။ နုတ်ထားတာက ရှုဖို့ နုတ်ထားတာ။ (မှန်ပါ)။ နို့မို့သူလည်း ခြောက်ဖြစ်ရမှာ၊ စာလိုတော့ ခြောက်ဖြစ်ရမှာပေါ့။ အခု ဘုန်းကြီးက နုတ်ထားလိုက်တာ ဒီဥစ္စာက သူကအလုပ် လုပ်ရမယ့်လူနော်။ သူတို့က အင်း၊ ခဏ၊ ခဏ၊ ဇဟိပသိကောနဲ့ ခေါ်ပြောနေမယ်လူတွေ သူက ကြည့်သမား၊ ခေါ်သမားနဲ့၊ ကြည့်သမား ခွဲလိုက်တာ၊ ရှင်းပလား။ (ရှင်းပါပြီဘုရား)။

ပြီးတော့ တစ်ခုလေးမှတ်ထားလိုက်ပါ။ လိုက်တာလည်း စိတ်ပဲ၊ ပျက်တာလည်းစိတ်ပဲ၊ သဘောကျပလား။ (ကျပါပြီဘုရား)။ ပျက်တာလည်း။ (စိတ်ပါဘုရား)။ လိုက်တာလည်း။ (စိတ်ပါဘုရား)။ လူတစ်ယောက်မှာတဲ့ နှစ်စိတ်နဲ့အသက် မရှင်ကောင်းဘူး။ ဒါကို သေချာမှတ်ထားပါ။ (မှန်ပါ)။ နှစ်စိတ်နဲ့ အသက်ရှင်တယ်ဆိုတာ ဗြဟ္မာတောင် မရှိဘူး။ ဘုရားကိုယ်တော်မြတ်လည်း မရှိဘူး။ (မှန်ပါ)။ တစ်စိတ်နဲ့ အသက်ရှင်နေတာ။ (မှန်ပါ)။ သဘောကျပလား။ (ကျပါပြီဘုရား)။

ဒါဖြင့် သူကခေါ်တယ်ဆိုကြပါလို့ မြင်တဲ့ခမ္မလေးက ကျုပ်ကို ရှုပါလို့ သူကခေါ်တယ်။ ခင်ဗျားက လိုက်လိုက်တယ်ဆိုပါတော့ ဒီနောက်စိတ်နဲ့လိုက် လိုက်တယ်။ (မှန်ပါ)။ သူက ရှေ့စိတ်ကိုး။ (မှန်ပါ)။ နောက်စိတ်နဲ့လိုက်လိုက်တော့ သူရှိသေးသလား။ မရှိတော့ဘူးလား။ (မရှိတော့ပါဘုရား)။ မရှိတာဟာ အနိစ္စပဲ၊ ပေါ့သိဟာ မဂ္ဂသွားဖြစ်တယ်။ (မှန်ပါ)။ ဒါဖြင့် ဦးဘရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သေတာ ဒါပဲ။ တစ်စိတ်နဲ့ အသက်ရှင်နေတာကိုး။ (မှန်လှပါဘုရား)။

ဒါဖြင့် ကိုယ့်အသေကိုယ်ကြည့်တာ။ (မှန်ပါ)။ ဘာကြည့်တာ တုံး။ (ကိုယ့်အသေကိုယ် ကြည့်တာပါဘုရား)။ ဒါ ခုနက ခင်ဗျား ဒီစိတ်နဲ့ အသက်ရှင်နေတာ၊ အခုကြည့်တဲ့စိတ်နဲ့ အသက် ရှင်နေတာ။ (မှန်ပါ)။ တစ်ခါဒီစိတ်ကလေး ပေါ်ပြန်တော့ လိုက် ပြန်ပြီ။ ဟိုက ဖေဟိပဿိကော ခေါ်တာနဲ့ ဒီက သန္တိဋ္ဌိကောနဲ့ လိုက်ပြန်တော့ လိုက်တော့ သူရှိသေးရဲ့လား။ (မရှိတော့ပါ ဘုရား)။ တစ်စိတ်နဲ့ အသက်ရှင်နေမှာကိုး၊ ရှင်တဲ့စိတ်နဲ့ လိုက် ရတာကိုးဗျ။ (မှန်ပါ)။ သေတဲ့စိတ်က သေသွားပြီ။ ဒါဖြင့် ဒီမှာ ဘယ်သူ့အသေတုံးလို့ မေးရင် ဘယ့်နှယ့်ပြောမတုံး။ (ဦးဘ ရှင် အသေပါဘုရား)။ ဦးဘရှင်အသေကို ဦးဘရှင်ဉာဏ်က လိုက်တာ၊ ဦးဘရှင်စိတ်က လိုက်တာ။ (မှန်လှပါဘုရား)။

ဒါဖြင့် တိုတိုမှတ်ချင်တော့ ခုနကလို ပါဠိမသုံးချင်တော့ အသေကို အရှင်နဲ့ လိုက်ဟေ့။ ဒါပြီးသွားတာပဲ။ (မှန်ပါ)။ သဘောပါပလား။ (ပါပါပြီဘုရား)။ ဘာကို ဘာနဲ့ လိုက်ရ မှာတုံး။ (အသေကို အရှင်နဲ့လိုက်ရမှာဘုရား)။ အသေကို အရှင် ကမှ လိုက်နိုင်မှာပဲ။ ထုံးစံက (မှန်ပါ)။ ပေါ်သွားပြီ။ (ပေါ်ပါပြီ ဘုရား)။ အသေကို အရှင်မှ လိုက်နိုင်တာပဲ ဆိုတော့ ရှေးက တရားတွေနဲ့ နားမထောင်နဲ့တဲ့၊ အခုခေတ် ခင်ဗျားတို့ နားလည်မှု ကို ဘုန်းကြီးတို့က ပဓာနထားပြောတာ၊ ပါဠိတော်ကတော့ ဒါဟာဒါပဲ။ (မှန်ပါ)။ ပါဠိတော်ကတော့ ဖေဟိပဿိကော၊ သန္ဒိဋ္ဌိ

www.burmeseclassic.com

www.burmeseclassic.com



ကော၊ ဒီဘက်ကလာမှာက အကာလိကောဆိုတော့ ပါဠိတွေ ရှုပ်မနေဘူးလား။ (မှန်ပါ)။ အခုတော့ မရှုပ်တော့ဘူး။ အသေကို အရှင်နဲ့လိုက်ရင် မိတာပဲ။ (မှန်လှပါဘုရား)။

အဲဒီတော့ ဘယ်သူ့အသေကို ဘယ်သူမြင်သတုံး မေးလိုက်တော့။ (ကိုယ့်အသေကိုယ် မြင်တာပါဘုရား)။ ကိုယ့်အသေကိုယ် မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒီအသေကြီးကို နောက်ထပ်ရချင်ဦးမှာလား။ (မရချင်တော့ပါဘုရား)။ မလိုချင် မရချင်ဘူးဆိုတော့ ဟောဒါနဲ့ လိုက်လို့ နောက်လိုချင်တဲ့တရားတွေ သေသွားတာ။ (မှန်ပါ)။ ဒါဖြင့် လိုချင်တဲ့တရားတွေ သေသွားတယ်ဆိုလို့ရှိရင် ဘယ်ဘဝ ဘယ်ဌာနကို ခင်ဗျားသွားစရာလိုသေးလား။ (မလိုတော့ပါဘုရား)။

မလိုလို့ရှိရင် ဘဝဆုံးနိဗ္ဗာန်၊ ခန္ဓာဆုံးနိဗ္ဗာန်။ (မှန်ပါ)။ လိုချင်တဲ့တဏှာက ဆုံးသွားတာကိုး။ (မှန်ပါ)။ ပေါ်ပလား။ (ပေါ်ပါပြီဘုရား)။ ဒါကြောင့် 'ဧကာယံ ဓိဝိတသေယျော' ဆိုတော့ တစ်လုံးကောင်းကို ပြောတတ်လို့ရှိရင်ဖြင့် တစ်ခါတည်း မဂ်ဆိုက်တာပဲ၊ များများပြောနေဖို့ မလိုပါဘူးတဲ့။ (မှန်လှပါဘုရား)။

ကဲ ကျေနပ်ကဲ့လား။ (ကျေနပ်ပါတယ်ဘုရား)။ ကျေနပ်လို့ရှိရင် ဒီနေ့ ဒီတင်ရပ်ဦးနော်။ (မှန်လှပါဘုရား)။

သာဓု–သာဓု–သာဓု

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# (ဝေဒနာနုပဿနာရှုနည်း)
## အလုပ်ပေးတရားတော်

ဝေဒနာကမ္မဋ္ဌာန်းသဘောကာစ,ဟောမယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သတ္တဝါတွေဟာတဲ့ ခန္ဓာရယ်လို့ . . . ဖြစ်လို့ရှိရင်ဖြင့် သေမည့်ဘက် ကူးကူးပြီးလာတာဘဲ။

ခန္ဓာရယ်လို့ ဖြစ်လာလို့ရှိရင်ဖြင့် သစ်ပင်များသည် အရှေ့ဘက် ကိုင်းပေါက်က အရှေ့ဘက်လဲမှာဘဲ။

ထို့အတူဘဲတဲ့ . . ဒကာဒကာမတို့၏ ခန္ဓာကိုယ်ဟာမွေးကတည်းက သေမည့်ဘက်ကိုင်းတော့ မသေပါနဲ့ဆိုလို့ ခန္ဓာရတဲ့ပုဂ္ဂိုလ်မှာ တားလို့, ဆီးလို့မရဘူးလို့မှတ်ထားပါ . . (မှန်ပါ)။

အဲဒီတော့ ဒီသေတဲ့ဥစ္စာတော့ သေမှာဘဲ၊ သေတဲ့အခါကျလို့ရှိရင်ဖြင့် အန္တရာယ်ကင်း သေတဲ့ပုဂ္ဂိုလ်ရယ်လို့မရှိဘူး . . (မရှိပါဘုရား)

ဝေဒနာရောက်ပြီး သေတဲ့ပုဂ္ဂိုလ်လို့ ခေါ်ရမှာဘဲ . . . (မှန်ပါ)။

အဲဒီတော့ ဝေဒနာရောက်ပြီး သေမည့်ပုဂ္ဂိုလ်တွေမို့ သေကာနီးမှာ ဝေဒနာကျော်သွားပြီးသကာလ သေနိုင်ကြလို့ရှိရင် ကာမရောဂါနှသယ . . . ဆိုတဲ့ လောဘ၊ ပဋိဃာနုသ

www.burmeseclassic.com

www.burmeseclassic.com



ယဆိုတဲ့ ဒေါ်သ၊ အဝိဇ္ဇာနုသယ . . . ဆိုတဲ့မောဟ၊ အဲ့ဒီ့အနုသယ သုံးပါးချုပ်ပါတယ် . . . (မှန်ပါ့)။

ဒါကြောင့် ဒီဒကာဒကာမတွေဟာ သေမည့်ဘက်ကိုင်း ပြီးလာတာ ကိုယ့်ဟာကိုယ်သိကြပြီ၊ သိကြတော့ကို ခြော် . . . သေတဲ့အခါ ငါဝေဒနာတော့ရောက်မှာဘဲ၊ ဒီဝေဒနာကို ကျော် လွှားနိုင်ဘို့အရေးဟာ ယခုက ကျော်လွှားထားလို့ရှိရင် ကိစ္စရှိဘူး သေခါနီးကျမှ ကဗျာကယာ ကျော်လွှားဖို့ဆိုတဲ့ အရေးဟာကော့ မလွယ်လှဘူး . . . (မှန်ပါ့)။

ဒါကြောင့် ဝေဒနာနုပဿနာလည်း ဘုရားသခင်ကိုယ်တော် မြတ်ကြီးသည် အရေးတကြီးဟောသည်လို့ မောင်ချစ်စိန်မှတ် ကြပါ . . . . (မှန်ပါ့)။

အားလုံး ဒကာဒကာမတွေ ဝေဒနာအရေးကြီးတယ်ဆိုတာ မနေ့ကစပြောပြီနော် . . . (မှန်ပါ့) ဘုရားက 'သတောဘိက္ခဝေ ဘိက္ခုဝိဟရေယျ သမ္ပဇာနော ကာလံအာဂမေယျ'ဒါ . . . သိပ်မှာတာဘဲ၊ သတိရှိကြပါစေကွာ၊ ပညာရှိကြပါစေကွာ၊ ကာလကိုတဲ့မင်းတို့သည်ကား . . . လို့ဆိုရင်မလွန်အောင်နေနိုင် ကြပါစေ . . . တဲ့။

ရှုတဲ့ကာလကို ဘာင်္ပါတည်းကြီးကြီးစားစားနဲ့မြင်အောင် အကြောင်းအကျိုးတွေကို၊ အကြောင်းချုပ်လို့ အကျိုးချုပ်တာ တွေ့သိရအောင် မင်းတို့စောစောစီးစီး ဉာဏ်ရောက်ထားပါတဲ့။

အဲဒီတော့ ခန္ဓာပေါ် ဉာဏ်ရောက်ထားတော့ ဘာဖြစ်မတုံး ဆိုလို့ရှိရင် သေတဲ့အခါဝေဒနာချုပ်သွားတယ်ဆိုလို့ရှိရင်ဖြင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာချုပ်တာဟာလည်း တခြားကိုမှတ်မနေနဲ့ ခန္ဓာချုပ်တာဘဲ . . .(မှန်ပါ)။

ဝေဒနာချုပ်တာသည် ဘာချုပ်တာလဲ . . .(ခန္ဓာချုပ်တာပါဘုရား) ခန္ဓာချုပ်တာ။

ဒီခန္ဓာချုပ်လို့ရှိရင်လည်း ခန္ဓာငြိမ်း နိဗ္ဗာန်ဆိုတဲ့ဥစ္စာသေခါနီးမှ ကြည့်လိုက်လို့ ဝေဒနာချုပ်–ပျောက်သွားရင်လည်းတဲ့ ခန္ဓာငြိမ်း နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ရောက်နိုင်ပါတယ်လို့ ဒီသုတ်မှာ ဟောတယ် . . .(မှန်ပါ)။

ဒါဖြင့် သတိထားရမှာက ဝေဒနာသုံးပါးပေါ်တိုင်းပေါ်တိုင်း သုခချမ်းသာတာ ပေါ်လည်း အားလုံးသတိထားပါ၊ ဒုက္ခဆင်းရဲတဲ့ဝေဒနာတွေ ပေါ်လည်းဝေဒနာ ပေါ်တယ်လို့ဘဲသတိထားပါ . . .(မှန်ပါ) ဥပေက္ခာဝေဒနာပေါ်လာလို့ရှိရင်လည်း ဝေဒနာပေါ်လာတယ် လို့ဘဲတဲ့ သတိထားကြပါ၊ အဲဒါဟာ သတိထားတာ . . .(မှန်ပါ)။

သမ္ပဇာနေဒ–သတိထားပြီး ပညာနဲ့လိုက်ရှုမယ်ဆိုတာ ကတော့ပေါ်တာတွင် သိမနေနဲ့၊ ဩော် . . .ပေါ်ပြီးသကာလ ပျက်တာဘက်ကျအောင် သိလို့ရှိရင် သမ္ပဇာန ပညာပါတယ်လို့ ဆိုပါတယ် . . . .(မှန်လှပါဘုရား)။

ဝေဒနာပေါ်တိုင်း–ပေါ်တိုင်း သတိထားတာက သတိပဋ္ဌာန်နော် . . . .(မှန်ပါ) ဝေဒနာတို့၏ပေါ်ပြီး–ပျက်သွားတာကိုပါ မြင်အောင် ကြည့်နိုင်လိုရှိရင် သမ္ပဇာနဆိုတာ ပညာ. . .(မှန်ပါ)။

ကောင်းပြီတဲ့ . . .ပေါ်တိုင်းသိရင် သတိ၊ အပေါ်ရော၊

www.burmeseclassic.com

www.burmeseclassic.com



အပျက်ရောသိရင် ပညာ . . .(မှန်ပါ)။

ပေါ်တိုင်းသိရင် . . .(သတိပါဘုရား)သတိလို့မှတ်လိုက်စမ်းပါ၊ အပေါ်ရော–အပျက်ရော သိနေကြမယ် . . .(ပညာပါ) ပညာလို့မှတ် ထားလိုက်စမ်းပါ . . .(မှန်ပါ)။

ကောင်းပြီတဲ့ . . .ဒါဖြင့် . . . "သတော ဘိက္ခဝေဘိက္ခု ဝိဟရေယျ" ဘိက္ခဝေ=ရဟန်းတို့၊ သတော=သတိရှိသည်ဖြစ်၍၊ ဝိဟရေယျ=နေပါဆိုတော့ ဩော် . . .ဝေဒနာသုံးပါးပေါ်တိုင်း ပေါ်တိုင်း သတိကလေးနဲ့ နေတာသည်သတိပဲ . . .(မှန်ပါ) ဖြစ်မှုနဲ့ ပျက်မှုကို နှစ်ခုစလုံး လွဲပြီးသကာလ ဉာဏ်က လိုက်နိုင်လို့ရှိရင် သမ္ပဇာနော=ပညာပါ လာပြီကွဲ . . . တဲ့ . . . .(မှန်ပါ)။

သတိတွင် မဟုတ်ဘူး၊ အဲဒီကျတော့ ပညာပါလာပြီတဲ့ . .(မှန်ပါ) အဲဒါကြောင့် သတိသမ္ပဇဉ်နှစ်မျိုးဟောတယ် . . .(မှန်ပါဘုရား)။

ပေါ်တိုင်း,ပေါ်တိုင်းသိရင် သတိ၊ ပေါ်တာရော–ပျက်တာ ရောသိရင်သမ္ပဇဉ် . . .(မှန်ပါ) ရှင်းကြပြီ . . .(ရှင်းပါပြီ)။

ပေါ်တိုင်း,ပေါ်တိုင်းသိရင် . . .(သတိပါဘုရား) သတိ၊ အပေါ်ရော, အပျက်ရော သိရင်ဖြင့် ... (သမ္ပဇဉ်ပါဘုရား) မှဇဉ်လို့ ဆိုရမယ် . . . တဲ့ . . .(မှန်ပါဘုရား)။

ကာလမလွန်စေနဲ့၊ ကာလမလွန်စေနဲ့ကွဆိုတဲ့ ဥစ္စာကတော့ အကြောင်းအကျိုးနဲ့တကွ သိမ်းဆည်းပြီးသကာလရှုပုံကို ဘုရားသခင်ကိုယ်မြတ်ကြီးဟောလိမ့်မယ် . . .(မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် သတိနဲ့ သမ္ပဇဉ်ပြီးတော့ ကာလမလွန်စေနဲ့ဆိုတဲ့ စကားကလေးတစ်လုံးဟာ အခုနောက်ထပ်ထည့်လိုက်ပါတယ် ..(မှန်ပါ့ဘုရား)။

"ကာလံအာဂမေယျ" ဆိုတဲ့ပါဠိတော်ကာလံ–ကာလကို (ဝါ)အကြောင်းဖြစ်တဲ့ကာလ၊ အကျိုးဖြစ်တဲ့ကာလကို၊ အာဂမေယျ–မင်းတို့ဉာဏ်နဲ့ သိကြစမ်းပါ၊ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား သိကြစမ်းပါဆိုတာ သေသေချာချာ ဟောပြန်တော့ ဒကာဒကာမတို့ ဒီတတိယအချက်ကလေး ဟာကမကြားဘူးတဲ့ အချက်ကလေးဖြစ်နေတော့ အရေးတကြီး ဘဲမှတ်ရဦးမယ်ဆိုတာ မှတ်ရမယ် ...(မှန်ပါ့)။

ဥပမာတဲ့...ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ်၊ ကိုယ်ပေါ်မှာ ဟိုနေရာကလေးမှာ ချမ်းသာတယ်၊ ဒီနေရာကလေးမှာ ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာပေါ်တယ်၊ သုခဝေဒနာဟာသူက မှီအာတ်တဲ့တရားဖြစ်နေတော့ မှီရာမရှိဘဲနဲ့ မပေါ်နိုင်ဘူး ...(မှန်ပါ့ဘုရား)။

မှီတတ်တဲ့တရားဖြစ်နေတော့ မှီရာမရှိဘဲနဲ့မပေါ်နိုင်ဘူး၊ သစ်ပင်သည် မြေကြီးကို မှီနေရတယ်၊ မြေကြီးမရှိရင် သစ်ပင်မရှိဘူး၊ ထို့အတူဘဲတဲ့၊ ဒီသုခဝေဒနာကလေးဟာလည်း ကိုယ်ပေါ်မှာ မှီနေရတယ်၊ သဘောကျကြပလား...(ကျပါပြီ)။

သုခဝေဒနာကလေးဟာ ဘယ်မှာမှီနေရသလဲ...(ကိုယ်ပေါ်မှာမှီနေရပါတယ်ဘုရား) ကိုယ်ပေါ်မှာမှီနေရတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ပါ . . . (မှန်ပါ)။

အဲဒီတော့ 'ကာယပသာဒ' ဆိုတဲ့ကိုယ်ပေါ်မှာ မှီပြီး သကာလနေတယ်။ ကိုယ်ကလည်းမှီရတယ်၊ တစ်ခါ အာရုံနဲ့ တွေ့ထိတဲ့ 'ဖဿ' ကိုလည်းမှီရပြန်တော့ ကိုယ်နဲ့ဖဿနှစ်ခုမှီပြီး သုခဝေဒနာပေါ်တယ် . . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

သုခဝေဒနာကလေးဟာ ကိုယ်လည်းမှီတယ်၊ ဖဿကိုလည်း မှီပြီးသကာလပေါ်ပါတယ် . . . (မှန်ပါ)။

သုခဝေဒနာကလေးဟာ ဘာကိုမှီပါလိမ့် (ကိုယ်နဲ့ဖဿကို မှီပါတယ်ဘုရား)။

အဲ . . ကိုယ်, ဆိုတဲ့ ကိုယ်ရုပ်ကိုလည်းမှီတယ်၊ ဖဿ,ဆိုတဲ့ နာမ်ဓမ္မကလေးလည်း မှီတယ်၊ အဲဒီတော့ ကာယနဲ့ဖဿနှစ်ခု မှီပြီးတော့ ဒီတရားကလေး၊ သုခဝေဒနာကလေး ပေါ်လာတယ် ဆိုတော့ စဉ်းစားကြည့်ပါတဲ့၊ တရားနာတဲ့ပုဂ္ဂိုလ်များက ကိုယ်ကလည်းအနိစ္စခန္ဓာကိုယ်၊ ဖဿကလည်းအနိစ္စခန္ဓာကိုယ်၊ အနိစ္စနှစ်ခုကြောင့် ပေါ်လာတဲ့သုခဝေဒနာ၊ ရှင်းကြပလားဝေဒနာ . . . (ရှင်းပါပြီ)။

ဘယ်သူ့ကြောင့်ပေါ်လာသတုံး . . . (အနိစ္စနှစ်ခုကြောင့် ပေါ်လာပါတယ်ဘုရား)။

အနိစ္စနှစ်ခုကြောင့်ပေါ်လာတဲ့သုခဝေဒနာ၊ ဩော် . . . ဒါဖြင့် အနိစ္စနှစ်ခုကို စွဲဖြစ်တဲ့သုခဝေဒနာဖြစ်နေသောကြောင့် အကြောင်းအနိစ္စဖြစ်နေသောကြောင့် အကျိုးအနိစ္စကိုလည်း မင်းတို့ ဒီကာလကိုလည်း သိပါဦး . . . . တဲ့ . . . (မှန်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အကြောင်းအနိစ္စကို သိတဲ့အတွက် အကျိုးလည်း အနိစ္စပဲဖြစ်မှာဘဲဆိုတာ ဉာဏ်ကဒီကာလကိုလည်း မင်းတို့ သိထားကြပါလို့ ဟောပါတယ်... (မှန်ပါဘုရား)။ အဲဒီတော့ ဒကာဒကာမတွေက သုခဝေဒနာကလေး... ပျောက်သွားတဲ့အခါ ဩော်... ပျောက်ချင်လို့ ပျောက်တာလားလို့ ဉာဏ်နဲ့ကြည့် လိုက်တဲ့အခါ ဖျတ်ကနဲ သုခဝေဒနာပေါ်လိုက်–ပျောက် သွားလိုက်၊ သုခဝေဒနာ ပေါ်လိုက်ပျောက်သွား လိုက်၊ဩော် ...ပျောက်ချင်လို့ ပျောက်တာမဟုတ်ဘူး၊ သူ့ကိုဖြစ်စေတဲ့အ ကြောင်းနှစ်ခု ကာယပသာဒဆိုတဲ့ ကိုယ်ကလည်းအနိစ္စ၊ သူ့ကိုဆက်သွယ်ပေးတဲ့ဖဿကလည်း အနိစ္စ၊ ကိုယ်နဲ့ ဖဿက အကြောင်းကိုက အနိစ္စဖြစ်လို့ သူ့ အမှီပြုပြီးပေါ်ရတဲ့ သုခဝေ ဒနာကလေးဟာလည်း အနိစ္စလို့ ဒီကာလကိုလည်း သိပေးပါဦး ... တဲ့ ....(မှန်ပါ)။

ဒါ... သေသေချာချာ မှတ်ကြပါ၊ ကြားကြရဲ့လား၊ အားလုံး ကြားရဲ့လား ...(ကြားပါတယ်ဘုရား) မီးကြောင့်မီးကြောင့် မေးရတယ် ....(မှန်ပါဘုရား)။

ကောင်းပြီ ...ဒါဖြင့် သုခဝေဒနာကလေးဟာ အကြောင်း ဘယ်နှစ်ခုကြောင့်ဖြစ်ပါလိမ့် ...(အကြောင်းနှစ်ခုကြောင့်ပါ) ကိုယ်ဆိုတာ တစ်ကြောင်း ...(မှန်ပါ) ဖဿဆိုတာ .. .(တစ်ကြောင်းပါဘုရား) ဤနှစ်ကြောင်းကြောင့်သုခဝေဒနာ ကလေး ဒကာဒကာမတွေကိုယ်ပေါ်မှာချမ်းသာ လုံးကလေး ပေါ်တယ်၊ ဝမ်းသာလုံးကလေးပေါ်တယ် ....(မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှစ်ခုကိုကအနိစ္စဖြစ်နေသောကြောင့် အကျိုးသုခဝေဒနာကလေးဟာလည်းတဲ့၊ ဘယ်မှာသာလျှင် နိုင်မြဲနိုင်ပါ့မတုံး . . . (မှန်ပါ့)။

အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်နေတော့ အကျိုးသုခဝေဒနာကလေးဟာလည်း အနိစ္စပဲလို့ဒီကာလကိုလည်း သိထားပါတဲ့ . . . (မှန်ပါ့) ရှင်းကြပြီ . . . (ရှင်းပါပြီ)။

အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်နေတော့ကို သူ့အမှီပြုပြီး ပေါ်ရတဲ့ သူ့ကိုစွဲပြီးပေါ်ရတဲ့ သုခဝေဒနာကလေးလည်း ဘယ်နှယ်ဆိုကြမယ် . . . . (အနိစ္စပါဘုရား)။

အနိစ္စပဲလို့ ဒကာဒကာမတွေက ရှုတဲ့အခါမှာ ဩော် . . ဘယ်နှယ်ကြောင့် ပျောက်သွားပါလိမ့်မတုံးလို့ သံသယ, ဝိစိကိစ္ဆာလာခဲ့သော် အကြောင်းနှစ်ခုကိုက သူ့ဖြစ်စေတဲ့ အကြောင်းနှစ်ခုကိုက အနိစ္စမို့ အကျိုးဖြစ်တဲ့ ဝေဒနာကလေးဟာလည်း အနိစ္စပဲလို့ဒီလိုရှုစေလိုပါတယ် . . . (မှန်ပါ့)။

ဒါဖြင့် သုခဝေဒနာကလေးဟာ ဉာဏ်နဲ့ရှုလိုက်တဲ့အခါဖြစ်ပြီး ပျက်သွားတယ်၊ ဩော် . . . ပျက်မှာပဲ၊ သူ့ဖြစ်စေတဲ့အကြောင်း ကိုယ်ကလည်း အနိစ္စ၊ ဖဿကလည်း . . . (အနိစ္စပါဘုရား) ကိုယ်ကလည်း အနိစ္စ၊ ဖဿကလည်း အနိစ္စ၊ အနိစ္စနှစ်ခုက မွေးထုတ်တဲ့ သုခဝေဒနာဟာ ဘယ်မှာသာလျှင် နိစ္စဖြစ်နိုင်ပါ့မတုံး ပျက်ရမှာဘဲ . . . (မှန်ပါ့) ဒီလိုဉာဏ်ကို သိမ်းဆည်းရှုတာသည် ကာလနဲ့တကွသိတယ် . . . (မှန်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် . . . "သဘော ဘိက္ခဝေ ဘိက္ခုဝိဟရေယျ သမ္ပဇာနော ကာလံ အာဂမေယျ" လို့ဘုရားက ဟောပြန်တယ် . . . တဲ့ . . . (မှန်ပါ့ဘုရား)။

ကာလနဲ့လည်း မင်းတို့သည် ဒီအတိုင်းသိပြီးသကာလအကြောင်းနှစ်ခုက ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်စေသောကြောင့် အကျိုးသုခဝေဒနာ ဖြစ်ရတယ် . . . . (မှန်ပါ့ဘုရား)။

အဲဒါ အကြောင်းကိုက အနိစ္စဖြစ်လို့ အကျိုးဟာလည်း အနိစ္စပဲလို့ ဉာဏ်ထဲမှာ ရဲရဲတင်းတင်း ရှုစမ်းပါ၊ ရဲရဲတင်းတင်း ရှုလို့ရှိရင်ဖြင့် . . . တဲ့သုခဝေဒနာနောက်ကလာတဲ့၊ 'ကာမရာဂါနုသယ' သုခဝေဒနာသည် ဩော် . . . ဒီတရားကလေးဟာ အကြောင်းနှစ်ခုကအနိစ္စမို့ အခုပေါ်လာတဲ့တရားလည်း အနိစ္စပဲလို့ ဉာဏ်ကလေးနဲ့ သိလိုက်တဲ့အခါကျတော့ ဉာဏ်ကလေးဟာ ဝေဒနာနောက်က လိုက်နေသောကြောင့် 'ကာမရာဂါနုသယ'ဆိုတဲ့ လောဘဟာတဲ့ မလိုက်တော့ပါဘူး၊ လိုက်ကြသေးရဲ့လား . . . (မလိုက်ပါဘုရား)။

'ကာမဂါနုသယ' ဆိုတာလိုချင်တာဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်လိုက် တော့မှ ဩော် . . . အကြောင်း အနိစ္စမို့ အကျိုးသုခဝေဒနာအနိစ္စကလေးဖြစ်နေတော့ ဒါကလေးဉာဏ်နဲ့ကြည့်လိုက်တော့ ဟုတ်သားဘဲ၊ သူ့အကြောင်းကိုက အနိစ္စမို့ ပေါ်လာတဲ့ ဝေဒနာကလေးဟာလည်း အနိစ္စပဲရယ်လို့ ဤကဲ့သို့ ဒကာ ဒကာမတွေက ရှုလိုက်ပြီဆိုမှဖြင့် အင်း . . . အနိစ္စကအနိစ္စ၊ ရှုတာက မဂ္ဂဖြစ်ပြီးသကာလ နောက်က တဏှာဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကာမရာဂါနုသယ အနုသယလိုသုံးတော့ ကာမရာဂါနုသယ လို့ခေါ်ရတယ် . . . (မှန်ပါ့ဘုရား) အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်လိုက်တော့ တဏှာ, ဥပါဒါန်, ကံဟာ လိုက်သေးရဲ့လား . . . (မလိုက်ပါ ဘုရား)။

ဩော် . . . ဒါဘယ့်နယ်ကြောင့် မလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ အကြောင်းရော အကျိုးရော သိမ်းဆည်း ကြည့်လိုက်တာနဲ့ သိမ်းဆည်းပြီးသကာလ ဉာဏ်နဲ့ကြည့် လိုက် တော့ အကြောင်းအနိစ္စမို့ ကာယနဲ့ ဖဿ, အနိစ္စဖြစ်နေ သောကြောင့် သုခဝေဒနာလည်း အနိစ္စလို့ ဒီကာလကို ပစ္စုပ္ပန် ကာလကို ဒကာဒကာမတွေ သိလိုက်တဲ့အတွက်တဲ့ နောက်က ကာမရာဂါနုသယ ဆိုတဲ့တရားဟာမလိုက်တော့ ပါဘူး . . . (မှန်ပါ့)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ရှေ့မှာ ခင်းထားတဲ့ပဋိစ္စ သမုပ္ပါဒ်ကြည့်လိုက်တော့ ကာမရာဂါနုသယဆိုတာ စာလိုသုံး တော့ အနုသယသဘောနဲ့ သုံးတာပါ၊ စင်စစ်တော့-တဏှာပါပဲ . . . (မှန်ပါ့)တဏှာမလာလို့ရှိရင်ဥပါဒါန် မလာဘူး၊ ဥပါဒါန် မလာလို့ရှိရင် ကံ, မလာတော့ အင်း . . . သုခဝေဒနာရှုလိုက်တဲ့ အတွက် ဒို့မှာ တဏှာ ဥပါဒါန် ကံ, ချုပ်၊ ဇာတိ ရော မရဏ ချုပ်ဆိုတော့၃-နံပါတ်ကောချုပ်၊ ၄-နံပါတ်ကော . . . (ချုပ်ပါတယ်ဘုရား)။

အဲ . . . အကြောင်းနှစ်ခု အနိစ္စမို့ အကျိုးသုခဝေဒနာ အနိစ္စလို့

www.burmeseclassic.com

www.burmeseclassic.com



ရှုလိုက်ပြန်တော့ ဒီမှာဒကာဒကာမတွေ ကာမရာဂါနုသယ ချုပ်တယ် ဆိုတာကို သေသေချာချာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ကြည့်လိုက်လို့ရှိရင် အဟုတ်ကို ချုပ်ပါတယ် . . .(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့်အကြောင်းနှစ်ခုက ကာယနဲ့ဖဿက အနိစ္စမို့ ပေါ်လာတဲ့သုခဝေဒနာကလေးလည်း အနိစ္စပဲလို့ ဒကာဒကာမတွေက အလုပ်လုပ်တဲ့အခါ ရှုကြစမ်းပါ၊ ထိုကဲ့သို့ ရှုခဲ့သည်ရှိသော် ကြားထဲ၌ ရှုတတ်တဲ့ ဝိပဿနာ မဂ်လာလို့ရှိရင် ကာမရာဂါနုသယဆိုတဲ့တဏှာ ဥပါဒါန် ကံ့တွေသည် မချုပ်ပါနဲ့ဆိုလိုမရ၊ ချုပ်သွားသည်လို့၊ ဩော် . . . . ဒီအကျိုးဒို့ ခံစားရပါကလားလို့ သေသေချာချာ မှတ်ပါ . . .(မှန်ပါ့)။

အဲဒါ ကာလ၌ရှုတာ . . .(မှန်ပါ့) ဖြစ်စေတဲ့ကာလ၊ ချုပ်စေတဲ့ကာလ၊ ကာလနှစ်ခုကြည့်ပြီးရှုတာ . . .(မှန်ပါ့)။

ကိုင်း . . . ဒကာဒကာမတွေ သန္တာန်၌ အခုလိုအကြောင်း မညီညွတ်တဲ့အခါပူတယ်, အိုက်တယ်, ညောင်းတယ်, ခဲတယ်, ကိုက်တယ်, လေနာတယ်, ရင်နာတယ်, ကျော အောင့်တယ် ဆိုတဲ့ ဒုက္ခဝေဒနာတွေ ပေါ်ပါလိမ့်မယ် . . .(မှန်ပါ့)။

ပေါ်တော့လည်းခုနင်ကလိုဘဲ ကိုယ်ရှုလို့ကိုယ်ပေါ်မှာ ပေါ်တော့ ကိုယ်က ကျေးဇူးပြုတယ် . . .(မှန်ပါ့) တစ်ခုခုသော လေကလည်း ထိုးလိုက်ပြန်တော့ ထိုးတဲ့ဖဿကလည်း ဝေဒနာကို မဖြစ်စေဘူးလား . . . .(ဖြစ်စေပါတယ်ဘုရား)။

ဝေဒနာဖြစ်စေတော့ ဩော် . . . ကိုယ်က, ကာယနဲ့ဖဿနှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရင်းခံပြီးသကာလ ဒုက္ခဝေဒနာပေါ်တာဘဲလို့ မှတ်လိုက်စမ်းပါ . . .(မှန်ပါ့)။

အဲဒီတော့ ဒီဒုက္ခဝေဒနာကလေးဟာ ဒကာဒကာမတို့ အကြောင်းကင်းပေါ်သလား၊ အကြောင်းနှစ်ခုကြောင့် ပေါ်သလား ဆိုတာ နည်းနည်းစဉ်းစားပါ . . .(အကြောင်းနှစ်ခုကြောင့်ပေါ်ပါတယ်ဘုရား)။

အကြောင်းနှစ်ခုကြောင့် ပေါ်တယ်ဆိုတော့ ဒီအကြောင်းနှစ်ခုကလဲ,ကာယကလဲကာယပသာဒရုပ်ဖြစ်နေသောကြောင့် ရုပ်ကလည်း အနိစ္စပဲ . . .(မှန်ပါ့)။

ဖဿကလည်း နာမ်ဓမ္မဖြစ်နေသောကြောင့် ဝေဒနာပဲ ဖြစ်အောင် ကျေးဇူးပြုရပါတယ်သူကလည်းအနိစ္စပဲ . . .(မှန်ပါ့)။

ဒါဖြင့် ကာယ ဖဿက အနိစ္စဖြစ်နေတော့ ခုနင်ကညောင်းတယ်, ညာတယ်,ကိုက်တယ်,ခဲတယ်,ကျောအောင့်တယ်, ရင်အောင့်တယ်–ဆိုတဲ့ဒုက္ခဝေဒနာတွေ ဘယ့်နှယ်ဆို ကြမလဲ . . (အနိစ္စပါဘုရား) အနိစ္စပဲ။

သူ့ကာလတစ်ပြိုင်နက်ကြည့်ရတယ်၊ အကြောင်းကာလက ကာယ နဲ့ဖဿ . . .(မှန်ပါ့) အကျိုးကာလက ဒုက္ခဝေဒနာ . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီဝေဒနာပေါ်တာ ဉာဏ်နဲ့ သေသေချာချာကြည့်လိုက်တော့မှ သြော် . . .အကြောင်းနှစ်ခုကိုက ဖြစ်စေခြင်းကြောင့် ဒုက္ခဝေဒနာပေါ်ရတယ်၊ အကြောင်းနှစ်ခုကိုက အနိစ္စတရား၊ သင်္ခတ,တရား၊ ပဋိစ္စသမုပ္ပန္နတရားဖြစ်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တရား၊ သင်္ခတ,တရား၊ ပဋိစ္စသမုပ္ပန္နတရားဖြစ်နေသောကြောင့် အကျိုးတရားက နိစ္စဖြစ်ချင်လို့ ဘယ်နည်းနှင့်မှ မရပါဘူး . . (မှန်ပါ) သဘောပါကြပလား . . . . (ပါ–ပါပြီဘုရား)။

အကြောင်းနှစ်ခုကိုက ဘာဖြစ်နေသတုံး . . . (အနိစ္စဖြစ်နေပါတယ်ဘုရား) အနိစ္စဖြစ်ပြီးသကာလနေတော့ သူ့ကြောင့်ဖြစ်တဲ့ဒုက္ခဝေဒနာကကော . . (အနိစ္စပါဘုရား) အနိစ္စပဲ . . . (မှန်ပါဘုရား)။

အဲဒီကဲ့သို့ သိပြီးသကာလထားခြင်းကြောင့် ဒုက္ခဝေဒနာ ပေါ်တိုင်း ပေါ်တိုင်းလည်း ဒကာဒကာမတွေက သြော် . . . အကြောင်းအနိစ္စမို့ ဒုက္ခဝေဒနာကလေးလည်း အနိစ္စရောက်ရှာတာကိုးလို့ ဉာဏ်ကလေးနဲ့ သိ,သိပေးစမ်းပါ . . . (မှန်ပါ) မောင်ချစ်စိန် သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒုက္ခဝေဒနာကိုဖြစ်စေတဲ့ အကြောင်းက ဘယ့်နှစ်ကြောင့်ပါလိမ့် . . . (နှစ်ကြောင်ပါဘုရား)။

ကိုယ်,တစ်ကြောင်း၊ ဖဿတစ်ကြောင်း . . (မှန်ပါ) ကိုယ်ကြောင့်လည်း ပေါ်တယ်၊ ဖဿကြောင့်လည်း ပေါ်သည်မှတ်လိုက်စမ်းပါ . . . (မှန်ပါ)။

"ဣမမေဝကာယဉ္စ ဖဿဉ္စ ပဋိစ္စ ဒုက္ခဝေဒနာ"တဲ့ကိုယ်နဲ့ ဖဿနှစ်ခုကြောင့် ပေါ်တဲ့ ဒုက္ခဝေဒနာ၊ အဲဒီတော့အကြောင်းနှစ်ခုက အနိစ္စဖြစ်ပြီးသကာလ နေသောကြောင့်လည်း အကျိုးဖြစ်တဲ့ ဒုက္ခဝေဒနာဟာလည်း အနိစ္စပဲဖြစ်ရမယ် . . . (မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဒီမှာအကြောင်းကာလနဲ့ အကျိုးကာလသိရမှာပေါ့လေ . . . (မှန်ပါ့) အကြောင်းကာလကလည်း ဒီအချိန်ပဲ၊ အကျိုးကာလကလည်း ဒီအချိန်ပဲဆိုတာ ပေါ်နေတယ် . . (မှန်ပါ့)။

အဲဒီကာလကိုလည်း မင်းတို့သိပြီး ရှုစမ်းပါတဲ့ . . . (မှန်ပါ့)။

ဒါဖြင့် ဒီလိုရှုလိုက်တာ အကြောင်းနှစ်ခုက အနိစ္စမို့ အကျိုးဒုက္ခ ဝေဒနာအနိစ္စပဲလို့ ဉာဏ်ထဲမှာရှင်းနေအောင် ရှုလိုက်တဲ့အခါ၊ သံသယရှိလို့ရှိရင်လည်း ဒုက္ခဝေဒနာကလေးဘယ်နှယကြောင့် အနိစ္စရောက်ပါလိမ့်မလဲလို့ သံသယမရှိနဲ့၊ သူမှီနေတဲ့ကိုယ်ကလည်း အနိစ္စ၊ သူ့ဖြစ်စေတဲ့ ဖဿကလဲ . . . (အနိစ္စပါဘုရား) အနိစ္စက ဖြစ်စေတဲ့ ဒုက္ခဝေဒနာ ဖြစ်လေသောကြောင့် သူဟာ အနိစ္စပဲလို့ဉာဏ်ထဲမှာ သိပါ . . . (မှန်ပါ့) ရှုတတ်ပလား . . . (ရှုတတ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ရှေ့ကဒုက္ခဝေဒနာက အနိစ္စ၊ ရှုတဲ့သဘောကလေးက ဝိပဿနာ မဂ္ဂသွားဖြစ်တော့ နောက်က ဒုက္ခကြောင့် ဒေါမနဿ လိုက်နိုင်သေးရဲ့လား . . . (မလိုက်နိုင်ပါဘုရား) မဂ်ပဲလိုက်တယ် . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အဲဒီကဲ့သို့ ဒုက္ခဝေဒနာကို ဒကာဒကာမတွေ ကရှုလိုက်တယ်ဆိုရင် ပဋိဃာနုသယဆိုတဲ့ဒေါသဟာ မောင်ချစ်စိန် မလာတော့ဘူး . . . (မှန်ပါ့)။

ပဋိဃာနုသယဆိုတဲ့ . . . (ဒေါသမလာတော့ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အေး. . . ခုနင်ကကာမရာဂါနုသယချုပ်လိုက်ပြီ၊ အခုပဋိဃာနုသယချုပ်ပြန်ပြီ၊ ပဋိဃာနုသယဆိုတာ ဒေါသကိုမဝင်စေ မှတ်လိုက်စမ်းပါ ဒေါသကိုဆိုပါတယ် . . .(မှန်ပါ)။

ဒါဖြင့်ဒုက္ခဝေဒနာကိုဖြစ်–ပျက်ရှုလိုက်တဲ့ အခါကျတော့ကို ပဋိဃာနုသယဆိုတဲ့ဒေါသသေတော့ ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ ဒကာဒကာမတွေဒေါသသေတော့ ဩော် . . .ဒေါသသေရင် သောကပရိဒေဝဥပါယာသကျအောင် အကုန်သေမှာဘဲဆိုတာ မှတ်လိုက်တာပေါ့ . . .(မှန်ပါ) ရှင်းကြပြီ . . .(ရှင်းပါပြီ)။

ဒါဖြင့် ဩော်–ဒုက္ခဝေဒနာပေါ်တိုင်း–ပေါ်တိုင်းဖြစ်ပျက်ရှုလို့ ရှိရင်လည်း ပဋိဃာနုသယဆိုတဲ့ ဒေါသ သေသောကြောင့် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲ၊ နောက်,ခန္ဓာအဆက်ပြတ်တာ ဘဲလို့ သေသေချာချာမှတ်ပါ . . .(မှန်ပါ)။

နောက်,ခန္ဓာအဆက်ပြတ်တယ်နော်. . .(မှန်ပါ) ပဋိစ္စသမုပ္ပါဒ် ပြတ်,ပြတ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာလိုသုံးတာပါ၊ စင်စစ်တော့ ကိုယ့်ခန္ဓာ နောက်အဆက်မလာတာကို ဆိုပါတယ် . . . .(မှန်ပါ) ပေါ်ကြပလား. . .(ပေါ်ပါပြီ) ကိုယ့်ခန္ဓာ နောက် အဆက်မလာတာကို ဆိုတယ်လို့ သေသေချာချာမှတ်ပါ . . .(မှန်ပါဘုရား)။

ကိုင်း. . .ဒါဖြင့်တစ်ခါသွားပါဦး. . .တဲ့၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကသုံးပါးရှိနေတော့ ဥပေက္ခာ ဝေဒနာလည်းသူပေါ်ချင်တဲ့အခါ ပေါ်ဦးမှာဘဲ . . .(မှန်ပါ) မပေါ်ပေဘူးလား . . .(ပေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲ...ဥပေက္ခာဝေဒနာလည်း ကိုယ်မရှိဘဲနဲ့ သူမပေါ်နိုင်ဘူး၊ ကိုယ်ပေါ်မှာ ပေါ်ရမယ်...(မှန်ပါ့) မျက်စိတည်းဟူသော ကိုယ်ပေါ်မှာ ပေါ်ရမယ်၊ နားတည်းဟူသော ကိုယ်ပေါ်မှာ.. .(ပေါ်ရပါမယ်ဘုရား)။အဲဒီကဲ့သို့ ကိုယ်ပေါ်မှာပေါ်ရမှာဘဲ.. .(မှန်ပါ့ဘုရား)။

သို့သော် သူဟာကိုယ်ပေါ်မှာ အလကားနေရင်းလာပေါ်သလား၊ ကိုယ်ပေါ်မှာ အလကားနေရင်း ဖျတ်ကနဲ လာပေါ်သလား–ဆိုတော့ တစ်ခုခုနဲ့ ထိခိုက်ပြန်လို့လည်း ပေါ်တာဘဲ `(မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ်နဲ့ဖဿစွဲ၍ ဥပေက္ခာ ဝေဒနာပေါ်တယ်.. .(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်...(ကိုယ်နဲ့ဖဿစွဲ၍ ဥပေက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)။

အဲ...ကိုယ်နဲ့ ဖဿစွဲပြီးသကာလ ဥပေက္ခာဝေဒနာပေါ်တယ် ဆိုတော့ ဥပေက္ခာဝေဒနာပေါ်တာလည်း နှစ်ကြောင်းရှိတာဘဲ ....(မှန်လှပါဘုရား)။ဒီကာလကိုလည်းမှတ်ထားလိုက်ပါ.. .(မှန်လှပါဘုရား)။

ဪ...ကိုသို့ ပစ္စုပ္ပန်ကာလက သူတို့ပေါ်နေလို့ ဥပေက္ခာဝေဒနာလည်း ပစ္စုပ္ပန်ကာလမှာ ပေါ်တာကိုး ...(မှန်ပါ့ဘုရား) ကိုယ်နဲ့ ဖဿကလည်း ပစ္စုပ္ပန်ကာလမှာ ကျေးဇူးပြုလို့ ဥပေက္ခာဝေဒနာကလည်း ပစ္စုပ္ပန်ကာလမှာ ပေါ်ရရှာတယ်.. .(မှန်လှပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် အကြောင်းနှစ်ခုက ဖြစ်စေလို့ အကျိုးတစ်ခုကဖြစ်သည် . . .(မှန်ပါ) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

အကြောင်းနှစ်ခုက . . .(ဖြစ်စေလို့ အကျိုးတစ်ခုဖြစ်ပါတယ်ဘုရား) ဒီဥပေက္ခာဝေဒနာဖြစ်တယ် . . .(မှန်ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတွေက ဖျဆို . . .ဥပေက္ခာဝေဒနာကလေးက မျက်လုံးထဲ ပေါ်လိုက် ပျက်လိုက်၊ နားထဲပေါ်လိုက်ပျက်လိုက်၊ ဝမ်းထဲမှာ ပေါ်လိုက် ပျက်လိုက်၊ ထိုကဲ့သို့ပေါ်-ပျက်,ပေါ်,-ပျက်ဖြစ်ပြီးသကာလနေတဲ့အချိန်မှာ အို . . .မြန်လိုက်တာ, မြန်လိုက်တာ၊ ပေါ်လိုက်-ပျောက်လိုက်၊ ပေါ်လိုက်-ပျောက်လိုက်၊ အို . . .ပေါ်ပျောက်ဖြစ်ရမှာပဲ၊ သူ့ကိုဖြစ်စေတဲ့အကြောင်းကိုကပေါ်-ပျောက်ကိုး . . .(မှန်ပါ) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဖြစ်စေတဲ့အကြောင်းကိုက . . .(ပေါ်ပျောက်ပါဘုရား)။

အဲ . . .ဖြစ်စေတဲ့အကြောင်းကိုက ပေါ်ပြီးပျောက်တော့ကို . . . . တဲ့သူကဖြစ်စေတဲ့ အကျိုးတရားဟာလဲ ပေါ်ပြီးပျောက်ရမယ် . . .(မှန်လှပါ) မပျောက်ပါနဲ့ဆိုလို့ . . .(မရပါဘုရား)။

မရဘူးဆိုတာ ဒကာဒကာမတွေက ဒီလိုရှင်းပြီးသကာလထားတော့ အကြောင်းအနိစ္စမို့ အကျိုးအနိစ္စ၊ အကြောင်းဒုက္ခမို့ အကျိုးဒုက္ခ၊ အကြောင်းအနတ္တမို့၊ အကျိုးအနတ္တဆိုတဲ့ ဥစ္စာမထင်ရှားဘူလား . . .(ထင်ရှားပါတယ်ဘုရား)။

ဒါကြောင့် အနိစ္စရှုလဲ နိဗ္ဗာန်ရောက်တာပဲ၊ အနတ္တရှုလဲ နိဗ္ဗာန်ရောက်တာဘဲဆိုတာ မောင်သစ်တို့ သေသေချာချာမှတ်

www.burmeseclassic.com

www.burmeseclassic.com



. . . .(မှန်ပါ)။

ဘာ့ကြောင့်တုန်းဆိုတော့ ဖြစ်ပြီး–ပျက်တာသည် အနိစ္စလည်း ဒုက္ခသစ္စာဘဲ။ ဖြစ်ပြီး–ပျက်တဲ့ ဒုက္ခဟာလည်း ဒုက္ခသစ္စာပဲ။ ဖြစ်ပြီး ပျက်တဲ့အနတ္တဟာလဲ . . .(ဒုက္ခသစ္စာပါဘဲဘုရား)။

အဲ . . .ဒုက္ခသစ္စာပဲဆိုတော့ကို သစ္စာနုလောမိကဉာဏ်က ရပြီးသားဖြစ်နေပါတယ် . . .(မှန်ပါ) ရှင်းကြပြီ . . .(ရှင်းပါပြီဘုရား)။

ဘယ်ဉာဏ်ရသတုံး . . .(သစ္စာနုလောမိကဉာဏ်ရပါတယ်ဘုရား)။

ငင်း, သစ္စာနုလောမိကဉာဏ်ရပါတယ်ဆိုတော့ ဒါ ဒုက္ခသစ္စာချည်းပဲဆိုတဲ့ ဉာဏ်က ရပြီးသကာလနေတော့ ဝိပဿနာသစ္စာ ထိုက်တယ်လို့မှတ်လိုက်စမ်းပါ . . .(မှန်ပါဘုရား)။

ဝိပဿနာသည် . . .(သစ္စာထိုက်ပါတယ်ဘုရား) သစ္စာထိုက်တယ်လို့ သေသေချာချာမှတ်ပါ . . .(မှန်ပါဘုရား)။

"တေသံ သစ္စာနံ အနုလောမတော့သစ္စာနုလောမိကဉာဏန္တိ ဝုစ္စတိ"

သစ္စာလေးပါးထဲ အတွင်းဝင်သောကြောင့်ဖြစ်–ပျက်ဟာသစ္စာလေပါးထဲ အတွင်းဝင်သောကြောင့် ရှုတဲ့ဉာဏ်ဟာ သစ္စာနုလောမိကဉာဏ် ဖြစ်ပါတယ် . . . (မှန်ပါ) သဘောကျပလား . . . . (ကျပါပြီဘုရား)။

ကောင်းပြီ . . . ဤကဲ့သို့ ဒကာဒကာမတွေမှာ ဩော် . .

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းနှစ်ခုက အနိစ္စမို့ အကျိုးဥပေက္ခာဝေဒနာလည်း အနိစ္စ ရောက်ရတော့မယ်လို့ ဒကာဒကာမတွေက ဉာဏ်နဲ့ရှုလိုက်တော့ ဒီဉာဏ်သည် ဝိပဿနာဉာဏ်ကဖုံးတယ်။ ဒါကြောင့် " သစ္စာ နုလောမိက ဉာဏန္တိဝိပဿနာ ဉာဏ် "ဩော် . . . သစ္စာ နုလောမိကဉာဏ်ဆိုတာ တခြားလားမှတ်နေတယ်၊ ဝိပဿနာ ရှုတဲ့ဉာဏ် ဘဲ...(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာပါလိမ့် . . .(ဝိပဿနာ ဉာဏ်ပါဘုရား) ဝိပဿနာဉာဏ် . . .(မှန်ပါ့)။

ဝိပဿနာရှုနေတာ၊ မောင်သစ်တို့ရှုနေတဲ့ဉာဏ်၊ မောင်ချစ်စိန် တို့ ရှုနေတဲ့ဖြစ်–ပျက်မြင်တဲ့ ဉာဏ်ကို ဆိုပါတယ်...(မှန်လှပါ ဘုရား)။

ဖြစ်ပျက်က ဒုက္ခသစ္စာကိုး...(မှန်ပါ့) ဒုက္ခသစ္စာဆိုတော့ သစ္စာကို သိနေတဲ့ အမိပ္ပါယ်မရောက်ဘူးလား . . .(ရောက်ပါ တယ်ဘုရား)။

အဲ...သစ္စာကို သိနေတဲ့ အဓိပ္ပါယ်ရောက်ပြီးသကာလနေ သောကြောင့် ဩော်...ဒို့သစ္စာနုလောမိကဉာဏ် လုပ်နေတာပါ ကလားလို့ မှတ်လိုက်စမ်းပါ . . .(မှန်ပါ့ဘုရား)။

သစ္စာက သစ္စာ၊ အနုလောမိက,ကလျော်တာ၊ သစ္စာနဲ့လျော် တဲ့ ဉာဏ်၊ သစ္စာသိတဲ့ဉာဏ်ရနေတယ်လို့ နောက်ကဒကာဒ ကာမတွေ မှတ်ပါနော် . . .(မှန်ပါ့ဘုရား)။

ဖြစ်မှု ပျက်မှုမမြင်ဘဲနဲ့ သစ္စာသိတာရှိသေးတယ်လို့ အောက်

www.burmeseclassic.com

www.burmeseclassic.com



မေ့မနေနဲ့တော . . .(မှန်ပါ့) ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲ၊ အင်း . . .ဖြစ်ပျက်ဟာဒုက္ခသစ္စာပဲဆိုကတည်းကကို သစ္စာကို သိပြီးသား ဖြစ်နေပြီလို့သာ ဆုံးဖြတ်ချက်ချပါတော့ . . .(မှန်ပါ့)ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

ဒါကလေးတွေကလည်း သေသေချာချာ အရေးကြီးပြီးသကာလနေတော့ ဒကာဒကာမတို့ သစ္စာနုလောမိကဉာဏ်၊ မင်းတို့ဟာ သစ္စာမရောက်သေးပါဘူးလို့ သူများက ပြောလို့ရှိရင်ဖြစ်ပျက်ဟာ သစ္စာနဲ့ လျော်တဲ့ဉာဏ်ပဲ။ သစ္စာနုလောမိကဉာဏ်လို့သေသေချာချာမှတ်ကြ . . .(မှန်ပါ့)။

ဖြစ်ပျက်ဟာ ဘာ,သစ္စာတုံး . . .(ဒုက္ခသစ္စာပါဘုရား)ဒုက္ခသစ္စာသိတဲ့ဉာဏ်က ဒို့-ဒုက္ခသစ္စာသိတဲ့ဉာဏ်ပဲ သွားဖြစ်တော့သစ္စာနဲ့လျော်တဲ့ ဉာဏ်ပဲသွားဖြစ်တယ် . . .(မှန်ပါ့) မရှင်းကြသေးဘူးလား . . .(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် သစ္စာနဲ့ လျော်တဲ့ဉာဏ်ရနေတဲ့ သစ္စာဉာဏ်ရနေတဲ့ ဒကာဒကာမတွေက အင်း. . . သစ္စာသိစရာကျန်သေးတယ်လို့ ဒီလိုအာသီသမထားနဲ့ . . .(မှန်ပါ့) ဒို့သိနေပြီလို့သာလျှင် ဆုံးဖြတ်ချက်ချ . . .(မှန်ပါ့ဘုရား)။

ဒီလိုသိပြီးလို့ရှိရင် သစ္စာပိုင်ပိုင်-နိုင်နိုင်သိရင် ဒါနိဗ္ဗာန်ပေါ်လာမှာဘဲ. . .(မှန်ပါ့) ဒုက္ခသစ္စာပိုင်ပိုင်-နိုင်နိုင် သိပြီးလို့ရှိရင်ဆုံးသွားတာဘဲ၊ ဆုံးသွားရင် နိရောဓသစ္စာ ဒီနေရာ အစားထိုးပြီးပေါ်လာဘဲဆိုတာ သေသေချာချာမှတ်ပါ . .(မှန်လှပါဘုရား)

www.burmeseclassic.com



ဒီနေ့ ပြောနေတာက စာကိုက သဘောပါလို့ သဘောတွေပါ ထည့်ပြောနေရတယ်လို့မှတ်ပါ . . .(မှန်ပါ့)။

ကဲ...ဒါဖြင့် ဒကာဒကာမတွေ သန္တာန် ဥပေက္ခာဝေဒနာပေါ် လာပြန်တော့လည်း ဒီနှစ်ကြောင်းကြောင့် ပေါ်လာတယ် . . .(မှန်ပါ့) ကိုယ်နဲ့ ဖဿ...(မှန်ပါ့) ကိုယ်ရှိလို့သာ ကိုယ်ပေါ် မှာ သုံးပေါ်ရတာကိုး . . .(မှန်ပါ့)။

အင်း...ဖဿနဲ့တွေ့ထိမပေးလို့ရှိရင်ဝေဒနာပေါ်နိုင်ပါ့မလား . . . .(မပေါ်နိုင်ပါဘုရား)။

အဲဒါကြောင့်ကိုယ်နဲ့ ဖဿနှစ်ခုကြောင့် ဒကာဒကာမတွေ ဥပေက္ခာဝေဒနာပေါ်ပါတယ် . .(မှန်ပါ့)ရှင်းပြီ . . .(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အကြောင်းနှစ်ခုကိုကအနိစ္စဖြစ်လေသောကြောင့်အ ကျိုးဥပေက္ခာဝေဒနာတွေဟာလည်း ဘာ,ဆိုကြမဲ...(အနိစ္စပါဘု ရား)။

ဩော် . . .အနိစ္စက မွေးလို့ ပေါ်ရတဲ့ဝေဒနာဟာအနိစ္စ မှတစ်ပါး၊ သူ့ကိုဘာမှ နာမည်ပေးစရာမလိုတော့ဘူး...(မှန်ပါ့) ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

အနိစ္စနှစ်ခုက မွေးလိုက်လို့ ပေါ်လာတဲ့ ဥပေက္ခာဝေဒနာကို နိစ္စများဖြစ်လေရော့လားလို့ ဒကာဒကာမတွေ ဒိဋ္ဌိဝင်စရာ မလိုပါဘူး . . .(မလိုပါဘုရား)။

အနိစ္စက မွေးလို့သူ့ကို ဘယ်နှယ်ဆိုကြမယ်...(အနိစ္စပါဘု ရား) အနိစ္စပဲလို့ ဆိုတဲ့ဥစ္စာ မောင်ချစ်စိန် ရှင်းသွားပြီ .

www.burmeseclassic.com

www.burmeseclassic.com



. (ရှင်းပါပြီဘုရား)။

ကာယကလည်း ဘာတုံး အနိစ္စ။ ဖဿကကော . . (အနိစ္စပါဘုရား) သူတို့နှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကော . .
. (အနိစ္စပါဘုရား)။

အနိစ္စပဲလို့ဆိုတော့ ဩော် . . . ဒီလိုကာလနဲ့လည်းမင်းတို့ သိလိုရှိရင် မင်္ဂဖိုလ်ရပါတယ်ကွာလို့ ဝေဒနာသံယုတ်မှာ ဆက်ဟောပြန်တယ် . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဒါက သံသယပါ သိမ်းပြီးကြည့်တဲ့၊ သံသယတွေပါသတ်ပြီး သကာလရှင်းရှင်းကြည့်နိုင်တဲ့ ဉာဏ်ပေးတဲ့နေ့ဆိုလို့ရှိရင်လည်း မောင်ချစ်စိန်မလွဲဘူး . . . (မလွဲပါဘုရား) မလွဲတော့ဘူးတဲ့ . .
. (မှန်ပါ)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတွေ ဥပေက္ခာဝေဒနာလည်း အကြောင်းနှစ်ခုကြောင့် ပေါ်သောကြောင့်၊ ပေါ်လာတဲ့ ဥပေက္ခာဝေဒနာကလေးဟာလည်းတဲ့ အနိစ္စပဲလို့ သိပါဆိုတော့ ဥပေက္ခာဝေဒနာက ဖြစ်ပျက်အနိစ္စ၊ ရှုတာက မဂ္ဂဆိုသဖြင့်တဲ့ ဥပေက္ခာဝေဒနာပေါ်တိုင်း ပျက်တိုင်းမသိလို့ရှိရင် မသိတဲ့အဝိဇ္ဇာကာလမှာဖြစ်နေတော့ ယခုတော့ သူ့အကြောင်းကအနိစ္စ မို့ ဥပေက္ခာဝေဒနာအနိစ္စလို့ ဒကာဒကာမတွေ ကရှုလိုက်တော့ သိနေတော့အဝိဇ္ဇာလည်း ချုပ်သွားတယ် . . . (မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာချုပ်တော့ သင်္ခါရက မချုပ်ဘူးလား . .
. (ချုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဥပေက္ခာရှုပြန်လည်း အစက

www.burmeseclassic.com



ပြတ်တယ် . . .(မှန်ပါ့) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်က ဘယ်ဏပြတ်သလဲ . . .(အစကပြတ်ပါတယ်) အစကပြတ်တယ် . . .(မှန်ပါ့)။

ဘယ်ဝေဒနာရှုလိုက်တာတုံး . . .(ဥပေက္ခာဝေဒနာရှုလိုက်တာပါဘုရား)။

ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုလိုက်တာ၊ အကြောင်းအကျိုးနဲ့တကွ သိမ်းဆည်းပြီးသကာလ ရှုလိုက်တာ ဒကာဒကာမတွေ အဝိဇ္ဇာနုသယ ချုပ်ပါတယ် . . .(မှန်ပါ့)သဘောပါပလား . . .(ပါ–ပါပြီ) မချုပ်ပါနဲ့ဆိုလို့ . . .(မရပါဘုရား)။

မရဘူး၊ အဝိဇ္ဇာချုပ်တော့ သူမှမရှိလိုရှိရင်ဖြင့် သင်္ခါရကငါချည်းခန္ဓာဖြစ်အောင်း လုပ်ဦးမယ်ဆိုလို့ ရပါမလား . . .(မရပါဘုရား)။

မရဘူးတဲ့၊ ‘ အဝိဇ္ဇာနိရောဓသင်္ခါရ နိရောဓော’ သာဖြစ်ရတယ် . . .(မှန်ပါ့) သဘောပါပလား . . .(ပါ–ပါပြီ)။

အဝိဇ္ဇာ နိရောဓာ . . .(သင်္ခါရနိရောဓောပါဘုရား) အဲ . . . သင်္ခါရ နိရောဓောဆိုကတည်းက ဘဝဖြစ်တဲ့ ဝိညာဏ်တွေလာသေးရဲ့လား . . .(မလာပါဘုရား)။

အဲ . . . “ သင်္ခါရ နိရောဓော ဝိညာဏ နိရောဓော” ဆိုတော့ ဝိညာဏ်မချုပ်ဘူးလား . . .(ချုပ်ပါတယ်ဘုရား)။

အဲဒီမှာ ထင်ရှားရှိတော့ ဒကာဒကာမတို့ ဒီကာလနဲ့လည်းကြည့်တဲ့အမိပ္ပါယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဝေဒနာသံယုတ်မှာ ဟောပြန်တော့ အကြောင်းနှစ်ခုပေါင်းပြီးဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကျိုးတစ်ခုသည်ကားလို့ဆိုရင် တစ်ကာလထဲချုပ်တာပဲ . . . (မှန်ပါ့)တစ်ကာလထဲနော် . . ၊ ပစ္စုပ္ပန်တစ်ကာလထဲမှာဖြစ်သည် တစ်ကာလမှာပဲချုပ်သည် . . . ၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

အကြောင်းနှစ်ခုကလည်း ပစ္စုပ္ပန်ကာလပဲ . . . (မှန်ပါ့)ပေါ်လာတဲ့အကျိုးကလေးကကော . . . (ပစ္စုပ္ပန်ကာလပါပဲ)။

အကြောင်းချုပ်သွားတာလည်း ပစ္စုပ္ပန်ကာလပဲ၊ အကျိုးချုပ်တာကော . . . (ပစ္စုပ္ပန်ကာလပါပဲဘုရား)။

အဲဒီကာလကို ဒီလိုကာလကလေးနဲ့လည်း မင်းတို့ကွာ . . . တဲ့ . . . ၊ အာဂမေယျ=ဆိုင်းငံ့ပြီးသကာလရှုလိုက် လို့ရှိရင်ဖြင့် ဥပေက္ခာရှုလိုက်တော့ အဝိဇ္ဇာနုသယ သေသကွ . . . တဲ့ . . . (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဥပေက္ခာရှုလိုက်တော့ . . . (အဝိဇ္ဇာနုသယသေပါတယ်ဘုရား)

အဝိဇ္ဇာနုသယသေတယ်ဆိုကတည်းက ဒကာဒကာမတွေက မှတ်လိုက်တာပေါ့–"အဝိဇ္ဇာ ရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏနိရောဓော" ဆိုတော့ သြော် . . . ပဋိစ္စသမုပ္ပါဒ်ကြီးဟာ အဝိဇ္ဇာကစ,တာ၊ အစကပြတ်တယ် . . . (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ခုနင်ကတုန်းက အစ,ကပြန်ကြဦးစို့၊ သုခဝေဒနာရှုတုန်းက ပဋိစ္စသမုပ္ပါဒ်အလယ်က ပြတ်တယ် . . . (မှန်ပါ့) ဒုက္ခဝေဒနာရှုတုန်းက ပဋိစ္စသမုပ္ပါဒ်အဆုံးနားက ပြန်မပတ်နိုင်အောင်ဘဲ ပြတ်ထွက်သွားတယ်ဆိုတာ သဘောပါပလား . . . (ပါ–ပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောကြစမ်း . . . တဲ့၊ သုခဝေဒနာ ရှုလိုက်တဲ့အခါ ပဋိစ္စသမုပ္ပါဒ် ဘယ်ကပြတ်သတုံး...(အလယ်က ပြတ်ပါတယ် ဘုရား) တဏှာ ဥပါဒါန်ဆိုတော့ ကာမရာဂါနုသယက စ, ပြတ်တယ် . . .(မှန်ပါ)ရှင်းပြီနော် . . .(ရှင်းပါပြီဘုရား)။

တစ်ခါ ဒုက္ခဝေဒနာကို ရှုလိုက်ပြန်တော့ကောဘယ်ကနေ စ,ပြတ်သတုံး . . .(အဆုံးကနေပြတ်ပါတယ်) ပေါ်ကြပြီနော် . . .(ပေါ်ပါပြီဘုရား)။

တစ်ခါသွားပါဦး... တဲ့၊ ဥပေက္ခာဝေဒနာကို ဒကာဒကာမ တွေက အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိ,သိ-သိ,သိပြီး နေလို့ဥပေက္ခာဝေဒနာပေါ်-ပျောက်သည်ကိုဒကာဒကာမတွေက ရှုလိုက်ပြန်လို့ရှိရင်လည်း တဲ့၊ အဝိဇ္ဇာနုသယက နောက်က ဖြတ်ပစ်လိုက်ပြန်တော့ အဝိဇ္ဇာချုပ်တော့ ပဋိစ္စသမုပ္ပါဒ်အစ ကနေချုပ်ပြန်တယ်ဆိုတဲ့ဥစ္စာ အထင်အရှားဖြစ်နေတယ် . . .(မှန်ပါ)။

ဒါ့ကြောင့် မှတ်လိုက်ကြစမ်းဖါ၊ ဝေဒနာနုပဿနာကို ဘုရားဟောတော်မူခြင်းသည် လောဘ, ဒေါသ, မောဟသေဖို့ . . . .(မှန်ပါ)ပေါ်ကြပလား . . .(ပေါ်ပါပြီ)။

ဘယ့်နှယ်ကြောင့်တုန်း...(လောဘ ဒေါသ မောဟသေဖို့ ပါဘုရား)။

ဒါက ဝေဒနာသုံးပါးသာ လှည့်ရှုနေ...(မှန်ပါ) လောဘ, ဒေါသ, မောဟမသေပါနဲ့ဆိုလို ရသေးရဲ့လား...(မရပါဘုရား)။

အဲဒါကြောင့် လောဘဟာ ဒကာဒကာမတွေ၏ သံသရာ

www.burmeseclassic.com

www.burmeseclassic.com



ရေသောက်မြစ် . . .(မှန်ပါ) ဒေါသဟာလည်း ဒီအတိုင်းဘဲ၊ မောဟဟာလည်း ရေသောက်မြစ်ဆိုတော့ မောင်ချစ်စိန် ရေသောက်မြစ်သုံးခုပြတ်သွားပြီ . . .(မှန်ပါ) ခန္ဓာပင်ပေါက်စရာရှိသေးရဲ့လား . . .(မရှိပါဘုရား)။

ခန္ဓာပင်မှ မပေါက်ဘဲနဲ့ ခန္ဓာအို၊ ခန္ဓာနာ၊ ခန္ဓာသေဆိုတာတွေကော . . . .(မလာပါဘုရား) မလာနိုင်တော့ဘူးဆိုတဲ့ အခိပ္ပါယ်ရှင်းသွား ပါတယ် . . . (မှန်ပါ)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် "ကာလံ အာဂမေယျ" ဆိုတဲ့အတိုင်းတဲ့ ကာလနဲ့ ရှုလိုက်ပြန်လို့ရှိရင်လည်း အကြောင်းနဲ့အကျိုးဆက်ဆက်ပြီး သကာလ အကြောင်းချုပ်လို့ အကျိုးချုပ်တာပဲ၊အလကားချုပ်တာ မဟုတ်ဘူး။ ဖြစ်စေတဲ့ အကြောင်းကိုက အနိစ္စမို့ ဖြစ်စေတဲ့ အကျိုးအနိစ္စလို့ နေ့တိုင်းမင်းတို့ ဝေဒနာသုံးပါးလှည့်ရှုစမ်းပါတဲ့ (မှန်ပါ) ဒီလိုဆိုရင်လည်း လောဘ၊ ဒေါသ၊မောဟသေပါတယ်၊ အနုသယသုံးပါးသေပါတယ် . . .တဲ့ . . . (မှန်ပါ) ပေါ်ကြပလား . . .(ပေါ်ပါပြီဘုရား)။

အနုသယ ဘယ်နှပါးသေသလဲ . . .(သုံးပါးသေပါတယ်ဘုရား) သုံးပါးလည်း ဘယ်သူ–ဘယ်သူတုံးဆိုတော့ လောဘ၊ ဒေါသ၊မောဟပါဘဲ . . .(မှန်ပါ) ရှင်းကြပလား . . .(ရှင်းပါပြီဘုရား)။

ဒါဖြင့် သတ္တဝါတို့၏ ရေသောက်မြစ်ကလည်း ဘယ်သူတုန်း . . . (လောဘ၊ ဒေါသ၊ မောဟပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



လောဘ၊ ဒေါသ၊ မောဟသေပါတယ်ဆိုကတည်းက ဒီတရားဟာ စိတ်ကိုပါ ရှုနိုင်တယ်လို့သာ ဆုံးဖြတ်ချက်ချပါ . . . . (မှန်ပါ့ဘုရား)။

အကုန်ပါတာဘဲ၊ ဝေဒနာရှုလည်း စိတ်ပါတာဘဲနော် . . (မှန်လှပါဘုရား) ကြိုက်ရာကိုသာရှု . . . (မှန်ပါ့) ပေါ်လို့ကိုယ့် ဉာဏ်ထဲထင်မြင်တာကို ရှုပေးပါ . . . (မှန်ပါ) သဘောပါ ကြလား . . . (ပါ-ပါပြီဘုရား)။

ကောင်းပြီ . . . ဒါဖြင့်ကွာ . . . တဲ့၊ ငါမင်းတို့ကိုဥပမာ ကလေးနဲ့ပြပါဦးမယ်၊ ဒီဝေဒနာကို ရှုနည်းကိုဆိုတော့ ရှေးကတော့ အခုလို ဓါတ်မီးတွေက မရှိတော့ ဆီခွက်ထဲ ဆီမီးခွက်ထဲ ဒကာ ဒကာမတွေ ဆီကလေးထည့်တယ်၊ မီးစာ ကလေးထည့်တယ်၊ ပြီးတော့ မီးထွန်းတယ်-နော် . . . (မှန်ပါ့)။

အဲဒီတော့ ဆီမီးခွက်ထဲ ဆီထည့်၊ မီးစာထည့်မီးညှိတယ် . . . . မောင်သစ် . . . (မှန်ပါ)။

အဲဒီမှာ ဆီကလည်း နဂိုက ပျောက်ပျက်တတ်တဲ့ခန်း တတ်တဲ့တရား . . . (မှန်ပါ့) မီးစာကလည်း မီးလောင်လို့ရှိရင် ပျောက်တတ်ပျက်တတ်တဲ့တရား . . . (မှန်ပါ့)။

အဲဒီတော့ဆီနဲ့မီးစာတွေဟာ အနိစ္စ၊ ပျောက်ပျက်တတ်တဲ့ တရားက ဖြစ်စေတဲ့ မီးကျမှ ခိုင်ချင်- မြဲချင်လို့တော့ မရဘူး ကွ-တဲ . . . . (မှန်ပါ့)။

ဘုရားက ဥပမာပေးလိုက်တယ် . . . (မှန်ပါ့) ဒီ-သုတ်မှာဘဲ ပေးလိုက်တာဘဲ . . . (မှန်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း...ဒါဖြင့် ဒကာဒကာမတို့ ဆီကလည်း အနိစ္စမီးစာကလည်း အနိစ္စဆိုတော့ မီးကျမှ နိစ္စဆိုချင်လို့ ဘယ့်နှယ်ဆိုကြမလဲ... (မရပါဘုရား)။

နိစ္စ- ဆိုတဲ့နိုင်မှု- မြဲမှု ဖြစ်နိုင်ပါ့မလား...(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးကွတဲ့။

ဘာကြောင့်တုံးဆိုတော့ ဆီကလည်းအနိစ္စ၊ မီးစာကလည်း အနိစ္စဖြစ်နေတော့ မီးကျမှ နိုင်ချင်တယ်၊ မြဲချင်တယ်၊ တည်တန့်ချင်ဆိုလို့ရှိရင်ဖြင့်တဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဟော့...တဲ့ ...(မှန်လှပါဘုရား) ရှင်းကြပလား.. (ရှင်းပါပြီ)

ဒီမှာလည်း ဝေဒနာက္ခန္ဓာကြီးဟာ၊ ဆီနဲ့တူတဲ့ကိုယ်ကလည်း အနိစ္စဟုတ်လား...(မှန်ပါ) မီးစာနဲ့တူတဲ့ ဖဿကကော.. .(အနိစ္စပါဘုရား)။

အနိစ္စဖြစ်နေတော့ မီးနဲ့တူတဲ့ ဝေဒနာက္ခန္ဓာ သဘောကြီးတွေက မောင်သစ်တို့ နိုင်ချင်၊မြဲချင်၊ တည်တန့်ချင်လို့ ရကြပါ့မလား...(မရပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တယ်လည်းဥပမာအပေးကောင်းပါ့ကလား...(မှန်ပါ)။

ဥပမာပေးအင်မတန်ကောင်းတော့ဟုတလည်း ဟုတ်ပြီး သကာ လနေတယ်၊ အကြောင်းကလည်း မှန်နေဇာတ်ဆိုတော့ ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ကိုယ်တည်းဟူသောဆီမီးစာတည်းဟူသော ဖဿ၊ သူတို့နှစ်ခုက ဖြစ်စေတဲ့ မီးနဲ့တူတဲ့ ဝေဒနာဟာ မောင်ချစ်စိန် ဘယ်နည်းနဲ့နိုင်မလဲ...(မနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။

- ဘယ့်နှယ်ကြောင့်လဲ ဆိုက အနိစ္စ၊ မီးစာကလဲ . . .(အနိစ္စပါဘုရား) မီးဟာလဲ ဘယ့်နှယ့်တုံး . . .(အနိစ္စပါဘုရား)။

အဲ . . . ထို့အတူဘဲ ကိုယ်ကလည်း အနိစ္စ၊ ဖဿကလည်း အနိစ္စဆိုတော့ ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာသုံးမျိုးစလုံး ဘယ့်နှယ်ဆိုကြမလဲ . . . (အနိစ္စပါဘုရား)။

အနိစ္စချည်းဘဲလို့ ဒကာဒကာမတွေက ရှုကြမယ်၊ မှတ်ကြမယ်ဆိုလို့ရှိရင်ဖြင့်ကွာ တဲ့၊ ဒါနိဗ္ဗာန်ပေါက်ပါတယ်တဲ့ . . .(မှန်ပါ)။

နိဗ္ဗာန်ပေါက်တယ် မပေါက်ဘူးဆိုတာကတော့ အားလုံးဒကာ ဒကာမတွေ ဉာဏ်နဲ့ စဉ်းစားကြည့်တော့ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းကြည့်လိုက်တဲ့အခါကျတော့မှ သြော် . . . သုခဝေဒနာရှိတော့ လောဘရှုပ်တယ်၊ ဒုက္ခဝေဒနာရှိတော့ ဒေါသရှုပ်တယ်၊ ဥပေက္ခာဝေဒနာရှိတော့ မောဟရှုပ်တယ်ဆိုတော့ လောဘ၊ဒေါသ၊မောဟကြောင့် ခက်နေတာကိုး . . . (မှန်လှပါဘုရား)။

လောဘ၊ ဒေါသ၊ မောဟကြောင့်သာ သံသရာခရီးသည်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ မျှောလိုက်၊ ပြောလိုက်၊ မျက်ရည်ကြီးငယ်ကျလိုက်၊ အရိုးတောင်နှယ်ပုံလိုက်၊ ဒီလိုဖြစ်နေတာ (မှန်ပါ) ဒီလောဘ၊ ဒေါသ၊ မောဟတွေကနော်. . . (မှန်လှပါဘုရား)။

အခုတော့ ဒါတွေကရှိသေးရဲ့လား . . . (မရှိပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဟာ . . .ဝေဒနာဖြစ်ပျက်၊ သုခဖြစ်ပျက်ရှုလိုက်တော့ ကာမရာဂါနုသယဆိုတဲ့ လောဘ . . .(သေပါတယ်) ဒုက္ခဝေဒနာရှုလိုက်တော့ ပဋိဃာနုသယဆိုတဲ့ ဒေါသမသေဘူးလား . . .(သေပါတယ်) ဥပေက္ခာ ရှုလိုက်တော့အဝိဇ္ဇာနုသယဆိုတဲ့ မောဟ . . .(သေပါတယ်) မသေဘူးလား . . . (သေပါတယ်ဘုရား)။

သေတော့ ဒကာဒကာမတွေ လောဘ၊ဒေါသ၊မောဟဟာ ကျုပ်တို့၏ ရန်သူအကြီးဆုံးဆိုတော့ ဒီဝေဒနာသုံးခုကို ပေါ်ရာလိုက်ရှုနေလိုက်လို့ရှိရင် ရန်သူအကြီးဆုံး သုံးယောက်ကို မဂ်ကသတ်ပေးတယ် . . .(မှန်ပါ)

ဘယ်သူကသတ်ပါလိမ့် . . .(မဂ်ကသတ်ပါတယ်ဘုရား)။

မဂ်က သတ်ပစ်လိုက်တော့ကိုတဲ့ မဂ်သည် ကိလေသာ သတ်တယ်ဆိုတဲ့ဟာ ဒီမှာ ပေါ်လာတယ် . . .(ပေါ်ပါတယ်ဘုရား)။

မဂ်ဟာ– ဒကာဒကာမတို့ဘာတဲ့ . . .(ကိလေသာ သတ်ပါတယ်ဘုရား)။

ကိလေသာသတ်တယ်လို့ဆိုတဲ့ အတိုင်းလည်း ကိလေသာ သုံးမျိုးကုန်သွားတယ် . . .(ကုန်ပါတယ်ဘုရား)။

ကိလေသာသုံးမျိုး . . .(ကုန်သွားပါတယ်ဘုရား) ကုန်သွားတော့ နာမည်ပြောင်းထားတာပါနော် . . .(မှန်ပါ)။

"ကာလံ အာဂမေတွာ ဥပ္ပန္နတိတိ အဓွော" . . . ဆိုတဲ့ အတိုင်း ခန္ဓာကိုယ်လုည့်လည်သုံးသပ်နေမယ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကိုယ်ပါ အနိစ္စ၊ ဖဿပါအနိစ္စဆိုတော့ ဘယ်ဟာ ကျုပ်တို့ဟာ ခင်တာ ပါသေးသတုံး . . .(မပါ– ပါဘုရား)။

အဲဒီတော့ အနုသယဘယ်သွားကိန်းမလဲ . . .(မကိန်းပါဘုရား) ကိန်းစရာရှိသေးရဲ့လား . . .(မရှိပါဘုရား)။

အဲဒီတော့ကိုတဲ့ ငါပေတဲ့ ဥပမာအတိုင်းသာ မင်းတို့မှတ်ကြပေတော့တဲ့၊ ကိုယ့်ဝမ်းထဲထည့်တဲ့ ဆီကလည်း အနိစ္စ၊ မီးစာကလည်းအနိစ္စ၊ အလင်းနဲ့တူတဲ့ ဝေဒနာသည် ဘယ်မှာသာလျှင် နိစ္စဖြစ်နိုင်ပါ့မလဲ၊အနိစ္စသာ ကောန်ပဲလို့မင်းတို့ သိလိုက်လိုရှိရင် တစ်ခါတည်းကွာတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ သံသရာရေသောက်မြစ်ကြီးသုံးခုဟာ၊ သံသရာ ဒုက္ခပေးလေသမျှ ရေသောက်မြစ်သုံးခုကဆိုတဲ့အတိုင်း ရေသောက်မြစ်သုံးခုဟာ ပြတ်တောက်ပြီး ထွက်သွားတယ် ဆိုတာ ဒကာ ဒကာမတွေ ရှင်းသွားပြီ. . . (ရှင်းပါပြီဘုရား) မရှင်းဘူးလား . . .(ရှင်းပါတယ်ဘုရား)။

ဟဲ့အေး. . .ရှင်းသွားတော့ကိုတဲ့ ငါနိဗ္ဗာန်ရောက်ပုံကလေးကိုပါ ပြောပါမယ်ကွာ. . .တဲ့ (မှန်ပါ) သဘောကျပလား. . .(ကျပါပြီ)။

နိဗ္ဗာန်ရောက်ပုံကလေးကို မင်းတို့ကို ငါရှင်းပြဦးမယ်ဟေ့ . . .တဲ့. . .။ ဒီဝေဒနာ ဒီဘက်ကသေတော့ ကူညီနိုင်သေးရဲ့လား . . .(မကူညီနိုင်ပါဘုရား) အနုသယသုံးပါးသေကြသကွ . . .တဲ့။ အနုသယသုံးပါးသေတော့ကို အနုသယသုံးပါးက နောက်ကသေတာ၊ ဝေဒနာက ရှေ့ကသေတာ. . .(မှန်ပါ) မဟုတ်ဘူးလား. . .(ဟုတ်ပါတယ်ဘုရား)။ တို့၂–နဲ့ ၃–မကူး

www.burmeseclassic.com



ရအောင် ကြိုးကလေးဖြတ်လိုက်တဲ့ မဂ်ကလေးဝင်လာတော့ ကာမရာဂါနုသယလည်းမလာ၊ပဋိဃသယလဲ...(မလာပါဘုရား) အဝိဇ္ဇာနုသယကော...(မလာပါဘုရား)။

မလာဘူးတဲ့၊ အဲဒီတော့ကိုတဲ့ ရှုတဲ့ယောဂီပုဂ္ဂိုလ်က ကဲကွာ ဝေဒနာတွေကဖြင့် အကြောင်းအနိစ္စမို့ အကျိုးအနိစ္စလို့ မြင်ပြီး၊ အကြောင်းဒုက္ခမို့ အကျိုးဒုက္ခလိုမြင်ပြီး၊ အကြောင်းအနတ္တမို့ အကျိုးအနတ္တလို့ မြင်ပါပြီ...တဲ့၊ ဒီဝေဒနာတွေကို... (မှန်ပါဘုရား)။

မြင်တဲ့အခါကျတော့ ဒီဝေဒနာတွေမြင်လို့ ယထာဘူတ ဉာဏ်ရပါတယ်၊ ဒီဝေဒနာတွေပင်လျှင် သတ္တဝါတွေ သေသမျှ သူတို့သုံးဦးနှိပ်စက်တာဘဲ...(မှန်ပါ)။

သတ္တဝါသေလေသမျှ...(ဒီသုံးဦးနှိပ်စက်တာပါဘဲဘုရား) သုံးဦးနှိပ်စက်တာဘဲ၊ ပေါ်ကြပလား...(ပေါ်ပါပြီ)။

ဝေဒနာနဲ့ သေကြတယ်မဟုတ်လား...(မှန်ပါ)လူတစ် ယောက်သေတယ်ဆို ဘာဝေဒနာတုံးလို့ ဝေဒနာပဲ မေးတာဘဲ ...(မှန်ပါ) လူမေးရသလား၊ ဝေဒနာမေးရသလား (ဝေဒနာ မေးရပါတယ်ဘုရား)။

ဟာ...ဒါဖြင့် လောကကြီးထဲမှာသုံးဆယ့်တစ်ဘုံမှာ အသက်အရွယ်တွေကြီးတဲ့ ပုဂ္ဂိုလ်ဟူသ၍မှာဖြင့် မောင်သစ် ဝေဒနာဟာ သေမင်းပဲ ... (မှန်ပါ) သတ်တဲ့သေမင်းပဲ (မှန်ပါ) သဘောပါကြပလား...(ပါ-ပါပြီ)။

ဝေဒနာဟာ ဘာခေါ်ကြမယ်...(သတ်တဲ့သေမင်းပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



သတ်တဲ့သေမင်းပဲဆိုတာ အတော်ရှင်းသွားပါတယ်... (မှန်လှပါဘုရား)။

အဲဒီတော့ ဒီဝေဒနာကို ကျုပ်တို့က ဖြစ်ပျက်မြင်လိုက်တယ်၊ ဒီဝေဒနာပဲ ဖြစ်ပျက်မှန်းလိုက်တယ်၊ ကျုပ်တို့က ဒီဝေဒနာတွေကိုဖြင့် မင်းဟာ ဒုက္ခသစ္စာတွေပဲ၊ မင်းကိုတော့ နည်းနည်းမှ ဒို့မလိုချင်– မရချင်ပါဘူး၊သူ့သတ်ယောကျ်ားမှန်းသိပါတယ် ဆိုတော့ ဝေဒနာက အရင်ချုပ်တယ်...(မှန်ပါ) မချုပ်ဘူးလား ...(ချုပ်ပါတယ်ဘုရား)။

ဝေဒနာချုပ်သွားတော့ကိုတဲ့ ခန္ဓာကိုယ်ထဲမှာ ငြိမ်းအေးသွားတယ်...(မှန်ပါ)။

ဝေဒနာချုပ်သွားတော့ ... (ငြိမ်းအေးသွားပါတယ်ဘုရား)

ငြိမ်းအေးသွားတယ်တဲ့၊ အဲဒီတော့... အဲဒီငြိမ်းအေးသွားတော့ ဘယ့်နှယ်ကြောင့် ငြိမ်းအေးသွားပါလိမ့်မတုံးဆိုတော့ သူ့သတ်ယောကျ်ားတွေမရှိတော့ ငြိမ်းအေးပြီးသကာလ သွားတော့ လောကီ...ဥပမာ ငါပြလိုက်ဦးမယ်–ကွာ ...တဲ့၊ အိုးသည် အိုးတွေဖုတ်တဲ့အခါကျတော့ အိုးဖိုထဲကနေပြီး ညှပ် ကြီးနဲ့ ပြင်ဘက်ထုတ်တဲ့အခါကျတော့ အိုးတွေဟာ အိုးတော့ ရှိတော့ရှိတာဘဲတဲ့ အပူဓာတ်တွေ ငြိမ်းသွားတယ် ...(မှန်ပါ)။

အပူဓာတ်တွေ ဘယ့်နှယ်တုံး...(ငြိမ်းသွားပါတယ်ဘုရား)။

ထို့အတူဘဲတဲ့ ဝေဒနာမရှိတော့ ဝမ်းထဲက အပူဓာတ်တွေဟာ ငြိမ်းသွားခြင်းကြောင့် ဝေဒနာချုပ်အောင် ရှုနိုင်ရင် ဝမ်းထဲအေးသွားတာပဲ... (မှန်ပါ) သဘောပါကြပလား..

www.burmeseclassic.com

www.burmeseclassic.com



(ပါ–ပါပြီဘုရား)။

ဝေဒနာချုပ်အောင်ရှုနိုင်ရင် . . .(အပူဓာတ်တွေ အေးသွား ပါတယ်ဘုရား)။

ဝမ်းထဲအေးသွားတယ်၊ နဂိုက အိုးဖိုထဲတုန်းကတော့ ပူနေမှာပေါ့ . . .(မှန်ပါ့) နောက်ပြင်ဘက်ကျတော့ ဒါကလေးတွေ ထုတ်လိုက်တဲ့အခါကျတော့ ဘယ်သူက အေးအောင်လုပ်ရ သေးတုန်းဆိုတော့ ဒကာ ဒကာမတွေ သိတဲ့ အတိုင်းတဲ့ ပြင်ဘက်ရောက်ပြန်တော့လည်း အေးသွားတာဘဲ . . .(မှန်ပါ့)။

ထို့အတူဘဲတဲ့ ဝေဒနာချုပ်အောင် ရှုနိုင်လို့ရှိရင် ဝမ်းထဲမှာ အေးရမယ် . . .(မှန်ပါ့)။

ဝမ်းထဲမှာ အေးသွားတော့ ဘုရားကဟောထားတယ်၊ အေး ငြိမ်းတာ မှုချဖြစ်စေနိုင်တယ်–ကွ . . . တဲ့ . . .(မှန်ပါ့)။

BURMESE CLASSIC .com

အဲဒီအေးငြိမ်းတာသည်ပင်လျှင် မင်းတို့သည်ကားလို့ဆိုရင် ဝေဒနာချုပ်သွားတာက နိဗ္ဗာန်၊ အေးငြိမ်းတာက ကိလေသာ သိမ်းတာဘဲတဲ့ . . .(မှန်ပါ့) ရှင်းပလား . . .(ရှင်းပါပြီဘုရား)။ ဝေဒနာချုပ်တာက . . .(နိဗ္ဗာန်ပါ) အေးငြိမ်းသွားတာက . . .(ကိလေသာသိမ်းထားပါ) ကိလေသာသိမ်းတော့ ဒါမဂ် ဉာဏ်ပေါ်တယ် . . .(မှန်ပါ့ဘုရား)။

ကိလေသာသိမ်းတော့ မဂ်ဉာဏ်ပဲအေးငြိမ်းတာပဲဆိုတာ မပေါ်လာသေး ဘူးလား . . .(ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ ဒီဝေဒနာ ရှုလို့ရှိရင်ဖြင့် ဒီလိုဘဲအေးငြိမ်းနိုင်ပါတယ်၊ အေးငြိမ်းသည်တိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် မင်းတို့ယထာဘူတဉာဏ်နဲ့ကြည့်၍ နိဗ္ဗိန္ဒ ဉာဏ်နဲ့လိုက်၊ မဂ်ဉာဏ်နဲ့ မလိုချင်တဲ့သဘောနဲ့သာ မင်းတို့ရှုလို့ရှိရင် ဝေဒနာ အကုန်သိမ်းသွားမယ်၊ အေးသွား တာဘဲတဲ့ . . .(မှန်ပါ့) သဘောပါကြပလား . . .(ပါ–ပါပြီ ဘုရား)။

ဝေဒနာအကုန်သိမ်းရင် . . .(အေးသွားပါတယ်ဘုရား) အေးသွားတယ်ဆိုတဲ့ သဘောသည် ဒကာဒကာမတွေ ဘာဖြစ်လို့အေးရသတုံးဆိုတော့ နှိပ်စက်တတ်တဲ့ သေမင်းပျောက်သွားလို့ အေးတာမျိုး ...(မှန်ပါ့ဘုရား)သဘောပါပလား ပါပြီဘုရား။

ဒါဖြင့် ဒကာဒကာမတွေ ဘယ်လိုရှုရမှာတုံး မေးစရာမလိုဘူး၊ သုခလာလဲ၊ ဖြစ်ပျက်ရှုရုံဘဲ . . .(မှန်ပါ့ဘုရား)။

အဲဒီဖြစ်ပျက်ကဘာတုံး၊ သူ့အကြောင်းက ဖြစ်ပျက်မို့သူလဲ၊ ဖြစ်ပျက်...(မှန်ပါ့) သဘောကျပလား...(ကျပါပြီ) ဒုက္ခလာလဲ . . .(ဖြစ်ပျက်ရှုရပါမယ်ဘုရား)

အင်း . . . ဘယ့်နှယ်ကြောင့် ဖြစ်ပျက်သွားပါလိမ့် . . .(သူ့အကြောင်းကဖြစ်ပျက်မို့ သူလည်းဖြစ်ပျက်ပါ) သူ့အကြောင်းနှစ်ခုကိုက ဖြစ်ပျက်မို့ သူ့အကျိုးတရားဟာ . . .(ဖြစ်ပျက်ပါဘုရား)။

အဲ . . .ဉပေက္ခာ ဝေဒနာလာလဲ၊ဘယ်လိုလုပ်ကြမယ် . . . (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ပဲရှုရမယ်တဲ့...(မှန်ပါ့ဘုရား)'

အင်း . . .သံသယရှိလာရင် ဘယ်လိုဉာဏ်နဲ့သိမ်းရမယ် . . . (သူ့အကြောင်း ဖြစ်ပျက်မို့သူလည်း ဖြစ်ပျက်ပါဘုရား)

သူ့အကြောင်းနှစ်ခုကိုက ဖြစ်ပျက်မို့ သူကလဲ၊ ဖြစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



ရတာဘဲ...(မှန်ပါ) သဘောကျပလား ....(ကျပါပြီဘုရား)။

ဤကဲ့သို့ ရှုရှု- ရှုရှုပြီးသကာလ နေလိုက်လို့ရှိရင်ဖြင့် အနုသယသုံးပါးဟာ နောက်ကအကုန်သေပါတယ်...(မှန်ပါ) မသေဘူးလား...(သေပါတယ်) အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)။

ဒါပဋိစ္စသမုပ္ပါဒ်သုံးမျိုးပြတ်တော့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးဟာ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အချိန်မှာ ဘုရားဖြစ်တယ် ...(မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘုရားဘယ်အချိန်ဖြစ်ပါလိမ့် ...(ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ အချိန်မှာ ဖြစ်ပါတယ်ဘုရား)

BURMESE CLASSIC .com

တဏှာပြတ်တဲ့အချိန်၊ ဒေါသပြတ်တဲ့အချိန်၊ မောဟပြတ်တဲ့ အချိန်မှာ သူသည် ဘာဖြစ်ရသတုံး...(ဘုရားဖြစ်ရပါတယ် ဘုရား)

ဩော်...သူ့မှာ မဂ်ဉာဏ်က ဒါတွေဖြတ်လိုက်တဲ့အခါကျမှ သဗ္ဗညုတဉာဏ်ကပေါ်လာတယ်... (မှန်ပါ) ရှင်းပလား ..(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဒကာ ဒကာမတွေ ယနေ့တရားနာရမှုသည် ထူးထူးခြားခြား နိဗ္ဗာန်လည်း ပေါ်လာတယ်၊ အနုသယ သိမ်းပုံလည်း ပြတယ်၊ အကြောင်းအနိစ္စမို့ အကျိုးအနိစ္စလို့ ဘုရားကဟော တော့ ကာလတစ်ပြိုင်နက် ရှုမှုကိုလည်း သိစေလိုဖို့ ဟောတယ် ..(မှန်ပါ) ပေါ်ကြပလား...(ပေါ်ပါပြီ ဘုရား)။

ကာလတစ်ပြိုင်နက်ကြည့်ပါ၊ အကြောင်းကာလနဲ့ အကျိုး ကာလတို့ တစ်ပြိုင်နက်ဘဲ မဟုတ်လား...(တစ်ပြိုင်နက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။

အကြောင်းကာလလည်း ပစ္စုပ္ပန်၊ အကျိုးချုပ်တဲ့ကာလ ကကော...(ပစ္စုပ္ပန်ပါ) အကြောင်းချုပ်တဲ့ကာလကကော.. (ပစ္စုပ္ပန်ပါ) အကျိုးချုပ်တဲ့ကာလကကော...(ပစ္စုပ္ပန်ပါဘုရား)။

အဲဒီတော့ ဒီကာလကို မင်းတို့ လွန်အောင် ကြည့်ပေးစမ်းပါ ...(မှန်ပါ) သဘောပါကြပလား...(ပါ-ပါပြီဘုရား)။

ကာလမလွန်အောင် ကြည့်နည်းကတော့ဖြင့် ခုနင်ကအတိုင်း ပေါ်လာရှု-ပေါ်လာရှု၊ ပေါ်လာရှုရင် ကာလလွန်စရာရှိသေး ရဲ့လား...(မရှိပါဘုရား)။

BURMESE CLASSIC .com

ကာလလွန်စရာမရှိလို့ဖြစ်ရင်ဖြင့် ဝေဒနာဆုံးနိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ဒီတွင်တော်ကြဦးစို့ ...။

သာဓု...သာဓု...သာဓု...

www.burmeseclassic.com